www.burmeseclassic.com




# ကျော်စိုးဒို

## ပြောင်နှင့်နှော မရောသည့် မုဆိုးများ
နှင့်
## ကိုယ်တွေ့ မုဆိုးဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

✸ ကျော်စိုးမို ✸

# ပြောင်နှင့်နှော

## မရောသည့်မုဆိုးများ

နှင့် ကိုယ်တွေ့ မုဆိုးဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

**စာမူခွင့်ပြုချက်အမှတ်** - ၅၀၁၄၇၈၁၂၁၀
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၅၀၁၀၉၇၀၉၁၁
**အုပ်ရေ** - ၅၀၀
**တန်ဖိုး** - ၁၅၀၀ ကျပ်
**ပထမအကြိမ်** - ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလ
**အဖုံးဒီဇိုင်း** - ရန်နိုင်ဦး
**အတွင်းဖလင်** - A-7 Group (Asia Plaza)
**ထုတ်ဝေသူ** - ဒေါ်ခင်မာချို (ပန်းဝေဝေစာပေ)
၃၆၁၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်** - ဦးမျိုးမြင့်(စန်းသဂီပုံနှိပ်တိုက်)
အမှတ်-၇၊ က/ခ ရပ်ကွက်၊
ဗဝလမ်း၊ တာမွေ၊ ရန်ကုန်မြို့။
**ကွန်ပျူတာစာစီ** - တင်မိုးနိုင်

၀.၇၃၅
ကျော်နိုးမို
ပြောင်နှောၤမရောသည့်မှဆိုးများနှင့်ကိုယ်တွေ့မှဆိုးတွေ့တိုများ/ကျော်နိုးမို၊
-ရန်ကုန်၊ ပန်းဝေဝေစာပေ၊ ၂၀၁၁။
၂၃၄-စာ ၊ ၁၀.၅×၁၆.၅စင်တီ။
(၁) ပြောင်နှောၤမရောသည့်မှဆိုးများနှင့်ကိုယ်တွေ့မှဆိုးတွေ့တိုများ

# မာတိကာ

ဦးဘာမင်းရဲ့အမှာ ....
ဒေါ်ဥမ္မာဝင်းရဲ့အမှာ ....
၁။ နမော်နမဲ့မုဆိုးနဲ့ .... ၁
၂။ မုဆိုးညည်သည်၊ မုဆိုးမျက်ချယ် .... ၂၆
၃။ ဆင်ဆိုးတစ်ကောင် နတ်မီးတောင် .... ၄၉
၄။ ကြီးမားအန္တရာယ် တောတွင်းဝယ် .... ၇၉
၅။ လျှင်သူစားစထမ်း အမှတ်(၄) .... ၁၀၂
၆။ ကြံခဲဆုံခဲ ဘုံကမ္ဘာထဲ .... ၁၂၀
၇။ ငါးပါးအားကိုး ငှက်ပစ်မုဆိုး .... ၁၃၆
၈။ ပြောင်နှင့်နော
မရောသည့်မုဆိုးများ (၁) .... ၁၆၂
၉။ ပြောင်နှင့်နော
မရောသည့်မုဆိုးများ (၂) .... ၁၈၃
၁၀။ ပန်းမြတ်တော်ဝင် သဖင်တဲ့လား .... ၂၀၄

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**ကိုကျော်စိုးမိုရေ . . .**

ခင်ဗျားရဲ့ နောက်ထုတ်မယ့် စာစဉ်ကလေးကို အရေးတယူ အလေးထား ပေးဖတ်စေတဲ့အတွက် ကျေးဇူးတင် ဝမ်းမြောက်မိတာ အမှန်ပါ။ ခင်ဗျားရဲ့ ဝတ္ထု(၁၀)ပုဒ်စလုံး (အားလုံး) ကောင်းပါသည်ဟု ကျွန်တော့်အနေနဲ့တော့ အမှတ်ပြည့် ရေးပေးလိုက်ရင် အချင်းချင်းမြှောက်လွန်း၊ ဖားလွန်းသည်ဟု တချို့က ဆိုကြမည်မှာမလွဲ၊ ဒီတော့ ကျွန်တော့်အနေနဲ့ အပြစ်တင် အပြောလွတ် မည့် စကားလုံးနဲ့ သုံးရတော့မှာပေါ့ . . . ''အားလုံးခံစားလို့ရပါသည်''လို့။

တကယ်တော့လည်း လက်တွေ့ကျကျ မှဆိုးဘဝကို ရယူပြီး ရေးပြထားတဲ့ ခင်ဗျားရဲ့စာပေ၊ တသားလေးတွေကို ဘဝတူကျွန်တော့်အနေနဲ့ ခံစားလို့ရပါတယ်ဗျာ။

တခြားတခြား ခံစားတင်ပြတဲ့ အကြောင်းအရာလေးတွေကိုတော့ ထားပါတော့။ ကျွန်တော့်အတွက် ထူးခြားဆန်းပြားသိမထားတဲ့ 'နော'အကြောင်းကို ဖတ်ရတာတော့ အလေးထားဝမ်းသာမိတယ်ဗျာ။ ကျွန်တော့် မုဆိုးဘဝ သက်တမ်း(၄၅)နှစ်လောက်အတွင်း စိုင်၊ ပြောင်၊ နွားနောက် (၁၀)ဂထာန်းစီထက်မနည်း ကိုယ်တိုင် ပစ်ဖူး ရဖူးခဲ့ပေမဲ့ 'နော'နှင့် ပတ်သက်၍ မသိဖူး၊ မကြားဖူး၊ မလေ့လာခဲ့ဖူးတာ အမှန်ပါ။ ကျွန်တော် ကြားဖူး (လက်တွေ့ မြင်ဖူး၊ သိဖူးတာမဟုတ်) အများပြောဆိုနေကြတဲ့ 'နော'မှာ မျိုးခြား၊ မျိုးကွဲ၊ သီးသန့်သားကောင်သတ်သတ်မဟုတ်။ ပြောင်ကြီး၍ ချိုဖျားယှက်ခါနီး ဖြစ်သွားတဲ့ သင်းကွဲ၊ ထီးပိုး ပြောင်ကြီးမျိုးတွေကို 'နောကူး'ကြီးတွေဟု ပြောဆိုတာသာ ကြားခဲ့ရဖူး၊ မှတ်သားခဲ့ရဖူးခြင်း ဖြစ်သည်။

ကျွန်တော် တွေ့ဖူး၊ မြင်ဖူး၊ ပစ်ဖူး၊ ရခဲ့ဖူးသော (အရှေ့ရိုးမ(ရှမ်းရိုးမ)၊ တကောင်း၊ မိုးမိတ်၊ မဘိန်း၊ မြတောင်၊ ကသာ၊ မဲဇာ၊ နမ်းခမ်း . . . အစရှိသော နယ်များမှ ပြောင်များမှာလည်း 'နောကူး'လို့ ပြောရလောက်သော ချိုဖျားယှက်ခါနီး ပြောင်များမပါပါ။ ချိုကား၊ ချိုဝိုက်၊ ချိုလိမ်၊ ချိုပုံ၊ ချိုကုတ်၊ ချိုထောင် အစရှိသော ပြောင်များသာ ရခဲ့ဖူးခြင်း ဖြစ်ပါသည်။ ကိုကျော်စိုးမိုရဲ့ **''ပြောင်နှင့်နော၊ မရောသည့်မုဆိုး''**ကို ဖတ်ရမှ ပြောင်ကပြောင်၊ နောက နော မရောဘူး၊ တခြားစီ၊ တစ်ကောင်စီ၊ တစ်မျိုးစီဆိုတာ ဖတ်ဖူး၊ မှတ်ရဖူးခြင်း ဖြစ်ပါသည်။ တစ်ခုတော့ရှိသည်။ ကိုကျော်စိုးမိုပြောသော 'နော'မှာ ကျွန်တော်တို့ 'နွားနောက်' ခေါ်သော သတ္တဝါများ ဖြစ်လေမလားတော့ မပြောတတ်။ ဒေသကွာလို့ အခေါ်အဝေါ် လွဲမှားခြားနားခြင်းပေလားဟုတော့ တွေးထင်မိတာ အမှန်ပါ။

ကိုကျော်စိုးမို ဖော်ပြသော 'နော'၏ လက္ခဏာများမှာ ကျွန်တော်တို့ သိထားသော 'နွားနောက်'၏ လက္ခဏာများနှင့်

www.burmeseclassic.com

www.burmeseclassic.com

တော့ ခပ်ဆင်ဆင်။ ပြောင်လက်တုတ်ခိုင်ပြီး အမွေးရှည်ခြင်း၊ ဝမ်းဗိုက်အောက်ပိုင်း နီဝါဝါရောင် ရှိခြင်း အစရှိသည်တို့မှာ အတော်တူပါသည်။

ဘာပဲဖြစ်ဖြစ် အချုပ်ဆိုရပါလျှင် ကိုကျော်စိုးမိုအနေနှင့် ကျွန်တော်တို့ထက် သာသည်ကိုတော့ ဝန်ခံပါသည်။ ကျွန်တော်တို့အနေနဲ့ ပစ်ခတ်ရရှိသော သားကောင်ကြီး၊ စိုင်၊ ပြောင်၊ နွားနောက်များကို အသေးစိတ်လေ့လာ၊ မှတ်သားထားမိခဲ့ခြင်း မရှိပါ။ သာမန် အမြင်၊ အကြည့်နှင့် အကောင်အကြီး၊ အသေး၊ ချို အလှအပ အဆန်းအပြားလောက်သာ သတိထားမှတ်သားမိခြင်း ဖြစ်ပါသည်။

ဒီတော့ ကိုယ်ပစ်ခတ်ရရှိသော သားကောင်ကို တခြားသူများအတွက် တိတိကျကျ မှတ်သားတင်ပြနိုင်သော၊ တင်ပြပေးခဲ့သော ကိုကျော်စိုးမို၏ စေတနာ ဖြန့်ဝေမှုကို အများအတွက်ရော၊ ကျွန်တော့်အတွက်ပါ အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်း မှတ်တမ်းပြုလိုက်ပါသည်။

တဒင်္ဂမဟုတ်၊ ထာဝရခင်မင်လေးစားမယ့် ...
စာရေးဆရာ မန္တလာသား

( ဦးဘမင်း )
မန္တလေး။

ဆရာ ...

ရှိသေစွာ ရေးခွင့်ပြုပါရှင့် ...။

မှဆိုးဆိုတဲ့ ဒဿနကို တကယ်ပါ ခုအချိန်ထိ အမှန်တကယ် မသိခဲ့ပါဘူး။ ဒါကြောင့် ဆရာကိုယ်တိုင် ပစ်တဲ့ အသားကို စားတာနဲ့ ဒီအတိုင်း ပုံသကူသားစားတာ ကွာခြားမှုကို မေးခဲ့မိပါတယ်။ ခွင့်လွှတ်ပါရှင့် ...။

သမီးကွင်းပိုက်ထားတဲ့နေရာက စာသားတွေကြောင့် အသိကြွယ်၊ အမြင်ကျယ်ခဲ့ရတာမို့ ရထားပေါ်က ခဏတာကို တစ်ဘဝစာ အမှတ်ရစေတော့မှာပါ။ မုဆိုးဆိုတာ ကြီးလာရင် သဘာဝဝန်းကျင်ကို ထိန်းသိမ်းတဲ့သူတွေ၊ သားကောင်တွေကို ချစ်လို့၊ မုဆိုးစစ်စစ်ဖြစ်ချင်လို့၊ မိမိနိုင်ငံရဲ့ တောတောင်ရေမြေ သစ်တော သစ်ပင်တွေကိုချစ်လို့၊ သူတို့ရဲ့ အလေ့အထတွေကို နားလည်ချင်လို့၊ ဒေသရဲ့ တိုင်းရင်းသား လူမျိုးတွေ နေထိုင်ပုံ၊ ဓလေ့ထုံးစံနဲ့ အသက်မွေးဝမ်းကျောင်းမှုတွေကို လေ့လာချင်လို့ ဆိုတာကို မှတ်သားမိရပါတယ်။ ကျေးဇူးတင်ပါတယ် ဆရာ။

www.burmeseclassic.com

www.burmeseclassic.com

နောက် Home Sweet Home လို့ သမီးပြောခဲ့မိတယ်။ ပြည်ထောင်စု တစ်နိုင်ငံလုံးဟာ ဆရာ့အတွက် Home Sweet Home ပါပဲ။ ဒါကြောင့် ဘိုကလေးကို ဆရာ သိပ်မသွားဖြစ်တော့တာကို နားလည်ပါပြီ။

ခံယူချက် အသစ်တစ်ခုကို ဆရာ့ရဲ့စာ၊ စာထဲကစေတနာကို ရရှိခဲ့ပါတယ်။

တွေ့ဆုံမှုအတွက် အမှတ်တရပါ . . .

BURMESE CLASSIC .com

ဒေါ်ဥမ္မာဝင်း
လ/ထကထိက
နည်းပညာတက္ကသိုလ်၊ ကျောက်ဆည်။



www.burmeseclassic.com

www.burmeseclassic.com

# နမော်နမဲ့ မုဆိုးနဲ့

ဖူးကြီးရေလောင်ကန့်တွင် ရေသွင်းသည့်နှစ်က ကျွန်မအား မွေးဖွားခဲ့သည်ဟု ကျွန်မအမေက ပြန်လည်ပြောပြသည်။ ကျွန်မအဖေနှင့်တော့ တရင်းတနှီး မနေဖူးပေ။ သို့ရာတွင် မော်ဘီမြို့မြောက်ဘက် ဖူးကြီးကန်တို့အကြားရှိ တောင်စဥ်တောင်တန်းမြင့်မားရာ အရပ်တစ်ခွင်လုံးကို ပိုင်စိုး ကျက်စားသည့် တောဘုရင် "ကျွန်းပတ်ကြီး"မှာ ကျွန်မ၏ ဖခင်ဟု သိရသည်။ သူက ထိုနယ်တစ်ခွင်လုံးကို အုပ်စိုးမင်းမူ၍ တောသတ္တဝါတို့၏ ဘုရင်အဖြစ်ခံယူကာ လှည့်လည်ကျက်စားသည်။ အကောင်တူ၊ အမျိုးတူ၊ ဝလတူလျှင် ကျွန်မ၏ ဖခင်က ဗိုလ်မထားခဲ့။ ထို့ကြောင့် သူ့အား ခန့်ညားလေးစား ခဲ့ရသည်။ တောတွင်းသတ္တဝါများသာမက လောကတွင် အသိဉာဏ်အရှိဆုံး သတ္တဝါဟု ဆိုသည့် လူသတ္တဝါကပင် သူ့ကို လေးစားရွံ့ကြောက်ကြကာ ကိုးတောင်ကျား ကျွန်းပတ်ကြီးဟု အမည်ပေးထားခဲ့ကြရသည်။

• သက်ပန်စာပေ •



ဖူးကြီးကန်၏ အရှေ့မြောက်ဘက်တစ်လွှားကို လှမ်းမျှော်ကြည့်မည်ဆိုလျှင် ဟိုးအဝေး မှုန်ပျပျ ပြာနောက်နောက်မြင့်မားသည့် "မြွေဟောက်တောင်"ဆိုသည်က ကျွန်မ၏ ဖခင်ဂူနန်းစိုက်ရာ တောင်ဖြစ်ပြီး အရှေ့ဘက် ဖောင်ကြီးနယ်၊ မြောက်ဘက် ဂျိုးဖြူကန် အထက်တစ်လွှား၊ တောင်ဘက် ဖူးကြီးကန်နှင့် "ပျဥ်းမတော"မှစ၍ ကွင်းစပ်ဖြစ်သော လှည်းကူးနယ်နှင့် မော်ဘီနယ်ထိစပ်ရာတို့အထိ ကျယ်ဝန်းသည်။ ထိုနယ်တစ်နယ်လုံးမှာ စတုရန်းမိုင် (၅၀)မျှ ရှိမည်။ သို့သော် ဖခင်က တစ်ညတည်းနှင့် လှည့်ပတ်နိုင်ရုံသာမက သူ့နယ်ဖြစ်ကြောင်း တဝေါင်းဝေါင်းနှင့် အသံပေး ရွှေကြိုးသတ်(နယ်သတ်မှတ်)သည်။

ဖခင်၏ ဦးခေါင်းမှာ တင်းတောင်းတစ်လုံး၏ အဝမျှကြီးမားပြီး နှာရောင်ပွပွ၊ နားရွက်သေးသေး ဝိုင်းဝိုင်း၊ နှုတ်ခမ်းမွေးတကားကား၊ မီးတောက်နေသည့် မျက်လုံးများနှင့် တင်းပုက်လက်ကြီးများ ရှိသည်မို့ မည်သူမျှ အံမတုနိုင်။ အဝါရောင်ဖျော့ဖျော့တွင် အနက်စင်းများ ခန္ဓာကိုယ်၏ ကန့်လန့်အတန်းလိုက်ရှိကာ သွားလာရာတွင် ညင်သာသလောက် ဉာဏ်သုံးတတ်ကာ အငွယ်ဖွေးဖွေးနှင့် ထည်ထည်ဝါဝါ ရှိလှ၏။

ဖခင်နှင့် တရင်းတနှီး နေထိုင်ဖူးခြင်းမရှိစေကာမူ တစ်ခါတစ်ရံ ကျွန်မနှင့် မိခင် အစာရှာထွက်ရာတွင် သူ၏အနံ့ သူ၏အသံတို့ကို ကြားရတတ်ပြီး သူမမြင်ကွယ်ရာ ချုံဖုတ်အတွင်းမှမှ သူ့အား တစ်ကြိမ်နှစ်ကြိမ် ချောင်းမြောင်းကြည့်ရှု တွေ့မြင်ခဲ့ဖူးသည်။

• သက်ပန်စာပေ •

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံလည်း သူစားပြီး၍ ထားရစ်ခဲ့သော တောက်၊ ဆတ်၊ ဒရယ်၊ ချေ(ဂျီ)တို့၏ ခြေလက် စသည့် အရိုးအရင်း အကြွင်းအကျန်ကလေးများကို ကျွန်မ ငယ်စဉ်က စားခဲ့ရသည်။

သို့သော် မိခင်က ကျွန်မအား အမြဲမှာထားသည့် အချက်မှာ ကျွန်မ၏ ဖခင် ဖမ်းဆီးသတ်ဖြတ်ထားပြီးစ သားကောင်ကို ဖြစ်စေ၊ သူအနည်းအကျဉ်းသာ စားရသေးသည့် သားကောင်ကို ဖြစ်စေ၊ သူခေတ္တ ရေသောက်သွားခိုက် (သို့မဟုတ်) အနားယူခိုက်တွင် ဝင်ရောက်မစားမိစေရန် ကြပ်တည်းစွာ တားမြစ်ထားသည်။ ထိုအချိန်တွင် ကျွန်မအနေဖြင့် ဝင်ရောက်စားမိပါက ဖခင်က လွန်စွာ စိတ်ဆိုးမည်ဖြစ်ပြီး ကျွန်မအသက် ဆုံးရှုံးသည်အထိ ဖခင်၏ ဆုံးမမှုကို ခံရပေမည်တဲ့။ ကျွန်မသာမဟုတ်၊ ကျွန်မ၏ မိခင်သော်လည်းကောင်း၊ အခြားတစ်စုံတစ်ကောင်သော သတ္တဝါတစ်ကောင်သော်လည်းကောင်း ထိုသို့ ပြုမူခဲ့မည်ဆိုပါက အသက်ဆုံးရှုံးရပေမည်။ ဤသည်မှာ ကျွန်မတို့ အာရှကျားမျိုးတို့၏ ရိုးရာဓလေ့စရိုက်ပင် ဖြစ်သည်ဟု ဆို၏။

ထိုအချက်ကြောင့် ကျွန်မသည်လည်းကောင်း၊ ကျွန်မ၏ မိခင်သည်လည်းကောင်း ဖခင်ကို ဝေးဝေးမှ ရှောင်ကြခြင်းဖြစ်၏။

ကျွန်မအား ဖူးကြီးကန် ရေသွင်းသည့်နှစ်က မွေးဖွားခဲ့ရာတွင် "မြွေဟောက်တောင်"၏ တောင်ထိပ်ပိုင်း ကျောက်တုံးကျောက်ဆောင်များ ပေါများရာ ဂူငယ်လေးတစ်ခုထဲတွင် ဖြစ်ပြီး ကျွန်မနှင့်အတူ မောင်ငယ်တစ်ကောင်ကိုပါ မွေးဖွားခဲ့ခြင်း ဖြစ်ကာ ကျွန်မတို့ မောင်နှမနှစ်ဦးလုံးကို မိခင်တစ်ဦးတည်းကသာ ပြုစု





စောင့်ရှောက်ခဲ့သည်ကို ကျွန်မ မှတ်မိပေသည်။ ငယ်စဉ်က ထိုဂူမှ လှမ်းမျှော်ကြည့်လျှင် အနောက်ဘက်တွင် တိုက်ကြီးလွင်ပြင်ကိုလည်းကောင်း၊ မြောက်နှင့် အရှေ့တွင် တောင်စဉ်တောင်တန်းများကိုလည်းကောင်း၊ တောင်ဘက်တွင် ဖူးကြီးကန်စောင်းမှ တောနှင့် ကွင်းရောယှက်သည့် အလှကိုလည်းကောင်း တွေ့မြင်ရကာ ထိုမမေ့နိုင်သော ရှုခင်းများရှိရာ ဂူရှေ့ကွက်လပ်ကလေးတွင် မိခင်အစာသွားရှာချိန်တိုင်း ကျွန်မတို့မောင်နှမ ကစားပျော်မြူးခဲ့ရချေ၏။

မိခင် အစာရှာရာမှ အပြန်တွင် သားကောင်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပြန်လာတိုင်း ကျောက်ခွက်ကလေးများတွင် နို့ချိုကို ညှစ်ချပေးသဖြင့် ကျွန်မတို့မောင်နှမ လျှာဖြင့်လျက်ကာ သောက်သုံးခဲ့ရသည်သာ။ တစ်ခါတစ်ရံ မိခင်ဖမ်းမိသည့် သားကောင်မှာ ကျွန်မတို့ဂူနှင့် ဝေးရာအရပ်ဖြစ်သဖြင့် သယ်ယူလာရန် ခဲယဉ်းသည်ထင့်။ မိခင်က သူ၏ အစာအိမ်အတွင်း ထည့်သွင်းလာခဲ့ပြီးမှ ဂူသို့ရောက်သောအခါ အသားညက်ညက်များကို ဟိုတစ်စုံ သည်တစ်ပုံ အန်ကျွေးသည်ကိုလည်း စားခဲ့ရပေသည်။

သို့နှင့် ကျွန်မတို့ မောင်နှမသည် မိခင်နှင့် နှစ်နှစ်မျှ အတူတကွ နေထိုင်ခဲ့ကြစဉ်အတွင်း မိခင်က ဘယ်သားကောင်ကို ဘယ်မြောင်မှာ စောင့်၊ ဘယ်ထောင့်က ချောင်း၊ ဘယ်အရိပ်မှာအိပ်၊ ဘယ်တောင်ထိပ်ကို ဘယ်လိုတက်၊ ဘယ်အကောင်ကို ဘယ်လိုအုပ်၊ ဘယ်ငါးကို ဘယ်လိုရှာ စသည်ဖြင့် သင်ကြားပေး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ တောကျွမ်းရန်နှင့် လှည့်လည်သွားလာ ကျက်စားရန် အတွက် အညင်သာဆုံး လှုပ်ရှားနည်း၊ ချဉ်းကပ်နည်း၊ မသေမရှင် ကိုက်ဆွဲ၍ လိုရာသို့ပါအောင် ခေါ်နည်းများကိုလည်း မကျန်စေရ။ သို့သော် ရှောင်ရမည့် သတ္တဝါမှာ 'လူ'ဆိုသည်ကိုတော့ ကြွပ်ကြွပ်မတ်မတ်ပင် သင်ကြားထားသည်။ လူများနှင့်တွေ့၍ ပြေး၍မလွတ်သည့်အခါ၊ ဒဏ်ရာရထားသည့်အခါနှင့် ချောင်ပိတ်မိသောအခါများတွင် ကျား၏ သတ္တိသွေးဖြင့် အသက်ကိုစွန့်၍ ပြန်လည်တိုက်ခိုက်ရမည် ဆိုသည့်အချက်ကိုမူ အလေးအနက်ထားကာ မှာကြားလေသည်။

ကျွန်မတို့ မောင်နှမမှာ သုံးနှစ်မြောက်သောအခါ မိခင်နှင့် စတင်ခွဲခွာကြသည်။ ပထမခွဲခွာသူမှာ ကျွန်မ၏ မောင်ဖြစ်ပြီး သူ၏ ခန္ဓာကိုယ် ထွားကြိုင်းမှုက ကျွန်မထက် နှစ်ဆမျှရှိကာ အရောင်အသွေးမှာလည်း ပိုမိုတောက်ပြောင် စိုပြည်လေသည်။ မခွဲခွာမီ လအနည်းငယ်ကတည်းက သူသည် တစ်ကောင်တည်း အမဲလိုက်တတ်ကာ ရရှိလာသည့် အမဲကို ကျွန်မတို့ နေထိုင်ရာ ဂူသို့ သယ်ဆောင်လာတတ်သော်လည်း မိခင်နှင့် ကျွန်မတို့ သူ၏ သားကောင်ကို အလျှင်စားမည်ကို လိုလားပုံမရ။ 'ဂုန်း'ခနဲ 'ဂုန်း' ခနဲ ဟိန်းဟောက်ကာ သူ၏ အစာနားသို့ မလာရန် သတိပေးသည်။ ကျွန်မက သူကျီစားသည်ထင်၍ စားရန်တိုးသွားရာ ကြီးမားပြင်းထန်သော သူ၏လက်က ကျွန်မ၏ နားသယ်သို့ ကျရောက်လာခဲ့၏။ ကျွန်မမှာ မျက်လုံးများပင် ပြာဝေသွားခဲ့ရ၏။ ထိုအချင်းအရာကိုမြင်သော မိခင်က ကျွန်မအား သူ့အစာနားသို့





မသွားရန် ရှေ့မှကာဆီးကာ ကျွန်မအား ဘေးသို့ တွန်းဖယ်ခဲ့ပေသည်။ နောင်မိခင်က ပြောပြသည်မှာ ဒါဟာ အရွယ်ရောက်ကျားထီးတစ်ကောင်၏ စရိုက်လက္ခဏာ ပီပြင်လာမှုသာ ဖြစ်ကြောင်း သိရလေ၏။ သူရလာသည့် သားကောင်ကို သူစားသောက်၍ ဝသောအခါတွင် ဂူအပြင်သို့ ကြွနေရရတွက်သွားကာ လှည့်ခံနေတော့မှ ကျွန်မနှင့် မိခင်က သူ၏ အကြွင်းအကျန်ကို စားသောအခါတွင်မူ သူက တစ်စုံတစ်ရာ မနှောင့်ယှက်တော့။

သူ ခွဲခွာသွားပြီးနောက်တွင် ကျွန်မမှာ မိခင်နှင့်အတူ တစ်မိုးတွင်း နေခဲ့သေးသော်လည်း ဆောင်းဦးပေါက်လာသောအခါ မိခင်နှင့်အတူ နေရခြင်းကို ငြီးငွေ့လာခဲ့ပြီ။ အစာကိုလည်း မိမိဘာသာ ရှာဖွေစားတတ်နေပြီ ဖြစ်သည်သာမက အဖော်လိုချင်သော စိတ်များလည်း တဖွားဖွား ပေါ်လာသည်။ ကျွန်မ လိုချင်သော အဖော်မှာ အမေမဟုတ်။ မောင်မဟုတ်။ ကျွန်မ၏ နှလုံးသည်းပွတ်ကို ညှို့ယူဖမ်းစားနိုင်မည့် အဖော်သာ ဖြစ်ပေသည်။

ထို့ကြောင့် ဆောင်းဝင်၍ အအေးဓာတ် လွှမ်းခြုံရစ်ပတ်လာသည်ဆိုလျှင်ပင် ကျွန်မ၏ စိတ်ဓာတ်မှာလည်း အချစ်ဆိုသည့် နွေးထွေးသော စိတ်ဓာတ်များ လွှမ်းခြုံနေပြီဖြစ်ရာ တစ်နေ့ မိခင်မရှိခိုက် ထူးဆန်းသည့် အနံ့တစ်မျိုးကို ရရှိလေသည်။ ထိုအနံ့မှာ ပန်းနံ့မဟုတ်။ မြေနံ့ ရေနံ့ မဟုတ်။ ရွက်နံ့ မဟုတ်၊ တောနံ့တောင်နံ့၊ သားကောင်နံ့ မဟုတ်။

ထိုအနံ့မျိုးကို နတ်တော် ပြာသို နှင်းစို၍ အေးသောအခါများတွင် ယခင်နှစ်များက တစ်ကြိမ် နှစ်ကြိမ် ရခဲ့ဖူးကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မှတ်မိသည်။ ယခုနှစ်တွင်တော့ ထိုအနံ့ ရလျှင်ရချင်းပင် စိတ်များ လှုပ်ရှားခဲ့ရပြီ။ ထိုအနံ့ကြောင့် မိမိ၏ ခန္ဓာကိုယ်မှလည်း အနံ့တစ်မျိုး ထွက်ပေါ်လာခဲ့သည်ကို သတိပြုမိ၏။ ထိုအနံ့က မြောက်လေ သုတ်ဖြူးတိုင်း လေအောက်သို့ ပါသွားခဲ့ချေပြီ။

ကျွန်မ၏ ဖွံ့ဖြိုးသည့် ခန္ဓာကိုယ်ကလည်း ကျွန်မ ရရှိသည့် အနံ့ကို ရှာဖွေရန် လှုပ်ရှားမိလေပြီ။ ထိုသို့ လှုပ်ရှားရင်း အနံ့လာရာသို့ မသိစိတ်ဖြင့် လိုက်လာမိသည်သာမက ကျွန်မ၏ စိတ်တွင် အားမလို အားမရဖြစ်ကာ အသံကို ရင်တွင်းမှ ကျစ်၍ ထွက်လာစေရန် ရင်ကိုရှုံ့၍ အသက်အောင့်ပြီးနောက် အော်လိုက်မိသည်။

"ဝ ..ဝ ..ဝုန်း" ဤအသံကို (၂)မိုင် (၃)မိုင်မျှပင် ကြားနိုင်မည် ထင်သည်။

"ဝူး ..ဝူး ..ဝုန်း" ဒုတိယအကြိမ် ဤမျှ အော်မိပြန်လေပြီ။ ဤအသံမျိုးကို လူတို့က ကျား မိတ်ဖက်ရှာသည့်အသံဟု ပြောကြပေမည်။

မကြာပါချေ။ ထူးဆန်းသည့် အနံ့လာရာဘက်မှ အသံကို ကြားလိုက်ရသည်။

"ဝုန်း ..ဝုန်း ..ဂရား"

ကျွန်မ ပျော်လိုက်သည့်ဖြစ်ခြင်း။ ကျွန်မ၏ အသည်းနှလုံးမှာ လှိုက်ဖိုသွားကာ ပြောမပြတတ်အောင် ခံစားရသည်။ အသံရှင်ကိုလည်း တွေ့လိုမြင်လိုလာသည်။ ထို့ကြောင့် အသံလာရာဆီသို့ မပြေးရုံတစ်မည် အသော့နှင်လာသည်။





တစ်ဖက်မှ အသံရှင်ကလည်း ကျွန်မကဲ့သို့ ခံစားနေရသည်ထင့်။ အနံ့မှာ ပိုမိုပြင်းလာအောင် လွှတ်နေသည်။

ကျွန်မက တောကြီးအလယ် တောရှုပ်ရာမှ သက်ငယ်ကွင်းကလေးတစ်ခုအစပ်သို့ အသာအယာ အသံမကြားအောင် ချဉ်းကပ်ကာ အနံ့လာရာဘက်သို့ ချောင်းကြည့်မိသည်။ ထိုအခါ ကျွန်မတစ်သက်တာတွင် ယခင်က မတွေ့ဖူးသေးသော ခံ့ညားထယ်ဝါမှုဖြင့် သက်ကယ်ကွင်းကလေး အလယ်တွင်ရပ်ကာ လေထဲသို့ မော့၍ အနံ့ခံနေသော သူ့ကို တွေ့လိုက်ရသည်။

ကျွန်မ၏ ရင်မှာ ဗလောင်ဆူလာကာ သူ့ထံ အပြေးကလေး ချဉ်းကပ်ချင်စိတ် တဖွားဖွား ပေါ်လာမိ၏။ သို့သော် အခြေအနေကို အကဲခတ်ရပေဦးမည်။

ထိုစဉ် သူကလည်း ကျွန်မရှိရာဘက်မှ အနံ့လာသည်ကို သိသွားလေဟန်ဖြင့် ကျွန်မဘက်သို့ လျှောက်လာသည်။

ကျွန်မ၏ မောင်ငယ်၏ အရပ်အမောင်း ခွန်အားမျိုးနှင့် ခါးကိုနွဲ့ကာနွဲ့ကာ လျှောက်လာသော သူသည် ကျွန်မ၏ အသည်းနှလုံးသို့ ရောက်အောင်လာမည့်သူပေပဲလား။

ကျွန်မကွယ်၍ ချောင်းကြည့်နေရာမှ ထွက်ကာ ကျား လုံးပြလိုက်သည်။ သူ တွေ့သွားပြီကော။

သူ ကျွန်မထံ အသော့လျှောက်လာချိန်၌ ကျွန်မက မြေတွင်လှဲချကာ လက်နှစ်ဖက်ကို မြှောက်၍ သူ့ကို ဆီးကြိုလိုက်သည်။ သူကလည်း အနားသို့ တိုးကပ်လာကာ သူ့လက်နှစ်ဖက်ဖြင့် ကျွန်မ၏ လက်များကို ပုတ်ကစားရုံသာမက ကျွန်မ၏ ဦး



www.burmeseclassic.com

www.burmeseclassic.com



ခေါင်း ဖက်တို့ကိုလည်း ထိကပါး ရိကပါး ကစားလိုက်သည်။

ဤအချိန်မှာ ကျွန်မ ကျားဖြစ်လာသည့်အချိန်မှစ၍ အပျော်ဆုံးဟု ပြောရပေမည်။ ထို့နောက် သူသွားရာသို့ ကျွန်မ လိုက်ခဲ့ရပေပြီ။ နှင်းများက တစ်တောတစ်တောင်လုံးကို လွှမ်းခြုံထားသကဲ့သို့ ကျွန်မကိုလည်း အချစ်ဆိုသော အရာက လွှမ်းခြုံထားခဲ့လေပြီ။

ဤသည်မှာ ကျွန်မမိခင်နှင့် ခွဲခဲ့သည့် အကြောင်းရင်း ဖြစ်တော့သည်။

◆◆◆

သူနှင့် ပေါင်းသင်းပြီးနောက် လေးလခန့်အကြာတွင် ကျွန်မ၏ သားဦးလေးကို ဖွားမြင်ခဲ့သည်။ ကျားလေးအား မွေးဖွားပြီး နှစ်လခန့် သူသည် ကျွန်မနှင့် ဂူတစ်ဂူတည်းတွင် အတူနေခဲ့သော်လည်း မိုးကျလာသောအခါတွင်မူ သူသည် ကျွန်မနှင့် သားငယ်ကို ခွဲခွာသွားခဲ့သည်။ သူ ဘယ်ကိုရောက်၍ ဘာဖြစ်သွားခဲ့သည်ကို ကျွန်မ မသိ။ နောက်ထပ်လည်း မတွေ့တော့။ သို့သော် တွေး၍ မပူ။ ကျွန်မတွင် ဝမ်းနှင့်လွယ်၍ မွေးထားရသော တစ်ကောင်တည်းသော အချစ်ဆုံးသား ကျားပေါက်စလေးက အဖော်အဖြစ် ရှိနေခဲ့ပြီ။

သားလေးအား ကျွန်မ အစာရှာဖွေ ကျွေးရသည်မှာ မောသည်ဟု မရှိပါ။ သို့သော် ဖူးကြီးကန်စောင်းတွင် အစာရှာရသည်မှာ လူများနှင့် မကြာခဏ ဆုံရသည်။ ကျွန်မအား လူတို့က

• သက်ဝန်စာပေ •



မမြင်နိုင်အောင် ရှောင်နိုင်သော်လည်း ဆတ်၊ တောဝက်၊ ဂျီ(ချေ) စသည့် ကျွန်မ၏ အစာများမှာ ရှားပါးလာခဲ့ရသည်။ လူများ ရှုပ်နေသဖြင့် သားကောင်ငယ်များက စားကျက်၊ စားပင်၊ ဆားကျင်း(ကျစ်တွင်း)မမှန်တော့။ လူတို့ကြောင့် ပျက်စီးကုန်ကာ အစာ ရှားလာရသည်။

သို့ကြောင့် ကျွန်မက နယ်ပြောင်းအစာရှာရန် စဉ်းစားခဲ့ရပြီ။ ကျားဆိုသည်မှာ စဉ်းစားခြင်းနှင့် ဆုံးဖြတ်ခြင်းမှာ အတူတူပင် ဖြစ်၏။ လူတွေလို ရှေ့နောက် မဝေဖန်။ ငဲ့ညှာရန်မှာလည်း ကျား၏အလုပ် မဟုတ်။ ထို့ကြောင့် ဖူးကြီးကန် အရှေ့ဘက် ပည်းမတောနယ်နှင့် ဆက်လျက်ရှိသော တောင်ဘက်ကျကျ လှည်းကူးနယ်နှင့် မှော်ဘီနယ်ထိစပ်ရာ "ကြာအင်းရှာ"(အနောက်ကြာအင်း) လူများလုပ်ကိုင်စားသောက်ရာနှင့် တစ်ဆက်တည်းဖြစ်သော တောင်ခြေကွင်းတောဘက်သို့ လာခဲ့သည်။

ထိုအရပ်တွင် စပါးနှင့် ကန်စွန်း(ဥကန်စွန်း) စိုက်ပျိုးသဖြင့်လည်းကောင်း၊ ကိုင်းတောများရှိ၍လည်းကောင်း တောဝက်နှင့် ဒရယ်၊ ချေ(ဂျီ)တို့ ပေါသည်။ တစ်ညတည်းမှာပင် ကျွန်မက တောဝက်တစ်ကောင်နှင့် ဒရယ်ဖိုကြီးတစ်ကောင်ကို ဖမ်းမိခဲ့ သည်။ ကျွန်မ၏ သားကလေးမှာ (၄၊ ၅၊ ၆)လသား ဖြစ်နေပြီမို့ သွားလေရာ ခေါ်နိုင်သည်။ သို့သော် ထိုနေ့ည ဂူတွင်ပင် ထားခဲ့ရာ ဒရယ်နှင့် ဝက်ရသူ ကျွန်မအဖို့ သူ့ထံ သယ်မသွားနိုင်။ ဒီကောင်လေးကို သွားပြန်ခေါ်ပြီး အစာဝအောင် စားခိုင်းရပေမည်။

◆◆◆

• သက်ပန်စာပေ •

www.burmeseclassic.com

www.burmeseclassic.com



သားငယ်ကိုခေါ်၍ အမဲနှစ်ကောင်ပြသောအခါ သားငယ်မှာ ပျော်လွန်းနေသည်။ ဒရယ်ဖို၏ ပေါင်သားများကို အားပါးတရ ကိုက်ဖဲ့သောအခါတွင်မူ သူ၏ နုနယ်သော မေးရိုးနှင့် အစွယ်ကလေးများက သိပ်မတိုးနိုင်သေး၍ ကျွန်မကပင် ကိုက်ဖဲ့ကျွေးခဲ့ရသည်။ ဝအောင်ကျွေးပြီးနောက် အမဲနှစ်ကောင်ကို ကိုင်းတောထဲတွင် ဝှက်ထားပြီး ဆာလျှင်စားရန် ထားရသည်။ သူ့ကိုမူ မနီးမဝေး ချုံတောများအတွင်း ဝှက်ထားကာ အသံမပေးရန်လည်း မှာကြားပြီးနောက် ကျွန်မလည်း အမဲနှစ်ကောင်ကို စိတ်ကြိုက်စားလိုက်သည်မှာ အရုဏ်ပင် တက်ခဲ့ပေပြီ။ အနီးအနား စမ်းချောင်းမှ ရေကို ဝအောင်သောက်ကာ သားကောင်ရှိရာတောကို စီးမိုးမြင်ရသော ကျောက်ကုန်းတစ်ကုန်း၏ ထိပ်ပိုင်းချုံထူရာတွင် ငြိမ်သက်စွာ လဲလျောင်းအိပ်စက်လိုက်ရာ ချက်ချင်းလိုပင် အိပ်ပျော်သွားခဲ့တော့၏။ သားငယ်ကို ဝှက်ထားတတ်ခြင်းမှာ ကျွန်မတို့ ကျားမများ၏ ထုံးစံမို့ ထိုသို့ထားခြင်းကို အပြစ်မမြင်စေလိုပါ။

နောက်တစ်နေ့ နေဝင်ခါနီးတွင် ကျွန်မ နိုးလာပြီးနောက် အမှောင်ကို စောင့်နေခဲ့ကာ လူခြေတိတ်သွားသောအခါ အိပ်နေသည့်ချုံမှခွာ၍ သားငယ်အား ဝှက်ထားခဲ့ရာ နေရာသို့ လာခဲ့သည်။

အမေရေ ... ဒုက္ခပါပဲ။ ကျွန်မသားလေး မရှိတော့ဘူး။ ကျွန်မသားလေး ဘယ်ရောက်သွားပြီလဲ။ အလို ... ထားခဲ့တဲ့ ချုံတောအနီးမှာ အနမ်းပိုလ်ပင်ကြီး၏ ခြေရင်းတွင် သွေးနှံ့ရတယ်။





အမဲသွေးလား မဟုတ်၊ ကျားသွေးနံ့။ ကိုယ်ကျိုးနည်းပြီ။ ကျွန်မသားလေးကို 'လူ'ဆိုသည့် သတ္တဝါများ သတ်ဖြတ်သွားလေပြီလား။ သေချာပါတယ်။ သူတို့မှ သူတို့အစစ်။ ရက်စက်လိုက်ကြတာ။ အမေရေ ... အမေပြောခဲ့တဲ့ "လူဆိုတဲ့ သတ္တဝါတွေနဲ့ ဝေးဝေးနေ"ဆိုခြင်းကို မလိုက်နာမိဘဲ သားကောင်ပေါ်ရာ တောပြောင်းမိလို့ လူတွေနဲ့ တိုးပြီး ကျွန်မသားလေး ဒုက္ခရောက်ခဲ့ရပါပေါ့။

ယမန်နေ့ညက ထားခဲ့တဲ့ အမဲနှစ်ကောင်ရှိရာသို့ ပြေးကြည့်မိသည်။ သေချာပြီ။ လူတွေရဲ့ လက်ချက်။ ကျွန်မ၏သားကိုသာမက ကျွန်မရဲ့အစာကိုပါ ဒင်းတို့ ယူသွားချေပြီ။

"ဝေါင်း .. ဝေါင်း .. ဂရား .. ဂရား"

"ဝေါင်း .. ဝေါင်း .. ဝေါင်း"

လူတွေကို လက်စားချေမယ်နော်၊ ကျားဆိုတဲ့ ကျားစိတ်ကို ပြရပေတော့မည်။

အနီးအနား ပတ်လည်တဲမှာ လယ်ရိတ်ချိန်ဖြစ်၍ ကောက်ရိုးဖြင့် လေးတိုင်စင်တဲ ဆောက်ထားရာသို့ အသံပေးကာ လာခဲ့မိပြီ။

"ဝေါင်း ... ဝေါင်း"

"ဆရာတို့ ရောက်လာတာနဲ့ အတော်ပဲ ဆရာရေ" အနောက်ကြာအင်းရွာသား ကိုချစ်အောင်က ကျွန်ုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့အား ခရီးဦးကြိုပြုရင်း ဆိုပါသည်။

ကျွန်ုပ်တို့အဖွဲ့တွင် ကျွန်ုပ်၊ ကိုကျော်ကျော်၊ ကိုငွေသန်း (အမည်မှန်မဟုတ်ပါ)တို့ ပါလာကြပြီး ရုံးပိတ်ရက် စနေ၊ တနင်္ဂနွေတွင် အနောက်ကြာအင်းရွာသို့ တောပစ်ရောက်ကြခြင်း ဖြစ်၏။ ကျွန်ုပ်တို့အဖွဲ့မှာ ထိုစဉ်က မော်ဘီ(လေယာဉ်နှစ်ကောင်)၊ ယခုအမှတ်(၅၀၁) လေတာပ်စခန်း(မော်ဘီ)မှတစ်ဆင့် လာခဲ့ကြခြင်း ဖြစ်၏။

အိမ်ပေါ်တွင်ပါလာသည့် ပစ္စည်းများ အသားတကျချပြီး စားပွဲတွင် ရေနွေးကြမ်းသောက်ရန် ထိုင်မိကြသောအခါ ကျွန်ုပ်က

"ကိုချစ်အောင် ခုနပြောတာ ဘာအတော်ပဲလဲဗျ"ဟု မေးလိုက်ရာ ကိုချစ်အောင်က . . .

"ဒီလိုဆရာ၊ မနေ့က ဒီရွာထဲကလူတွေ ဟင်းစား တောမောင်းကြရင်း ကျားကလေးတစ်ကောင်နဲ့ ဒရယ်တစ်ကောင်၊ ဝက်တစ်ကောင် ရကြတယ်"

"တယ်ဟုတ်ပါလား၊ ဘာနဲ့ ပစ်လို့ ရတာတုံး"

"လှံနဲ့ ဓားနဲ့ ရတာ ဆရာ"

"တယ်စွံပါလားဗျ။ ဆိုပါဦးရပုံကို"

"လူငယ်တွေ လယ်ရိတ်ရင်းနဲ့ ဟင်းစားရအောင် ဝက်အုပ်ကို ညှော်ထောင်ပြီး ခွေးနဲ့မောင်းကြတယ် ဆရာ။ အဲဒါ ကျားပေါက်စလေးတစ်ကောင်ကို တွေ့တော့ ခွေးအုပ်က ဝိုင်းဟောင်ကြတာ ကျားကလေးကငယ်တော့ 'အနမ်းဗိုလ်'ပင် ခွဆုံပေါ် တက်ပြေးတယ်"

• သက်ပန်စာပေ •



"ကျားက ဘယ်အရွယ်လဲ"

"ခွေးပျို့တစ်ကောင်အရွယ် ဆရာ"

"အဲဒါနဲ့ . . ."

"အဲဒါနဲ့ လူအုပ်က လေးခွနဲ့ပစ်၊ လှံနဲ့ထိုးတာ ရကြတယ်။ ပြီးတော့ ကျားမကြီးကိုက်ထားတဲ့ ဒရယ်ဖိုတစ်ကောင်နဲ့ ဝက်ငယ်တစ်ကောင်လည်း တွေ့လို့ ရလာတယ်။ တချို့တစ်ဝက်တော့ စားထားပြီးပြီ"

"အင်း . . . ရပြီးရင်လည်း ပြီးတာပဲပေါ့ဗျာ"

"မပြီးသေးဘူး ဆရာ"

"ဘာလို့တုံး"

ကျွန်ုပ်အဖွဲ့မှ လူများက စိတ်ဝင်စားသည်ကို သိ၍ ကိုချစ်အောင်က ဆက်ရှင်းပြသည်။

"ညကျတော့ ကျားမကြီး လာသောင်းကျန်းတော့တာပဲ"

"ဘယ်လို သောင်းကျန်းတာလဲ"

"သွားသေတဲ့ 'အနမ်းဗိုလ်'ပင်ကြီးနားမှာ အနံ့ရတယ်ထင်တယ်။ တဝေါင်းဝေါင်းနဲ့ လာမာန်ဖီတယ်။ အဲဒီနားက တောစပ်အလယ်တွေကိုလည်း လာတယ်။ လယ်တဲတွေ ဘယ်တဲမှ မအိပ်ကြရဘူး။ မီးတုတ်တွေလုပ်ပြီး ရွာထဲ ပြန်ပြေးလာကြရတယ်"

"ဟင် . . . ဟုတ်လား၊ ဒီညကော လာနိုင်သေးလား"

ကိုငွေသန်းက ဝင်၍ မေး၏။

"လာနိုင်တာပေါ့ ဆရာ၊ သားရှိန်နဲ့ကိုး"

• သက်ပန်စာပေ •

www.burmeseclassic.com

www.burmeseclassic.com



မှန်ပေသည်။ ခွေးပျို့တစ်ကောင်မျှသာ ရှိသော ကျားငယ်ကလေးမှာ ခြောက်လခန့်သာ ရှိမည်။ ကျားများ ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင် မိတ်လိုက်တတ်ကာ မိတ်အောင်ပါက လေးလခန့်အကြာတွင် သားပေါက်ကြသည်။ တစ်ကောင်မှ သုံးကောင်အထိ ပေါက်တတ်ပေရာ မေလလောက်တွင် ပေါက်မည်။ ယခု နိုဝင်ဘာလကုန်တွင်ဖြစ်၍ ကျားကလေးမှာ ခြောက်လသားခန့် ဖြစ်ရပေမည်။ နို့ခွဲရန်မှာ တစ်နှစ်ခန့် ကြာတတ်ပြီး နှစ်နှစ်၊ သုံးနှစ်သားအထိ မိခင်နှင့် အတူနေတတ်ပေသည်။

"ကဲ . . . ကိုငွေသန်း၊ ဘယ်လို သဘောရလဲ"

ကျွန်ုပ်က မေးမိ၏။ ကိုငွေသန်းနှင့် ကျွန်ုပ်မှာ ကိုကျော်ကျော်၏ မိတ်ဆက်ပေးမှုအရ ယခုအခေါက်မှ သိရှိရသူဖြစ်သော်လည်း သူ့တွင် လိုင်စင်သေနတ် (၃၀. ၀၆) စပရင်းဖီး၊ ဘရွန်ရိုင်ဖယ် ပါလာသည်။ ဤရိုင်ဖယ်မျိုးမှာ လက်အောက်မီသော သေနတ်မျိုး ဖြစ်ပြီး အားကိုးရသည်။ မြန်မာပြည် ဘယ်တောဘယ်တောင်မှ သားကောင်မျိုးကိုမဆို ပစ်ခတ် ရရှိနိုင်သော သေနတ်မျိုး။

"ချမယ်ဗျာ၊ ဘယ်လိုစီစဉ်မလဲသာပြော"

သူ၏ တက်ကြွသော စကားသံက အားရှိစေပါသည်။ ကျွန်ုပ်နှင့် ယခုမှသိရသော်လည်း သူ၏ သတ္တိမှာ ခေသူမဟုတ်ဟု ကျွန်ုပ်က ကောက်ချက်ချမိသည်။

"ကဲ . . . ဒါဆို ကျားကလေးရတဲ့နေရာကို သွားကြည့်ကြမယ်"





ဟုဆိုကာ ကျွန်ုပ်က ကျွန်ုပ်၏ လက်စွဲတော် Stvage နှစ်လုံးပူး သေနတ်ကို ကောက်ယူလိုက်ရာ ကိုငွေသန်းမှာလည်း ငေါက်ခနဲ ထလေ၏။

ကျွန်ုပ်တို့ သွားမည်ဆိုသဖြင့် ကိုချစ်အောင်က ရွာမှ ကျားရသည့်လူငယ်များအား ခေါ်ယူကာ တစ်ပါတည်း လိုက်ခဲ့ကြပေသည်။

—◆—◆—◆—

အနမ်းဗိုလ်ပင်မှာ လယ်စောင်း၊ တောစပ်တွင် ရှိသည်။ ကိုင်းတောနှင့် ချုံတော ရောယှက်နေရာ တောစပ်၊ နောက်ခံတွင် တောင်ကုန်း၊ ဂဝံကုန်းများ ရှိ၍ ကျားပုန်းအောင်းရန် နေရာများအနမ်းဗိုလ်ပင်ရှိရာဘက်မှာ ရိတ်သိမ်းဆဲ၊ စပါးနယ်ဆဲ ဖြစ်ကာ ညအခါ ကောက်လှိုင်းစည်းစောင့်ရန် ( သားတိုင်စင်ထောင်၍ ကောက်ရိုးများပုံကာထား၏။ ခြေရာ ခြေကြောင်းနှင့် လယ်တဲများ၏ ပြောပြချက်အရ အနမ်းဗိုလ်ပင်ကြားတွင် ကျားမက သူ့သားကို ခေါက်တုံ့ခေါက်ပြန် ရှာထားပေသည်။

"ကဲ . . . ကိုငွေသန်း ကျားစောင့်မယ်ဆိုရင် ဟိုစပါးနယ်တဲ့ တဲကလေးက စောင့်ရလိမ့်မယ်။ မြေပြင်ဖြစ်တော့ သတိဝီရိယတော့ ရှိရမယ်။ အိပ်ပျော်နေလို့ မဖြစ်ဘူး။ နိုးနိုးကြားကြားတော့ရှိမှ ဖြစ်မယ်။ ဘယ်လိုလဲ၊ စောင့်ရဲတယ် မဟုတ်လား"

ကျွန်ုပ်က မေး၏။

"ရပါတယ် ကိုစိုးရာ။ ကျွန်တော်လည်း တောသစ်လာ



www.burmeseclassic.com

www.burmeseclassic.com



တာ ကြာပြီပဲ''

ကျွန်ုပ်အား သူက ခပ်ဆတ်ဆတ် ပြန်ပြော၏။ သူပြောပုံမှာ တက်ကြွသည်သာမက သူ့အား အထင်မသေးရန် ကာကွယ်ထားသည့်အသံဖြင့်။

''ကဲ ... ဒါဖြင့် ကိုချစ်အောင်ရေ၊ ကိုငွေသန်းနဲ့ အဖော်တစ်ယောက်ထည့်ဖို့ လုပ်ပေးပေတော့။ ခုတော့ (၃)နာရီပဲ ရှိသေးတယ်။ ရွာပြန် ညနေစာစားပြီး မှောင်ခါနီးမှ ပြန်လာစောင့်ပေါ့''

—◆—◆—◆—

မိုးချုပ်ခါနီးတွင် ကိုငွေသန်းနှင့် ကိုနီတို့နှစ်ဦး ကျားစောင့်ရန် သွားခဲ့ပေပြီ။ ကျွန်ုပ်က ဓာတ်မီးမှစ၍ ရေနွေးဘူး၊ သကြားလုံးတို့ကို စီစဉ်ပေးကာ လိုအပ်သည်များ သတိပေးမှာကြားလိုက်ရသည်။

သူတို့သွားပြီး ကျွန်ုပ်၊ ကိုကျော်ကျော်၊ ကိုချစ်အောင်နှင့် ကိုချစ်အောင်အိမ်သားများ စကားစမြည် ပြောခဲ့ကြရာ ည(၉)နာရီကျော်လာလေ၏။

''ကိုချစ်အောင်ရေ ... ရွာတောင်ဘက်က အခင်းတွေ မီးသွားထိုးမယ်လေ။ ကျော်ကျော်ကောပေါ့''

''သွားလေဆရာ''

ရွာတောင်ဘက် ကန်စွန်းဥခင်းများတွင် မီးထိုးခဲ့ကြရာ ဒရယ်တစ်ကောင် ပစ်၍ရခဲ့ပေသည်။ ဒရယ်ကို သယ်လာရခြင်းကြောင့် ကိုချစ်အောင်အိမ်သို့ ည(၁)နာရီခန့်မှ ပြန်ရောက်ကြ၏။

● သက်ပန်စာပေ ●



''ကိုချစ်အောင်ရေ ... ဒရယ်ကို မနက်မှ ဖျက်တာပေါ့ဗျာ''ဟု ကျွန်ုပ်ကဆိုကာ ခြေလက်ဆေး၍ အိပ်ရာဝင်ခဲ့ကြသည်။

သို့သော် ကျွန်ုပ်မှာ အိပ်ရာထဲရောက်သော်လည်း အိပ်၍မပျော်။ ဟိုလိမ့် သည်လိမ့်ဖြင့် ဖြစ်နေသည်။ ခါတိုင်းဆိုလျှင် ကျွန်ုပ်၏ အကျင့်မှာ အိပ်ရာထဲဝင်ပြီး အိပ်ပါက (၅)မိနစ်အတွင်း အိပ်ပျော်သည်။ အိပ်မပျော်သည့်အတူ ကိုငွေသိန်းတို့ဘက် သွားကြည့်ချင်သည်။ ညဦးမှ ယခု (၂)နာရီခန့်တိုင်အောင် ကိုငွေသန်းတို့ သေနတ်သံ မကြားရ။ ထို့ကြောင့် ...

''ကိုချစ်အောင်'

ကျွန်ုပ်က အသံပြုကြည့်၏။

''ဗျာ .. ဆရာ''

''အိပ်မပျော်ဘူးလား''

''ဟုတ်တယ် ဆရာ''

''ဒါဆို ခင်ဗျားနဲ့ ကျွန်တော် ကိုငွေသန်းတို့ဆီ သွားကြည့်ရအောင်။ သေနတ်သံလည်း မကြားရတော့ ဘာဖြစ်နေသလဲလို့။ ပြီးတော့ ကိုငွေသန်းက ဧည့်သည်အဖြစ် လိုက်လာတာ။ သူတစ်ခုခုဖြစ်မှာ စိုးတယ်ဗျာ''

''သွားလေဆရာ''

ကျွန်ုပ်နှင့် ကိုချစ်အောင် နှစ်လုံးပူးတစ်လက်ဖြင့် ကိုငွေသန်းတို့ရှိရာသို့ ထွက်ခဲ့ပေပြီ။ အချိန်မှာ ည(၂)နာရီ။

—◆—◆—◆—

● သက်ပန်စာပေ ●

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏သားကို မနေ့ညက နေရာအနှံ့ ရှာခဲ့သော်လည်း မတွေ့။ ယနေ့ညတွင် ဆက်ရှာရန် ထွက်ခဲ့သည်။ လူဆိုသည်မှာ စီရီယရှိကြသည်။ ရွာ၊ လယ်တဲ၊ လူရှိရာအရပ်များသည် အသံအတော်ဆူ၏။ ဤသို့သော လမိုက်ရက် မည်းမည်းမှောင်မှောင်တွင် လူတွေမှာ မီးခွက်၊ မှန်အိမ် ထွန်းကာ စကားပြောကြသည်။ ပွစိပွစိ ဘာတွေပြောမှန်း မသိ။ ကလေးရှိသောတဲဆိုလျှင် ကလေးများအသံ ကြားရလေရာ ညအတော်နက်မှပင် တိတ်ဆိတ်ကြ၏။

ကျွန်မက မနေ့က မရှာခဲ့ရသေးသော လူနှင့် ဝေးရာကို အရင်ရှာခဲ့ရာ မတွေ့ခဲ့ပါ။ ထို့ကြောင့် မနေ့က ကျွန်မ့သားလေး အနံ့ရခဲ့သည့်ဘက်သို့ လာခဲ့ပြီး အနံ့ခံသည်။ ညမှာ မည်းမည်းမှောင်သော်လည်း ကျွန်မတို့ ကျားမျိုးများအတွက်မူ ကြယ်ရောင်ဖြင့် မြင်နိုင်သောကြောင့် ပြဿနာမရှိ။ နောက်များမကြာမီ ကောင်းကင်၌ ကြယ်နီပင် ပေါ်တော့မည်။ ကြယ်နီပေါ်လျှင် အရုဏ်တက်လာ၍ မိမိဂူ (သို့မဟုတ်) နေရာသို့ ပြန်ရမည်ကို မိခင်က ကျွန်မအား ငယ်စဉ်က သင်ကြားပေးထား၏။

သားကလေး၏ အနံ့အသက်ရရာ အနမ်းပိုလ်ပင်ခြေသို့ ရောက်သောအခါ အရှေ့ဘက်သို့ လှမ်းမျှော်ကြည့်ရာတွင် ကောက်ရိုးမျ ားဖြင့် လူတို့ ပြုလုပ်ထားသော စပါးနယ်သည့် တဲလေးကို တွေ့ရ၏။ စပါးစည်းများလည်း တစ်ပုံတစ်ပင်။ ကျွန်မသားလေးကိုသတ်ဖြတ်သော လူဆိုသည့် သတ္တဝါများမှာ ဤတဲမှ လူများပင် ဖြစ်ရမည်။ သားငယ်၏ အနံ့ရသည့်နေရာနှင့် ဤလူတို့နေရာမှာ အနီးဆုံးဖြစ်ရာ ဒင်းတို့ပင် ဖြစ်ရမည်။

• သက်ပန်စာပေ •



ကျွန်မက အသံမပေးဘဲ ကွင်းလယ်သို့ ဖြတ်ထွက်လိုက်သည်။ ထိုအခိုက်တွင် တဲအတွင်းမှ လူနံ့က ကျွန်မ၏ အနံ့ခံအာရုံကို ဆိတွေ့မိရာ သေချာပေါက် လူရှိရမည်။ ထို့ကြောင့် ရိတ်ပြီးစပါးပင် ရိုးပြတ်များကို အကာအကွယ်ယူကာ ချက်ချင်းကပ်ခဲ့သည်။ ကျွန်မ၏ ညင်သာမှုက တဲအတွင်းမှ လူများမသိ။ ထို့ကြောင့် တဲအတွင်းမှ လှုပ်ရှားသံမကြားရ။ ကျွန်မ တဲနှင့်နီးလာလေ လူနံ့က ပိုပြင်းလာရုံမက လူတို့၏ အသက်ရှူသံ ပြင်းပြင်းကိုပင် ကျွန်မနားက ကြားနေရပြီ။ ကျွန်မသားအတွက် လူတို့ကို လက်စားချေရန်မှာ ကျွန်မတာဝန် ဖြစ်နေပြီမို့ တဲနှင့် ကပ်နိုင်သမျှကပ်ခဲ့ရာ ကျွန်မ၏ နှစ်ခုန်စာမျှသာ လိုတော့သည်။ သို့ရာတွင် ကျွန်မ၏ မေးရိုးအထိမြင့်သော ကန်သင်းတစ်ခုက ရှေ့မှာကာဆီးနေရာ ကျွန်မ အခြေအနေကို ခေတ္တငြိမ်သက်၍ နားစိုက်ပြီးနောက် ကန်သင်းပေါ်သို့ အသာအယာ လှမ်းတက်လိုက်သည်။ ဤကန်သင်းပေါ်တွင် ခေတ္တမျှ ဆောင့်ကြောင့်ထိုင်ကာ ပတ်ဝန်းကျင်ကို လေ့လာကြည့်ရာ တစ်လောကလုံး တိတ်ဆိတ်နေသည်။ တဲအတွင်းမှ အသက်ရှူသံက နှစ်မျိုးကွဲနေကြောင်း ကျွန်မအာရုံက ကြားသိနေရရာ ကေန္တ တဲတွင်းတွင် လူနှစ်ယောက် ရှိပေမည်။ ဘာပဲဖြစ်ဖြစ် နှစ်ယောက်စလုံးကို လက်စားချေမည်။ ဤကန်သင်းမှ ခုန်ဆင်းပြီးပါက တဲအဝသို့ ကျွန်မတစ်အုပ်စာသာဝေးတော့သည်။ ကျွန်မ တဲအတွင်းသို့ ကြည့်ရာ အတော်နမော်နမဲ့နိုင်လှသော လူနှစ်ယောက်ကို လှမ်းမြင်နေရပေပြီ။

—◆—◆—◆—

• သက်ပန်စာပေ •

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့် ကိုချစ်အောင်က ကိုငွေသန်းတို့ ကျားစောင့်ရာ လယ်တဲကလေး၏ အရှေ့ဘက်သို့ ရောက်လာရာမှ ကျွန်ုပ်က လက်တွင်းမှ သုံးတောင့်ထိုးဓာတ်မီးဖြင့် တဲကလေးကို ထိုးကြည့်လိုက်သည်။ အသံက တိတ်ဆိတ်နေသဖြင့် ဓာတ်မီးကို ဝှေ့ဝိုက်၍ ပတ်ဝန်းကျင်ကို ထိုးကြည့်ရသည်၊ အားလုံးမှာ ဘာမှမပြောင်းလဲဘဲ ဆိတ်ငြိမ်စွာရှိ၏။

ကျွန်ုပ်က တဲကိုရှောင်၍ အနောက်သို့ ဓာတ်မီးကို ထိုးလိုက်တော့မှ . . .

"ဟာ"

ကျွန်ုပ်၏ အာမေဋိတ်က မတိုးမကျယ် ထွက်သွားသည်။

တစ်ပြိုင်တည်းမှာပင် ပခုံးပေါ်မှ နှစ်လုံးပူးကို ညာဘက်က ဒင်အသေးပိုင်းမှကိုင်လျက် သေနတ်ဝမ်းဗိုက်ပိုင်းကို ဝဲလက်မှ ဓာတ်မီးနှင့်တွဲ၍ ကိုင်လိုက်ကာ မီးကို ထပ်၍ ထိုးလိုက်ပြန်သည်။

ရဲရဲနီ၍ ဝင်းဝင်းတောက်နေသော မျက်လုံးတစ်စုံက တဲ အနောက်ဘက် (၁၅)ပေ၊ ပေ(၂၀)အကွာ ကန်သင်းပေါ်တွင် တွေ့လိုက်ရရာ မီးကို မျက်စိသို့ တည့်တည့်ထိုးထားမိ၏။

ထိုစဉ် ရဲရဲနီသော မျက်လုံးတစ်စုံက ရဲရဲနီရာမှ စိမ်းဝင်းကာ အရောင်ပြောင်းလဲပြီး မီးလုံးအဝန်း ပို၍ပင် ကြီးလာပေသည်။ ပြီးနောက် ပြန်ကျဉ်းသွားပြန်၏။ ကျွန်ုပ်၏ အတွေ့အကြုံအရ ဤသည်မှာ ကျားတစ်ကောင်၏ အရောင်ပြောင်းတတ်သော မျက်လုံးတစ်စုံဟု သိလိုက်လျှင် သိလိုက်ချင်း . . .

နှစ်လုံးပူး၏ မောင်းထိန်းခလုတ်ပေါ်သို့ လက်ညှိုးက





ရောက်သွားခဲ့သည်။

သို့သော် မိမိစိတ်ကို ထိန်းချုပ်ထားလိုက်ရ၏။

အကြောင်းမှာ ကျားငုတ်တုတ်ထိုင်နေရာနှင့် ကျွန်ုပ် ရပ်နေသည့်နေရာမှာ တဲနှင့် မလွတ်တလွတ် ဖြစ်နေခြင်းကြောင့် အကယ်၍ ကျွန်ုပ် ပစ်ခလုတ်ကို ဆွဲလိုက်ပါက သေနတ်တွင် ထည့်ထားသော ခဲကိုးလုံးပါ (SG)ယမ်းတောင့်က ကျားကိုတချို့ တစ်ဝက် မှန်မည်ဖြစ်သလို တဲကိုလည်း ခဲလုံးတချို့တစ်ဝက် မှန်နိုင်၏၊ သို့ဆိုလျှင် တဲအတွင်းမှ လူများကိုလည်း မှန်နိုင်ပေသည်။

ထိုတဒင်္ဂအတွင်း ကျားမှာ ကန်သင်းပေါ်မှ နောက်သို့ ဖတ်ခနဲ ခုန်ချလိုက်သည်ကို ကျွန်ုပ်၏ ဓာတ်မီးရောင်တွင် တွေ့လိုက်ရ၏။ လျှင်လိုက်သည့်ကျား။

ကျွန်ုပ်က လေသံဖြင့် . . .

"ကိုချစ်အောင် ဒီမှာရပ်နေခဲ့"

ကိုချစ်အောင်မှာ ကျွန်ုပ်နှင့် တွဲဖူးသူဖြစ်ရာ အထာကို နောကျေပြီဖြစ်၏။

ကျွန်ုပ်က သူ့စကားပြန်သည်ကိုပင် မစောင့်၊ ကျားထွက်သွားရာ တောစပ်ဘက်သို့ မြောက်ဘက်မှ ပန်း၍ လိုက်ခဲ့သည်။

ကျားကဲ့သို့ အကောင်မျိုးကို ကျွန်ုပ်က နှစ်လုံးပူးသေနတ်ဖြင့် ပစ်ရပါသည်။ အရေပြားပျော့သောကျားကို နှစ်လုံးပူးခဲက ဖောက်ထွင်းနိုင်၏။ သို့သော် ပစ်ရာတွင် သေချာရန်နှင့် အနီးကပ်ရန် လိုသည်၊ အဝေးမှ မသေမချာ လှမ်းပစ်ပါက ဒဏ်ရာသာ ရသွားလျှင် ကျားဒုက္ခိတဖြစ်သွားကာ လူ၊ ကျွဲ၊ နွား၊ အိမ်



www.burmeseclassic.com

www.burmeseclassic.com



မွေးတိရစ္ဆာန်တို့ကို ဒုက္ခပေးနိုင်၏။ ဒါကိုသိသော ကျွန်ုပ်က သူ့အား မြောက်ဘက်မှ ပန်းတက်၍ သူသွားမည့် တောတန်းက စောင့်ကာ အပိုင်ချရန် ဖြစ်၏။

သို့သော် ကျားမမှာ ပါးနပ်လှသည်။ တောတန်းသို့ ကျွန်ုပ်မရောက်မီ သူက ဦးအောင်ရောက်နှင့်ပြီး ကျွန်ုပ်၏ မာတ်မီးအား တစ်ချက်နှစ်ချက်မျှ ပြန်ကြည့်ကာ ကိုင်းတောတွင်း ဝင်ရောက်ပျောက်ကွယ်သွားခဲ့လေပြီ။ သူဝင်ရောက်သွားရာ ကိုင်းတောမှာ သူသားအား လူများသတ်ဖြတ်ခဲ့ရာ အနမ်းဗိုလ်ပင်ကြီး အနီးက တောပင် ဖြစ်ပါတော့၏။ ကျွန်ုပ်က သူဝင်သွားရာကို ဘေးမှပိုက်၍ မီးဖြင့်ရှာခဲ့သော်လည်း ပါးနပ်သော ကျားမကို မတွေ့တော့။

—◆—◆—◆—

ကျွန်ုပ်က ကိုချစ်အောင်ဆီ ပြန်ရောက်သောအခါ သူက ကျွန်ုပ်ထားခဲ့သည့် နေရာမှာပင်။

"ကိုချစ်အောင် .. တဲထဲဝင်ကြည့်ဗျာ။ ဟိုလူတွေ အိပ်ပျော်နေတယ်နဲ့တူတယ်။ အိပ်နေရင်လည်း အသာအယာ နှိုးရအောင်" ကျွန်ုပ်က ပြောပြောဆိုဆို ကိုချစ်အောင်နှင့် အတူလိုက်ဝင်ခဲ့၏။

အမှန်ပင်။ ကိုငွေသန်းနှင့် ကိုနီမှာ (၃၀. ၀၆)သေနတ်ကို နံဘေးတွင်ချ၍ ကောက်ရိုးများပေါ်တွင် အိပ်ပျော်နေသည်မှာ တရှူးရှူး။ ဟောက်၍ပင်နေသေး။

• သက်ပန်ဓာပေ •



ကျွန်ုပ်က အသာအယာ လှုပ်နှိုးလိုက်ရာ ကိုငွေသန်းမှာ ဆတ်ခနဲ သူ့သေနတ်ရှိရာသို့ လက်ရောက်သွား၏။ ဒီလိုတော့လည်း အဟုတ်သားပါလား။

"ကိုငွေသန်း ... ကျွန်တော်ပါဗျ။ ခင်ဗျားတို့ အေးလှပြီ။ ပြန်ကြရအောင်။ ခင်ဗျားတို့ဘက်က သေနတ်သံမကြားလို့ ကျွန်တော်တို့ လာကြည့်တာပါ။ ကျွန်တော်တို့တော့ ဒရယ်တစ်ကောင် ရထားတယ်"

"ဟုတ်လား၊ အေးဗျာ ... ကျွန်တော်တို့လည်း ချမ်းချမ်းနဲ့ ကွေးလိုက်တာ အိပ်ပျော်သွားတယ်။ ခင်ဗျားတို့ ကျားကလည်း မလာပါဘူးဗျာ"

"ဟုတ်လား၊ ဒါဆို ပြန်ကြရအောင်"

ကျွန်ုပ်က အမှောင်ထဲမှာပင် ကိုချစ်အောင်အား လက်ကုတ်ထားလိုက်ရသည်။ ကျားမှာ သူတို့နှင့် တစ်ခုန်စာ၊ တစ်အုပ်စာနေရာသို့ ရောက်နေသည်ကို မပြောရန် ဖြစ်၏။ အကယ်၍ ပြောမိပါက သူ ရှက်သွားပေမည်။ ဒါကို ကျွန်ုပ်က မလိုလား။ သူသည် ကျွန်ုပ်ခေါ်လာသော ဧည့်သည် မဟုတ်ပါလား။ မသိခြင်းက သိခြင်းထက် တစ်ခါတစ်ရံ ပိုကောင်းတတ်ပါသည်။

ကိုချစ်အောင်၏ စိတ်တွင်မူ တော်တော် နမော်နမဲ့နိုင်သည့် မုဆိုးဟု ကောက်ချက်ချနေမည်လား။

*(ဖြစ်ရပ်မှန်ကို ကျားမ၏ ခံစားမှုများပါ စာနာ၍ ဇာတ်ကောင်းအောင် ရေးဖွဲ့ပါသည်။)*

*စာကြွင်း ။ ၁၉၈၂—၈၃ ဝန်းကျင်က ဖူးကြီးနယ်တွင်*

• သက်ပန်ဓာပေ •

www.burmeseclassic.com

www.burmeseclassic.com



''ကျွန်းပတ်ကြီး''ဟု အမည်တွင်သော ကျားကြီးတစ်ကောင် အမှန်ပင် ရှိခဲ့ပါသည်။ ဖူးကြီး၏ လက်ပန်တန်းရှေ၊ ဝါးနက်ချောင်း စသည့်ရွာများမှ သိရှိကြလေ၏။ စာရေးသူ ကိုယ်တိုင် ထိုကျား ကြီးကို နှစ်ရက်မျှ လိုက်ခဲ့ဖူးရာ မပစ်ခဲ့ရပါ။ ဖူးကြီးကန်စောင်း မြေပျော့တွင်တွေ့ခဲ့ရသော သူ၏ ခြေရာမှာ စားပွဲတင် ပန်းကန် ပြားအလယ်တ်မျှပင် ကြီးမားပါသည်။ ထိုအကြောင်းကို အခါအခွင့် သင့်သောအခါ ရေးသားပါမည်။

• သက်ပန်စာပေ •



www.burmeseclassic.com

# မုဆိုးသွေးသည် မုဆိုးမျက်ချယ်

ဦးကျော်ဒွန်း . . . ၊ ဦးကျော်ဒွန်းဆိုလျှင် နေပြည်တော် ပျဉ်းမနားနှင့် တောင်တွင်းကြီး မီးရထားလမ်း၊ ဆတ်သွား၊ ကုက္ကိုကုန်း၊ ကုလားမ၊ အိုပေါက်၊ ဒလန်းချွန် ရိုးမတစ်လျှောက်တွင် မသိသူရှားသော မုဆိုးကြီးတစ်ဦး ဖြစ်သည်။ တောင်တွင်းကြီးမြို့နယ်၊ ကုက္ကိုကုန်းကျေးရွာဇာတိသား မုဆိုးကျော်တစ်ဦး။ အပြောကောင်း၊ သဘောကောင်း၊ မနောကောင်း။ အသက်(၆၀)တွင်း အရပ်မြင့်မြင့်၊ အသားညိုညို၊ လူကောင်ခပ်ထွားထွား၊ ခေါင်းတုံးပြောင်ပြောင်တွင် အညာတဘက်ဖြူတစ်ထည် ပတ်ထားကာ ရှပ်အကျီ လက်တိုရင်ကွဲ၊ အညာချည်လုံချည်ကြမ်းတိုတိုကိုဝတ်မော် တော်ကား တာယာဖိနပ် ဖနောင့်တိုကို စွပ်သည်ဆိုရုံကလေး မနိုင့်တနိုင့်စီး၍ အမြဲတမ်း ပြုံးရွှင်နေသောသူ ဖြစ်သည်။

● သက်ပန်စာပေ ●

www.burmeseclassic.com

www.burmeseclassic.com



လူချစ်လူခင် ပေါများသည်။ တစ်ရွာလုံး ဖိုးကျော်ဒွန်းဆိုလျှင် မသိသူမရှိ၊ သူတစ်ပါးကိုလည်း အမြဲကူညီရန် အဆင်သင့်ရှိပြီး စကားပြောရာတွင် သူတစ်ပါး အာရုံစိုက် နားထောင်ရလောက်အောင် အရွှမ်းအသောဖြင့် ပြောတတ်သည်။ ပွင့်လင်းရိုးသားသော ဆလိုင်းချင်း(မြေပြန့်ချင်း) အမျိုးသားတစ်ဦးဖြစ်ကာ တစ်ခါတစ်ရံ မြန်မာလို စကားပြောနေရာမှ အားမလိုအားမရဖြစ်ကာ ချင်းလိုပါ ရောပြောတတ်သောကြောင့် ချင်းစကား နားမလည်သော စာရေးသူအဖို့ ကာသိကအောက် ဖြစ်သွားရတတ်၏။ စာရေးသူ ထိုသို့ ဖြစ်သွားသည်ကို သဘောပေါက်သော ဦးကျော်ဒွန်း (စာရေးသူတို့အခေါ် ဖိုးကျော်ဒွန်း)က ကပျာကသီ ပြန်၍ မြန်မာလို ဆက်ပြောတတ်သည်။ ဘယ်တော၊ ဘယ်တောင်၊ ဘယ်ချောင်၊ ဘယ်စခန်း၊ ဘယ်စမ်း၊ ဘယ်လျှိုမြောင်တောင်တန်းတွင် သားကောင်များ ဘယ်အချိန်ပေါသည်၊ နားခိုသည်၊ ရေသောက်သည်၊ ဘာသီးစား၍ ဘယ်အရိပ်တွင် အိပ်တတ်သည်ကို သူသိသည်။ သူခေါ်သည့်တောကို တောမောင်းဖြစ်လျှင် သူပြောသည့်သားကောင် မတွေ့သည်မရှိ၊ မှန်အောင်ပစ်နိုင်ဖို့သာ အရေးကြီးသည်။ သူကိုယ်တိုင်လည်း နှစ်လုံးပူးကဲ့သို့ ခဲသီးများသော သေနတ်နှင့်သာ မဟုတ်။ တစ်တောင့်တည်း ထိပ်ဖူးတစ်ခုတည်း သွားသော ရိုင်ဖယ်သေနတ်ဖြင့်ပင် ပြေးနေသော သားကောင်ကို ပစ်နိုင်သည်က သူ၏ အရည်အချင်း။

စိတ်သဘောအရာတွင် အလွန်ဖြူစင်၍ ကူညီရိုင်းပင်းသည်။ မိမိအိမ်ဆောက်နေရင်း တန်းလန်းမှ အကူအညီလိုသူ





တစ်ဦးက ဦးကျော်ဒွန်းရေ တောင်ပေါ် ဝါးခုတ်သွားမလို့ အဖော်မရှိလို့ လိုက်ခဲ့စမ်းပါဟုဆိုလျှင် အိမ်ကအလုပ်ကို ပစ်ထား၍ လိုက်သူဖြစ်သည်။ အိမ်ကို လေးတိုင်စင် ထားခဲ့သည်။ ဆီကြိတ်နေရင်း ဦးကျော်ဒွန်းရေ ကျွန်တော်ခြံကာနေတာ ဒီနေ့မပြီးရင်မဖြစ်လို့ လာကူပါဦးဆိုလျှင် ဆီဆုံတွင် နွားတန်းလန်းထားခဲ့၍ ပါသွားသည်။ ဖိုးကျော်ဒွန်းရေ မနက်ဖြန် ဆွမ်းကျွေးအတွက် ထမင်းဟင်းချက် ကူပါဦးဆိုလျှင် မိမိအိမ် သက်ငယ်မိုးနေရာမှ ဆင်း၍ လိုက်ခဲ့သူဖြစ်သည်။ အိမ်သားများက အညာနေပူအောက်တွင် အမိုးမရှိဘဲ နေပေရော့။ တောပစ်သွားပြီဆိုလျှင် ထိုထက်ပင်ဆိုးသေး။ အိမ်က ခိန်းမကို သတိမရ။ သားသမီးများကလည်း ကြီးပြီမို့ ပူပန်စရာမလို။ တစ်နည်း အိမ်မှန်းရာမှန်း မသိတော့။

ဦးကျော်ဒွန်းမှာ ထိုသို့သော လူစား။ တောပစ်ရာတွင်လည်း ကြည့်ဦး။ ငယ်ငယ်ကတည်းက တောပစ်လာသော်လည်း ကိုယ်ပိုင်လိုင်စင်သေနတ် မကိုင်ဘူး။ လိုင်စင်နှင့် သေနတ်ကိုင်သော မိတ်ဆွေသင်္ဂဟ မုဆိုးသည့်သည်များလာသောအခါမှသာ သေနတ်ကိုင်ရသည်။ စာရေးသူတို့ကလည်း တစ်နှစ်မှ တစ်ခေါက်လောက်သာလာသည့် ရန်ကုန်မှ ဧည့်သည်မို့ စာရေးသူတို့မလာသည့်အခါတွင် သေနတ်မကိုင်ရ၊ မပစ်ရ။ တစ်ခါတစ်ရံ ကုက္ကိုကုန်းရဲစခန်းသို့ အရာရှိများလာမည့်အခါ၊ မြို့နယ်နှင့်တိုင်းမှ လူကြီးများလာမည့်အခါ စခန်းမှူးက ဟင်းလျာရှာခိုင်းမှသာ ရိုင်ဖယ်သေနတ်ဖြင့် ပစ်ရသည်။ တစ်ခါတစ်ရံ ရဲစခန်းမှ ယာမ်းတောင့်အပိုလေးများ ရှိသောအခါ စခန်းမှူးထံ ခွင့်တောင်း သေနတ်



www.burmeseclassic.com

www.burmeseclassic.com



ငှားကာ ပစ်ရသည်။ သေနတ်ကို တစ်ခါတစ်ရံမှသာ ကိုင်ရသော်လည်း မည်သည့်အခါမျှ သေနတ်လက်တည့်စမ်းခြင်း၊ ချိန်သီးကိုက်မကိုက် ပစ်ကြည့်ခြင်း မရှိ။ ရိုင်ဖယ်ဘို့ကိုဖြုတ်၍ ပြောင်းတွင်းမှတစ်လှည့်၊ ချိန်သီးတစ်လှည့် ချိန်ကြည့်ရုံသာ ကြည့်သည်။ သို့သော် ပစ်သည့်အခါ ဘယ်တော့မှ မလွဲ။

ဦးကျော်ဒွန်း တောပစ်ထွက်လျှင် လိုက်ချင်သူက များလှသည်။ ပင်လည်း မပင်ပန်းဘဲကိုး။ ရွာမှထွက်ပြီး (၂)မိုင် (၃)မိုင် လျှောက်၍ တောစပ်ယာတဲ တစ်တဲထဲတွင် ဦးကျော်ဒွန်းက နောက်လိုက်အားထားခဲ့ပြီး သေနတ်သံသာ နားထောင်စေသည်။ သူက သေနတ်တစ်လက်နှင့် တစ်ဦးတည်း ထွက်သွားသည်။ သေနတ်သံကို ကြားရပြီး မကြာမီ ဦးကျော်ဒွန်း ပြန်လာတတ်သည်။ ဘယ်နေရာ၊ ဘယ်တောင်၊ ဘယ်မြောင်မှာ သားကောင်ကို ပစ်ခဲ့ပြီး ဘယ်အပင်၊ ဘယ်အရိပ်၊ ဘယ်မှာ ချိတ်ခဲ့သည် (သို့မဟုတ်) ဘယ်ခြေရင်းမှာ ထားခဲ့သည်ကို နောက်လိုက်အား ပြောလိုက်သည်။ နောက်လိုက်က သွားထမ်းပေရော့။

ဦးကျော်ဒွန်းမှာ သေနတ်သမားပီပီ မာနတော့ ရှိသည်။ သားကောင်ရသောအခါ ဘယ်တော့မှ သားကောင်ကို မထမ်း။ နောက်လိုက်ကိုသာ ထမ်းစေသည်။ ရွာအပြန်တွင် သေနတ်ကိုသာထမ်း၍ ရွာကို ဝင်သည်။ မုဆိုးကြီး ဦးကျော်ဒွန်း သေနတ်ကိုထမ်း၍ နောက်လိုက်က သားကောင်ထမ်းလျက် ရွာကို ဟန်ပါပါနှင့် အိမ်ရှေ့မင်းသား ကြွချီလာပုံမျိုး ဝင်ရသည်ကို သူ အင်မတန်ဂုဏ်ယူသည်။ ရလာသည့် သားကောင်ကို မမက်မော။ ဘယ်





အသားကို ဘယ်လောက်ရမှဟု မပြော။ နောက်လိုက်က သားကောင်ကို အရေခွာ၊ ဖျက်၍ ခုတ်ထစ်ပြီး သူ့အားပေးသလောက်ယူသည်။ သို့သော် အသားကိုတော့ ကြိုက်လှသည်။ ကျီတစ်ပေါင်လောက်ချက်၍ တစ်ထိုင်တည်း စားနိုင်သည်။ ချက်ပြုတ်စားပြီးလျှင် ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို ဖွာရင်း သူဘယ်လိုပစ်ခဲ့ပုံကို အများစိတ်ဝင်စားအောင် ဟာသနှော၍ ပြန်ပြောတတ်သည်။ တစ်ခါတစ်ရံ ခက်ခက်ခဲခဲ အကျဉ်းအကြပ်ဖြင့် ဓိုင်၊ ပြောင်၊ ဝက်ဝံ၊ ငန်းမြွေ၊ ကျားနှင့် ကျားသစ်တို့ကို ပစ်ခဲ့ရသော်လည်း ရယ်စရာဟာသသဖွယ်သာ သဘောထား၍ ပြောတတ်သည်။ အသက်ဘေးများ ကြုံခဲ့ရသည့်တိုင် သူ့အတွက် ပျော်ကွက်တစ်ကွက်၊ ဟာသတစ်ခုအဖြစ်သာ ပြန်ပြောတတ်သည်။

ထိုသို့သော မုဆိုးတစ်ဦးနှင့် စာရေးသူမှာ ၁၉၈၃ ခုနှစ်တွင် စတင်သိကျွမ်းရသည်။ ၁၉၈၃ ခုနှစ် သင်္ကြန်အပြီးတွင် ခရစ်ယာန် သတ္တမနေ့ ဥပုသ်အသင်းမှ ဥက္ကဋ္ဌ ဦးကျော်ဝလေး၊ ဦးဆဒ္ဒနီနှင့် ဦးကျော်ဖဲတို့ စာရေးသူထံ ရောက်လာပြီး တောင်တွင်းကြီးမြို့နယ်၊ ကုက္ကိုကုန်းသို့ သွားရောက်တောပစ်ကြရန် ခေါ်ခြင်းဖြစ်သည်။ စာရေးသူမှာ သူတို့လာခေါ်စဉ်က ပေလီမှ ပြန်ရောက်စဖြစ်၍လည်းကောင်း၊ အလုပ်တစ်ဖက်နှင့်မို့လည်းကောင်း အိမ်သူသက်ထားက ခုပြန်ရောက် ခုပြန်ထွက်မို့ မကြည်မသာဖြစ်နေ၍တစ်ကြောင်း ငြင်းနေမိသည်။ သို့ရာတွင် ကုက္ကိုကုန်းတွင် သားကောင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ခြင်း၊ ချင်းအမျိုးသားများ၏ ဖော်ရွေခြင်း၊ ကူညီခြင်းနှင့် တောမောင်းပစ်ခတ်ရခြင်းသတင်းများကို ကြားထားရခြင်းတို့ကြောင့် လိုက်ချင်လှသည်။ ဘယ်လို လုပ်ရပါ့။ ကံအားလျော်စွာပင် ပြည်မြို့မှ တရားမမှုတစ်ခု စာရေးသူအား လာရောက်အပ်နှံထားရာ အိမ်မြေကိစ္စတရားစွဲရန်ဖြစ်၍ ပစ္စည်းအခြေအနေနှင့် တန်ဖိုးတွက်ချက်ရန် အကြောင်းပြကာ ရန်ကုန်မှထွက်ခဲ့ပြီး အလုပ်အပြီးတွင် ကုက္ကိုကုန်းသို့ တောပစ်ဝင်ခဲ့သည်။

ထိုနှစ်မှစ၍ ဦးကျော်ဒွန်း စာရေးသူမှာ သိကျွမ်းရင်းနှီးခဲ့ပြီး ဆလိုင်းချင်းတို့၏ ဖော်ရွေသဘောကောင်းမှု၊ စည်းလုံးညီညွတ်မှု၊ စေတနာထားမှုတို့ကို သဘောကျကာ နှစ်စဉ်နှစ်တိုင်း နွေရာသီတွင် ကုက္ကိုကုန်းသို့ တောပစ်ရောက်ခဲ့သည်။ သားကောင်အတော်စုံစုံလည်း ရခဲ့ဖူးသည်။ ဦးကျော်ဒွန်းနှင့် စတင်သိကျွမ်းပြီးကတည်းက သူ့စိတ်ထား၊ သူ့သဘော၊ သူ့အပြောနှင့် သူ့မှနော တို့ကို သဘောကျနှစ်သက် ခင်မင်မိသည်။ သူပစ်၍ရသော သားကောင်များ၏ ဦးချို၊ အတောင်၊ အစွယ်၊ သားရေခွံ စသည့် မှဆိုးအမှတ်တရပစ္စည်းများကို စာရေးသူအား ပေးတတ်သည်။ စာရေးသူကလည်း မုဆိုးမာနရှိသူပီပီ ကိုယ်မပစ်ဘဲရသည့် ပစ္စည်းကို မယူလို အိမ်မှာလည်း မထားလို။ အိမ်သို့ ဧည့်သည်လာသောအခါ ဟအံ့တသြကြည့်၍ စာရေးသူပစ်သည်ထင်နေလျှင် လိပ်ပြာမသန့် ဖြစ်မည်။ မုဆိုးတန်မဲ့ သူများပစ်၍ လက်ဆောင်ပေးထားတာပါဟု ပြောရလျှင်လည်း စာရေးသူ၏ မုဆိုးသိက္ခာကျမည်။ ထို့ကြောင့် စာရေးသူအိမ်တွင် စာရေးသူပစ်၍ရသော သား





ကောင်များ၏ ပစ္စည်းများကိုသာ အမှတ်တရထားသည်။ ထိုပေါ်လစီကြောင့် ဦးကျော်ဒွန်းပေးသမျှ အမှတ်တရပစ္စည်းများကို လက်မခံ။ စာရေးသူနှင့်အတူ ပါလာသည့် အဖွဲ့ထဲမှ သူများကိုသာ ယူစေသည်။ ဒါကို သူက သဘောမပေါက်။ သူ့ကို မခင်၍ သူ၏ အမှတ်တရပစ္စည်းကို မယူဟု ထင်နေသဖြင့် စာရေးသူက ရှင်းပြရသည်။ ထို့ပြင် သူ့ကျေနပ်အောင်လည်း ပြောရသည်။

"ကဲ . . . ဖိုးကျော်ဒွန်း၊ ခင်ဗျား ကျွန်တော့်ကို လက်ဆောင်ကောင်းကောင်းပေးချင်ရင် ဒေါင်းဖိုအမြီးလှလှတစ်ကောင် ရအောင်ပစ်၊ အဲဒီ အမြီးကို ကျွန်တော့်ကို လက်ဆောင်ပေး၊ ဟုတ်ပြီလား။ ဒါဆို ကျွန်တော် လက်ခံမယ်"ဟု သူ့ကျေနပ်အောင် ပြောလိုက်ရာ သူက ပြုံးပြုံးကြီးလုပ်၍ "ကျွန်တော် မရ ရအောင် ပစ်ပေးပါ့မယ်"ဟု ကတိပေးပါတော့သည်။ သို့သော် ထိုသို့ စာရေးသူအား ကတိပေးပြီးနောက်ပိုင်းတွင် တစ်ကြိမ်တစ်ခါမှ အမြီးလှလှ ဒေါင်းဖိုတစ်ကောင် သူပစ်၍ မရ၊ စာရေးသူသာ ပစ်၍ရသဖြင့် ရန်ကုန်သို့ သယ်ခဲ့သည်။ စာရေးသူ၏ အိမ်ဧည့်ခန်းမှ ကြေးဖလားအတွင်း ဒေါင်းမြီးလှလှမှာ ခံ့ခံ့ညားညား အိမ်ကျက်သရေကို ဆောင်လျက်ရှိခဲ့ပြီ။

◆◆◆

နေမှာ ပူပြင်းလှပါဘိသည်။ အရပ်ရှစ်မျက်နှာစလုံး ကြည့်သည့်နေရာတိုင်း တံလျှပ်များ တဖျပ်ဖျပ်ခတ်ခါ ရေစီးကြောင်းများ စီးဆင်းနေသယောက် ထင်ရသည်။ သစ်တောများမှာ အပူ



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းရှက်ကြွေ အင်တိုင်းတောများဖြစ်၍ နွေရာသီတွင် အရွက်များကြွေကာ ရိုးတံပြိုင်းပြိုင်း ပင်ကိုင်းကိုင်းနှင့် အရိပ်ခိုစရာပင် ရှားလှသည်။ နွေအခါ ပူပြင်းသလောက် ညအခါတွင် ချမ်းအေးသော တပေါင်းလ၏ လပြည့်ခါနီးအချိန်။ ကောင်းကင်ယံ ကြည်လင်ပြတ်သား၍ တိမ်သားကင်းစင်လှသဖြင့်လည်း နွေအခါတွင် အပူဒီဂရီက မြင့်မားလှသည်။ တပေါင်းလ၏ သာယာပုံကို စာဆိုများစွာက စာဖွဲ့ခဲ့ဖူးကြသော်လည်း ဤရွက်ကြွေတောခြောက်မျိုးတွင်ကား ကြည့်လေရာတိုင်း ခြောက်သွေ့၏။ နေရာကား တောင်တွင်းကြီးမြို့နယ်၊ ကုက္ကိုကုန်းရွာမှ တောင်ဘက် (၁၄)မိုင်ခန့်အကွာ ပတ်လည်ကြီးကျေးရွာ၏ အရှေ့ရှာ ခြံစည်းရိုးအပြင်ဘက် လှည်းစခန်းများချရာ သရက်ပင်ရိပ်တွင် ဖြစ်သည်။ ၁၉၈၇ ခုနှစ်၊ မတ်လ၏ နောက်ဆုံးပတ် စာရေးသူတို့ တောပစ်အဖွဲ့မှာ သေနတ်(၅)လက်၊ တောမောင်းသူများ၊ လှည်းနှင့် လှည်းသမားများ၊ သေနတ်သမားများ၊ စခန်းစောင့်များ၊ စုစုပေါင်း (၁၈)ယောက်နှင့် စခန်းချနေသည်။ ပြီးခဲ့သည့် (၄)ရက်ခန့်အတွင်း စိမ့်ရွာဘက်တွင် သားကောင်များ တောမောင်းပစ်ခတ်ခဲ့ရာ ကျီ(၈)ကောင်နှင့် သမင်(၃)ကောင် ရရှိခဲ့ပြီး ဖြစ်သည်။ အပြန်တွင် မိတ်ဆွေ ဦးချစ်ရှိရာ ပတ်လည်ကြီးကျေးရွာသို့ ဝင်ရောက်နားရင်း မိတ်ဟောင်းဆွေဟောင်းများနှင့်လည်းတွေ့စေ၊ ရွာနား အခင်းများတွင် ပဲကြီးနှင့် မြေပဲများကို စားသောက်ဖျက်ဆီးနေသော ချေ(ဂျီ)နှင့် တောဝက်များကိုလည်း ပစ်ရစေဟူသော အနေဖြင့် အပြန်ခရီးတစ်ထောက် နားနေခြင်း ဖြစ်သည်။





ထိုနေ့ နေလယ် ရွာအရှေ့ သရက်ပင်စခန်းတွင် ဝင်ရောက်စခန်းချပြီး မိတ်ဆွေဟောင်းများ ဖြစ်သော ပတ်လည်ကြီးသား ဦးချစ်၊ ဦးကိုလေး၊ ကိုယောစံ၊ ကိုသောင်းတင်၊ ကိုစောထွေးတို့အား ဖိတ်၍ စာရေးသူပါလာသော ခေါက်ဆွဲခြောက်နှင့် ရထားသည့် ချေ(ဂျီ)သား ပေါင်းကာ ချေ(ဂျီ)သား ဆီချက်ခေါက်ဆွဲလုပ်၍ ကျွေးနေရင်း စကားဝိုင်း စနေမိသည်။ ပတ်လည်ကြီးရွာသား ဦးချစ်က သားကောင်များ အခင်းများတွင် ဝင်စားခဲ့ကြောင်း ပြောနေရာမှ ဦးကျော်ဒွန်းက . . .

''ဆရာချစ်ရာ . . . ချေ(ဂျီ)တွေ၊ ဝက်တွေအကြောင်း သိပ်မပြောပါနဲ့။ ဒါတွေက ရနေကျပါ။ ဒေါင်းအကြောင်း သတင်းသာပေးစမ်းပါ။ ဒေါင်းမြီးလှလှတစ်ပတ် ဒီဆရာစိုးကို လက်ဆောင်ပေးချင်လို့။ ပေးမယ်လို့ ကတိပေးထားတာ (၃)နှစ်လောက်ရှိပြီး ကတိပေးပြီးကတည်းက အမြီးလှလှဒေါင်းကို မရဘူး''ဟု စာရေးသူအား မေးထိုးပြရင်း စကားစလိုက်ရာ ဦးချစ်က ပြန်မပြောနိုင်မီ ဦးချစ်၏သား ကိုယောစံက ''ဦးကျော်ဒွန်းရာ၊ ဒေါင်းပစ်ချင်ရင် ရပါတယ်။ ဒေါင်းရေသောက်တဲ့ရေစမ်း (သဘာဝအလျောက် ဖြစ်နေသည့် ရေထွက်စမ်း)ကို ခင်မောင်စိုးတို့ တွေ့လို့ ဆရာတို့လာရင် ပစ်ရအောင် ပုန်းအိမ် (မြက်များ၊ သစ်ကိုင်းများနှင့် ရေစမ်းအနီး မြေပြင်ချုပ်တ်အောက်၌ ပြုလုပ်ထားသည့် ဒေါင်းများ၊ ငှက်များ မသိရန် လူဝင်စောင့်ရန်နေရာ)တောင် ထိုးထားတယ်''ဟု သတင်းပေးလိုက်ရာ ဦးကျော်ဒွန်းမှာ ပြုံးပြုံးကြီးလုပ်၍ ''ဒါဆို ကောင်းတယ်ဟေ့။ ဒီတစ်ခါတော့ ဆရာစိုးကို ဒေါင်းမြီးလက်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပေးနိုင်တော့မှာပါကွာ''ဟု ဆိုလိုက်ရာ ဦးချစ်က "ဖိုးကျော်ဒွန်းရာ၊ ဒီနေ့တော့ အချိန်မရှိတော့ဘူး။ ပင်လည်း ပင်ပန်းလာတယ်၊ နေလည်း သိပ်ပူတယ်။ မနက်ဖြန်မှ ထမင်းစားပြီး သွားစောင့်တာပေါ့''ဟု ပြောလိုက်ပါတော့သည်။

ဒေါင်းများကို ရေစမ်းစောင့်ရာတွင် မုဆိုးက နံနက်(၉)နာရီလောက်မှ ပုန်းအိမ်အတွင်း၊ ဝင်စောင့်ရန် လိုသည်။ ဒေါင်းများသည် နံနက်ပိုင်းတွင် (၁၀)နာရီ (၁၁)နာရီခန့်တွင် တစ်ကြိမ် ရေသောက်တတ်၍ ဂနေ့လယ်(၂)နာရီနှင့် (၃)နာရီလောက်တွင် တစ်ကြိမ် ရေသောက်တတ်သဖြင့် မုဆိုးက နံနက်(၉)နာရီလောက်မှ ညနေ(၄)နာရီ (၅)နာရီခန့်အထိ ပုန်းအိမ်တွင်းမှ စောင့်ရသည်။ ဒေါင်းဆင်းလာပါက နှစ်လုံးပူးသေနတ်စရိတ်ယမ်းတောင့်ဖြင့် လွယ်ကူစွာ ပစ်၍ယူနိုင်သည်။ သို့မဟုတ်ပါက ညနေ(၅)နာရီခွဲ (၆)နာရီခန့်တွင် ဒေါင်းအိပ်တန်းတက် တွန်သောအခါ လိုက်ချောင်းပစ်ရသည်။ ချောင်းပစ်သည်ဆိုသော်လည်း ရှက်ကြွေတောဖြစ်၍ အောက်ခြေရှင်းနေသဖြင့် ဒေါင်းက မုဆိုးကို အလွယ်တကူတွေ့ကာ ပျံသွားတတ်သည်မို့ ပစ်ရဖို့ မလွယ်လှ။ ထို့ကြောင့် မုဆိုးကောင်း ဒေါင်းချောင်းဟု ဆိုခြင်းဖြစ်သည်။ သို့ရာတွင် ဒေါင်းကို ရေသောက်စမ်းတွင်လည်းကောင်း၊ ဒေါင်းအိပ်တန်းကို မှတ်၍ မှောင်မှ မီးထိုးပစ်လျှင်လည်းကောင်း လွယ်ကူစွာပစ်၍ ရတတ်ပေသည်။

◆◆◆





နောက်တစ်နေ့ နံနက်တွင် (၈)နာရီခန့်၌ နံနက်စာစား၍ တောပစ်ထွက်ရန် အဆင်သင့်ပြင်ဆင်ကြသည်။ အဖွဲ့ကိုလည်း (၂)ဖွဲ့ခွဲလိုက်သည်။ စာရေးသူနှင့် ဆရာကျော်ဖံ ဦးဆောင်သော တောမောင်းပစ်သည့်အဖွဲ့က ရွာပတ်ဝန်းကျင်အခင်းများအနီးရှိ ဖုန်းဆိုးတောများတွင် တောခြောက်၍ ချေ(ဂျီ)၊ ဝက်ပစ်မည်သူ (၄)ယောက်နှင့် တောမောင်းသမား (၆)ယောက်၊ ဦးကျော်ဒွန်းနှင့် ခင်မောင်စိုး (၂)ဦးအဖွဲ့က ရေစမ်းတွင် ဒေါင်းသွားစောင့်မည်ဟု အဖွဲ့ခွဲကာ နံနက်(၉)နာရီခန့်တွင် လူစုခွဲ၍ ထွက်ကြသည်။ ဦးကျော်ဒွန်းအဖွဲ့က နှစ်လုံးပူးတစ်လက်ဖြင့် ရွာတောင်ဘက်သို့ ထွက်၍ စာရေးသူတို့အဖွဲ့က နှစ်လုံးပူး(၄)လက်ဖြင့် ရွာအရှေ့သို့ ထွက်ခြင်းဖြစ်သည်။ စာရေးသူတို့အဖွဲ့မှာ ရွာအရှေ့ဘက်မှစ၍ တောင်ဘက်သို့ တဖြည်းဖြည်း တောမောင်းရင်း ဦးကျော်ဒွန်းတို့အား ဝင်ခေါ်ရန် ဖြစ်သည်။ ညနေ(၅)နာရီခန့် စခန်းပြန်ဝင်ကြရမည်။

ရွာမှထွက်၍ (၃)နာရီခန့်အကြာတွင် စာရေးသူတို့ တောမောင်းအဖွဲ့မှာ ချေ(ဂျီ) (၂)ကောင်ရပြီ။ နေလည်း အတော်ပြင်းလာ၍ ရေရှိရာစမ်းချောင်းတစ်ခုအတွင်းတွင် နားရင်း ပါလာသည့် စားစရာ ဘီစကွတ်ကို ဝေငှစားကာ အနားယူနေကြသည်။ ဦးကျော်ဒွန်းတို့ဘက်မှ သေနတ်သံတစ်ချက်မှ မကြားရ။ စာရေးသူတို့အဖွဲ့မှ သေနတ်သံများကိုတော့ သူတို့က ကြားရကောင်း ကြားရလိမ့်မည် ထင်သည်။ ထို့ကြောင့် စာရေးသူက ...

"ဆရာကျော်ဖံရေ၊ ဦးကျော်ဒွန်းတို့ သွားတဲ့ဘက်က



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာနဲ့ ဝေးဝေးလှမ်းလှမ်း လာမလား။”

“သိပ်တော့ မဝေးတော့ဘူး ဆရာစိုးရေ။ ကျွန်တော်တို့လည်း ဒီက နားပြီးရင် တောမောင်းရင်း အဲဒီတောင်ကြောဘက် တက်ရမှာပဲ။ ကျွန်တော်တို့ ဆုံမှာပါ”ဟု တောင်ဘက်တောင်ကုန်းများပေါ်သို့ လက်ညှိုးထိုးပြရင်း ပြောပါသည်။

“ဒါနဲ့ ကျွန်တော်တို့ စောစောက ပစ်တဲ့ သေနတ်သံတွေ သူ့ဘက်က ကြားနိုင်ရဲ့လား”

“အင်း . . . တောင်လေကလည်းတိုက်၊ လေဆန်ဖြစ်နေတယ်။ တောင်ကြောလည်း ခံနေတယ်ဆိုတော့ ကြားရလိမ့်မယ် မထင်ဘူး”

“ဒါလည်း ကောင်းတာပါပဲဗျာ။ သေနတ်သံမကြားရမှ သူ့ကို အနှောင့်အယှက်မဖြစ်မှာ။ နို့မို့ဆိုရင် ဒေါင်းတွေ လန့်သွားနိုင်တယ်”ဟုပြောရင်း နာရီကြည့်လိုက်ရာ နေ့လယ်(၁)နာရီခွဲနေပြီဖြစ်၍ . . .

“ကဲ . . . ၁ နာရီလည်း ခွဲနေပြီ။ ကျွန်တော်တို့လည်း ဆက်ကြရင် မကောင်းဘူးလား”ဟု ဆိုလိုက်ရာ နေပူပါသေးတယ် ဆရာစိုးရာ။ (၂)နာရီလောက်မှ ထွက်ကြတာပေါ့။ တောမောင်းတဲ့သူတွေလည်း ပင်ပန်းပါသေးတယ်။ အေးအေးဆေးဆေး နားပါစေဦး”

သို့နှင့် စာရေးသူတို့အဖွဲ့မှာ တောမောင်းရန် (၂)နာရီခန့်မှ ထွက်ဖြစ်ကြသည်။ ရိုးကိုဖြတ်၊ တောင်ကိုကျော်၊ ဝါးတောကိုဝင်လာသောအခါ ဆရာကျော်ဇံက လူစုလိုက်ပြီး အစီအစဉ်ကို





တောမောင်းသူများခေါင်းဆောင် ယောစံအား ပြောကြားသည်။

“ဒီတောက ဝါးရိပ်ကောင်းတယ် ယောစံရေ။ ချေ(ဂျီ)အိပ်လိမ့်မယ်ထင်တယ်။ ဒီတော မောင်းရအောင်”ဟု ဆိုလိုက်ရာ ယောစံက “ဟုတ်တယ် ဆရာကျော်ဇံ၊ မောင်းရင်ကောင်းမယ်” ဟု သဘောတူသဖြင့် တောမောင်းသမားများကို ထားခဲ့ပါသည်။ စာရေးသူ၊ ဆရာကျော်ဇံ၊ ဆရာဆဒ္ဒနီ၊ ဆရာကြည်ဆောင်၊ ရှေ့မှသွား၍စောင့်ရန် ထွက်လာခဲ့ကြပြီး တောမောင်းသမားများက နောက်မှ လိုက်မောင်းလာရန် ဖြစ်သည်။

တောင်ကုန်းငယ်တစ်ခုကို တက်လိုက်သောအခါ စာရေးသူက ချေ(ဂျီ)များ ပြေးထားသည့် ခြေရာလတ်လတ်ဆတ်ဆတ်များကို ကုန်းပေါ်တွင် မြင်သဖြင့် ကျန်လူများအား ပြလိုက်ရာ ဆရာကျော်ဇံက လက်မဖြင့် တောခြောက်သမားများ ကျန်ခဲ့သည့်ဘက်သို့ နောက်ပြန်ပြပါသည်။ တောမောင်းသမားများ တောမောင်းရန် နေရာယူသည်ကို လန့်၍ပြေးခြင်းဖြစ်သည်ဟု ဆိုလိုခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် စာရေးသူမှာ သတိနှင့် သေနတ်ထမ်းရင်း ရှေ့နောက်၊ ဝဲယာကို ကြည့်၍ လာခဲ့မိသည်။ တောင်ကုန်းအဆင်းကြောလေးပေါ် အရောက်တွင် လက်ဝဲဘက်မှ သားကောင်တစ်ကောင် သစ်ခြောက်တောတွင်း ပြေးလိုက်သည့် အသံကြားသဖြင့် ကြည့်လိုက်ရာ တစ်ကောင်မှာ ကုန်းစောင်းအတိုင်း ပြေးသွားပြီး ပျဉ်းကတိုးပင်ငယ်တစ်ပင်၏ အရိပ်တွင် ရပ်လိုက်သည်ကို တွေ့ရသည်။ စာရေးသူက ပခုံးပေါ်မှ သေနတ်ဖြင့် လျှပ်တစ်ပြက်



www.burmeseclassic.com

www.burmeseclassic.com



(SNAP SHOT) ထိုးချိန်၌ ပစ်လိုက်ရာ ဒိုင်းခနဲ သေနတ်သံနှင့် အတူ ချေ(ဂျီ)မှာ တုံးခနဲ လဲသွားသည်။

သို့အတွက် ချေ(ဂျီ)ရှိရာသို့ ဆင်းမည့်အလုပ်တွင် စာရေးသူတို့၏ တောင်ဘက်ချောက်အတွင်းမှ "ဒိုင်း . . ဒိုင်း"ဟူသော သေနတ်သံနှစ်ချက်ကို ဆက်လက်ကြားလိုက်ရရာ စာရေးသူတို့ပင် လန့်သွားတော့၏။

စာရေးသူက နားမလည်သလို ဆရာကျော်ဇံအား ဘာလဲဟူသော အဓိပ္ပာယ်ဖြင့် မေးငေါ့မေးလိုက်ရာ . . .

"ဖိုးကျော်ဒွန်းတို့နဲ့ တူပါတယ်။ ဒီက သေနတ်သံကြောင့် သားကောင်တစ်ကောင် ထွက်ပြေးလို့ ပစ်တာထင်တယ်"ဟု ဆိုလိုက်မှ စာရေးသူ သဘောပေါက်သွားပါသည်။ ဪ . . . ဖိုးကျော်ဒွန်းတို့နဲ့ နီးနေပြီကိုး။

ခေတ္တမျှအကြာတွင် စာရေးသူတို့ တောမောင်းအဖွဲ့မှာ သေနတ်သံကြားသည်ကို မေးရင်းမြန်းရင်း လှုစုံလာသောအခါ ချေ(ဂျီ)ကိုထမ်း၍ ပြန်ကြရန် ပြင်နေစဉ် . . .

တောင်ဘက်ချောက်အတွင်းမှ ဦးကျော်ဒွန်းနှင့် ခင်မောင်စိုးတို့ တက်လာသည်ကို တွေ့ရသဖြင့် စာရေးသူတို့အဖွဲ့က စောင့်ဆိုင်းနေပါသည်။ ဦးကျော်ဒွန်းမှာ အကျီရင်ကွဲ၊ လုံချည်တိုတို၊ တဘက်ပိုးရိုးဖားရားနှင့် တစ်စုပ၂စ်ခု ဖြစ်လာပုံရပြီး ခင်မောင်စိုးမှာမူ ရှေ့မှ ဆောင့်ကြီးအောင့်ကြီးနှင့် ခပ်သွက်သွက် တက်လာပါသည်။

ဦးကျော်ဒွန်းမှာ စာရေးသူတို့ကို မြင်သောအခါ များစွာ

• သက်ပန်စာပေ •



စိတ်မကောင်းဖြစ်နေသူတစ်ဦးကဲ့သို့ မျက်နှာမကောင်းစွာ မျက်ရည်ဝဲလျက် စတင်ပြောပါသည်။

"ကျွန်တော့် အပြစ်ပါဗျာ။ ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ကျွန်တော် စိတ်ထားမကောင်းလို့ အခုလို ဖြစ်ရတာပါ"ဟု စာရေးသူအား လိုက်လှဲဝမ်းနည်းစွာ ပြောနေပါသည်။ စာရေးသူမှာ ဘာမှန်းညာမှန်းမသိ ဘာလုပ်ရမှန်း မသိ။

အလားတူပင် ကျန်လူများကလည်း အကြောင်းကြောင်းဖြစ်နေရာ စာရေးသူကပင် "ဘာလဲ၊ ဘယ်လိုဖြစ်တာလဲ ဦးကျော်ဒွန်း၊ ခင်ဗျားက ကျွန်တော့်ကို ဘာလုပ်လို့ ကျွန်တော်က ခွင့်လွှတ်ရမှာလဲ။ အချင်းချင်းတွေကို တောင်းပန်စရာလည်း မလိုပါဘူး။ ဝမ်းနည်းစရာလည်း မလိုပါဘူး"ဟု ပြောရာတွင်လည်း၊ ဦးကျော်ဒွန်းမှာ စာရေးသူအား ခွင့်လွှတ်ရန်ပင် အထပ်ထပ် တောင်းပန်နေပါသည်။

ထို့ကြောင့် စာရေးသူက ဘာအဓိပ္ပာယ်လဲဆိုသည့် သဘောနှင့် အတူပါသွားသူ ခင်မောင်စိုးအား ကြည့်လိုက်ရာ ခင်မောင်စိုးက ပခုံးတွန့်၊ လက်မြှောက်ပြပြီး အလုံးစုံ စတင်ရှင်းပြတော့မှ အားလုံးသဘောပေါက်ကြ၏။

ခင်မောင်စိုး ရှင်းပြချက်မှာ . . .

ဦးကျော်ဒွန်းနှင့် ခင်မောင်စိုးမှာ ပုန်းအိမ်အတွင်းဝင်၍ စောင့်ဆိုင်းရာ နံနက်ပိုင်းတွင် တောကြက်များ ရေသောက်ဆင်းလာသော်လည်း ဒေါင်းတစ်ကောင်တလေမျှ ရေသောက်ဆင်းမလာခဲ့ပေ။ သို့နှင့် နေမြင့်လာရာ ပုန်းအိမ်အတွင်းတွင် ငြီးငွေ့သား

• သက်ပန်စာပေ •

www.burmeseclassic.com

www.burmeseclassic.com



လဲလျောင်းနေရင်းမှ အိပ်ပျော်သွားကြသည်။ နေ့လယ်(၂)နာရီကျော်ခန့်တွင် ခင်မောင်စိုးမှာ အရင်နိုးလာ၍ ရေစမ်းအား လှမ်းကြည့်လိုက်ရာ ဒေါင်းအမ(၃)ကောင် ရေသောက်ရန် ဆင်းလာသည်ကို တွေ့သဖြင့် ခင်မောင်စိုးက ဦးကျော်ဒွန်းအား အသာလှုပ်နှိုးလိုက်သည်။ ဦးကျော်ဒွန်းမှာ မုဆိုးပီပီ သတိနှင့်နေသူ ဖြစ်၍ နိုးလာကာ အသံမထွက်။ ဒေါင်းမှာ မလန့်။ ဒေါင်းမှာ အမများ ဖြစ်နေသေး၍ အဖိုလာနိုင်သေးကြောင်းသိသော ဦးကျော်ဒွန်းက မပစ်သေးဘဲ သေနတ်ကိုသာ အဆင်သင့်ချိန်ထားပြီး စောင့်နေခဲ့သည်။ ဒါကို ခင်မောင်စိုးကလည်း သဘောပေါက်သည်။

မကြာပါချေ။ ဒေါင်းဖိုကြီးတစ်ကောင်မှာ တတော်က်တောက် တချောက်ချောက် အသံပေး၍ ဆန့်ကျင်ဘက်ဝါးတောထဲမှ ဆင်းလာသံကြားသဖြင့် ကြည့်လိုက်ရာ တစ်လံခန့်ရှည်သော အမြီးကြီးဖြင့် မီးကွက်ကြီးများစိမ်းကာ ခံ့ညားစွာ ဆင်းလာနေသော ဒေါင်းဖိုကြီးကို တွေ့ရတော့၏။ ဆင်းလာပုံမှာ တစ်လှမ်းချင်း ခံ့ညားစွာ ဆင်းလာခြင်းဖြစ်သဖြင့် ပစ်မည်ဆိုက အလွယ်တကူ ပစ်၍ ရနိုင်သည်။ အကွာအဝေးမှာလည်း (၂၅)ကိုက်ထက်မပို။ သို့သော် ဦးကျော်ဒွန်းမှာ သေနတ်ကိုသာ ဒေါင်းဖိုကြီးထံ ချိန်ထားသည်။ မပစ်သေး။ တစ်စုံတစ်ခုကို စဉ်းစားနေပုံရသည်။

သူ၏ မျက်လုံးများမှာ ရီဝေ၍ စိတ်နှင့်ကိုယ်မကပ်ဘဲ ဖြစ်နေသည့်သဘောကို ခင်မောင်စိုး တွေ့နေရသည်။ ထို့ကြောင့် ၎င်းအား တံတောင်ဖြင့် အသာတို့၍ ပစ်ရန် အချက်ပေးလိုက်သောအခါ ဦးကျော်ဒွန်းမှာ ခင်မောင်စိုးအား ရီဝေသော မျက်လုံး





များနှင့်သာ စိမ်းစိမ်းကြီး ပြန်ကြည့်နေပြန်သည်။

ဟော . . . ခက်ပြီ။ ခင်မောင်စိုး စိတ်ပူက်မိသည်။ ဦးကျော်ဒွန်း စိတ်မှမှန်ရဲ့လား၊ တောကိုင်ပြီလား၊ တောခြောက်ပြီလား။ စိတ်ထဲတွင် ထင်ရာတွေးလိုက်မိသည်။ အားမလိုအားမရလည်း ဖြစ်လာသည်။ ခါတိုင်းဆိုလျှင် ဦးကျော်ဒွန်း ဤမျှ လက်နှေးသူမဟုတ်။ ယခုမူ သားကောင်က ပစ်ကွင်းတွင် ဝင်နေသည်။ ခလုတ်ဖြုန်ရန်သာ လို၏။ သို့သော် ဦးကျော်ဒွန်းမှာ လက်နှေးတုံ့ဆိုင်းနေ၏။

ဒေါင်းများကို ပြန်ကြည့်လိုက်သောအခါတွင်လည်း ဒေါင်းမ(၃)ကောင်နှင့် ဒေါင်းဖိုကြီးမှာ အေးဆေးစွာ ရေသောက်ပြီး ဒေါင်းမများကို ဒေါင်းဖိုကြီးက ကြက်ရစ်သလို ရစ်နေသည်။ မိတ်ခေါ်သည့်သဘော။ ဒါတင်မက တစ်လံမျှရှည်သော ဒေါင်းမြီးကြီးကို ဖြန့်ကာ၊ ဝိုက်လှည့်ပတ်ကာ ဒေါင်းမများကို ‘က’များပင် ‘က’ပြနေသေးတော့သည်။ လှလိုက်သည့်ဖြစ်ခြင်း။ ဒီလို ဒေါင်းဖိုကြီးမျိုး ရဖို့မလွယ်။ သို့သော် ဦးကျော်ဒွန်းက မပစ်သေး။

ခင်မောင်စိုး စိတ်ညစ်လာပြီ။ ကြာလျှင် ဒေါင်းမြီးလည်းမရ။ ဒေါင်းသားလည်း မစားရ ဖြစ်မည်။ ထို့ကြောင့် တံတောင်နှင့် နာနာတွတ်၍ သတိပေးလိုက်မှ ဦးကျော်ဒွန်း ဒေါင်းဖိုကြီးထံ သေနတ်ကို ထပ်၍ချိန်သည်။ ခလုတ်ကို မဖြုတ်သေး။ (၅)စက္ကန့်အကြာမှ ‘ဒိုင်း’ခနဲ အသံကြားရသည်။ သေနတ်သံနှင့်အတူ ဒေါင်းဖိုကြီးရော ဒေါင်းမများပါ ထပ်ပျံကြသည်။ ထိုအချိန်ကမှ “ဒိုင်း . . ဒိုင်း” သေနတ်သံ(၂)ချက် ထပ်မံထွက်လာသည်။ ဒေါင်းများ



www.burmeseclassic.com

www.burmeseclassic.com



မှာ အမြီးတောင် မမြင်ရတော့။ ပုံပြေးပေပြီ။ သွားပါပြီ။ သွားပါပြီ။

ခင်မောင်စိုး အူကြောင်ကြောင် ဖြစ်သွားသည်။ နှစ်လုံးပူးသေနတ်မှာ ယမ်းနှစ်တောင့်သာ ထည့်၍ ပစ်ရသည်ကို သူသိသည်။ ယခု သေနတ်သံက (၃)ချက်။ အို . . . ဘာတွေ ဖြစ်ကုန်ပြီလဲ။ တစ်ယောက်ကလည်း ကြောင်တောင်တောင်နဲ့။

ထိုစဉ် စာရေးသူတို့ဘက်မှ ခေါ်သံများ၊ ချေ(ဂျီ)ကို ဆွဲတင်ရန်ပြောသံများ ကြားရသည်။ သို့မှ ခင်မောင်စိုး စဉ်းစားမိသည်။ ပထမပစ်သောအချက်မှာ ဦးကျော်ဒွန်း ပစ်ခြင်းမဟုတ်။ စာရေးသူ ပစ်သော သေနတ်သံကို တောင်ကုန်းအောက် ရေစမ်းမှ ကြားရခြင်းဖြစ်သည်။ သို့သော် အနီးမှပိုင်း လျှိုအတွင်းမှဖြစ်ပြီး ပဲ့တင်သံဖြင့် ကျယ်လောင်စွာ ကြားရ၍ ဦးကျော်ဒွန်း ပစ်သည်ဟု ထင်သည်။

ဒုတိယ(၂)ချက်မှာ သေနတ်သံကြား၍ လန့်ပြေးသော ဒေါင်းများကို ဦးကျော်ဒွန်းက ပုန်းအိမ်အတွင်းမှ လှမ်းပစ်ခြင်းဖြစ်သည်။ သို့သော် ပုန်းအိမ်အတွင်းမှ မလွတ်မလပ်နှင့် အပုံကို ပစ်ရ၍ တစ်ကောင်မှ မထိလိုက်တော့။

ခင်မောင်စိုး သဘောပေါက်သွားသောအခါ ဒေါပွသည်။ မချင့်မရဲလည်း ဖြစ်နေသဖြင့် "ဦးလေးကျော်ဒွန်းက ဘာလုပ်နေတာလဲ။ ဒေါင်းဆင်းလာတော့လည်း မပစ်၊ ပုံမှပစ်တာ ဘာအဓိပ္ပာယ်လဲ။ ဦးလေးကိုဦးလေး ချုပ်ပြီယံကြီးထင်နေလို့လား။ ဒါမှမဟုတ် ဘိုတွေ(အင်္ဂလိပ်ခေတ်က အင်္ဂလိပ်များ ပုံမှပစ်သည်ကို ဆိုလိုသည်။)လို စိတ်ပေါက်ပြီး ပုံမှ ပစ်တာလား။ ခုတော့ ကောင်း





တယ်။ ဒေါင်းမြီးလည်းမရ၊ ဒေါင်းသားလည်း မစားရနဲ့"ဟု ဆူပူလိုက်ရာ . . .

"အေးကွာ . . . ပြောတော့ ခင်မောင်စိုး၊ မင်းပြောတော့ ပြောလည်း ခံရမှာပဲ။ ငါ စိတ်မကောင်းလို့ ဖြစ်ရတာပါကွာ"

"ဘာစိတ်မကောင်းတာလဲဗျ။ စိတ်မကောင်းတာနဲ့ ဒေါင်းပစ်တာနဲ့ ဘာဆိုင်လို့လဲ"ဟု ထပ်မံကြိမ်းပြန်ရာ ဦးကျော်ဒွန်းမှာ ဘာမှမပြောဘဲ ခေါင်းငိုက်စိုက်သာ ချနေပါတော့သည်။

ခင်မောင်စိုးမှာ ဒေါပွပွနှင့် အထပ်ထပ်မေးတော့မှ ဦးကျော်ဒွန်းမှာ သနားစဖွယ် ရှင်းပြပုံမှာ . . .

"ငါ ဆရာစိုးကို ဒေါင်းမြီးလှလှပစ်ပြီး လက်ဆောင်ပေးမယ်လို့ ကတိပေးထားတာ (၃)နှစ်ရှိပြီ။ ကတိပေးပြီးနောက်ပိုင်း ဒေါင်းတစ်ကောင်မှ ပစ်လို့မရဘူး။ ဒီနှစ် ဆရာစိုးရောက်လာတော့လည်း ငါပေးထားတဲ့ ကတိအတိုင်း ပစ်ပေးမယ်လို့ ဆုံးဖြတ်ထားတယ်။ ရွာက တောထဲကို စထွက်လာတော့မှ ငါ့အိမ်သား(မိန်းမ)က 'ကိုကျော်ဒွန်းရေ၊ ဒေါင်းမြီးလှလှတစ်ဖုတ် ပစ်ခဲ့စမ်းပါနော်'လို့ မှာလိုက်တယ်။ ငါကလည်း အလွယ်ပဲ 'အေး . . အေး'လို့ ကတိပေးခဲ့မိတယ်"

"အခု ဒေါင်းဖိုကြီးလည်းတွေ့ရော ငါ့မှာ ပြဿနာတက်တော့တာပဲ"

"ဒီဒေါင်းဖိုကြီးရလို့ အမြီးကြီးဖြုတ်ပြီးရင် ဆရာစိုးကို ပေးရမလား၊ ငါ့အိမ်သားကို ပေးရမလားဆိုတာ ငါဝေခွဲလို့မရဘူး။ ဒေါင်းမြီးကြီးကလည်း မင်းမြင်တဲ့အတိုင်း လှနေတဲ့အပြင်



www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းမတွေကိုလည်း ရစ်နေတယ်။ အဖိုက အမရှေ့မှာ သူ့ရဲ့ လှပပုံကို ကြွားတဲ့အနေနဲ့ 'က'ပြလည်းနေတယ်။ အမတွေအတွက် ဆိုရင် သူ့အလှအပ၊ သူ့အစွမ်း၊ သူ့ခွန်အားဟာ အဆင်သင့်ပါပဲ ဆိုတဲ့ သဘောကို ဆောင်နေတယ်။ အမတွေရဲ့ စိတ်ဝင်စားမှုကို ခံယူချင်တယ်၊ အမတွေကိုလည်း ဆွဲဆောင်ချင်တယ်ဆိုတဲ့ သဘော ပဲ။ ဒီတော့ ဝေခွဲရခက်နေတယ်။ ဒါကြောင့် ငါပစ်ရင်ကောင်း မလား၊ မပစ်ရင်ကောင်းမလား၊ ပစ်ရင် ဘယ်သူပေးရမလဲဆိုတဲ့ မေးခွန်းတွေများပြီး ဘာလုပ်ရမှန်း မသိဘူး။ ဒါကြောင့် ပထမ မင်းပစ်ဖို့ တံတောင်နဲ့ တွတ်တုန်းက ငါမပစ်ဖြစ်ဘဲ မင်းဆီက အဖြေရမလားဆိုတဲ့ အဓိပ္ပာယ်နဲ့ မင်းကို လှည့်ကြည့်တာ။

နောက်တစ်ကြိမ်တွတ်တော့လည်း ငါချိန်ထားပြီး တတ် နိုင်သမျှ ကြိုးစားဆုံးဖြတ်နေတယ်။ ညှိသည်ဖြစ်တဲ့ ဆရာစိုးနဲ့ ငါ့မျက်ချယ်အိမ်သား။ ချိန်ခွင်ပေါ်မှာ အလေးတူနေတယ်။ ဆရာ စိုးကလည်း ရပ်ဝေးကညှိသည်။ တစ်ဖက်ကလည်း ငါ့မျက်ချယ်။ သူမှာတာ ငါပေးနိုင်မှ ငါ့ကို ကျေနပ်မယ်၊ စိတ်ဝင်စားမယ်၊ ဆွဲ ဆောင်ရာရောက်မယ် မဟုတ်လား။ ဒီတော့ ငါ့အိမ်သားသာ ပဓာန၊ ငါ့မျက်ချယ်သာ အဓိကဆိုတဲ့ စိတ်ထဲမှာ ဖြစ်လာတယ်။ ဒါကြောင့် ဘာပဲဖြစ်ဖြစ် ငါ့အိမ်သားကိုပဲ ပေးတော့မယ်၊ ဆရာစိုး စိတ်ဆိုး ရင်ဆိုး၊ အခင်အမင် ပျက်ရင်ပျက်၊ ဖြစ်ချင်ရာဖြစ်ပေစေတော့၊ ငါ့အိမ်သားက အလေးသာသွားတယ်။ ဒါနဲ့ ခလုတ်ဖြုတ်မယ် အလုပ်မှာ ပထမသေနတ်သံ ကြားရတော့တာပဲ။ ဒါကြောင့် ဒေါင်း တွေအပုံမှာ (၂)ချက်ဆင့် ပစ်ပေမဲ့ မထိတော့ဘူး။ ငါဟာ လူကြီး

● သက်ပန်စာပေ ●



တန်မဲ့ ပထမပေးထားတဲ့ ကတိကို မတည်တော့ဘဲ ဖျက်ပစ်လို့၊ စိတ်ကောင်းမထားလို့ ခုလို ဘာမှ မရလိုက်တာပါကွာ။ ငါ့ကို ခွင့်လွှတ်ပါ''ဟု တူအရှယ်၊ သားအရွယ် ခင်မောင်စိုးအား တောင်း ပန်ရှာသည်။

ခင်မောင်စိုးမှာ ''ဦးလေးက လူကြီးတန်မဲ့ စိတ်ထားမှ မကောင်းတာကို ဘယ်သားကောင်ရတော့မလဲ''ဟု ဒေါ်ပွပွနှင့် ပြောချလိုက်ပါသည်။

◆◆◆

စာရေးသူတို့မှာ ခင်မောင်စိုးနှင့် ဦးကျော်ခွန်း ပြောသော ဇာတ်လမ်းကို နားထောင်နေရာ ခင်မောင်စိုး ဇာတ်သိမ်းလိုက် သောအခါ ဦးကျော်ခွန်းမှာ မျက်ရည်များဝဲကာ ''ဆရာစိုးရယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ၊ ခွင့်လွှတ်ပါ''ဟု တတွတ်တွတ် တောင်းပန်နေပါသည်။ ''ဒါလောက် ခင်မင်တဲ့ မိတ်ဆွေအပေါ် ပေးထားတဲ့ကတိကို ဖျက်မယ်ကြံလို့ ဘုရားက လမ်းလွှဲလိုက်တာ ပါ''ဟု တောင်းပန်လေရာ စာရေးသူက ခေတ္တစဉ်းစားပြီးမှ ပြုံး ရွှင်စွာနှင့်ပင် ...

''ခွင့်လွှတ်ပါတယ် ဖိုးကျော်ခွန်းရာ။ ခွင့်လွှတ်တဲ့အပြင် ဝမ်းတောင် ဝမ်းသာပါသေးတယ်''ဟု ပြောလိုက်ရာ ဦးကျော်ခွန်း မှာ စာရေးသူ၏ စကားကို နားမလည်ဘဲ ငေးကြည့်နေသဖြင့် စာရေးသူကပင် ရှင်းပြရပါသည်။

''ခွင့်လွှတ်တယ်ဆိုတာက မုဆိုးအချင်းချင်း ညှိချင်၊

● သက်ပန်စာပေ ●

www.burmeseclassic.com

www.burmeseclassic.com



အစ်ကို တူဝရီးတမျှ ချစ်ခင်တာအပြင် တောထဲမှာ ကောင်းတူဆိုး ဘက်မိတ်ဆွေရင်းတွေမို့ တစ်ဦးကိုတစ်ဦး ဇွေမယူတမ်း ခွင့်လွှတ်ရတာပါ။ ဝမ်းသာတယ်ဆိုတာ နှစ်ပိုင်းရှိတယ်။ တစ်ပိုင်းက ကျွန်တော့်ကို ဦးကျော်ဒွန်း ဒေါင်းမြီးပေးမယ်ဆိုတုန်းက ဦးကျော်ဒွန်း စေတနာကို လေးစားတဲ့အနေနဲ့ လက်ခံခဲ့တာပါ။ ကျွန်တော်က အမှန်တကယ် ကျွန်တော်မပစ်ဘဲ ရတဲ့ပစ္စည်းကို မလိုချင်ဘူး။ ကျွန်တော်ပစ်သယောင် သူများထင်တာကို လိပ်ပြာမသန့်ဘူး။ ခင်ဗျားပေးလိုက်လို့ ကျွန်တော်ယူသွားပြီး အိမ်မှာထားရင် ညှိသည်လာတိုင်း ကျွန်တော်ပစ်တာ မဟုတ်ပါဘူးဆိုတာကို လူစေ့ ရှင်းပြရမှာ အလုပ်တစ်ခု ပိုလာမယ်လေ။ ပြီးတော့ ကိုယ်မပစ်တာကို အိမ်မှာ အခန့်သားထားနေတာကလည်း ကြွားဝါရာရောက်မယ်။ မှဆိုးသိက္ခာလည်း ကျမယ်။ ဒါကြောင့် မရတာကိုပဲ ဝမ်းသာတယ်လို့ ပြောတာပါ။

နောက် ဒီထက်အရေးကြီးတဲ့ အချက်က ဖိုးကျော်ဒွန်း ဇနီးက ဖိုးကျော်ဒွန်းဟာ တောပစ်နေရရင် အိမ်က မိန်းမကိုတောင် သတိမရဘူး၊ အိမ်မှန်းရာမှန်းတောင် မသိဘူးလို့ ပြောဖူးတယ် မဟုတ်လား။ အရင်တုန်းက သူပြောတာ မှန်ချင်မှန်မယ်။ ဒီတစ်ခါတော့ [illegible]ပြောတာ မှားပြီ။ ဖိုးကျော်ဒွန်းဟာ တောပစ်နေတာတောင် သားကောင်ကို ခလုတ်ဖြုတ်တဲ့ အချိန်မှာတောင် အိမ်သားကို သတိရနေတယ်။ အိမ်သားကို အလေးထား ဦးစားပေးနေတယ်ဆိုတာ သက်သေပြလိုက်တာမဟုတ်လား။ ဒါကြောင့် ဝမ်းသာရပါတယ်လို့ ပြောတာ။ ရွာကျရင် ခင်ဗျားအိမ်သားကို ပြန်





ပြောရမယ်''ဟုပြောရင်း တစ်ဆက်တည်း

''ကဲ . . အားလုံးပဲ အသိနော်။ ဦးကျော်ဒွန်းဟာ သူ့ဇနီးကို တကယ်ချစ် သတိရနေတယ်ဆိုတာ သက်သေပြနေပြီ။ ဒါကို ရွာရောက်ရင် ပြန်ပြောပြရမယ် ဟုတ်လား''

ဟု စာရေးသူက သူအား ပြောနေရင်း အားလုံးအား စည်းရုံးသည့် မျက်လုံးနှင့်ကြည့်၍ မေးလိုက်ရာ အားလုံးကပင်

"ဟုတ်တယ် . . . သိပ်ဟုတ်တယ်။ တကယ့်မယားချစ် ဦးကျော်ဒွန်း၊ မယားချစ် ဦးကျော်ဒွန်း''

ဆိုသောအသံမှာ တစ်တောလုံး ပျံ့လွင့်သွားတော့မှပင် ဦးကျော်ဒွန်းမှာ ပြုံးပြုံးကြီးလုပ်ကာ စာရေးသူအား ကျေးဇူးတင် ဝမ်းသာစွာဖြင့် ကြည့်နေပါတော့သည်။

မိတ်ဆွေအချင်းချင်း သည်းခံခွင့်လွှတ်၍ စိတ်ဓာတ်မြှင့်တင် အားပေးရမည်မှာ မိတ်ဆွေကောင်းတစ်ဦး၏ တာဝန်ပင် မဟုတ်ပါလား။

*[မုဆိုးကြီး ဦးကျော်ဒွန်းသို့ အမှတ်တရ။]*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ဆင်ဆိုးတစ်ကောင် နှတ်မီးတောင်

ခြေခင်းလက်ခင်းသာသည့် အောက်တိုဘာလကုန်လုလု အချိန်၊ မြန်မာလအားဖြင့် တန်ဆောင်မုန်းလဆန်းပိုင်း ပဲခူးရိုးမ အနောက်ခြမ်း၊ မင်းလှ သစ်ထုတ်နယ်မှ ဆင်အဖွဲ့သားများ သူတို့၏ သစ်ထုတ်၊ သစ်ဆွဲ၊ သစ်ပုံခြင်းအမှုကို နိုင်ငံတော်အတွက် အားကြိုးမာန်တက် ဆောင်ရွက်နေကြသည်မှာ မြိုင်မြိုင်ဆိုင်ဆိုင်၊ ပင်ပန်းသည်ဟု မရှိ၊ ယခုနှစ် သစ်ထုတ်ရာသီတွင် နိုင်ငံတော်က သတ်မှတ်ထားသော သစ်တန်ပြည့်မီစေရေးအတွက် သစ်တော၊ သစ်ထုတ်ဌာနများ ပူးပေါင်းဆောင်ရွက် လမ်းညွှန်မှုကိုခံကာ ဆင်(၁၁)ကောင်ဖြင့် အလုပ်လုပ်ကြရသဖြင့် ဆင်အဖွဲ့သားများက စုံလှသည်။ ဆင်အုပ်၊ ဆင်ခေါင်း၊ ဆင်ဦးစီး၊ ပဲ့ချိတ်၊ ထမင်းချက်၊





စခန်းစောင့် စသည်ဖြင့် ဆင်လုပ်သားတစ်ဖွဲ့လုံးသည် မင်းလှမြို့နယ် အရှေ့ဘက် ရိုးခြေ (ပဲခူးရိုးမ၏ အရှေ့ခြမ်းနှင့် အနောက်ခြမ်း ပိုင်းခြားထားရာ ရိုးမအလယ်ကြော၏အခြေ)ရှိ 'ငပိုးကြီး' ချောင်းဖျားမှ ပျဉ်းကတိုး သစ်လုံးများကို နီးစပ်ရာ ကားလမ်းဖောက်နိုင်ရာပြန့်သို့ ဆွဲ၍ပုံနေကြရသည်။ ဩဂုတ်မှသာ နိုဝင်ဘာလကုန်၊ ဒီဇင်ဘာလဆန်းတွင် သစ်ဘုတ် ကားလမ်းဖောက်ကာ မိုးမကျမီ သစ်ထုတ်၍ သစ်ဆိပ်သို့ ပို့နိုင်ပေမည်။

ဆင်အဖွဲ့တွင် ဆင်(၁၁)ကောင်ဖြစ်၍ တစ်ကောင်လျှင် ဆင်ဦးစီး၊ ပဲ့ချိတ်နှစ်ဦး ကိုင်ရသည်။ ဆင်(၁၁)ကောင်၊ လူ(၂၂)ယောက်၊ ဆင်အုပ်၊ ဆင်ခေါင်းနှင့်ဆိုလျှင် (၂၄)ယောက်။ ထမင်းချက် နှစ်ယောက်၊ စခန်းဗာဟီရလုပ်သည့် စခန်းစောင့်နှင့်ဆိုလျှင် (၂၇)ယောက် ဖြစ်လေသည်။ လူ(၂၇)ယောက်အတွက် ဆင်တဲကြီး နှစ်လုံးကို မေလကတည်းက ဆောက်ကာ တစ်မိုးတွင်းလုံး နေထိုင်အလုပ်လုပ်ကြရသည်။ တစ်ခါတစ်ရံ ဖျားနာမှသာ ရွာသို့ပြန်ခွင့်ရကြသည်။ အချို့ မပြန်ဘဲ ဆေးဝါးမှာယူ၍ ကုသရသည်လည်း ရှိသည်။ မိုးကာလ ရွာပြန်ခရီး မိုင်အစိတ်၊ သုံးဆယ်ကို ခြေကျင်ပြန်ရသည်မှာလည်း မလွယ်ကူလှ၊ တစ်ခါတစ်ရံ ရိက္ခာသယ်ဆင်ဖြင့် ပြန်ရလျှင်တော့ တော်သေးသည်။

ဆင်သမားတို့ဘဝမှာ တစ်မိုးလုံး သစ်ထုတ်လမ်းမပေါက်မီ သစ်လုံးများပုံ၍ မပြီးမီအထိ ဆင်နှင့်ဖက်၍ အလုပ်လုပ်ကြရသည်။ လယ်သမားများထက် ပင်ပန်းဆင်းရဲကာ လူနှင့်အဆက်ပြတ်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆင်သမားတို့၏ ဘဝကို ရေးဖွဲ့ရလျှင် ဆုံးပင် ဆုံးမည် မထင်။ စာရေးသူမှာ ငယ်စဉ်ကပင် ရိုးမတောများသို့ တောပစ် ရောက်သဖြင့် ဆင်သမားများ၏ ဘဝကို စာနာမိသည်၊ ဆင်အဖွဲ့ များနှင့်လည်း ခင်မင်ရင်းနှီးသည်ဖြစ်၍ သူတို့၏ ဓလေ့စရိုက်နှင့် သတ္တိကို သိသည်။ ဆင်ဆိုသည်မှာ ကုန်းမြေပေါ်ရှိ သတ္တဝါများ အနက် အကြီးဆုံး၊ အလေးဆုံး၊ အသိဉာဏ်အရှိဆုံး၊ အလုပ်လုပ် နိုင်ဆုံး(လူမှလွဲ၍) စိတ်မချရဆုံး၊ အရက်စက်ဆုံး သတ္တဝါဖြစ်သည်။ ထိုကဲ့သို့သော သတ္တဝါမျိုးဖြင့် အလုပ်တွဲလုပ်ရသည့် လူသားအဖို့ အဘယ်သို့ ရှိမည်နည်း။ ထို့ကြောင့် ရှေးဆင်သမားများက "မည်မျှပင် လိမ္မာသည့်ဆင် ဖြစ်ပါစေ၊ မိမိ၏ ဆင်ဦးစီးအား တစ်နေ့လျှင် သုံးကြိမ်တောင် သေကြောင်းကြံလိုသည့်စိတ် ရှိ သည်"ဟု ဆုံးမခဲ့သည်။ သတိထားရန် ဖြစ်၏။ ဆင်ဆိုးဆိုလျှင် ပြောဖွယ်မရှိ။ ဆင်တွင် ကြန်အင်လက္ခဏာများ ရှိသည်။ ရှေး ဘုရင်များ လက်ထက်ကပင် ဆင်နှင့်ပတ်သက်၍ ကျမ်းတစ်စောင် ပေတစ်ဖွဲ့ ရေးသားခဲ့ကြရာ 'မာဂဓအဘိဓာန်'တွင် အသေးစိတ် ကြည့်ရှုလေ့လာနိုင်ပေသည်။ (စာပေဗိမာန်စာမူဆုရ ဆရာအောင် စိုး၏ 'မြန်မာ့ဆင်'စာတွင်ရှု)

'ဆင်တို့၏ ကြန်အင်သျှုတ္တရလက္ခဏာ'ကို ဖော်ပြရာ၌ 'ပါပလက္ခဏာ' မကောင်းသောကြန်အန်လက္ခဏာများ ပါရှိပေရာ ထိုမကောင်းသောဆင်ကြောင့် သခင်တွင် အကျိုးယုတ်တတ်ပုံ များကို အသေးစိတ် ဖော်ပြထားပေသည်။

အကြမ်းအားဖြင့် ဆင်၏ အရောင်အသွေး၊ ဦးခေါင်း၊





လည်ပင်း၊ ကိုယ်ထည်၊ လျှာ၊ နှာမောင်း၊ နားရွက်၊ အစွယ်၊ မျက်စိ၊ မုန်၊ အမြီး၊ ခြေလက်၊ အမူအကျင့်တို့ကို ကြည့်ရ၏။ ထို အထဲတွင် အယုတ်လက္ခဏာများ ပါရှိပါက မည်မျှ လှပစေကာမူ မကောင်း။ ရှေးမင်းများပင် မသုံးကြောင်းကို ဖော်ပြထားပေသည်။

◆◆◆

'စောရု'မှာ သာယာဝတီ သစ်ထုတ်နယ်မှ ဖြစ်လေ သည်။ ဆင်ဦးစီးလုပ်လာသည်မှာ (၁၅)နှစ်သားကတည်းက ဖြစ်၍ ယခု အသက်(၃၅)နှစ်၊ လုပ်သက် အနှစ်(၂၀)ရှိပြီ။ ဆင်ဦးစီးထဲ တွင် အတွေ့အကြုံရှိသော၊ အားကိုးရသောသူ ဖြစ်၏။

မင်းလှမြို့နယ် 'ငပိုးကြီး'ချောင်းဖျား ဆင်ဝိုင်းမှ စွယ်စုံ ဆင်ပေါက် 'တိုးလုံး'မှာ သစ်ဆွဲအလုပ်လုပ်ရင်း ပင်ပန်း၍လား၊ စိတ်ဆိုး စိတ်ဖောက်၍လား မသိ။ သူ၏ ဆင်ဦးစီးအား ဆင်ပေါ် မှ အဆင်းတွင် အစွယ်ဖြင့် ပက်ကော်(ထိုး)လိုက်ရာ ဆင်ဦးစီးမှာ လက်ယာဘက် နောက်ကျောလက်ပြင်မှ အရှေ့ရင်အုံသို့ ဖောက် လေ၏။ အရှိန်ဖြင့် လွင့်သွားသော ဦးစီးအား နောက်ထပ် အသေ ထိုးမည်အပြု နောက်လိုက်ပဲ့ချိတ်က လျှင်သဖြင့် ရှေ့ဘက်ခွာပုန်း ကို လှံဖြင့်ထောက်လိုက်၍သာ နောက်ထပ် ထိုးချိန်မရတော့ဘဲ ဆင်မှာအော်၍ ပြေးလေသည်။

ဆင်ဦးစီးမှာ ယာဘက်ညှပ်ရိုးကိုလွတ်၍ အသားကိုသာ အစွယ်ကဖောက်လေရာ အချိန်မီ သာယာဝတီဆေးရုံသို့ပို့၍



www.burmeseclassic.com

www.burmeseclassic.com



ကုသနိုင်သဖြင့် အသက်ချမ်းသာရာ ရခဲ့သော်လည်း အနောက်လက်ပြင်မှ အရှေ့ရင်အုံသို့ ဖောက်သည့်အစွယ်ရာကို ကုရမည်။ ပျောက်သည့်အထိ မည်မျှကြာမည်နည်း။ ထိုအဖြစ်အပျက်ကို မျက်ဝါးထင်ထင် တွေ့ရသော အခြားဆင်ဦးစီး၊ ဆင်ခေါင်းတို့ကလည်း 'ဆင်ဘိုးလုံး'ကို လောလောဆယ် မစီးရဲ။ အလုပ်ပျမ်းမျှတွင် ဆင်တစ်ကောင် အလဟဿဖြစ်မည်ကို သစ်ထုတ်မန်နေဂျာ ဦးဇော်ဝင်းနှင့် နယ်တာဝန်ခံ ဝန်ထောက်ဦးသန်းဖင်၊ ဝန်ထောက် ဦးကျော်မြိုင်တို့က မလိုလား။ သာယာဝတီသစ်ထုတ်နယ်၏ မန်နေဂျာ ဦးဇော်ဝင်းမှာ သာယာဝတီ၊ လက်ပန်တန်း၊ မင်းလှ အုတ်ဖိုနယ်များကိုပါ ကိုင်ရလေရာ သစ်ထွက်ရေး ပြည့်မီရေးမှာ အရေးကြီးသည်ဖြစ် ၍ ဆင်တိုးလုံးအား လောလောဆယ်စီးရန် သာယာဝတီသစ်ထုတ်နယ်မှ အတွေ့အကြုံရင့်သော စောခုအား ပိုကြီးချောင်းများ ဆင်ဝိုင်းသို့ စေလွှတ်ရလေ၏။ နယ်တာဝန်ခံ ဦးသန်းဖင်ကလည်း ကြီးကြပ်စီစဉ်ရလေ၏။

အောက်တိုဘာလ၏ နံနက်စောစောနှင့် နှင်းမှုန်များကျပြီး တောင်နိုးဝေနေချိန်မှစ၍ ဆင်နှင့်လုပ်သားများ အလုပ်လုပ်ခဲ့သည်မှာ နေ့လယ် တစ်နာရီခန့်ရှိခဲ့ပြီး ဆင်လည်းမော၊ လူလည်းမော၊ ဝမ်းကလည်း တကျုတ်ကျုတ် ဆာပြီဖြစ်သဖြင့် အလုပ်မှ ဖြုတ်၍ ထမင်းစားကြတော့မည်။ ဆင်တိုးလုံး အပါအဝင် ဆင်(၁၀)ကောင်ဖြင့် တစ်အုပ်တစ်မ အလုပ်လုပ်ကြရာ၌ တစ်နေရာတည်း စု၍ လုပ်ရသည်တော့မဟုတ်။ သစ်များ ဖြတ်ထားရာ လှိုင် ချောင်းချောက်၊ တောင်ယိပ်၊ တောင်စောင်းတို့မှ သစ်တစ်လုံးချင်းကို

• သက်ပန်စာပေ •



နဖားဖောက်တွင်း သံကြိုးချည်၍ ဆင်ကို ဆွဲစေရသည်။ သစ်ပုံရာပြန့်သို့ ဆွဲရာတွင် ဆင်ဦးစီးကော ဆင်ပါ ပါးနပ်ရန် လိုသည်။ ဆင်ခြေထောက်ကို သစ်မထိုးမိရန်၊ ခြေမချော်ရန် နေရာလမ်းကြောင်းရွေး၍ ဆွဲရသည်။ မတ်စောက်သည့် တောင်ဆိုလျှင် ရှောင်၍ ပြေရာဘက်မှ ဆွဲဆင်းရသည်။ သို့မဟုတ်ပါက နောက်မှ ဆွဲလာသည့် ဆင်ကို ပြေးဆောင့်တတ်ရာ ထိုအခါ ဆင်ခြေကျိုးလျှင် ကျိုး၊ ဆင်တောင်အောက်ကို သစ်ဖြင့် လိမ့်ကျလျှင် ကျ၊ မကျလျှင် ဆင်လဲလျှင်လဲ ဖြစ်တတ်ကာ ဆင်ရော ဦးစီးပါ အသက်ဆုံးရှုံးနိုင်သည်။

စောခုမှာ ဆင်တိုးလုံးကိုစီး၍ အလုပ်လုပ်ခဲ့သည်မှာ ရက်သတ္တ တစ်ပတ်မျှ ရှိပြီဖြစ်၏။ ဆင်ဆိုးကို စီးရာတွင် အတွေ့အကြုံရှိသူပီပီ ဆင်ဦးစီးကိုင်သည့် ဓားချွန်းကို လက်က ဘယ်တော့မှ မချ။ (ထိုအရပ်တွင် ဆင်ဦးစီးများ ချွန်းမကိုင်ကြ၊ ဓားချွန်းသာ ကိုင်သည်) ဓားချွန်းမှာ အသွား (၁၀)လက်မ၊ (၁၅)လက်မ ရှိပြီး မြနေအောင် သွေးထားရကာ ဆင်၏ နားနှင့်ထိပ်ကို လိုသလို ထိုးခြင်း၊ ခုတ်ခြင်း၊ ဓားနောင့်ဖြင့်ထုခြင်း ပြု၍ ထိန်းကျောင်းရသည်။

စောခု ဆင်တိုးလုံးကို စစီးကတည်းက မကြိုက်သော အချက်နှစ်ချက် ရှိသည်။ ပထမအချက်မှာ ဆင်တိုးလုံး၏ မျက်လုံး ဖြစ်ပြီး ဒုတိယအချက်မှာ ဆင်၏ ပါးပြင်မှ ညှင်းပြောက်ဖြစ်၏။ ဆင်တိုးလုံးမှာ အကောင်နှင့်စာလျှင် မျက်လုံးမှာ သေးငယ်လေသည်။

• သက်ပန်စာပေ •

www.burmeseclassic.com

www.burmeseclassic.com



ဆင်ကို စောခူ ကြိုက်တာ မကြိုက်တာ အပထား။ မိမိအား ပေးအပ်သည့်တာဝန်အရ ထိုဆင်ကိုစီး၍ ကရင်ပီပီ သစ္စာရှိရှိ အလုပ်လုပ်ရပေမည်။

စောခူမှာ အရပ်(၅)ပေသာ ရှိ၍ ဂင်တိုတို၊ ဗလကောင်းကောင်း၊ အသားညိုညို၊ ဆင်ဦးစီးပီပီ ဆံပင်ရှည်ရှည်ရှိ၏။ အမြဲပြုံးရွှင်၍ လူတကာနှင့် သင့်မြတ်အောင် နေတတ်၏။ အသံမှာ အောင်လှသည်။

မအော်ဘဲ သာမန်စကားပြောရုံမှာပင် တစ်စခန်းလုံး ကြားရသည်။ တောင်ပေါ်၊ ချောင်းတွင်းမှာ စကားပြောရင်း သွားလျှင် တစ်ချောင်းလုံး၊ တစ်တောင်လုံး ကြားရသည်။ ဤသည်မှာ စောခူ၏ ထူးခြားချက် ဖြစ်လေသည်။

ယခု ဆင်စီးရသည့် ငပိုကြီးချောင်းဖျားမှာ ရိုးမအလယ်ကြောကြီး၏ အခြေဖြစ်၍ တောင်ကမ်းပါးယံများမှာ မြင့်မားသည်။ ထိုတောင်များထဲတွင် အမြင့်ဆုံးနှင့် အထူးခြားဆုံး ဖြစ်ကြသော 'ဆေးဆိုးပျောက်' (ဆေးရိုးပျောက်ဟုလည်း ခေါ်သည်)၊ 'စိမ်တောင်'၊ 'နတ်စဥ်တောင်' ဆိုသည့် တောင်သုံးလုံး ရှိသည်။ တောင်သုံးလုံးဟု သတ်မှတ်ထားသော်လည်း တောင်ကြောမှာ တစ်ကြောတည်းဖြစ်ကာ တောင်ထွတ်သုံးခုက မိုးသို့ ထိုးထွက်နေသဖြင့် ထူးထူးခြားခြား ဖြစ်နေ၏။ တောင်သုံးလုံး၏ ထူးခြားချက်ဖြစ်၏။ တောင်သုံးလုံး၏ ထူးခြားချက်မှာ မြင်ရုံသာ မကသေး။ ရိုးမကိုကျော်လျှင် ထိုတောင်များရှိရာကြောကို ကျော်ရမည်။ သာမန်ကျော်၍ မရ။ ဆေးအိုးပျောက်တောင်တွင် တောင်ထွတ်ကို





ကျော်ရန်မှာ ပေ(၂၀၊ ၂၅)ပေခန့်ရှိ ကျောက်တန်းကို ကျော်ရသည်။ ထိုကျောက်တန်းမှာ တောင်ထွတ်သို့ ရောက်ရန်ဖြစ်ပြီး အကျယ်မှာ နှစ်ပေထက် မပိုသည့် ကျောက်ထွတ်ကြီး ဖြစ်ပေရာ ... ဟူးဟူးပင့်၍ တိုက်နေသော နေရာမို့ လူဖြတ်ရန် မလွယ်။ ... 'ကျောက်တံတား'ဟု ခေါ်ကြသည်။

အလားတူပင် 'စိမ်တောင်'တွင်လည်း ထိုကဲ့သို့ပင် ရှိ၏။ ထိုစိမ်တောင်မှ နေရာကိုမူ 'ကျောက်တံခါး'ဟု ခေါ်လေသည်။

တတိယတောင်မှာ 'နတ်စဥ်တောင်'ဖြစ်၍ တောင်ထွတ်သုံးခုတွင် အမြင့်ဆုံးဖြစ်ပြန်သည်။ သူ၏ ထူးခြားချက်မှာ အနောက်ဘက်ခြမ်းမှာ မြင့်မားသည့် ကျောက်ကမ်းပါးယံကြီးရှိပြီး တက်ရန် ခက်သည်။ မည်မျှ စောက်သနည်းမူ တောင်တန်းပေါ်တွင် တောင်တန်းပေါ်တွင် နေထိုင်သည့် 'ဗိုင်' (ထိုအရပ်က 'တောနွား'ဟု ခေါ်ကြသည်)များပင် ချော်ကျဖူးသည်။ ထို့ကြောင့် ထိုနေရာကို 'နွားကျ'(နကျ)ဟု ခေါ်ပြန်သည်။ ရှေးလူကြီးများကတော့ ထိုတောင်ကိုတက်ရန် တောင်ခြေတွင် အနားယူရ (အရှိန်ယူရ) သဖြင့် 'နားကြ'(နကျ)ဟု ခေါ်ခြင်းဖြစ်သည်ဟု ဆိုလေသည်။

မည်သို့ဆိုစေ ထိုရိုးမကြီးကို ဖြတ်ရန်မှာ 'နကျ' တစ်လုံးတည်းသာ ရှိသဖြင့် 'ရိုးမဖြတ် တောင်ကြားလမ်း'ဟု ခေါ်ဆိုနိုင်ပါသည်။ တောင်ကြားလမ်းကို ကျော်သွားပါက ပဲခူးချောင်းဖျားသို့ ရောက်နိုင်၏။ ပဲခူးချောင်းဖျားပိုင်းကို ထိုအရပ်က 'ဇာမဏီချောင်း'ဟု ရှေးကပင် ခေါ်ခဲ့ရာ ထိုချောင်း၏ မြောက်ဘက်ကို 'မြောက်ဇာမဏီကြိုးပိုင်း'ဟုလည်းကောင်း၊ တောင်ဘက်ကို



www.burmeseclassic.com

www.burmeseclassic.com



‘တောင်ဇာမဏီကြိုးဝိုင်း’ဟုလည်းကောင်း အင်္ဂလိပ်ခေတ်ကပင် သတ်မှတ်ထားခဲ့ပြီး သစ်တောဌာနမှ သစ်ထုတ်ခဲ့ကြရာ ယနေ့တိုင်အောင် ဖြစ်၏။

ထိုတောင်သုံးလုံး၏ အနောက်ဘက်ခြမ်းမှာ ရွက်ကြွေတောနှင့် အမြဲစိမ်းတော ရောယှက်နေသဖြင့် ကျွန်း၊ ပျဉ်းကတိုး၊ ထောက်ကြံ့၊ အင်၊ အင်ကြင်း၊ သစ်ခါး၊ ယမနေ၊ သဖန်း၊ ဒီဒူး၊ လက်ပံ စသည့် အပင်မျိုးတို့ ပေါက်ရောက်သကဲ့သို့ ဝါးအမျိုးမျိုး၊ သံသတ်၊ တောင်သရက်၊ အနမ်းဗိုလ်၊ ကြို့စသည့် အပင်ကြီးများလည်း ပေါက်ရောက်သည်။ ရောနှောတောဖြစ်၍ အချို့နေရာတွင် အောက်ခြေရှင်းသော်လည်း အချို့နေရာတွင် အောက်ခြေရှုပ်လှသည်။

ရိုးမ၏ အရှေ့ဘက်ခြမ်းတွင် အမြဲစိမ်းသစ်တောကြီးဖြစ်၍ တစ်နှစ်ပတ်လုံး စိမ်းစိုကာ စိမ့်စမ်းကောင်းရှိသဖြင့် သားကောင်ကြီးများမှာ ရိုး၏ အရှေ့အနောက်ကိုကူးကာ မိမိကြိုက်နှစ်သက်ရာ ရာသီအလိုက် သီးပွင့်သည့် တောသီး၊ တောပွင့်တို့ကို စားကာ နေရာရွှေ့ပြောင်း ကျက်စားလေ၏။ ကျောက်တောင်ထူထပ်သဖြင့်လည်း သားစား ကျား၊ ကျားသစ်၊ ဝက်ဝံတို့ ရှိသကဲ့သို့ စိုင်၊ ပြောင်၊ တောနွား (စိုင်နှင့် မတူပါ)၊ တောဆိတ်၊ တောင်ဆိတ်တို့အပြင် အခြားအကောင်ငယ်နှင့် ငှက်မျိုးများလည်း စုံလှလေသည်။

ထိုရိုးမ၏ အနောက်ဘက်ခြမ်း တောင်ထွတ်သုံးလုံးရှိရာနေရာကို မင်းလှ၊ အုတ်ဖိုမြို့နယ် အရှေ့ဘက်ခြမ်း ရွာများဖြစ်





ကြသော စိန်ကန့်လန့်၊ ဇန့်ပွေးကုန်း၊ ဟိုင်းယု၊ ဆယ်ရွာ၊ အုန်းတော၊ ထန်းပင်ကုန်း၊ ဝင်းသရက်၊ စင်မြင့် စသည့် ရွာများမှ လှမ်း၍ မြင်ရပြီး တောင်ထွတ်များ၏ ထူးခြားချက်များကို သိကြသည်။ သို့သော် ကျောက်တံတား၊ ကျောက်တံခါး စသည့် ကျောက်ထွင့်များကို ရောက်ဖူးသူမှာ တစ်နယ်လုံးပေါင်းမှ (၁၀)ဦးပင် မရှိ။ ထို(၁၀)ဦးတွင် စာရူလည်း ပါသည်။ စာရူက စာရေးသူအား ပြောပြရာတွင် သူ ထိုကျောက်တန်းကို ရောက်ဖူးသည့်အချိန်က လေမှာ အောက်ကပင့်၍ တိုက်နေသည်သာမက နှင်းဖွဲများ ကျနေသဖြင့် မတ်တတ်ရပ်၍ မကူးရဲ၊ အမှီအတွယ် လက်ကိုင်လည်း ဘာမျှမရှိ။ မကူး၍လည်း မဖြစ်သဖြင့် နှစ်ပေခန့်အကျယ် ကျောက်တန်းကို ခွ၍ လေးဘက်ထောက်ကာ ကူးခဲ့ရကြောင်း “အမလေးလေး . . ဆရာရယ်၊ ကျများကျလို့ကတော့ အလောင်းကောက်ဖို့ နေနေသာသာ တွေ့တောင်တွေ့မှာ မဟုတ်ဘူး”ဟုလည်းကောင်း၊ ကျောက်တန်းတစ်ဖက်ကို ရောက်သွားတော့ ကိုင်းနေတဲ့ ညောင်ပင်တစ်ပင်ကို တွေ့ရပြီး ကိုင်းပေါ်တွင် တောဆိတ်တစ်ကောင်က တက်နေသည်ကို သူတို့ စောင့်ကြည့်နေကြောင်း၊ သူတို့အဖွဲ့တွင် ဒူးလေးသမား မုဆိုးတစ်ဦးပါပေရာ ထိုဆိတ်ကိုပစ်ရန် လေးတင်သောအခါ ဆိတ်မှာ သစ်ပင်ပေါ်မှ ချောက်ထဲသို့ ခုန်ဆင်းသွားကြောင်း၊ မုဆိုးမှာ ဆိတ်ကို မပစ်လိုက်ရသဖြင့် စိတ်တိုကာ လူတစ်ပိုက်မျှ ရှိသော ကျောက်တုံးလုံးလုံးတစ်လုံးကို အရှေ့ဘက် ဆင်ခြေလျှောတစ်လျှောက် ကန်ချခဲ့ကြောင်းတို့ကို ပြောပြလေ၏။ ထိုအခါ ကျွန်ုပ်က စူးစမ်းလို၍



www.burmeseclassic.com

www.burmeseclassic.com



မေးကြည့်သည်မှာ . . .

ကျွန်ုပ် ။ နေပါဦး၊ ခင်ဗျားတို့က ဘာတက်လုပ်တာလဲ။

ခူ ။ ကျောက်တက်ရှာတာလေ။

ကျွန်ုပ် ။ ဘာကျောက်လဲ။

ခူ ။ မသိဘူး။ ပတ္တမြားလို့တော့ ထင်တာပဲ။

ကျွန်ုပ် ။ ဘာ့ကြောင့် ပတ္တမြားလို့ ထင်တာလဲ။

ခူ ။ ညညှ ကျောက်တန်းအောက်အဆင့် တောင်စောင်းက မီးတိုင်တွေလို လင်းလင်းနေတာ တွေ့ရတယ်။

ကျွန်ုပ် ။ လမိုက်ညမှာလား၊ လသာညမှာလား။

ခူ ။ လသာသာ၊ လမိုက်မိုက် တွေ့ရတာပဲ။

ကျွန်ုပ် ။ ခင်ဗျားတို့အဖွဲ့ပဲ တွေ့တာလား။

ခူ ။ ဘယ်ဟုတ်ပါ့မလဲ ဆရာ။ ဒီကားလမ်း (ရန်ကုန်–ပြည်ကားလမ်း) အရှေ့ဘက်က ရွာတွေအားလုံး တစ်နယ်လုံးက တွေ့တာပဲ။

ကျွန်ုပ် ။ လူရှိလို့ မီးထွန်းတာ မဖြစ်နိုင်ဘူးလား။

ခူ ။ မဖြစ်နိုင်ဘူး။ လူလည်း မရှိဘူး။ လူလည်း မရောက်ဘူး။ ဒီနယ်က မုဆိုးနှစ်ယောက် သုံးယောက်နဲ့ ကျွန်တော်အပါအဝင် လူ လေး၊ ငါး ခြောက်ယောက်ပဲ ရောက်ဖူးတာ။ ပြီးတော့ . . .

ကျွန်ုပ် ။ ပြီးတော့ ဘာဖြစ်သလဲ။

ခူ ။ အဲဒီမီးကို တစ်နှစ်လုံး မြင်နေရတာ မဟုတ်ဘူး။ နှစ်လပဲ မြင်ရတာ။

● သက်ပန်းစာပေ ●



ကျွန်ုပ် ။ ဘယ်လတွေမှာလဲ။

ခူ ။ ပြာသိုလနဲ့ တပေါင်းလ။

ကျွန်ုပ် ။ ကျန်တဲ့လတွေမှာ ဘာလို့ မမြင်ရတာလဲ။

ခူ ။ မသိဘူးဆရာ . . . ဟုဆိုကာ ခေတ္တစဉ်းစားပြီး ‘နောက်တစ်လ မြင်ရတာ ရှိသေးတယ်’

ကျွန်ုပ် ။ ဘယ်လလဲ။

ခူ ။ တပို့တွဲလ။

ကျွန်ုပ် ။ ဒီဆေးအိုးပျောက်တောင် ကျောက်ဟံတားမှာလား။

ခူ ။ မဟုတ်ဘူးဆရာ။ စိမ်တောင်ပေါ်က ‘ကျောက်တံခါး’ ဘက်မှာ။

ကျွန်ုပ် ။ နှစ်တိုင်းပဲလား။

ခူ ။ နှစ်တိုင်းပါပဲ ဆရာ။

ကျွန်ုပ် ။ ခင်ဗျားတို့ တက်ရှာတဲ့ ပတ္တမြားကော တွေ့ခဲ့လား။

ခူ ။ ဘာ ပတ္တမြားမှ မတွေ့တဲ့အပြင် လူတောင် ကံကောင်းလို့ မသေတာ ဆရာ။

◆◆◆

စောခူမှာ ကျွန်းတုံးတစ်တုံးကို ဆင်ဖြင့်ဆွဲနေရာ သစ်ပုံရာနေရာသို့ ရောက်လုပြီ။ ဒီသစ်ရောက်ပြီးလျှင် ဆင်ဖြုတ်၍ ထမင်းစားမည်။ ဆင်ကိုလည်း နှစ်နာရီခန့် အနားပေးမည်ဟု ဆုံးဖြတ်ထားၾ။ ဆင်မှာ တစ်နံနက်လုံး အလုပ်ကို ကောင်းစွာ လုပ်ခဲ့သော်လည်း ယခု နောက်ဆုံးအလုံးကိုဆွဲကာမှ ဂနာမငြိမ်။

● သက်ပန်းစာပေ ●

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ကို ရှေ့တိုးနောက်ဆုတ် ယိမ်း၏။ နှာမောင်းကိုလည်း ဟိုယမ်းဒီယမ်း လုပ်ကာ အရေပြားကိုလည်း လှုပ်၏။ ခေါင်းတယမ်းယမ်း နှာတမှုတ်မှုတ်ဖြင့် ဖြစ်နေ၍ စောခူက . . .

" . . . . မသား၊ ဘာဂနာမငြိမ် ဖြစ်နေတာလဲ။ ခုပဲ နားတော့မှာ။ သေချင်လို့လား"ဟု ငေါက်ကာ ယမ်းလာသည့် နှာမောင်းအား ဓားချွန်းဖြင့် ထောက်ပေးလိုက်ရ၏။

ဆင်မှာ အသားနာကို ထိသွားသဖြင့် ငြိမ်သွားသော်လည်း မျက်လုံးမှာ မှေး၍ သွား၏။

စောခူမှာ ဦးစီးကို ရန်လုပ်တတ်၊ သေကြောင်းကြံတတ်သော ဆင်ကို စီးရသဖြင့် နိုင်အောင်ကိုင်ထားရ၏။ မညှာမတာ ဆက်ဆံရ၏။ တစ်ခါတစ်ရံတွင် ဓားချွန်းဖြင့် နှာမောင်း၊ ထိပ်၊ လက်၊ နားရွက်တို့ကို ဆွပေးကာ ငြိမ်အောင် ထိန်းရသည်။ မညှာမတာဆိုရာ၌ ဆင်၏ စရိုက်ကိုလိုက်၍ လုပ်ရခြင်းဖြစ်၏။ တစ်နည်း ဦးစီးကို ကြောက်နေအောင်၊ ဦးစီးအသံကြားသည်နှင့် ငြိမ်နေအောင် လုပ်ထားရ၏။ ထိုဆင်ဆိုးမျိုးမှာ ဘေးမှ လူတစ်ဦးဦးက ဆင်ဦးစီးကိုင်ပုံ ကြမ်းသဖြင့် ဆင်ကို "သနားပါတယ်"ဟု မပြောရ။ ထိုသို့ပြောလျှင် ဆင်ဦးစီးမှာ အလွန်စိတ်ဆိုး၏။ ဆင်မှာလည်း ရောင့်တက်လာတတ်၏။

ဆင်တိုးလုံးမှာ ထိုအမျိုးအစား ဖြစ်လေသည်။

သစ်ကို လိုရာသို့ ရောက်အောင် ဆွဲပြီးသောအခါ ဆင်ပဲ့ချိတ်အား "အောင်ဝင်းရေ၊ နားမယ်ဟေ့"ဟု ပြောပြီး . . .

"မက်၊ မက်"ဟု ဆိုကာ ဆင်ထိပ်ကို ဓားဖြင့်ထောက်

● သက်ပန်စာပေ ●



၍ ဝပ်ခိုင်းလိုက်သည်။ ဆင်က မမက်(မဝပ်)။

"မက်၊ မက်" ဆင်က မမက်။

စောခူ စိတ်ဆိုးလာကာ ပါးစပ်မှ "မက်မက်"ဟုပြောရင်း ဓားချွန်းကို ဆင်ဦးကင်းကား ထိုးစိုက်လိုက်ရလေ၏။

ဆင်မှာ နာသွားသဖြင့် ခေါင်းကိုယမ်းကာ ဝပ်၍ ပေးလေသည်။

စောခူက ဘယ်ခြေကိုမြှောက်ကာ ဆင်၏ လည်ပင်းပေါ်မှ ဆင်၏ ယာဘက်သို့ လျှော၍ ဆင်းလိုက်လျှင် ဆင်းလိုက်ချင်း ဆင်မှာ မတ်တတ်ရပ်လိုက်၏။ စောခူက . . .

"အောင်ဝင်းရေ၊ ရှေ့လက်ကို ထူးခတ်တော့"ဟု ပြောလိုက်သဖြင့် ပဲ့ချိတ်အောင်ဝင်းက . . .

"ဟုတ်ကဲ့"ဟုဆိုကာ လှံကို ဝဲဘက်ကိုပြောင်းပြီး သံကြိုးကို ယူလေ၏။

စောခူမှာ ဆင်၏ ယာဘက်မှ လှည့်အထွက် . . .

"ဟာ . . ခေါ်ပြီဟေ့"

ဆိုသည့် အသံကြားရပြီးနောက် စောခူမှာ နှစ်လံမျှ လွင့်သွားသည်။

ဆင်က နှစ်လှမ်းမျှ တိုးလာကာ ဒယီးဒယိုင်ဖြစ်နေသော စောခူအား အစွယ်ဖြင့် ထိုးလိုက်သည်ကို အောင်ဝင်းက တွေ့ရလေရာ သံကြိုးကိုပစ်ချ၍ လှံကို လက်နှစ်ဖက်ဖြင့်ကိုင်ရင်း ဆင်၏ ဘယ်ဘက်ခြေဖျား ခွာလုံးအား လှံဖြင့် စွပ်ခနဲ ထောက်လိုက်လေ၏။

● သက်ပန်စာပေ ●

www.burmeseclassic.com

www.burmeseclassic.com



"စွပ်"

"ဒုတ်"

"ဝူး ..ဝူး"

"အောင်ဝင်းရေ့ မညာနဲ့ဟေ့။ တင်ပါးကို လှံနဲ့ထောက်"

"စွပ်"

"ဝူး ..ဝူး ..ဝူး"

"အေ ...သား၊ လူသတ်ချင်တဲ့ဆင် မှတ်ပြီလားကွ"

စောခူး၏အသံ။

"ဝူး ..ဝူး ..ဝူး"

"ဝုန်း ..ဝုန်း ..ဝုန်း"

စောခူမှာ ဖင်ထိုင်ရက် လဲနေရာမှထကာ အောင်ဝင်းထံမှ လှံကိုယူလိုက်ပြီး ဆင်ပြေးရာနောက်သို့ ပြေးလိုက်သွားကာ ယာဘက်တင်ပါးအား လှံဖြင့် ပစ်လိုက်လေ၏။

"စွပ်"

"ဝူး ..ဝူး ..ဝုန်း ..ဝုန်း"

ဆင်မှာ လှံတန်းလန်းဖြင့် တောင်စောင်းသို့ တက်ပြေးလေ၏။

အဖြစ်အပျက်မှာ မြန်ဆန်လှသည်။ စောခူက အောင်ဝင်းအား ထူးခတ်ရန်ပြောပြီး လှည့်အထွက်တွင် ဆင်က အလစ်အငိုက်ယူ၍ စောခူအား အစွယ်ဖြင့် ပက်ထိုးလိုက်သည်။

ကံကောင်းလှ၏။ အစွယ်ဖျားဖြင့်မထိဘဲ ယာဘက်အစွယ်လုံးဖြင့် စောခူ၏ နံရိုးကိုထိလေရာ စောခူမှာ နှစ်လံမျှ

• သက်ပန်စာပေ •



လွင့်သွားခြင်း ဖြစ်၏။ ကိုယ်ဟန်ချက် ပျက်သွားသော စောခူအား ဆင်တိုးလုံးက အသေထိုးရန် နှစ်လှမ်းမျှ တိုးလာပြီး ထိုးလေရာ စောခူက ယာဘက်သို့ လှည့်ရှောင်ပြီး စွယ်ဖုံးအား ဓားချွန်းဖြင့် တအားလွှဲခုတ်လိုက်ရာ 'ဒုတ်'ခနဲ အသံမြည်ပြီး စွယ်ဖုံးတွင် သွေးများ ရဲသွား၏။ ထိုအချိန်တွင် အောင်ဝင်းကလည်း ဆင်၏ ဝဲဘက်ခြေ 'ခွာဖုံး'ကို လှံဖြင့်ထောက်လေရာ ဆင်မှာ "ဝူး ..ဝူး" အော်ရလေ၏။ စောခူမှာလည်း ဖင်ထိုင်ရက် လဲသွားရာမှ "မညာနဲ့ဟေ့"ဟု အော်လိုက်ချိန်တွင် ဆင်၏ တင်ပါးအား အောင်ဝင်းက လှံဖြင့် စွပ်ခနဲ ထိုးလိုက်တော့မှ ဆင်မှာ ဝဲဘက်သို့ လှည့်၍ ပြေးလေ၏။

စောခူမှာ ဖင်ထိုင်ကျရာမှ ထလိုက်ရာ ဝဲဘက်နံစောင်းမှာ မျက်ခနဲဖြစ်ကာ အောင့်၍လာ၏။ ဒါကို အမှုမထား။ အောင်ဝင်းထံမှ လှံကိုယူ၍ ပြေးလိုက်ပြီး ဆင်၏ တင်ပါးအား လှံဖြင့် ပစ်လိုက်ခြင်း ဖြစ်၏။

ထို့နောက် စောခူမှာ ခွေခနဲ လဲ၍သွားလေ၏။

◆◆◆

"ကိုစောခူ ..ကိုစောခူ"

"ဟင် ...အား ...နာတယ်၊ နာတယ်"

ဟုဆိုကာ ဝဲဘက်နံစောင်းအား ဖိထားရလေ၏။

"ငြိမ်ငြိမ်နေ ကိုစောခူ။ ဘာမှမပူနဲ့။ ခင်ဗျားကို လောလောဆယ် ကျပ်စီးပေးထားတယ်။ သာယာဝတီဆေးရုံ ပို့ပေး

• သက်ပန်စာပေ •

www.burmeseclassic.com

www.burmeseclassic.com



မယ်။ ကျွန်တော် ထင်တယ်၊ ခင်ဗျား ဝဲဘက်နံရိုး တစ်ချောင်း နှစ်ချောင်းတော့ ကျိုးတယ်ထင်တယ်''

''အခုပဲ ခရီးသွားဆင် သွားကောက်နေတယ်။ ဆင်နဲ့ ပို့ပေးမယ်''

ဟု ဆင်ခေါင်း ကိုဝင်းအောင်က ဆိုလိုက်ရာ စောစူမှာ မျက်လုံးကိုမှိတ်၍ နားနေရလေ၏။ ဝဲဘက်နံရိုးများမှာမူ တစ်ပြင်လုံး နာကျင်လျက်ရှိလေသည်။ တော်သေးသည်။ အသက်တော့ မသေနိုင်။

—◆—◆—◆—

နိုဝင်ဘာလလယ်ပိုင်း တစ်ရက်တွင် ဖြစ်၏။ မင်းလှဆည် စောင်းတွင်ရှိ ရှင်းလင်းဆောင် ဝရန်တာတွင် ကျွန်ုပ်နှင့် အဘက အရှေ့ဘက်တောင်တန်းများဆီသို့ ကြည့်ကာ ဝေဖန်နေကြသည်။ ရိုးမအလယ်ကြောရှိရာ မြင့်မားသည့် တောင်တန်းများမှ တောင်မောက်မောက်သုံးလုံးက ပြာရီမှိုင်းကာ မှိုမှိုမောက်မောက် ရှိနေပြီး အချို့နေရာများတွင် သစ်ပင်မပေါက်ဘဲ ကျောက်သက်သက်သာ ဖြစ်ပုံရ၏။ ထိုနေရာများမှ မီးခိုးရောင် ရင့်ရင့်ဖြစ်ကာ အခိုးထွက်နေသည်ဟု ထင်ရသည်။ အောက်ဖက် တောခြေ နေရာများမှာတော့ အချို့စိမ်းစိမ်း၊ အချို့ပြာပြာ၊ အချို့ဝါဝါ။ ရွက်ကြွေတောနှင့် အမြဲစိမ်းသစ်တော ရောနှောပေါက်ရာ သစ်တော၏ သဘာဝ အတိုင်း အုတ်ဖိုသစ်ထုတ်နယ်မှ တောခေါင်းကလေးဖြစ်သော ကိုအုန်းလှိုင်နှင့် ဆည်တာဝန်ကျ ရဲတပ်ကြပ်ကြီး မြမောင်၊ အင်





ဂျင်နီယာ ကိုဗလတို့က အဘနှင့် ကျွန်ုပ်တို့အား ဆည်အကြောင်း ကို ရှင်းပြနေကြရင်းမှ အဘက သိလိုသည့် အချက်များကို မေးနေသည်။

ကိုဗလက . . .

''ဒီဆည်က ပဲခူးရိုးမ အလယ်ကျောက ရေဝေတဲ့ 'ငပိုကြီးချောင်း'၊ 'ရင်းတိုက်ချောင်း'၊ 'ဆင်ထိုးချောင်း' ချောင်း သုံးချောင်းကနေစီးပြီး ဆည်ရဲ့တောင်ဘက်ကို စီးတဲ့ 'တောင် ချောင်း'ဆည်ရဲ့ မြောက်ဘက်ကိုစီးတဲ့ 'မြောက်ချောင်း'တို့ကို တမံ တုပ်ပြီး ရေသွင်းထားတာ အဘ။ ဒီဆည်ဘောင်ကတော့ 'ဆယ် ရွာ'ရဲ့ အရှေ့ဘက်တစ်မိုင်လောက်မှာ တုပ်ထားတာ။ ဒီချောင်း တွေက ဟိုးတောင်မောက်မောက် သုံးလုံးဖြစ်တဲ့ 'ဆေးအိုး ပျောက်'၊ 'စိမ်တောင်'၊ 'နတ်စဉ်တောင်'တွေက ပြာသို၊ တပို့တွဲ တပေါင်းလတွေမှာ နတ်မီးထွန်းတတ်တယ်ဟုတ်လား။ တယ်ထူး ဆန်းပါလားဗျာ''

—◆—◆—◆—

အသံတစ်သံကြား၍ ကျွန်ုပ် နားစိုက်ထောင်ပြီးနောက် ကျော်လွှင်အား . . .

''နားထောင်ကြည့်စမ်း။ သံခလောက်နဲ့ တူတယ်''

''ဟုတ်တယ် ဆရာ''

''အေး . . . ဒါဆိုရင် ဆင်ဆိုးပဲကွ''

''ဟုတ်လိမ့်မယ်ဆရာ။ 'နကျ'စခန်းတုန်းက ဒီချောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံမှာ ထုတ်လုပ်ရေးဆင်အဖွဲ့ လုပ်ငန်းပြီးလို့ ဆင်ကော လူတွေပါ လာနားနေတယ်လို့ သတင်းရခဲ့တယ်။ ဆင်ဆိုး 'တိုးလုံး'လည်း ပါတယ်တဲ့ ဆရာ''

''ဒါဆို သေချာပြီ။ ဆင်ဆိုးကြောင်းသိအောင် သံခလောက်ဆွဲထားတာ''

ကျွန်ုပ်မှာ အတွေ့အကြုံအရ သိခြင်းဖြစ်၏။ ဆင်ဝိုင်းတွင် ဆင်ဆိုးပါလျှင် ထိုဆင်ကို သံခလောက်ဆွဲပေးရ၏။ သို့မှသာ သံခလောက်ပါလျှင် တောတက်သူများ အားလုံးကို ဆင်ဆိုးမှန်းသိကာ ဝေးဝေးမှ ရှောင်နိုင်ရန် ဖြစ်လေသည်။ ဆင်ဆိုးမဟုတ်လျှင်မူ သစ်သားခလောက်သာ ဆွဲပေးတတ်၏။

ဆင်ဆိုးမှာ သံခလောက် ဆွဲပေးခံရသည့်တိုင် တစ်ခါတစ်ရံ စိတ်ယုတ်မာမွေး၍ ရွှံ့(သို့မဟုတ်) သစ်ရွက်များကို သံခလောက်အတွင်း ပြည့်ညပ်နေအောင် သိပ်ကာ ခလောက်သံမမြည်အောင် လုပ်၍ အနီးအနားသို့ ရောက်လာသူများအား ဒုက္ခပေးတတ်လေသည်။

''ကျော်လွင်၊ ဒီကောင် တို့သွားမယ့်လမ်းပေါ်မှာလား''

ကျော်လွင်က အသံကို နားထောင်ပြီး ''လမ်းပေါ်မှာတော့ မဟုတ်ဘူးဆရာ။ ချောင်းထဲကအသံ။ ကျွန်တော်တို့က တောင်စောင်းက သွားရမှာ''

''အေး . . . ဒါဆိုလည်းသွား''

တောင်စောင်းမှ ချောင်းတွင်းသို့ အပေါ်စီးမှ လှမ်းမြင်ရလေရာ ဆင်မှာ အရပ်(၈)ပေကျော်၊ (၉)ပေနီးပါး မြင့်မည့်





အစွယ်မှာ တစ်တောင်ခန့်ရှိ စွယ်စုံဆင်ပေါက်တစ်ကောင် ဖြစ်ပြီး ချောင်းလယ်မှ ကျောက်အိုင်တွင် ရေဆော့နေကြောင်း တွေ့ရ၏။

ဆင်အားကျော်၍ (၁၀)မိနစ်ခန့် လျှောက်ခဲ့သောအခါတွင်မူ ဆင်ကျောင်းနေသည့် ယာယီစခန်းသို့ ရောက်တော့ရာ ဆင်အဖွဲ့သားများမှာ ကျော်လွင်နှင့် သိကျွမ်းခင်မင်သည့် မိတ်ဆွေများ ဖြစ်၍ ကျွန်ုပ်တို့အား ကြိသကာ၊ ရေနွေးကြမ်းတို့ဖြင့် ဧည့်ခံလေ၏။

ကျော်လွင်က တစ်ဦးချင်း မိတ်ဆက်ပေးပြီးနောက် စကားစမြည် ပြောကြသောအခါ ထိုအထဲတွင် အသံအောင်၍ ဖော်ရွေသော သူတစ်ဦးအား သတိထားမိ၏။ ထိုသူမှာ စောခူဆိုသည့် ဆင်ဦးစီးဖြစ်၍ ဆင်ဆိုးဖြစ်သော 'တိုးလုံး'ကို စီးရသူဖြစ်ကာ မကြာမီကမှ ဆေးရုံမှ ဆင်းလာရသူဖြစ်ကြောင်း သိရလေ၏။

ဝတ္ထုအစပိုင်းတွင် ဖော်ပြထားသကဲ့သို့ သူ့အား ဆင်တိုးလုံးက အစွယ်ဖြင့် ထိုးပုံ၊ ကံကောင်း၍ စွယ်လုံးနှင့် ရိုက်မိကာ ဝဲဘက်နံရိုးနှစ်ချောင်း ကျိုးသဖြင့် ဆေးရုံတက်ခဲ့ရပုံ၊ ဆေးရုံမှဆင်းပြီးနောက်တွင်လည်း ထိုဆင်ကိုပင် ဆက်စီးရန် ဆုံးဖြတ်ထားပုံတို့ကို သိရလေ၏။

အာဂ ဆင်ဦးစီး စောခူပါပေ။

ထို့အပြင် ကျောက်တံတား၊ ကျောက်တံခါး၊ နတ်စဉ်တောင်တို့မှ အကြောင်းများကို ဝတ္ထုအစပိုင်းတွင် ဖော်ပြသကဲ့သို့လည်း ပြောပြပြန်လေ၏။

''ဒါထက် ကိုစောခူ။ ခင်ဗျားဆင်တိုးလုံး ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုးနေတာလဲ၊ လူသတ်ချင်တာလဲ''

''ဒါက မွေးရာပါ စိတ်လို့ ပြောရမယ်ဆရာ။ ဒီဆင်မှာက မျက်လုံးက သာမန်ထက် သေးတာရယ်၊ သူ့ပါးနှစ်ဖက်ပေါ်က ညှင်းပေါက်ရယ်ဟာ ဆင်ဆိုးတစ်ကောင်မှာ ရှိတတ်တဲ့ လက္ခဏာပဲ။ ဒါမျိုးပါရင် စိတ်က မူမမှန်ဘူး။ ကောင်းချင်ရင်ကောင်းပြီး ဖောက်ချင်တဲ့အခါ ဖောက်တတ်တယ်''

''ဒါနဲ့တောင် ခင်ဗျားက ဒီဆင်ကို ဆက်စီးဦးမှာလား''

''စီးမယ်ဆရာ၊ ဆင်ဦးစီးလောကမှာ လူသတ်ဖူးတဲ့၊ လူကိုသတ်ဖို့ ကြံဖူးတဲ့ဆင်ကို စီးရတယ်၊ စီးနိုင်တယ်ဆိုတာ နည်းနည်းနောနော သတ္တိမဟုတ်ဘူး။ ဆင်ဦးစီးချင်းတောင် လေးစားရတယ်။ ပြီးတော့ ဒီဆင်မျိုးက ဦးစီးကို သံယောဇဉ်ရှိပြီဆိုရင် ငြိမ်တော့တာပဲ။ အဲဒီအခါကျရင် တခြားဆင်ဦးစီးတွေအတွက်လည်း အန္တရာယ်ကင်းတာပေါ့ ဆရာ''

''အေးဗျာ၊ ခင်ဗျားရဲ့ သတ္တိကတော့ ချီးကျူးလောက်ပါပေတယ်''

◆◆◆

ကျွန်ုပ်၊ ကျော်လွင်နှင့် အောင်သန်းမြင့်တို့ ထိုနေ့က စိုင်အုပ်ကို တစ်နေကုန်လိုက်ခဲ့ကြရာ ကျောက်တံတားရှိရာအနီးသို့ပင် ရောက်ခဲ့သည်။ သို့သော် စိုင်အုပ်ကို မမီ။ ထို့ကြောင့် ဆေးအိုးပေါက်တောင်ပေါ်မှ ပြန်ဆင်းကာ စောခူတို့ ဆင်စခန်းသို့ ပြန်ခဲ့ရသည်။ မိုးချုပ်လုပြီ။ စခန်းတွင် စောခူကပင် ...

• သက်ပန်စာပေ •



''မထူးပါဘူး ဆရာရယ်။ မိုးလည်းချုပ်တော့မယ်။ ဆေးအိုးပေါက်တောင်ပေါ်က ညဦးနက်လို့ နတ်မီးထွန်းတာကို လှေလာသွားဦးပေါ့''

ကျွန်ုပ်မှာ သူ့စကားကြောင့်ပင် လှေ့လာလိုစိတ် ပေါက်သွားမိ၏။ သို့သော် ကျွန်ုပ်တို့တွင် ညစာအတွက် ဆန်က မရှိတော့။ နံနက်က ဆန်ကို တစ်နပ်စာသာ ယူခဲ့ရာ ယခုကုန်ပြီ။ စခန်းရောက်အောင် ပြန်မှ ညစာစားရမည်။ အဘလည်း မျှော်နေပေမည်။ ထို့ကြောင့် ကျွန်ုပ်က အကျိုးအကြောင်း ပြောပြရာ စောခူကပင် ...

''ဒါအတွက် ဘာမှမပူပါနဲ့ ဆရာရယ်။ ဆင်ဝိုင်းရောက်လို့မှ ဧည့်သည်ထမင်းငတ်ရတယ်ဆိုရင် ကျွန်တော်တို့ ဆင်သမားတွေ ရာဇဝင်ရိုင်းပါလိမ့်မယ်။ ငါးခြောက်နဲ့ ခရမ်းချဉ်သီး ချက်ထားတာ ရှိတယ်။ ထမင်းလည်း ကျက်ပြီးသား အဆင်သင့်ရှိတယ်။ စားနှင့်ပါ။ ကျွန်တော်တို့အဖွဲ့က တချို့ ဆင်သွားကြည့်နေတယ်။ သူတို့ မိုးချုပ်လိမ့်မယ်။ ဆရာတို့ စားပြီးမှ ထမင်းလိုရင်လည်း ထပ်ချက်လို့ရပါတယ်''ဟုဆိုကာ ကိုယ်တိုင် ထမင်းပြင်ကျွေးသဖြင့် စားကာ နတ်မီးကြည့်ရန် စောင့်ဖြစ်လေ၏။

ထမင်းစားပြီး ချမ်းချမ်းဖြင့် ကျွန်ုပ်၏ Sleeping bag ထုတ်၍ မီးဖိုနံဘေးတွင် ကွေးလိုက်ရာ ချက်ချင်းလိုပင် အိပ်ပျော်သွားလေ၏။

''ဆရာ ... ထ ထ၊ နတ်မီးကြည့်မယ်ဆို၊ နတ်မီးထွန်းထားပြီ ဆရာ''

• သက်ပန်စာပေ •

www.burmeseclassic.com



စောခု လာန္ဒိုးသဖြင့် နာရီကို ကြည့်လိုက်ရာ ညည့် (၁၁) နာရီပင် ရှိနေပြီ။

"ခင်ဗျား နတ်မီးက ဘယ်က ကြည့်ရမှာလဲ"

"လာ . . လာ . . ဆရာ။ ချောင်းထဲက ကြည့်ရင် ပို ရှင်းတယ်"

ဟုဆိုကာ ငပိုးကြီးချောင်း အလယ်မှ ကျောက်တုံးမြင့်မြင့်ပေါ်သို့ ခေါ်သွားရာ ကျော်လွင်ကော၊ အောင်သန်းမြင့်ပါ နိုးပြီမို့ လိုက်၍ လာကြလေ၏။ တောင်၏ ငါးပုံတစ်ပုံ တောင်ထိပ် ပိုင်းတွင် ဖြစ်လေသည်။

ကျောက်တုံးပေါ်မှ အရှေ့ဘက်သို့ ကြည့်လိုက်ရာ ဆေးအိုးပျောက်တောင်၏ ကျောက်တန်းအောက်ထစ်လောက်တွင် နတ်မီးဆိုသည်ကို တွေ့ရ၏။ ကျွန်ုပ်တို့ ကြည့်သည့်နေရာမှာ (၃)မိုင်မျှ အကွာအဝေးရှိမည် ဖြစ်ပြီး (၄၅)ဒီဂရီ၊ (၅၀)ဒီဂရီ အမြင့်တွင် တွေ့ရခြင်းဖြစ်၏။

မီးများမှာ နှစ်ဆင့်ဖြစ်ကာ ပထမအဆင့်တွင် သုံးခု၊ ဒုတိယအဆင့်တွင် ငါးခု ဖြစ်လေ၏။ မီးမှာ ဆီမီးတိုင်ကြီးများ ထွန်းထားသကဲ့သို့ရှိကာ စကြံလမ်းတွင် မီးတိုင်များ ထွန်းထား သကဲ့သို့ ရှိသည်ကို အားလုံးမြင်ကြရသည်။ လမိုက်ည ဖြစ် သောကြောင့်လည်း မီးမှာ တောက်ပ၍နေ၏။ ကျွန်ုပ်က အသင့် ယူလာသည့် Tesco မှန်ပြောင်းကလေးဖြင့် ကြည့်ပြန်ရာ မီးများ တွေ့ရသည့်နေရာမှာ တောရှင်းနေပြီး ကျောက်တုံး ကျောက် တောင်များ ပေါ်များသည့်နေရာဖြစ်နေ၏။ သို့သော် မှန်ပြောင်း





အတွင်းတွင် မီးတိုင်ကိုတော့ မမြင်ရ။ ကျောက်တုံးများအကြားမှ မီးတောက်များထနေခြင်းကိုသာ တွေ့ရ၏။

"ဘယ်နှယ်လဲ ဆရာ၊ မထူးဆန်းဘူးလား"

"ဆန်းတော့ ဆန်းတယ်။ ဒါပေမဲ့ တောမီးလောင်တာ ကော မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ဘူးဆရာ။ တောမီးဆိုရင် နေရာရွှေ့ လောင် ရမယ်။ ပြီးတော့ လေတိုက်တဲ့ဘက်ကို ယိမ်းရမယ်။ အခုဟာက တစ်နေရာတည်းမှာ လင်းနေတာ ဆရာအမြင်ပဲ"

စောခု ပြောသည်မှာ မှန်၏။ နတ်မီးဆိုသည့် အရာမှာ မီးတိုင်ထိပ်တွင် ဆီမီးထွန်းထားသည်နှင့်တူကာ ငြိမ်၍နေ၏။ ကျွန်ုပ်က တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ကာ . . .

"ကျော်လွင်ရေ . . ပစ္စည်းတွေသိမ်း။ မင်းနဲ့ငါ တက် ကြည့်မယ်။ ကိုစောခု လမ်းပြတစ်ယောက်လောက် ထည့်ပေး လိုက်ပါ"

◆◆◆

ကျွန်ုပ်တို့ စောခုတို့စခန်းမှ ထွက်လာသောအခါ သန်း ခေါင်ပင် ကျော်နေပြီမို့ ခုနစ်စဉ်ကြယ်က အမြီးပင်ထောင်နေလေ ပြီ။ လမ်းပြကရင်လေးနှင့် ကျွန်ုပ်၊ ကျော်လွင်တို့က ဓာတ်မီးတစ် ယောက်တစ်လက်အပြင် အဘ၏ ပွိုင့် (၃၅၅) မဂ္ဂနမ်ရိုင်ဖယ်ကို လည်း ယူလာရပေသည်။ လမ်းတွင် စိုင်တွေ့ပါက ပစ်ရန်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ငပိုးကြီးချောင်းမှာ ဆေးအိုးပျောက်တောင်ခြေမှ ကပ်၍ သွားလေရာ တောင်ခြေတွင် မြောင်တစ်ခု ရှိနေ၍ ထိုမြောင်မှ သစ်ခုတ်လမ်းအတိုင်း တဖြည်းဖြည်း တက်ရ၏။

တောင်ခြေ ငပိုးကြီးချောင်း (ဆေးအိုးပျောက်တောင်၏ တောင်ဘက်ခြေရင်း)သို့ ရောက်သောအခါတွင်မူ နတ်မီးရှစ်ခုကို တွေ့ရဆဲဖြစ်ပြီး ကျွန်ုပ်၏ မှန်ပြောင်းမှ ကြည့်ရာတွင် ပိုမိုရှင်းလင်းစွာ ဘေးတိုက် အနေအထားဖြင့် မြင်ရလေသည်။

ထို့ကြောင့် ဓာတ်မီးသုံးလက် တဝင်းဝင်းဖြင့် တောင်ခြေကို စတက်ရလေရာ တောမှာ တောခြောက် ဖြစ်နေ၍ အောက်ခြေရှင်း၏။ (၁)နာရီကျော်ကျော်မျှ တက်မိသောအခါ တောင်လယ်သို့ပင် ရောက်ခဲ့ပေပြီ။ နတ်မီးကို မြင်နေရဆဲ။ သို့သော် တောင်တက်လမ်းမှာ အရှေ့ဘက်သို့ ချိုးကွေ့သွားပြီးနောက် မီးရှိရမည့် နေရာသို့ ဦးတည်လိုက်သောအခါတွင်မူ တောင်တစ်ခုလုံး လုံးဝ မီးမရှိတော့ဘဲ မှောင်နှင့်မည်းမည်းသာ ဖြစ်နေတော့၏။

ကျွန်ုပ်က ၊ ကျေနပ်သေး။ နောက်ထပ် နာရီဝက်ခန့် တွေ့လိုတွေ့ငြား တက်ခဲ့ရာ တောင်ထိပ်ကျောက်တန်းသို့ပင် လှမ်းမြင်နေရပြီ။ သို့သော် လမိုက်ည ကောင်းကင်ယံတွင် ကြယ်ရောင်မှအပ မည်သည့်မီးကိုမျှ မတွေ့ရတော့။ အချိန်မှာ နံနက်(၄)နာရီပင် ရှိလေပြီ။

"ဆရာ ...ပြန်လှည့်ရအောင်"

လမ်းပြ ကရင်လေးက ဆို၏။

"နေပါဦး၊ မင်းတို့ နတ်မီးကို ရှာကြည့်ပါဦး"

• သက်ပန်စာပေ •



"မရှာပါနဲ့တော့ ဆရာရယ်။ ရှာလည်း တွေ့မှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်တို့တစ်တွေလည်း ရှာဖူးတယ်။ ဒါပေမဲ့ တောင်တစ်ဝက်ကျော်လာရင် မီးမမြင်ရတော့ဘူး။ ဒီလိုချည်းပဲ။ ဆရာတောင်အောက်ပြန်ဆင်းလို့ တောင်တစ်ဝက်လောက် ပြန်ရောက်ရင် ပြန်မြင်ရလိမ့်မယ်"

"တစ်ခုခု ကွယ်နေလို့ မဖြစ်နိုင်ဘူးလား"

"ဆရာမြင်တဲ့အတိုင်း ကျွန်တော်တို့ ကျောက်တန်းနားရောက်နေပြီ။ ဒါ တောင်ထိပ်ပိုင်းပဲ။ အပေါ်စီးပဲ။ တကယ် နတ်မီးရှိရင် တွေ့ကိုတွေ့ရမယ်။ ဘာမှ ကွယ်စရာ မရှိဘူး"

သူပြောသည်မှာ မှန်၏။ ကျွန်ုပ်တို့ ရောက်နေသည်မှာ တောင်ထိပ်နား ဖြစ်ရာ မြောက်လေက တဝီဝီ တိုက်နေ၏။ ကြယ်ရောင်ဖြင့် မြင်ရသည့် အမို့ အမောက်၊ အတန်းလိုက် ရှိနေသည့် တောင်စွယ် တောင်တန်းများမှာ ကျွန်ုပ်တို့၏ အောက်တွင်သာ ရှိနေ။ အချိန်မှာလည်း အရုဏ်ပင် တက်တော့မည်။

"အရုဏ်တက်ခါနီးလို့ မီးမမြင်ရတော့တာကော မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ဘူး ဆရာ။ မယုံရင် တောင်လယ်ကို ပြန်ဆင်းကြည့်၊ ပြန်တွေ့လိမ့်မယ်"

သူပြောသည်မှာ မှန်ပြန်သည်။ ကျွန်ုပ်တို့ သုံးဦး ပြန်ဆင်းလာရာတွင် တောင်လယ်သို့ ရောက်သောအခါ နတ်မီးဆို

• သက်ဝန်စာပေ •

www.burmeseclassic.com

www.burmeseclassic.com



သည့် အရာများကို ပြန်၍ မြင်ရပြန်၏။ ကျွန်ုပ်က ကျောပိုးအိတ် အတွင်းမှ (Olyumpus) ကင်မရာကို ထုတ်ယူလိုက်ကာ နတ်မီး များအား ဓာတ်ပုံနှစ်ပုံ ရိုက်ယူလိုက်မိပေပြီ။

တောင်ခြေ ငပိုးကြီးချောင်းတွင်းသို့ ပြန်ရောက်သော အခါ မိုးပင် လင်းနေပြီ။ ထို့ကြောင့် ခေတ္တနားရင်း နေထွက်အလာ ကို စောင့်ကာ မီးမြင်ခဲ့ရသည့်နေရာနှင့် ကျောက်တန်းကို နောက်ခံ ထား၍ ဓာတ်ပုံရိုက်ယူခဲ့ရလေ၏။

–◆–◆–◆–

"ဆရာ၊ ဆေးအိုးပျောက်တောင်ပေါ်က တစ်ခုခုများ ယူလာသေးသလား"

ဆင်ဝိုင်းသို့ ပြန်ရောက်သောအခါ စောရူက ကျွန်ုပ်ကို အလေးအနက် မေးလာရာ ကျွန်ုပ်ကလည်း . . .

"မယူခဲ့ပါဘူး။ ဓာတ်ပုံတော့ ရိုက်ခဲ့တယ်"

'ကျောက်တုံး၊ ကျောက်ခဲကော ကောက်ခဲ့သလား"

ထပ်မေးပြန်၏။

"မကောက်ခဲ့ဘူး။ ဘာဖြစ်လို့လဲ၊ ဘာ့ကြောင့် မေးတာ လဲ"

"ယူလာမိမှာ စိုးလို့ပါ။ ယူလာမိရင်လည်း ခရီးမဝေး ခင် ပြန်ထားခိုင်းမလို့ပါ ဆရာ"

ကျွန်ုပ် သူပြောနေသည်မှာ အကြောင်းတစ်ခုခု ရှိမည် ထင်သဖြင့် . . .

● သက်ပန်စာပေ ●



"ကိုစောရူ . . ခင်ဗျားမှာ အကြောင်းရှိရမယ်။ ကဲ . . . ပြော၊ ဘာအကြောင်းလဲ၊

ပစ္စည်းယူလာမိရင် ပြန်ထားရတဲ့ ဓာတ်လမ်းရှိခဲ့ဖူး တယ် မဟုတ်လား"

"ဟုတ်တယ်ဆရာ။ ဆရာ့ကို ကျွန်တော် ပြောခဲ့တုန်း က ကျွန်တော်နဲ့အတူ ကျောက်တန်းရဲ့တစ်ဖက်ကို ရောက်ခဲ့တဲ့ လူတွေထဲက တစ်ဦးကို ကျောက်တုံးလုံးလုံးတစ်ခုကို စိတ်ဆိုးဆိုး နဲ့ ချောက်ထဲ ကန်ချခဲ့တယ်လို့ ပြောခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်လေ"

"ဓာတ်လမ်းက အဲဒီမှာတင် မပြီးသေးဘူးဆရာ"

"ဆိုပါဦး"

"ကျွန်တော်တို့ တောင်ပေါ်က ပြန်ဆင်းလာတော့ ရွာ ကို ပြန်ခဲ့တယ်။ ညကျတော့ လမ်းမှာ အိပ်ရတယ်။ အဲဒီတော့ အိပ်မက်ပေးတယ် ဆရာ"

"ဘယ်လို ပေးတာလဲ"

"ဝတ်ဖြူစင်ကြယ်ဝတ်ထားတဲ့ အဘိုးအိုတစ်ဦးက တော် တော်စိတ်ဆိုးနေတဲ့ပုံပဲ။ မျက်ထောင့်ကြီးလည်း နီလို့၊ တောင်ဝှေး တထိုးထိုးနဲ့ လာပြောတယ်"

"ဟေ့ကောင်တွေ၊ မင်းတို့ ငါ့ပစ္စည်းကို ဘာဖြစ်လို့ ကန် ချသွားရတာလဲ။ မင်းတို့ တော်တော် လူပါးဝတယ်။ အေး . . ငါ့ ပစ္စည်းကို သူ့နေရာသူရောက်အောင် ပြန်ရှာပြီးထား။ မထားလို့ ကတော့ မင်းတို့လေးယောက်စလုံး အသေဆိုးနဲ့ သေစေရမယ်"

● သက်ပန်စာပေ ●

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ကြိမ်းတော့တာပဲ။ ပထမဆုံး ကန်ချတဲ့ကောင်ကို အိပ်မက်ပေးတယ်။ သူက ကရင်လည်း ကရင်ဆိုတော့ အယုံအကြည်မရှိလို့ ကျွန်တော်တို့ကို မပြောဘူး။ ရွာကိုရောက်အောင် ပြန်လာတယ်၊ နောက်ညပေကျတော့ ကျန်သုံးယောက်ကို တစ်ယောက်တစ်ည အိပ်မက်ပေးတော့တာပဲ၊ အိပ်မက်ပေးပုံကလည်း အားလုံးအတူတူပဲ ဆရာ''

''အဲဒီတော့ ခင်ဗျားတို့ ဘာလုပ်ကြသလဲ''

''ကျွန်တော်တို့ အချင်းချင်း ပြန်ပြောပြပြီး မဖြစ်ဘူး။ သူ့ပစ္စည်းပြန်ထားမှဆိုပြီး ရိက္ခာဝယ်၊ ဆေးအိုးပျောက် ကျောက်တန်းရောက်အောင် ပြန်တက်ပြီး အဲဒီကျောက်တုံးကို ရှာရတယ်။ ကျောက်တုံးကလည်း ချောက်ထဲကျသွားတော့ မနည်းရှာရတယ်။ ပြီးတော့ ကျောက်တုံးက လူတစ်ပိုက်လောက်ရှိပြီး လေးတာမို့ ရှာတာနဲ့ ချောက်ထဲက ပြန်သယ်တင်ရတာ သုံးရက်တောင် ကြာခဲ့တယ်ဆရာ''

''သူ့နေရာသူ ပြန်ရောက်ပြီးတော့ကော အိပ်မက်ပေးသေးလား''

''ပေးသေးတယ် ဆရာ။ အိပ်မက်ထဲမှာ အဲဒီအဘိုးကြီးက ထပ်ကြိုင်းသေးတယ်''

''ဘယ်လို ကြိမ်းတာလဲ''

''အေး ... ဒါ ပထမဆုံးအကြိမ်မို့ သည်းခံတာ။ နောက်တစ်ခါ ဒါမျိုးလုပ်ရင် သတ်ပစ်မယ်တဲ့ ဆရာ''

''ခင်ဗျားတို့ လေးဦးလုံးကို အိပ်မက်ပေးတာလား''

**• သက်ပန်စာပေ •**



''ဟုတ်တယ် ဆရာ''

''ဪ ... ဒါကြောင့်မို့ ခင်ဗျား ပြောတုန်းက 'ဘာပတ္တမြားမှ မတွေ့ခဲ့တဲ့အပြင် ကံကောင်းလို့ မသေတာ ဆရာ'လို့ ပြောခဲ့တာကိုး''

*တကြွင်း ။ စာရေးသူ ညဘက်ရိုက်ခဲ့သည့် နတ်မီးတာတ်ပုံ နှစ်ပုံမှာ မည်သည့်အတွက်ကြောင့်မှန်းမသိ ပျက်သွားခဲ့ပါသည်။ သို့သော် နံနက်ပိုင်း ကျောက်တန်းနောက်ခံဖြင့် ငပိုးကြီးချောင်းအတွင်းမှ ရိုက်ခဲ့သည့် ဓာတ်ပုံမှာ အကောင်းပကတိ ရရှိခဲ့ပါသည်။*

**• သက်ပန်စာပေ •**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကြီးမားအန္တရာယ် တောတွင်းသယ်

ဒီဇင်ဘာလ၏ တစ်ခုသော တနင်္ဂနွေနေ့ နံနက်၌ ပဲခူး (၁၀)မိုင်ကုန်းကျေးရွာ၊ ရွှေဖြူ(၃) ရေလှောင်တမံစောင့်၌ရှိသော ကျွန်ုပ်၏ ခြံအတွင်းမှ ဘန်ဂလိုကလေး၌ မိတ်ဆွေများ ဖြစ်ကြသော ကိုကျော်ကျော်၊ ဦးရွှေ၊ ချာချီသိန်း၊ ဘောလီ၊ ဖော့ဆက်၊ ကိုမောင်မောင်ကြည်တို့နှင့် စားရင်းသောက်ရင်း စကားစမြည် ပြောဆိုနေကြ၏။

အားလုံးမှာ အမဲပစ်ဝါသနာပါသူများ ဖြစ်ကြလေရာ ယခုနှစ် ပွင့်လင်းရာသီ၌ မည်သည့်တောသို့ ခရီးထွက်ကြလျှင် ကောင်းမည်ကို တိုင်ပင်ကြရန် ကျွန်ုပ်ခြံထဲသို့ ချိန်းဆို၍ စနေနေ့ ညနေကပင် ရောက်ရှိနေကြခြင်း ဖြစ်၏။

ကျွန်ုပ်၊ ကိုကျော်ကျော်၊ ချာချီသိန်းတို့မှာ ယခင်က လိုင်စင်ဖြင့် သေနတ်များ ကိုင်ခဲ့ကြသော်လည်း ၁၉၈၈ ခုနှစ်တွင် လုံခြုံရေးအခြေအနေအရ တပ်မတော်အစိုးရမှ လိုင်စင်သေနတ်များ ခေတ္တအပ်နှံထားကြရန် ညွှန်ကြားသဖြင့် သေနတ်များကို





အပ်ထားကြရလေ၏။ ထို့ကြောင့် တစ်နှစ်မှတစ်ကြိမ်၊ နှစ်ကြိမ်သာ တောသို့သွားကြကာ သစ်ထုတ်လုပ်ရေးနယ်မြေမှ မိတ်ဆွေလုံခြုံရေးအဖွဲ့အစည်းများနှင့် ပေါင်း၍ ဟင်းစားကျွေး အမဲပစ်ကြရလေ၏။

ယခုနှစ်တွင်လည်း မည်သို့ သွားရောက်လည်ပတ်ကြမည်ကို ညှိနှိုင်းတိုင်ပင်ကြရန် ကျွန်ုပ်၏ ခြံသို့ ရန်ကုန်မှ လာခဲ့ကြခြင်းဖြစ်၏။ ကျွန်ုပ်က ကျွန်ုပ်၏ Sunny Pick up ကားဖြူကလေးဖြင့်လည်းကောင်း၊ ကျန်သူများက ကိုဘောလီ၏ Publica Pick up ကားပြာကလေးဖြင့်လည်းကောင်း၊ စားစရာ သောက်စရာနှင့် ဟင်းချက်စရာများပါ သယ်၍လာခဲ့ကြခြင်း ဖြစ်၏။

ရောက်သည့်နေ့ ညနေပိုင်းတွင် ခြံစောင့်အား ရေလှောင်တမံအတွင်း ငါးကိုင်းထောက်စေရာ (၃၀)ကျပ်သား (၄၀)ကျပ်သားခန့်ရှိ ငါးရံ့လေးကောင် ရသဖြင့် တနင်္ဂနွေနေ့ နံနက်တွင် ငါးကြော်ကာ ရေနွေးကြမ်းဖြင့် မြည်းရင်း တောပစ်အကြောင်းများကို ပြောဆိုဆွေးနွေးကြလေ၏။

ဦးရွှေ ။ ချာချီတို့၊ မောင်မောင်ကြည်တို့ တောပစ်သွားတာ ဟုတ်ပါပြီ။ ပျော်စရာလည်း ကောင်းပါတယ်။ ကျွန်တော်လည်း တစ်ခေါက်နှစ်ခေါက်တော့ လိုက်ဖူးတယ်၊ ဒါပေမဲ့ တောင်ပေါ်တောကြီးတွေထဲသွားရင် ကျားတွေ၊ ဆင်တွေနဲ့ဆို၊ တော်တော်ကြောက်စရာကောင်းမယ်နော် . . .
ဟု စကားစ၍ မေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကြည် ။ ကျွန်တော်ကတော့ ဒီအနီးအနား ပဲခူးရိုးမတောတွေကို မလည့်ဖူးဘူး။ အရင် အရောင်းအဝယ်လုပ်တုန်းက မိုးမိတ်ဘက်မှာတော့ လည့်ဖူးတယ်။ ဟိုမှာ ဆင်နဲ့၊ ပြောင်နဲ့ ကျားပေါတယ်။ အမဲပစ်ရင် သတိတော့ တော်တော်ထားရတာပေါ့။

ရွှေ ။ ဘယ်လို သတိထားရတာတုံး။

ကြည် ။ ကျွန်တော်တို့ လူနှစ်ယောက်၊ သုံးယောက် တူမီးနဲ့ လည့်ကြတော့ တူမီးသေနတ်ကလည်း မကောင်း။ ချေ(ဂျီ)လေး၊ ဆတ်လေးပစ်ဖို့အသွား ဆင်အုပ်နဲ့ တိုးရင်၊ ပြောင်အုပ်နဲ့တိုးရင် အသက်ကို ဖက်နဲ့ ထုပ်ထားရတာ။ သစ်ပင်ကြီးကြီးပေါ် တက်နေရတယ်။ ဒါမှမဟုတ် သူတို့လမ်းကြောင်းနဲ့ လွတ်အောင် ရှောင်ရတယ်။

ချာချို ။ ဟုတ်တယ်။ ကျွန်တော်တို့ အရင် ဖူးကြီးဘက်တောသည်တုန်းကဆို ဆင်(၄၊ ၅၊ ၈)ကောင်အုပ်ရှိတယ်။ ခြေကျင်ထိုးလည်လည်၊ လင့်ပဲစောင့်စောင့် ဒီကောင်တွေကို သိပ်သတိထားရတယ်။ ဆင်ဆိုတော့ နှစ်လုံးပူးနဲ့ ပစ်လို့မရဘူး မဟုတ်လား။

နုပ် ။ ပစ်လို့ရလည်း ပစ်ခွင့်မရှိဘူး ချာချိုရေ။ ဆင်ဆိုတာ ရတနာတစ်ပါး။ နိုင်ငံတော်က ပိုင်တယ်။ ပြည်သူပိုင်ပစ္စည်းလည်း ဖြစ်တယ်။ ဒါကြောင့် သွားပစ်ရင် ပြည်သူပိုင်ပစ္စည်း တားမြစ်ကာကွယ်ရေး





အက်ဥပဒေပုဒ်မ ၆(၁)နဲ့ တရားစွဲခံရမယ်။ ပြစ်မှုထင်ရှားရင် ထောင်ဒဏ်(၇)နှစ်အထိ အပြစ်ပေးနိုင်တယ်။

ဥပဒေသမားပီပီ ရင်းတို့အား ဥပဒေဇဟုသုတအဖြစ် ပြောပြရလေ၏။

ကျော်ကျော် ။ ဟုတ်တယ်၊ ဟုတ်တယ်။ ဒါကြောင့် ဆင်ကို နိုးပစ်ရင်၊ အစွယ်ကိုလည်း ရောင်းစားကြရင် ပုဒ်မ ၆(၁)နဲ့ အရေးယူတယ်ဆိုတာ သတင်းစာတွေ၊ ဂျာနယ်တွေထဲမှာ ပါပါနေတာ တွေ့ရတယ်။

ဆာလီ ။ အေးဗျာ၊ တောထဲမှာတော့ ကြောက်မယ်ဆို ကြောက်စရာကောင်းတဲ့ အကောင်တွေက အများကြီးပဲ။ ကျား၊ ဆင်၊ ကျားသစ်၊ အဆိပ်ပြင်းတဲ့ မြွေတွေအကြောင်း ကျွန်တော်လည်း စာထဲဖတ်ထားရတော့ တောသွားတဲ့အခါ သတိထားရတယ်။

ကျော် ။ ဒါနဲ့ ကိုစိုးရေ၊ ဒီနှစ်တော့ ကျိုက်စကောကနေ တောင်ပေါ်တက်တဲ့ ကုလားစခန်းဘက်ကို သွားကြရအောင်ဗျာ။ ဒီလူတွေလည်း မရောက်ဖူးသေးဘူး။ ကျွန်တော့်ကိုလည်း ချာချိုတို့က ပူဆာနေတယ်။ ကျွန်တော်က ခင်ဗျားလိုက်ပို့ရင် ဖြစ်တယ်။ ခင်ဗျားက အဆက်အသွယ်ကောင်းတယ်လို့ ပြောထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြည် ။ ဟုတ်တယ် ဆရာစိုးရေ့။ ခင်ဗျားနဲ့ ကျွန်တော်တို့ နဲ့ သိတာ သိပ်မကြာသေးဘူး။ ကိုကျော်ကျော်နဲ့ ကတော့ ရင်းနှီးပြီးသားမို့ သူ့ကို အကူအညီတောင်း တော့ ခင်ဗျားပါမှ ဖြစ်မယ်။ ခင်ဗျားကိုပြောလို့ ပြောနေတယ်။ ဒါကြောင့် ခင်ဗျားကို ချိန်းပြီး လာ တိုင်ပင်ရတာပဲ။

ချို ။ ဟုတ်တယ် ဆရာစိုးရေ။ အဲဒီစခန်းဘက်မှာ မျောက်တော်တော် ပေါတယ်ပြောတယ်။ ကျွန်တော် တို့က ကရင်ပိပိ မျောက်ချေးခါးတော့ ကြိုက်တယ် ဗျို့။ ခင်ဗျား စီစဉ်ပေးဦး။

ကျွန်ုပ် ။ အေးဗျာ၊ စီစဉ်ပေးဆိုလည်း စီစဉ်ရတာပေါ့၊ တောင် ပေါ်မှာ ကျွန်တော့်မိတ်ဆွေ ဆင်ခေါင်းတွေ ရှိ ပါတယ်။ သူတို့ ဘယ်အကွက်တွေမှာ သစ်ထုတ် နေလဲဆိုတာ စုံစမ်းပေးမယ်၊ ဆင်ခေါင်း မသူအား တို့၊ မြဒင်တို့၊ ဌေးဦးတို့ဆို ဝါသနာရှိတော့ သူတို့ ကို လှမ်းထောက်ကြည့်ပြီး ဖေဖော်ဝါရီ မတ်လ လောက် သွားနိုင်အောင် လုပ်ကြတာပေါ့။

ဖော့ဆက် ။ လုပ်ပါ ဆရာစိုးရာ။ မျောက်ချေးခါးလေး စားရ ရင်တော့ အားလည်းရှိ လူလည်း ဖျတ်လတ်တယ်၊ အသက်လည်းရှည်တယ်လို့ ကရင်အဘိုးကြီးတွေ က ပြောတယ်။

• သက်ပန်စာပေ •



ရွှေ ။ ဒါထက် ခုနင်က တောထဲမှာ ကြောက်စရာ အကောင်းဆုံးအကောင်တွေအကြောင်း ပြောကြ ပါဦး။

ဦးရွှေက သူသိချင်တာကို ဆက်၍ မေးလေ၏။ ထိုအခါ ကိုမောင်မောင်ကြည်၊ ချာချို၊ ဘေလီ၊ ဖော့ဆက်တို့က ကျားဟု လည်းကောင်း၊ ဆင်ဟုလည်းကောင်း၊ ကျားသစ်ဟုလည်းကောင်း၊ မြွေဟုလည်းကောင်း၊ ပြောင်ဟုလည်းကောင်း မိမိထင်မြင်ရာကို အတွေ့အကြုံ ကြားဖူးနားဝများ ရောယှက်ကာ အမျိုးမျိုး ပြော ဆိုကြလေ၏။

ကျွန်ုပ်က ပက်လက်ကုလားထိုင်တွင် စီးကရက်တစ်လိပ် ကို မီးညှိကာ ဖွာရင်း နားထောင်နေသကဲ့သို့ ကိုကျော်ကျော်မှာ လည်း ဆက်တီကုလားထိုင်တွင် ရမ်ကိုမြှုံ့ရင်း နားထောင်နေ၏။ တစ်လုံးတစ်ပါဒမှ ထင်မြင်ချက်လည်းမပေး၊ ဝင်လည်းမပြော။

၎င်းတို့ တစ်ဦးပြီးတစ်ဦး ထင်မြင်ချက်များကိုပြော၍ အတော်နားရည်ဝသောအခါမှ ကိုမောင်မောင်ကြည်က ကျွန်ုပ်နှင့် ကျော်ကျော်တို့က ထင်မြင်ချက်မပေးကြသည်ကို ရိပ်မိသွားကာ ကျွန်ုပ်တို့ဘက်သို့လှည့်ကာ စကားဆိုလေ၏။

ကျော် ။ ဆရာစိုးရေ ခင်ဗျားထင်မြင်ချက် ပြောပြလိုက်ပါ ဗျာ။

ကြည် ။ လုပ်လေဗျာ ဆရာစိုး။ ခင်ဗျားက ဈေးကိုင်နေတာ လား။

ဟု ဆိုလေရာ အားလုံးက ကျွန်ုပ်ပြောမည် မပြော

• သက်ပန်စာပေ •

www.burmeseclassic.com

www.burmeseclassic.com



မည်ကို စိတ်ဝင်စားနေကြလေ၏။

သို့အတွက် ကျွန်ုပ်က ပြောရန် ပြင်ဆင်နေစဉ် ခြင် ကိုက်လာသဖြင့် ကျွန်ုပ်၏ ပက်လက်ကုလားထိုင် နံဘေးတွင် ထောင်ထားသော တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် Aestar တံဆိပ်ပါ Insect Killer ခြင်ဆေးဘူးကို အဖုံးဖွင့်ကာ ကျွန်ုပ်ခုံအောက်နှင့် ၎င်းတို့၏ ဆက်တီခုံများအောက်သို့ "ရှီး . . ရှီး . . ရှီး"နှင့် နှစ်ချက်သုံးချက် မှုတ်ဖြန်းပေးလိုက်လေ၏။

ထိုအခါမှ ခြင်ကိုက်သက်သာသွားရာ ကျွန်ုပ်က စကားစရလေ၏။

ကျွန်ုပ် ။ ခင်ဗျားတို့ အယူအဆ၊ ခင်ဗျားတို့ အတွေ့အကြုံတွေအရ ခင်ဗျားတို့ ပြောတာတွေ အားလုံးမှန်ပါ တယ်။ ကျွန်တော်ဖတ်ဖူး၊ မှတ်ဖူး၊ ကြည့်ရှုဖူးတဲ့ စာအုပ်တွေ၊ ရုပ်ရှင်တွေ၊ ဗွီဒီယိုတိတ်တွေအရ ဆို ရင်တော့ အနောက်နိုင်ငံက မုဆိုးတွေ၊ အိန္ဒိယ၊ အာဖရိကက မုဆိုးတွေကတော့ ခြင်္သေ့၊ ကျား၊ ကျားသစ်၊ ဝက်ဝံ၊ ဆင်၊ ကြံ့၊ အာဖရိကကျွဲ၊ ပြောင်၊ စိုင်၊ မြွေတွေဟာ လူကို၊ မုဆိုးကို အန္တရာယ်ပေး နိုင်ကြလို့ ကြောက်စရာကောင်းတယ်လို့ ရေးကြ၊ မှတ်တမ်းပြုကြပါတယ်။

ဥပမာ အမေရိကားမုဆိုးတွေဆိုရင် သူတို့ဆီမှာရှိတဲ့ သတ္တဝါတွေအနက်က (၁)ဝက်ဝံညို၊ (၂)ဝက်ဝံနက်၊ (၃)တောင်ခြင်္သေ့၊ (၄)အမြီးမှာခြူပါတဲ့ မြွေပွေးတစ်မျိုး(Rattle Snake)တွေဟာ လူ့အသက်ကို ခြွေတာတွေရှိလို့ ကြောက်စရာကောင်းတယ်လို့ မှတ်တမ်းပြုကြပါတယ်။

● သက်ပန်စာပေ ●



အာဖရိကမုဆိုးတွေကတော့ ကြီး(၅)ကြီးလို့ခေါ်တဲ့ (၁)ခြင်္သေ့၊ (၂)ကျားသစ်၊ (၃)ဆင်၊ (၄)အာဖရိကကျွဲရိုင်းနဲ့ (၅)ကြံ့ကြီးတွေက လူ့အသက်ကို ခြွေနိုင်တယ်။ ဒီထဲမှာ ဉာဏ်ကောင်းပြီး လှည့်ပတ်တတ်တဲ့ ကျားသစ်လိုကောင်မျိုး ပိုကြောက်ကြတယ်။ တချို့ကလည်း အင်အားကြီးပြီး အစွယ်ရှည်တဲ့ ဆင်ကြီးတွေကို ကြောက်ကြတယ်။ သူတို့ကို အမဲလိုက်မယ်ဆိုရင် လုံလောက်တဲ့ အင်အားရှိတဲ့ သေနတ်အမျိုးအစားကို သုံးရမယ်လို့ အာဖရိကက မုဆိုးကြီးတစ်ဦးက "Use Enough Gun" ဆိုတဲ့ သူ့ရဲ့စာအုပ်ထဲမှာ ရေးထားတာ ဖတ်ရတယ်။

ခေတ်သစ် အာဖရိက မုဆိုးကြီးတွေကတော့ အကောင်ကြီးကြီး၊ ခွန်အားကြီးကြီး သားကောင်ကြီးတွေကို ပစ်ဖို့ သိပ်လည်းမလေးလံဘဲ ကျည်ဖောက်အားကောင်းတဲ့ .375 Magnum ရိုင်ဖယ်တွေကို သုံးပြီး ပစ်နေတာဟာ (.၂၂)ဘိုးရိုင်ဖယ်နဲ့ ချိုးငှက်ကလေးကို ပစ်ချလိုက်သလို သေလို့ ကျသွားတာမျိုး ဗွီဒီယိုမှတ်တမ်းခွေတွေထဲမှာ တွေ့ရပါတယ်။ ဒါကတော့ ကွင်းပြင်ကျယ် အာဖရိကတောတွေမှာဆိုတော့ သိပ်ခဲခဲယဉ်းယဉ်း အန္တရာယ်မရှိဘူးလို့ ထင်ပါတယ်။

ကြည် ။ ဒါဖြင့်ရင် ဘာတွေက အန္တရာယ်ရှိတာလဲ။

ကျွန်ုပ် ။ ကိုမောင်မောင်ကြည်၊ ဖြည်းဖြည်းပေါ့ဗျာ။ ကျွန်တော် ပြောပြပါမယ်။ ကျွန်တော်ပြောနေတာ သက်သက်လေရှည်နေတာမျိုးမဟုတ်ပါဘူး။ အကျိုးအကြောင်းနဲ့ မှတ်တမ်းတွေအရ သိစေချင်လို့ပါ။

● သက်ပန်စာပေ ●

www.burmeseclassic.com

www.burmeseclassic.com



ကျော် ။ ဟုတ်ကဲ့၊ ဆက်ပြောပါဦး။

ကျွန်ုပ် ။ အိန္ဒိယလို၊ အရှေ့တောင်အာရှလို တောထူတဲ့ အရပ်တွေမှာ အမဲလိုက်တဲ့ မုဆိုးတွေအဖို့ မမြင်နိုင်တဲ့နေရာက ဖြုန်းခနဲပေါ်လာမယ့် အန္တရာယ်တွေကို ကြောက်ရပါတယ်။ ဥပမာ–တောရဲ့ မမြင်ကွယ်ရာကို အားယူပြီး လူသားစားတတ်တဲ့ ကျားနဲ့ကျားသစ်တွေလိုပေါ့။ အိန္ဒိယမှာ တောလိုက်ခဲ့တဲ့ မုဆိုးကျော်ကြီး ဂျင်မ်ကောဘက်ရဲ့ အတွေ့အကြုံအရ ကျားသစ်မတစ်ကောင်ဟာ လူလေးရာကျော်ကို သတ်ဖြတ်စားသောက်ဖူးသလို ကျားအတော်များများဟာ ဆယ်ဂဏန်း၊ ရာဂဏန်းအထိ လူတွေကို အန္တရာယ်ပေး စားသောက်ဖူးတယ်။

အိန္ဒိယတောတွေထဲမှာ ဆင်တွေကလည်း အတော်ဒုက္ခပေးတာ တွေ့ရတယ်။ ဥပမာ–အစွယ်မရှိပေမဲ့ အားကြီးတဲ့ ဟိုင်းဆင်၊ အစွယ်ရှိတဲ့ စွယ်စုံရှင်၊ အစွယ်တစ်ချောင်းသာရှိတဲ့ 'တယ်'လို့ ခေါ်တဲ့ဆင်တွေဟာ လူတွေ၊ မုဆိုးတွေကို သတ်ဖြတ်တတ်ကြပါတယ်။

ကြည် ။ ဒါဖြင့် မြန်မာပြည်မှာကောဗျာ။

ကျွန်ုပ် ။ မြန်မာပြည်မှာလည်း အိန္ဒိယနဲ့ သိပ်မခြားပါဘူး။ ကျား၊ ကျားသစ်၊ ဆင်တွေက ဒုက္ခပေးတတ်ကြပါတယ်။ ဒါပေမဲ့ မြန်မာပြည်မှာ ကျားက အတော်





ရှားသွားတော့ ကျားအန္တရာယ်က မရှိသလောက်ဖြစ်သွားပါပြီ။

ကြည် ။ အခြားအကောင်တွေကကော။

ကျွန်ုပ် ။ အခြားအကောင်တွေထဲကဆိုရင်တော့ ပြောင်၊ နွားနဲ့ ဝက်ဝံနဲ့ မြွေတွေလို့ ဆိုရမယ်။ ပြောင်၊ နွားတွေဟာ ထီးပိုး(အုပ်စုခေါင်းဆောင်)၊ အုပ်ကွဲထီးကြီးတွေဟာ အတော်ဆိုးပါတယ်။ မြန်မာပြည်က မန္တလေးမုဆိုးကြီး 'မ'သုံးလုံး ဦးစိန်ဝင်းတို့၊ ခင်မောင်အေး (မန္တလေး)၊ ဗိုလ်တာရာ(ရဲဘော်သုံးကျိပ်)တို့ ရေးခဲ့တဲ့ စာအုပ်တွေမှာလည်း ပါပြီးသားပါ။

ကျွန်တော် ဒီမှာတစ်ခုပြောချင်တာက ဝက်ဝံအကြောင်းပဲ။ ဝက်ဝံနဲ့ ပတ်သက်လို့ မှတ်တမ်းတွေ သိပ်မတွေ့ရဘူး။ တစ်ခါတစ်ရံ သစ်ခုတ်သွားရင်း ဝက်ဝံကုတ်ခံရတာ သတင်းစာထဲ ပါလာတာမျိုးသာ ရှိတယ်။ ဒါပေမဲ့ အသေးစိတ် မဟုတ်ဘူး။ ကျွန်တော့်အတွေ့အကြုံအရတော့ သားရှိနေတက်နေတဲ့ ဝက်ဝံမတစ်ကောင်နဲ့ မိတ်လိုက်ဖို့ စိတ်အားထက်သန်နေတဲ့ ဝက်ဝံထီးလေးတွေဟာလည်း အတော်အန္တရာယ်ကြီးတာ တွေ့ရတယ်။

ကြည် ။ အဲဒီဝက်ဝံကောင်တွေအကြောင်း ဆရာစိုးအတွေ့အကြုံကို ပြောပြပါလား။

ကျွန်ုပ် ။ နောက်တော့ ပြောတာပေါ့ဗျာ။ အခုပြောနေတာ



www.burmeseclassic.com

www.burmeseclassic.com



က တောထဲမှာ ဘယ်သတ္တဝါ ကြောက်စရာ အကောင်းဆုံးလဲဆိုတာကို ပြောပြမှာပါ။ ကျွန်တော့်အနေနဲ့တော့ ဘယ်မုဆိုးကြီးတွေက ဘယ်လိုဆိုဆို၊ တောထဲမှာ တောလည်တဲ့ဆိုတဲ့ မုဆိုးတစ်ဦးဟာ ကျွမ်းကျင်မှုရယ်၊ သတ္တိရယ်၊ သဘာဝပတ်ဝန်းကျင်ရယ်ကို ကျွမ်းကျင်ပြီး လက်ထဲမှာ အင်အားကောင်းတဲ့ သေနတ်ကောင်းတစ်လက် ရှိနေရင် အဲဒီ ကျား၊ ကျားသစ်၊ ဝက်ဝံ၊ ဆင်၊ ကြံ့၊ နိုင်၊ ပြောင်၊ မြွေတွေကို ကြောက်စရာမလိုပါဘူး။ ကျွန်တော် တောလည်ခဲ့တာ နှစ်ပေါင်းသုံးဆယ်ကျော်ပြီ။ ကျွန်တော် အဲဒီအကောင်တွေကို ကြောက်ကိုမကြောက်ဖူးပါဘူးဗျာ။

ဟုဆိုကာ ကျွန်ုပ်လည်း စကားပြောရသည်မှာ အတော်ရှည်သွားပြီဖြစ်၍ ရေနွေးကြမ်းတစ်ခွက်ကိုယူ၍ သောက်ရင်း နားနေလေ၏။ ထိုအခါ ကိုမောင်မောင်ကြည်က ဆက်လေ၏။

ကြည် ။ ဒါဆို တောထဲမှာ ဘာက ကြောက်စရာအကောင်းဆုံးလဲ။

ကျွန်ုပ် သူ့အားကြည့်လေ၏။ အသေအချာ စိုက်ကြည့်လေ၏။ ကျွန်ုပ် သူမေးသောအဖြေကို ပေးလျှင် သူယုံမှ ယုံပါမည်လားဟုလည်း သံသယရှိ၏။ ရယ်စရာများ ဖြစ်နေမည်လား။ ကျွန်ုပ် ဘယ်လိုပြောရပါ့။

ကြည် ။ ပြောလေဗျာ ဆရာစိုး။

• သက်ပန်စာပေ •



ကျန်လူများကလည်း ကျွန်ုပ်အဖြေကို စောင့်နေကြလေ၏။

ကျွန်ုပ်မတတ်သာတော့။ ကျွန်ုပ် ပက်လက်ကုလားထိုင်အနီးမှ တရုတ်ခြင်ဆေးဘူး(AE STAR)ကို ကောက်ယူလိုက်ကာ ခြင်ဆေးဘူး အောက်ခြေပါ ပတ်ပတ်လည်မှ အရုပ်ကလေးများကို သူတို့ရှေ့တွင် ကြည့်နေလေ၏။

ခြင်ဆေးဘူးမှ အရုပ်ကလေးများတွင် အဝါဝိုင်းကလေးများပေါ်၌ အရုပ်များကို အနက်ရောင်ဖြင့် ရေးဆွဲထားသည်မှာ အောက်ပါ အစဉ်တိုင်းဖြစ်၏။

၁။ Spider ပင့်ကူ
၂။ Silverfish ခြင်သားပေါက်
၃။ Tick မွှား
၄။ Bug ကြမ်းပိုး
၅။ Mute အခွံမာပိုး
၆။ Moth ပိုးဖလံ
၇။ Ant ပုရွက်ဆိတ်
၈။ Fly ယင်ကောင်
၉။ Mosquito ခြင်
၁၀။ ပိုးဟပ် တို့ဖြစ်၏။

ထိုအထဲမှ အမှတ်(၃) Tick မွှားဆိုသော အကောင်ကလေးကို လက်ညှိုးဖြင့်ထောက်၍ ကျွန်ုပ်က မိတ်ဆွေများကို ပြလေရာ ၎င်းတို့သည် ကျွန်တော်ပြသည့် အကောင်ကို ဝိုင်းကြည့်

• သက်ပန်စာပေ •

www.burmeseclassic.com

www.burmeseclassic.com



ကြလေ၏။ ထို့နောက် . . .

ကျွန်ုပ် ။ ကျွန်တော် တောထဲမှာ အကြောက်ဆုံးက ဒီအသေးဆုံးအကောင်ပဲဗျဟု ပြောလေရာ . . .

ကြည် ။ ဟား . . ဟား . . ဟား . . ဟား . . ဆရာစိုးရေ၊ တောထဲမှာ အကြောက်ဆုံးအကောင်ကို ပြောမယ်ဆိုလို့ နားထောင်နေတာ။ ဒီခြေချောင်းကလေးတွေ အများကြီးရှိတဲ့ မွှားပေါက်စကလေးကို . . . ဟား . . ဟား . . ဟား။ ဆရာစိုးက တော်တော်နောက်တယ်ဗျာ။

ကျွန်ုပ်ထင်သည့်အတိုင်းပင် သူမပဲ့။ ကျွန်ုပ်ကလည်း နဂိုတည်းက ယုံမည်မထင်။ ထို့ကြောင့် ကျွန်ုပ် သူလှောင်သည်ကို စိတ်မဆိုး။ သူရယ်ပါစေ။ ဝအောင်ရယ်ပါစေဟုသာ ထား၏။

သူ ခေတ္တဝအောင်ရယ်ပြီးသောအခါမှ ကျွန်ုပ်က မိတ်ဆွေများအားလုံးကို ကြည့်ကာပြော၏။

ကျွန်ုပ် ။ ကဲ . . . မိတ်ဆွေတို့၊ ကျွန်တော် တောလည်လာတာ နှစ်ပေါင်း(၃၀)ကျော်ပြီ။ ခင်ဗျားတို့အမြင်မှာ ကျွန်တော် ဘာဒဏ်ရာရဖူးတာ တွေ့သလဲ၊ ကြည့်ကြစမ်းဗျာ။

ပက်တွေခြေတွေ အားလုံးမှာပါ။ ၎င်းတို့က ကျွန်ုပ်အား အကဲခတ်ကြည့်ကြ၏။

ရွှေ ။ အေးဗျာ၊ ဘာဒဏ်ရာမှ မတွေ့ဘူး။

ကျွန်ုပ် ။ ဘယ်တွေ့မလဲ၊ ဘာဒဏ်ရာမှ မရဖူးတာ။ ကျွန်





တော် ပြောင်၊ စိုင်၊ ကျား၊ ကျားသစ်၊ ဝက်ဝံတွေ ပစ်ဖူးတယ်။ ကျားနဲ့ခင်ကလွဲပြီး ကျန်တဲ့အကောင်တွေ ရဖူးတယ်။ ဘာအန္တရာယ်မှ မဖြစ်ဖူးဘူး။ အေးအေးဆေးဆေးပဲ။ အေး . . . ခြေဖဝါးမှာတော့ ငုတ်တစ်ခါ စူးဖူးတယ်။ တောစီးဖိနပ်ကို ဖောက်ပြီးတော့ကို စူးတာ။ ဒါထားပါတော့။ ဒါကနောက်မှပြောကြတာပေါ့။

ကြည် ။ ဒါဖြင့်ရင် မွှားနဲ့ ပတ်သက်လို့ကတော့ကော။

ကျွန်ုပ် ။ ဖြေပါ့မယ်ဟုဆိုကာ ကျွန်ုပ်က မတ်တတ်ထရပ်ပြီး ရှပ်အင်္ကျီကိုလှန်ကာ ကိုမောင်မောင်ကြည် ကျွန်တော့်နောက်ကျောမှာ ဘာတွေလဲ လာကြည့်စမ်းဗျာ။

ကြည် ။ ဘာလဲ၊ ခင်ဗျားကိုယ်က မှဲ့နီတွေ ရှိတယ်လို့ ပြောမလို့လား။

ကျွန်ုပ်တွင် မှဲ့နီများ တစ်ကိုယ်လုံးတွင် ရှိသည်ကို ရည်ရွယ်ပြောခြင်းဖြစ်၏။

ကျွန်ုပ် ။ မဟုတ်ပါဘူး။ ကျောကို သေသေချာချာကြည့်ပါ။ ကိုမောင်မောင်ကြည်က ကြည့်ပေးလေ၏။

ကျွန်ုပ် ။ ဘာတွေ့လဲ။

ကြည် ။ ဘယ်လက်ဖျံအောက်မှာ လက်မလက်သည်းခွံလောက် မည်းမည်းမှုမှု ဒဏ်ရာတစ်ခု တွေ့တယ်။

ကျွန်ုပ် ။ ကဲ . . . ဟုတ်ပြီ၊ အားလုံးကြည့်ကြပါဦး။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ကြည့်ပြီးသောအခါ ကျွန်ုပ်က စကားဆက်ရလေ၏။

ကျွန်ုပ် ။ အဲဒါ မြွေးကိုက်ထားတဲ့ ဒဏ်ရာပဲ။ ဒီဒဏ်ရာဟာ (၁၀)နှစ်ရှိပြီ။ ပျောက်ကိုမပျောက်ဘူး။ ဆေးမျိုးလည်း စုံနေပြီ။

ကြည် ။ ဟုတ်ရဲ့လားဗျာ။

ကျွန်ုပ် ။ ဟုတ်ပါ့ဗျာ။ မြွေးဆိုတဲ့အကောင်က (၃၊ ၄)မျိုးရှိတယ်။ မြွေးယား၊ မြွေးနား၊ ဆတ်မြွေး၊ ဆင်မြွေးလို့ အကြမ်းဖျင်းခေါ်တယ်။ မြွေးယားက ဘိန်းစေ့လောက်ရှိပြီး မနည်းကြည့်မှ တွေ့ရတယ်။ မြွေးနာက နှမ်းစေ့လောက်ရှိတယ်။ ဆတ်မြွေးက လက်သန်းလက်သည်းခွံလောက် ရှိတယ်။ ဆင်မြွေးကတော့ အကြီးဆုံးပဲ။ လက်မလက်သည်းခွံလောက် ရှိတယ်။ ကျွဲတွေ၊ ဆင်တွေမှာ တွယ်တယ်။

မြွေးနာ(၊၂) သေးပေမဲ့ နာရှုပ်နာတယ်။ သူကိုက်ထားရင် ဆေးရွက်ကြီး(သို့) ဆီးဖြူသီးဝါးပြီး တို့ရတယ်။ ဒါမှ ကွာကျတယ်။ ဒီအတိုင်းဆွဲခွာ^^ သူ့ရဲ့အစွယ်ကလေးက အရေပြားထဲမှာ ကျန်ခဲ့ပြီး ဒုက္ခပေး(၊)ယ်။ ဒါပေမဲ့ သိပ်ကြာကြာ ဒုက္ခမပေးဘူး။

ဆတ်မြွေး၊ ဆင်မြွေးတွေက ကြီးတော့ မြင်ရတယ်။ သိပ်ကြောက်စရာ မလိုဘူး။

အဲ . . . မြွေးယားကတော့ အသေးဆုံးနဲ့ ဒုက္ခအပေးဆုံးပဲ။ ဘိန်းစေ့လောက်ရှိလို့ တော်ရုံနဲ့ မမြင်ရဘူး။ သူကိုက်ထားပြီး





ရင် ယားနေတော့တာပဲ။ ယားပြီးရင် ကုတ်လိုက်ရင် အရေပြားပဲ့သွားတယ်။ လူကြီးတွေအဆိုအရ ယားလို့ကုတ်လို့ အရေပြားခုနစ်ကြိမ်ကွာပြီးမှ ပျောက်တယ်လို့ အဆိုရှိတယ်။ ဒါက သာမန်ကိုပြောတာ။ ကျွန်တော့်အတွက်တော့ မတည့်လို့လားမသိဘူး။ အနည်းဆုံး တစ်နှစ်ခွဲလောက်ကြာမှ ပျောက်တယ်။ ဒါတောင် မကုတ်ရဲဘူး။ ကုတ်လိုက်တာနဲ့ ပြန်ဖုပြီး ယားလာတယ်။ ဘယ်လောက်ဆိုးလဲ။ ပျောက်ပြန်ရင်လည်း အညိုအမည်းနဲ့ ဖုဖြစ်ပြီး ကျန်ခဲ့တယ်။ အတော့်ကို ကြောက်စရာကောင်းတဲ့ အကောင်ပါပဲ။

ကြည် ။ ဟုတ်ရဲ့လားဗျာ။ ကျွန်တော်က သာမန်ပဲထင်တာ။

ကျွန်ုပ် ။ သာမန်ဆိုရင် ကျွန်တော် ဘယ်ပြောပါ့မလဲဗျာ။

ရွှေ ။ အဲဒီမြွေးက တောထဲမှာ တစ်နှစ်ပတ်လုံး ရှိနေတာလား။

ကျွန်ုပ် ။ မျိုးကတော့ ရှိနေတာပဲ။ ဒါပေမဲ့ မိုးတွင်းမိုးများတဲ့အချိန်နဲ့ နေသိပ်ပူတဲ့ နွေရာသီမှာနည်းတယ်။ ဆောင်းတွင်းနဲ့ သစ်ရွက်ကြွေချိန်မှာ ပိုများတယ်။

ကြည် ။ ဘယ်လိုအနေအထားမျိုးမှာ ကိုက်တတ်တာလဲ။

ကျွန်ုပ် ။ ဒီမြွေးယားကလေးတွေက သစ်တုံးအဆွေး၊ ဖက်ပုံအဆွေးတွေထဲမှာ နေတယ်။ မုဆိုးက မောလို့ ထိုင်နားရင်း အဲဒီသစ်တုံးသစ်ဆွေးတွေနဲ့ ထိမိရင် တက်လာတော့တာပဲ။ အကောင်က သေးလွန်းတော့ မသိရဘူး။ နဲ့ရောင်ရတဲ့ နေရာမှာကြည့်မှ အနီစက်ကလေးလို တွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေ ။ ကိုက်မှန်းမသိရင် ဘယ်တော့မှ သိရသလဲ။

ကျွန်ုပ် ။ ကိုက်ပြီး (၂၄)နာရီလောက်ကြာမှ ယားလာပြီး သိရတာ။ အဲဒီအချိန်မှာ အကောင်က ကွာကျသွားပြီ။ ယားတာကို ကုတ်ရင် အပိန့်ထလာပြီး အရေပြားအလွှာ ကွာတော့တာပဲ။ ကုတ်လေ ယားလေ၊ ယားလေ ကုတ်လေနဲ့ အယားသံသရာလည်ပြီသာမှတ်ပေတော့။

လီ ။ ဆေးကော မရှိဘူးလား။

ကျွန်ုပ် ။ အရေပြားလိမ်းဆေးတွေ အတော်စုံစုံ သုံးကြည့်ဖူးတာတော့ သက်သာရုံပဲရှိတယ်။ မပျောက်ဘူး။

ကြည် ။ တောတွင်းဆေးမြီးတိုကော မရှိဘူးလား။

ကျွန်ုပ် ။ ရှိတယ်။ ဆီးဖြူသီးကို ဝါးပြီး ထွက်လာတဲ့အဖန်ရည်ကို သုတ်ထားရင်ရယ်၊ ဆေးရွက်ကြီးကိုဝါး (သို့) ရေဖျော်ပြီး လိမ်းရင်ရယ် သက်သာတယ်။ ကျွန်တော့်အတွက်တော့ သက်သာရုံပဲရှိတယ်။ မပျောက်ဘူး။

ကျော် ။ ဆရာစိုးပြောတာ မှန်တယ်၊ သိပ်သတိထားရတယ်။ အထူးသဖြင့် လည်ပင်း၊ နား၊ ခါးနဲ့ ပေါင်ခြံတွေမှာ တွယ်တတ်တယ်။

ကျွန်ုပ် ။ ဟုတ်ပါ့ဗျာ၊ တောကပြန်လာပြီးရင် သန့်ရှင်းရေးကို အသေအချာလုပ်ရတယ်။ မလုပ်မိဘဲ မိန်းမနဲ့အတူနေမိရင် မိန်းမပေါင်ခြံတွေကိုပါ ကူးတတ်တယ်။

• သက်ပန်စာပေ •



ကြည် ။ ကြို့တင်ကာကွယ်တဲ့ အနေနဲ့ကော။

ကျွန်ုပ် ။ ဆေးရွက်ကြီး ရေဖျော်ပြီး လိမ်းထားရင် အကာအကွယ် အတော်အသင့်ရတယ်။ အဝတ်အစားတွေမှာ Insect Killer အနံ့ရှိရင်လည်း အတော်အသင့် သက်သာတယ်။ ဒါပေမဲ့ အပြည့်အဝ ကာကွယ်ဖို့ခက်တယ်။

ကြည် ။ အေးဗျာ၊ ဘာပဲပြောပြော ကျွန်တော်ကတော့ မှွားကိုမကြောက်ဘူး။ သားကောင်ကြီးတွေသာ ကြောက်ချင်ကြောက်မယ်။ မှွားကိုကြောက်ရတယ်ဆိုတော့ ရယ်စရာကောင်းနေတယ်ဗျာ။

ကျွန်ုပ် မည်သည့်ထင်မြင်ချက်မျှ ထပ်မပေးတော့ပါ။ ကျွန်တော်ကြောက်သော အကောင်ငယ်ကလေးအကြောင်းကို ကျွန်တော့်အတွေ့အကြုံအရ ပြောပြီးဖြစ်၍ သူတို့ မယုံမှာ အရေးမကြီးတော့။ ယူတတ်လျှင် ဗဟုသုတအဖြစ်တော့ ရပေမပေါ့။

ဒီဇင်ဘာလ ခရစ်စမတ်ရက်တွင် ဖြစ်သည်။ မရောက်တာကြာပြီဖြစ်သော ပျဉ်းပုံကြီး သစ်ထုတ်လုပ်ရေးကားလမ်းမှ ဝင်ရသည့် ပဲခူးရိုးမ တောင်ဇာမဏီကြိုးဝိုင်းနှင့် မြောက်ဇာမဏီကြိုးဝိုင်းအစပ်ရှိ သစ်ထုတ်နယ်မြေ ဦးလှဟန်စခန်းသို့ ထုတ်လုပ်ရေး (၁၀)ဘီးကားကြီးဖြင့် တက်ခဲ့သည်။

သူငယ်ချင်း ကျောင်းဆရာ မုဆိုးဦးဝင်းမောင်၊ တပည့်

• သက်ပန်စာပေ •

www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ဦးနှင့် ကျွန်ုပ် ပေါင်းသုံးဦး ဖြစ်သည်။

ဒီဇင်ဘာလမို့ တောစိုကမကျသေး၍ တောပိတ်နေသေးသည်။ ထုတ်လုပ်ရေးနယ်မြေမှ ပျဉ်းကတိုး၊ အင်နှင့် ပျဉ်းမ သစ်များ ထုတ်လုပ်သဖြင့် ကန်ထရိုက် ဦးလှဟန်က နိုင်ငံတော်၏ သစ်ထုတ်လုပ်မှုကို တစ်စိတ်တစ်ဒေသ ပါဝင်ဆောင်ရွက်နေသည်။ သူ့စခန်းသို့ ရန်ကုန်–မန္တလေးကားလမ်းမှ တောလမ်းအတိုင်း (၅)နာရီကြာ ကားကြီးစီး၍ လိုက်ခဲ့ရသည်။

ကိုဝင်းမောင်၏ ပြောပြချက်အရ ကိုမောင်မောင်ကြည်နှင့် ကိုဘောလီ၊ ဖော့ဆက်တို့ သုံးဦး မျောက်ပစ်ရန် ဆင်စခန်းသို့ တက်သွားသည်ဟု သိရသည်။ တောင်ပေါ်တွင် တွေ့နိုင်ကြောင်းလည်း ပြော၏။

ဦးလှဟန်၏ စခန်းက တောစိုနှင့် မြောင်ကျပ်များရှိကာ တောင်နှစ်လုံးကြားတွင် တဲနှစ်လုံးဆောက်ထား၏။ တစ်တဲမှာ ကားသမားများ နားကြရန်နှင့် ကျန်တစ်တဲမှာ ထမင်းချက်ရုံဖြစ်ကာ သာယာသော စခန်းလေးတစ်ခုပါပေ။

စခန်းသို့ရောက်ပြီး ပစ္စည်းများ ချနေစဉ် သစ်တင်၍ ဆင်းလာသော (၁၀)ဘီးကားတစ်စီးက ရောက်လာသဖြင့် ကြည့်လိုက်ရာ ကားဦးခေါင်းခန်းမှ ကိုမောင်မောင်ကြည်ကို တွေ့ရပြီး လှမ်း၍ နှုတ်ဆက်ပါသည်။

ကြည် ။ ဆရာစိုးတို့ အခုတက်လာတာလား။ တွေ့ရတာ ဝမ်းသာလိုက်တာဗျာဟု ပြောပြောဆိုဆို ကားပေါ်မှ ဆင်းလာ၏။





ကျွန်ုပ် ။ ဟုတ်တယ်ဗျို့။ ဒီတောမှာ ပြောင်အုပ်တွေ ရှိတယ်ဆိုလို့ လာခဲ့တာပဲ။ ခင်ဗျားနဲ့ ဘောလီ၊ ဖော့ဆက်တို့ မျောက်ပစ်တက်သွားတယ်လို့ ကိုဝင်းမောင်က ပြောတယ်။

ကြည် ။ ဟုတ်ကဲ့၊ ဘောလီက ကျွန်တော်နဲ့ ဖော့ဆက်ကို လိုက်ပို့တာ။ ပြန်သွားတယ်။ ဖော့ဆက်လည်း ဗိုက်အောင့်လို့ဆိုပြီး လွန်ခဲ့တဲ့နှစ်ရက်လောက်ကတည်းက ပြန်သွားတယ်။

ထိုသို့ပြောရင်း ကိုမောင်မောင်ကြည်မှာ ပေါင်ခြံကုတ်လိုက်၊ ကြောကုတ်လိုက်၊ လည်ပင်းကုတ်လိုက်ဖြင့် ဂနာမငြိမ်ရှိနေ၏။

ကျွန်ုပ် ။ ခင်ဗျားက ပြန်တော့မလို့လား။ ကျွန်တော်တို့နဲ့ နေဦးလေ။ နှစ်ရက်၊ သုံးရက်ပဲ ကြာမှာ။ အကောင်ကြီး လိုက်ရအောင်ပေါ့။

ကိုဝင်းမောင် ။ ဟုတ်တယ် ကိုမောင်ကြည် နေပါဦးဗျာ။

ကြည် ။ မဖြစ်ဘူး ဆရာစိုးရေ။ ခင်ဗျားအရင်က ပြောခဲ့တာ မှန်တယ်။ ကျွန်တော် မွှားတွေ အကိုက်ခံထားရတယ်။ တစ်ကိုယ်လုံး ယားနေတယ်။ မျောက်လိုက်ရင်း ကိုက်ခံရတာ။ ဘယ်လိုမှ လုပ်လို့မရဘူး။ ခင်ဗျားမှာ ဆေးပါရင် ပေးပါဦး။

ကျွန်ုပ် သူ့ကို လှေ့လာကြည့်ရာ အတော်မသက်မသာပဲ ယားယံနေကြောင်း တွေ့ရသဖြင့် သနားသွား၏။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ။ ဆေးပါတယ်။ အရေပြားလိမ်းဆေးပဲ။ ခဏနေဦး ဟုဆိုကာ ကျွန်ုပ်၏ ဆေးအိတ်ထဲမှ Silk Ron လိမ်းဆေးကို ထုတ်ကာပေးသဖြင့် ကိုမောင်မောင် ကြည်မှာ ဆေးဘူးကို ညှစ်ခါ တစ်ကိုယ်လုံးကို လိမ်းရလေ၏။ ဆေးလိမ်းရင်းမှ . . .

ကြည် ။ ဆရာစိုးရေ။ မွှားက တကယ် မလွယ်ဘူးဗျို့။ အတော်ကို ခံနေရပြီ။ မျောက်လာပစ်တာ မျောက် နှစ်ကောင်ပဲရတယ်။ မွှားကိုက်တဲ့ဒဏ်က အတော် ကုရမယ်ထင်တယ်။ ဒါထက် မျောက်သားကော စားဖို့ ယူထားဦးမလား။

ကျွန်ုပ် ။ မယူပါဘူးဗျာ။ ခင်ဗျား ဒီလောက် ပင်ပင်ပန်းပန်း မွှားကိုက်ခံပြီး လာပစ်ရတာ မယူရက်ပါဘူး။ ခင်ဗျားသာ ယူသွားပါ။

ထိုစဉ် သူစီးလာသောကားမှ တောင်အောက်သို့ ဆင်း ရန်အတွက် သူ့အား ဟွန်းတီး၍ ခေါ်သဖြင့် သူလည်း ကျွန်ုပ်တို့ အား နှုတ်ဆက်ကာ ကားဆီသို့ ပြေးရလေ၏။ ပြေးရင်းနှင့်ပင် ဟိုကုတ်ဒီကုတ် ကုတ်သွားသည်ကို ကြည့်ရင်း ကျွန်ုပ်မှာ ကျန် ခဲ့ပါတော့သည်။

◆◆◆

ရန်ကုန်သို့ ပြန်ရောက်ပြီး (၂)လခန့် ကြာသွားလေပြီ။ တစ်နေ့၌ ကျွန်ုပ်၏ ကားကို ဝပ်ရှော့ပြရန် အလုံသီတာရုံအနီးရှိ

• သက်ပန်စာပေ •



ပိုင်လမ်(ခ)သိန္နီလမ်း ကားဝပ်ရှော့သို့ ပို့ရလေ၏။ ကားပြင်နေစဉ် ကျွန်ုပ်စောင့်နေရာ ကိုမောင်မောင်ကြည် ရောက်၍လာကာ ဝမ်းသာအားရ နှုတ်ဆက်လေ၏။ ကားဝပ်ရှော့နှင့် သူ၏ အိမ်မှာ မျက်စောင်းထိုးကလေးသာ ဖြစ်၏။

ကြည် ။ ဆရာစိုးရေ၊ ခင်ဗျားပြောတာတွေ သိပ်မှန်တယ် ဗျာ။ တောထဲမှာ ကျားတွေ၊ ဆင်တွေ၊ ဝက်ဝံတွေ က ဒါလောက် ကြောက်စရာ မကောင်းဘူး။ ဒီ ဘာမဟုတ်တဲ့ အသေးအဖွဲ မွှားကလေးတွေက အတော့်ကို လူကို ဒုက္ခပေးနိုင်ပြီး ကြောက်စရာ ကောင်းတာနော်ဗျာ။

ကျွန်ုပ် ။ ဟိုးဆရာ ဟိုး။ အသေးအဖွဲ မွှားကလေးတွေ မဟုတ်ဘူးဗျ။ အကြီးအမား အန္တရာယ်မွှား၊ ဘာ အောက်မေ့နေလဲ။

ကြည် ။ ဟာ . . ဆောရီးဗျာ၊ ဆောရီး။ တကယ့် အကြီးမား အန္တရာယ်မွှား။ စကားမှားသွားတာ ခွင့်လွှတ်ပါ။

ကျွန်ုပ် ။ ဒါထက် ခင်ဗျား မွှားကိုက်တဲ့ ဒဏ်ရာတွေ သက် သာပြီလား။

ကြည် ။ သက်သာရုံဘဲ ရှိသေးတယ်။ မပျောက်သေးဘူး။ ဆေးလည်း စုံနေပြီ။ (၄၊ ၅၊ ၆)မျိုး ပြောင်းလိမ်း နေရတယ်။ ဒါတောင် ယားတာ သက်သာပေမဲ့ မည်းမည်းအပိန့်တွေက ကျန်နေသေးတယ်ဟု ဆို ကာ လက်မောင်းရင်းမှ အပိန့်များကို အကျႌ

• သက်ပန်စာပေ •

www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းပင့်ကာ ပြလေ၏။

ကျွန်ုပ်က သူ၏ ဒဏ်ရာများကို ကြည့်ပြီးနောက် သူ့အား ပြုံးပြုံးကြီးကြည့်ကာ ပြောရလေ၏။

ကျွန်ုပ် ။ ကဲ . . ကိုမောင်မောင်ကြည်၊ ကျွန်တော်ပြောခဲ့တဲ့ ကြောက်စရာကောင်းတဲ့ တောထဲက အကောင်ငယ်လေးအကြောင်းကို ခင်ဗျား ခုတော့ လက်တွေ့ကျကျ သိပြီမဟုတ်လား။

ကြည် ။ သိပါပြီဗျာ။ အရင်တုန်းကတော့ မသိလို့ အသေးအဖွဲ ထင်ခဲ့တာ။ ခင်ဗျားကိုလည်း ဘယ်လိုလူပါလိမ့်လို့ပေါ့။ ခုတော့ ဒါတွေဟာ မုဆိုးတွေရဲ့ အတွေ့အကြုံ ပညာရပ်တွေပါပဲဆိုတာ သိရပါပြီ

ဟု မှတ်ချက်ပြုလိုက်ပါတော့သတည်း။

***(ခင်မင်ရသော မိတ်ဆွေ ကိုမောင်မောင်ကြည်သို့ အမှတ်တရ)***






www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# လျှင်သူစားစေတမ်း အမှတ်[၄]

စာရေးသူအနေဖြင့် လျှင်သူစားစေတမ်း အမှတ်(၁)၊ (၂)၊ (၃)တို့ကို ရေးခဲ့ရာတွင် အမှတ်စဉ်(၁)နှင့် (၂)၌ သေနတ်သမား လူသားမုဆိုးအား တောတွင်းတိရစ္ဆာန် မုဆိုးက ပညာပေးသွားခြင်း၊ သင်ခန်းစာ ပေးသွားခြင်းကို ခံခဲ့ရကြောင်း ရေးသားတင်ပြခဲ့ပြီးနောက် အမှတ်(၃)တွင်မူ သေနတ်သမား လူသားမုဆိုးက တိရစ္ဆာန်မုဆိုးအား လက်မတင်ကလေးတွင် အနိုင်ယူခဲ့ကြောင်း၊ ထိုသို့ အနိုင်ယူရာတွင် သတိရှိမှု၊ လက်မြန်မှု၊ ဆုံးဖြတ်ချက်နိုင်မာမှု၊ လက်ဖြောင့်မှုတို့က အထောက်အကူပြုခဲ့ကြောင်းတို့ကို စာရှုသူများ ဖတ်ခဲ့ရဖူးပေပြီ။

တောတောင် ရေမြေ သဘာဝအရ တိရစ္ဆာန်မုဆိုးက အသာစီးရနိုင်ကြောင်း၊ သို့ရာတွင် လူသားဆိုသည့် ဆင်ခြင်စဉ်းစားဉာဏ်ရှိသူက ကျွမ်းကျင်မှုနှင့် ပေါင်းစပ်၍ အားပြိုင်ကြရာတွင် အရေးသာမှုများ သိနိုင်ကြောင်း ဆင်ခြင်မိကြပေမည်။

● သက်ပန်စာဝေ ●

www.burmeseclassic.com

www.burmeseclassic.com



ယခု အမှတ်(၄)တွင် တီရစ္ဆာန်မုဆိုးနှင့် လူသားမုဆိုးတို့ ယှဉ်ပြိုင်ကြရာတွင် ကံအားလျော်စွာ သူမသာ ကိုယ်မဆုံး၊ သူမနိုင် ကိုယ်မရှုံး သရေပွဲဖြစ်ခဲ့ကြောင်း၊ ထိုသို့ သရေပွဲဖြစ်ရန် ကံတရားက ဖန်တီးခဲ့ကြောင်း၊ ရှားပါးသည့် တကယ့်အတွေ့အကြုံတစ်ရပ်ကို အရင်းအတိုင်း ဘင်ပြလိုက်ရပေသည်။

ကိုဖိုးတုတ် . . . ။

ကိုဖိုးတုတ်ဆိုလျှင် ရန်ကုန်–မန္တလေးကားလမ်း၊ ပဲခူးမြို့နယ်၊ အင်းတကော်ဒေသတွင် မသိသူရှားသော မုဆိုးဟာင်းယောက် ဖြစ်သည်။ မုဆိုးဟု အမည်သညာ တပ်ရသော်လည်း မုဆိုးစစ်စစ်ကား မဟုတ်ပါချေ။ ရန်ကုန်မှလာသော အပျော်တမ်းမုဆိုးများနှင့် ပေါင်းသင်းမိရာမှ ဝါသနာအလျောက် တောမောင်းပေးသူအဖြစ် လိုက်ခဲ့ရာမှ နှစ်လုံးပူး တစ်လုံးထိုးတို့၏ သေနတ်သဘောကို လေ့လာကာ သေနတ်အပိုများကို ပေးကိုင်ကာ ပစ်ခတ်စေရာမှ လက်ဖြောင့်လာသူ၊ သေနတ်မုဆိုးတစ်ဦး ဖြစ်လာသူဖြစ်သည်။ အောက်သက်ကျေသူဟုလည်း ဆိုနိုင်ပါသည်။

သေနတ်မုဆိုးဖြစ်လာသောအခါ နဂိုက ဝါသနာရှိသူမို့ တောတောင်ရေမြေ အနေအထားသိကော တောကျွမ်းသူ၊ သားကောင်စရိုက်သိသူအဖြစ် မြို့မှ စာရေးသူတို့ကဲ့သို့ အပျော်တမ်းမုဆိုးများ တောပစ်လာလျှင် အားကိုးရသူ ဖြစ်သည်။

အသက်(၄၀)ခန့် အရပ်မြင့်မြင့်၊ အသားလတ်လတ်၊ နှုတ်ခမ်းမွေးရေးရေး၊ ဆံပင်နောက်မြင့်ညှပ်ကာ သပ်သပ်ရပ်ရပ် ဖြီးထားတတ်၏။ ပုဆိုးကိုလည်း တိုတိုဝတ်တတ်ချေ၏။ မျက်နှာ





မှာမူ ပြုံးတော့မယောင် မရှိတရှိနှင့် နေတတ်သည်။ စကားနည်းသူ၊ စကားတစ်ခွန်းပြောရန်ပင် အလွန်ဝန်လေး အားနာတတ်သူဖြစ်၏။ စာရေးသူတို့အဖွဲ့နှင့် ဆုံသောအခါ သူစကားနည်းမှန်းသိ၍ စာရေးသူက . . .

“ကိုဖိုးတုတ်၊ စကားတွေ သိပ်မပြောနဲ့ဗျား။ လေတွေ အလကား ကုန်နေဦးမယ်”ဟု နောက်လိုက်လျှင် ပြုံးဖြီးဖြီးသာ လုပ်နေတတ်သည်။

အရပ်က (၅)ပေ၊ (၁၀)လက်မခန့်မို့ တောမောင်းသည့်အခါ ခွေးက သားကောင်ကို သေနတ်စည်းဘက်မပို့ဘဲ ချော်တောင်ငေါ့၍ တလွဲလိုက်သွားလျှင် သူ့ခြေတံရှည်ကြီးဖြင့် မမီမီအောင် လိုက်ပိုင်းပစ်တတ်၏။ သူ့သေနတ်သံ တစ်ချက်ကြားလျှင် စိတ်ချရပြီဟု ပြောနိုင်သည့် နံပါတ်(၁) အဆင့်တွင်ရှိသူလည်း ဖြစ်သည်။

စကားနည်းပြီး တည်ကြည်သူမို့ တောမောင်းအဖွဲ့ဝင် ကိုသက်ထွန်း၊ ကိုငပျော၊ တင်အေး၊ ဦးသာဆင် စသည့်သူများအပေါ်တွင် ဩဇာရှိသည်။ မည်မျှ စကားများ အငြင်းပွားနေကြလျှင်ဖြစ်စေ သူက တစ်ခွန်းပြောလျှင် ပြီး၏။ စကားကို နှစ်ကြိမ်လည်း ထပ်မပြောတတ်။ ပြောလျှင် အရပ်ကမြင့်မြင့်နှင့် အပေါ်စီးမှ စိုက်၍ကြည့်ကာ ပြောတတ်သဖြင့် မည်သူမျှ သူ့အား ပြန်မပြောရဲ။ သူကလည်း မဟုတ်တာ မပြောသဖြင့် သူ့စကားကို လိုက်နာကြသည်သာ။

သစ်ရွက်တစ်ရွက်ကိုရွှေ၍ ပါးစပ်တွင်တေ့ကာ မှုတ်လျှင်

www.burmeseclassic.com



လည်း ဂျိသားငယ်လေး အော်သလို "ဖြိ . . ဖြိ . . ဖြိ"နှင့် အသံထွက်ကာ ဂျိဖို၊ ဂျိမတို့ တောတွင်းမှ ထွက်လာရလောက်အောင် အသံပီသလှသည်။ သို့သော် သူက ထိုသို့ ဂျိသားငယ် အော်သလို ဖက်မှုတ်၍ မပစ်၊ သားသည်မိခင် ဂျိမကြီးများကို သနားသည်ဟု ဆိုသည်။ ဂျိဖိုဆိုလျှင်တော့ သူပစ်၏။ ပစ်သည်ဆိုသော်လည်း စာရေးသူတို့က (၁၀)ခါပြောမှ တစ်ခါလောက်သာ ခေါ်၍ပစ်၏။

"ဆရာစိုးရာ၊ ဒီဂျိမှုတ်ပစ်ရတဲ့ အလုပ်က မနိုင်ပါဘူးဗျာ။ ဂျိသားငယ်အောက်မေ့ပြီး ဂျိအတေမကာ လာတာကို မှဆိုးက စောင့်ပစ်တော့ အမေက သေမယ်၊ ဂျိသားငယ်လည်း တောထဲမှာ မသွားတတ်မလာတတ်နဲ့ သေမှာပေါ့ဗျာ"ဟု သူကဆိုသည်။

"ကဲ . . ဒါဖြင့် ဂျိ မမှုတ်ချင်နေဗျာ။ ကြက်တော့ မှုတ်ပေး။ ကျွန်တော် တောကြက်သား ကြိုက်တာ ခင်ဗျားလည်း သိသားပဲ"

"နေဦး . . . ကြက်ဖတွန်သံကြားမှ မှုတ်ပေးမယ်"

ကြက်မှုတ်ရာတွင် လက်မကို အပြင်မှထား၍ လက်သီးဆုပ်လိုက်ကာ လက်ညှိုးနှင့် လက်မကြားတွင် တံတွေးဆွတ်၍ နှုတ်ခမ်းတွင်တေ့ကာ မှုတ်ရသည်။ ထိုသို့ မှုတ်လျှင် . . .

"ကိ . . တိ . . တိ . . တိ"ဆိုသည့် ကြက်မ တင်းသံပေးသည့် အသံထွက်သည်။ တစ်နည်းအားဖြင့် ကြက်မက ကြက်ဖကို မ,သံပေး၍ခေါ်သည့် အသံဖြစ်သည်။

သို့ဆိုလျှင် အနားတွင်ရှိသော ကြက်ဖက လာမည်။ လာလျှင် သေနတ်ဖြင့် ပစ်ယူရသည်။ ဒါကိုတော့ သူလုပ်ပေးတတ်





သည်။ ပစ်လျှင်လည်း ကြက်ဖကိုသာ ပစ်ရသည်မို့ မျိုးတုံးမှာ မပူရပေ။ ပွားစရာအမတွေ ကျန်၏။ ဂျိဆိုလျှင် အမသေပါက မျိုးပွားရန် နည်းသွားမည်။

လူက ပြုံးစစမို့ လူချစ်လူချင် ပေါလှသည်။ အိမ်ထောင်ဆက်လည်း များသည်။ စာရေးသူနှင့် သိသောအခါ သူ့မှာ တတိယ အိမ်ထောင်နှင့် ဖြစ်သည်။

သားသမီးတွေကလည်းများ၍ တောအလုပ်၊ ခြံအလုပ်ကို ဖနိုးများ၊ သားသမီးများနှင့် လွှဲထားပြီး စာရေးသူတို့ တောပစ်လာတိုင်း သူက လိုက်နေကျ။

တောကောင်အကြောင်းကို ကောင်းကောင်းသိသည်။ မိုးဦးကျတွင် အင်းတကော်အနောက်မြောက်ဘက် ကွဲဖြူအင်း၊ ကရင်ဝါးတာ၊ ရှမ်းဝါးတာရွာများဘက် ဆတ်ခြေရာကောက်လိုက်လျှင် သူက စာရေးသာအာ သားကောင်စရိုက်ကို ပြောပြသည်။

"ဆရာစိုး၊ ဒီဆတ်ခြေရာ တွေ့လား။ ရှေ့ကို သွားနေတယ်။ ဒါပေမဲ့ ရှေ့မှာ ခြေရာ ဆက်မရှိတော့ဘူး"

"ဟုတ်တယ်၊ ဘယ်လိုပျောက်သွားတာလဲ။ ကိုယ်ရောင်ဖျောက်သွားတာလား"

"ဟုတ်တယ်၊ ကိုယ်ရောင်ဖျောက်သွားတာ။ ဒီကောင် အိပ်တန်း ဝင်တော့မယ် (နံနက် ဧနာရီခန့်) အိပ်တန်းဝင်ဖို့ ကိုယ်ရောင်ဖျောက်တာပဲ"

"နေဦး၊ ကျွန်တော်ကြည့်ဦးမယ်"ဆိုကာ နောက်ကြောင်းနှင့် ဝဲယာတောများတွင် ခြေရာကို ရှာသည်။ ပြီးမှ ဝဲဘက် (၁၅)



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းအကွာတွင် မြွေကြီးကို စိုက်ကြည့်ကာ စာရေးသူအား လေ ချွန်၍ ခေါ်သည်။ မြွေကြီးကို လက်ညှိုးထိုးပြသည်။

ဆတ်ခြေရာမှာ ခုန်၍ နောက်ကြောင်းပြန်တဲ့သွားသည်ကို တွေ့ရသည်။

သို့ဖြင့် ဆတ်သွားသည့် ဦးတည်ရာကို သိကာ ရှေ့မှ ဖြတ်ပိုင်းလိုက်သည်။ နောက် မိနစ်(၂၀)ခန့်အကြာတွင် အဆိုပါ ဆတ်ကို ဆီးကြို၍ ပစ်သဖြင့် ရသည်။

ဒါက သူ့အစွမ်းအစ၏ တစ်စိတ်တစ်ပိုင်းသာ ဖြစ်၏။

◆◆◆

၁၉၇၈–၇၉ ဝန်းကျင်က ဒီဇင်ဘာလ၏ ချမ်းစီးသော နေ့တစ်နေ့တွင် ဖြစ်သည်။ စာရေးသူတို့က ကျွဲဖြူအင်း ရှာပြင် လယ်ကွက်ကလေး အစပ်ရှိ ညောင်ပင်ကြီးအောက်တွင် ရွက်ဖျင် တဲထိုးကာ စခန်းချနေသည်။

စာရေးသူတို့ ရန်ကုန်မှလိုက်အဖွဲ့တွင် စာရေးသူ၊ ဇော်သန်း၊ ကျော်ကျော်၊ ဦးမောင်မောင်စိုး၊ ဆရာဌေးလွင်တို့ ပါဝင်ပြီး ကိုဖိုးတုတ်၊ ကိုငပျော၊ တင်အေး၏ တောလိုက်ခွေးဖြစ်သော ခွေးမိုးကျော်နှင့် အခြားခွေး (၃)ကောင် ပါဝင်သည်။ ၎င်းတို့က တင်အေး၏ ထင်းစခန်းတွင် စတည်းချသည်။

ဒီဇင်ဘာလ၏ နံနက်ခင်း (၇)နာရီခွဲ (၈)နာရီအထိ နှင်း မှာ မကွဲသေး။ ချမ်းလိုက်သည်မှာလည်း မီးဖိုဘေးတွင် ဂုန်နီအိတ် များခင်းကာ မီးလှုံနေရသည်။ တဲ၏ အရှေ့ဘက်တောစပ်မှ တော





ကြက်ဖတစ်ကောင်က နှင်းကြားထဲမှာပင် "အောက်အီးအီးအွတ်၊ အောက်အီးအီးအွတ်"ဟု အိပ်တန်းမဆင်းမီ အသံပေးနေသည်။ ရွက်ဖျင်တဲ အနောက်ဘက်နှင့် ကပ်လျက် ညောင်ပင်ကြီးတွင် ငှက်များ ညောင်သီးလာစားရင်း ရယ်မောနေကြသည်။

စာရေးသူက ငှက်ရယ်သည်ဟု တင်စားခြင်း ဖြစ်၏။ ငှအော်ပုံမှာ ...

"ဝူး .. ဟားဟားဟား၊ ဝူး .. ဟားဟားဟား၊ ဝူး .. ဟားဟားဟား"ဟု အသံသေးသေးဖြင့် အော်တတ်ပေရာ ကလေး ငယ်တစ်ဦး အသံသေးသေးဖြင့် ရယ်သံနှင့် တူလှ၏။

အဆိုပါ အော်သံမှာ တောထဲမရောက်ဖူးသည့် မြို့မှ လူများအဖို့မူ ဘာ၊ ညာ သရဲခြောက်သည်၊ တောခြောက်သည် ဟု ထင်တတ်ကြပေသည်။ ရုံးပတီ(ခ) ငှက်ငန္ဒားကြီးများကလည်း တစ်ခါတစ်ရံ "ဟီး .. ဟီး .. ဟီး"ဟု ခေါ်တတ်ရာ လူမမာ ညည်းသံနှင့် တူလှသည်။

စာရေးသူတို့က နံနက်စာလည်း စားပြီးပြီ။ တောလိုက် အကျီ၊ ဘောင်းဘီ၊ ဖိနပ်တို့ကိုလည်း ဝတ်ပြီး သေနတ်များလည်း အသင့်ဖြစ်နေပြီ။ နှင်းမကွဲသေးသဖြင့်သာ မီးဖိုဘေးတွင် မီးလှုံ နေကြခြင်း ဖြစ်၏။

စာရေးသူက နှစ်လုံးပူး။

ကိုမောင်မောင်စိုးက ပွိုင့်(၄၄) ဘို့ရိုင်ဖယ်။

ကိုဇော်သန်းက နှစ်လုံးပူး။

ကိုကျော်ကျော်၊ ဆရာဌေးလွင်တို့က နှစ်လုံးပူးတစ်



www.burmeseclassic.com

www.burmeseclassic.com



လက်စီနှင့် ကိုဖိုးတုတ်မှာ တစ်လုံးထိုး (၃၂)လက်မ ပြောင်းရှည် ဖြင့် ဖြစ်သည်။

"ကဲ ... မြို့သားတွေ၊ သိပ်ချမ်းပြမနေနဲ့။ နေမြင့်လာတော့မယ်။ ထွက်ကြရအောင်" ကိုသက်ထွန်းက နှိုးဆော်သဖြင့် အားလုံး စတင်ထွက်ခဲ့ကြသည်။

ကိုဖိုးတုတ်က တောမောင်းခေါင်းဆောင်၊ ခွေးရှင် တင်အေးအား ...

"တင်အေးရေ၊ အင်းလျားဘက်တောင်းတွေ စမောင်းမယ်ဟေ့။ ဒီကောင်တွေ ညဘက်အေးတော့ ခွာရေစိမ်မှာကွ" ဆတ်ကို ရည်ရွယ်ပြောခြင်း ဖြစ်သည်။

စခန်းချရာမှ အင်းလျားတောင်းသို့ မိနစ်(၂၀)မျှ စီတန်း၍ လျှောက်ခဲ့ကြသည်။ လျှောက်ရင်း လျှောက်ရင်းဖြင့် ချွေးထွက်လာသဖြင့် တောစီးဖိနပ်တွင် နှင်းစိုသည်မှလွဲ၍ နွေးထွေးလာသည်။ နေလည်း ပွင့်လာသဖြင့် သာယာလာသည်။

အင်းလျားမှာ ရန်ကုန်မြို့မှ အင်းလျားကန်လို ကန်ကြီးမဟုတ်ပါ။ တောကြားထဲတွင်ရှိသော "အင်း"ကလေးတစ်ခုဖြစ်သည်။ အမြဲစိမ်းသစ်တောကြီးအတွင်းမှ အင်းဖြစ်၍ ကိုင်းမြက်များလည်း ပေါက်ရောက်နေသည်။ လူအသွားအလာ နည်းသည်။ တစ်ခါတစ်ရံမှ သားငါးဖမ်းသူ တစ်ယောက်စ နှစ်ယောက်စ လာရောက်ငါးရှာကြသည်။ အင်း၏ တောင်ဘက်၌ "တုံးအင်း"ရွာသို့ လှည်းလမ်းရှိပြီး အရှေ့အနောက် တောင်မြောက်တွင် သစ်ပင်ကြီးများရှိသည့် သစ်တောကြီး ဖြစ်သည်။ ကောင်းမှူ၊ ဆံဆေး





တောင်ပိန္နဲ၊ သစ်ကုလား၊ လင်းယော၊ ယမနေ၊ ပျဉ်းမ၊ အနမ်းဖို၊ သစ်ခါး စသည့် ချုံငယ်များပေါက်၍ အောက်ခြေရှုပ်လှသည်။ ဤတောမျိုးတွင် ဆတ်၊ ဂျီ၊ တောဝက်တို့ ခိုသည်။ ရေနှင့်လည်း နီး၍ တောကောင်ပေါသည်။

တောကောင်ပေါရာ အရပ်သည် လူ့မုဆိုးများ အကြိုက်တွေ့သကဲ့သို့ တိရစ္ဆာန် မုဆိုးများလည်း ကြိုက်သည်။ တောခွေး၊ ကျားသစ်၊ ခွေးအွဲကောင် (ကျားသစ်အငယ်စား)လည်း ရှိသည်။ ကျားကြီး၏ ခြေရာကိုမူ တွေ့ရခဲသည်။ သို့သော် မရှိပါဟု အာမခံချက် ပေး၍မရ။ တစ်ခါတစ်ရံ ဝက်ဝံပင် တွေ့ရတတ်သေးသည်။

◆◆◆

အင်းလျားတောင်းသို့ ရောက်သောအခါ စာရေးသူတို့အဖွဲ့ ခေတ္တနားကာ ဘယ်ဘက်ကို စမောင်းလျှင် ကောင်းမည် တိုင်ပင်ကြသည်။ စာရေးသူတို့ နားသည်မှာ "တုံးအင်း" လှည်းလမ်းပေါ်တွင် ဖြစ်ပြီး လှည်းလမ်းဘေး ဝဲယာတွင် တောစံပယ်ပင်များက ပေါက်ရောက်နေ၍ တောစံပယ်အနံ့မှာ မွှေးလှသည်။

တောစံပယ်မှာ မြို့မှ စံပယ်ကဲ့သို့ အထပ်မရှိဘဲ တစ်လွှာချင်းဖြစ်ပြီး မွှေးလှသည်။ အဖြူရောင်ပင် ဖြစ်၏။

သို့ရာတွင် စာရေးသူကတော့ စံပယ်၏အနံ့ကို အဝေးမှသာ ခံနိုင်သည်။ ခူး၍ မနမ်းနိုင်။ တောစံပယ်ကို ကြောက်မိသည်။ ထိုသို့ ကြောက်ရခြင်းမှာ အချက်(၂)ချက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁) တောစပယ်အနံ့မှာ ချုံ၍ရှူလျှင် မွှေးလွန်းလှသဖြင့် ကြာကြာမရှူနိုင်။ ခေါင်းမကိုက်တတ်သူများပင် ခေါင်းကိုက်၊ ခေါင်းမူးဖြစ်ကာ ရီဝေလာတတ်သည်။

(၂) ဒုတိယအချက်မှာ တောထဲတွင် စာရေးသူ အကြောက်ဆုံး ပိုးမွှားတစ်မျိုးဖြစ်သော 'မွှား' ဆိုသည့် မှန်လုပ်ရာတွင်သုံးသည့် ဘိနန်းစေ့အရွယ်၊ နှမ်းစေ့အရွယ်ခန့်ရှိ ခြေလက်ကလေးများရှိသော အကောင်တစ်မျိုးက ပန်းတွင်ကပ်နေတတ်သည်။ သာမန်မျက်စိဖြင့် အသေအချာ မကြည့်မိဘဲ လူက ရှူမိပါက နှာခေါင်းထဲ ဝင်သွားလျှင် သူက နှာနုတွင် တွယ်ထားတတ်သည်။ တွယ်ကပ်ရာတွင် သူ့ပါးစပ်မှ အစွယ်ကလေးနှစ်ချောင်းဖြင့် ကိုက်ညှပ်ထားသည်။ ကိုက်လျှင်ကိုက်ချင်း မနာသဖြင့် မသိနိုင်။ (၂)ရက်၊ (၃)ရက် ကြာမှ နာလာသည်။ နာလာလျှင် အထိမခံနိုင်အောင် နာသည်။ အနာခံ၍ အကောင်ကိုဖြုတ်ပါက သာမန်ဆွဲခွာ၍ မရ။ သာမန်ဆွဲခွာလျှင် သူ၏အစွယ်က အရေပြားတွင် ကျန်ခဲ့၍ ကိုယ်သာ ခွာ၍ရသည်။ သူ့အစွယ်ကျန်ခဲ့သည့်နေရာက ယား၍မဆုံးတော့။ သာမန်အယားခံနိုင်သူပင် ကုတ်ရင်းကုတ်ရင်းဖြင့် အရေပြားလဲသွားသည်။ အရေပြား (၇)ကြိမ်ကွာပြီးမှ ပျောက်တတ်သည်။ ဒါက သာမန်ခံနိုင်ရည် ရှိသူကိုသာ ပြောခြင်းဖြစ်၏။ စာရေးသူအတွက်မူ ထိုသို့ အကိုက်ခံရပါက တစ်နှစ်၊ တစ်နှစ်ခွဲအထိ ယားနေတတ်သည်။ ပျောက်လျှင်လည်း ဘုသီးဖြစ်၍ ကျန်နေခဲ့သည်။

စာရေးသူ၏ ဝဲဘက်လက်ပြင်တွင် လွန်ခဲ့သည့် (၁၀)နှစ်





ခန့်က အကိုက်ခံထားရသည့် ဘုသီးကြီး ယခုအထိ ရှိနေသည်။ ပဲကြီးစေ့ တစ်စေ့ခန့် ဖြစ်၏။ သူ့ကို သွား၍ မကုတ်ရဲပါ။ အနည်းငယ်ကုတ်မိလျှင် ယနေ့အထိ ယားယံလာတတ်တုန်းပင်။

သူကိုက်မှန်းသိလျှင် ဆီးဖြူသီး(ရှားဖြူသီး)ကို ဝါး၍ အဖတ်ကို ခေတ္တ အကောင်ပေါ်တွင် အုံထားရသည်။ (၁၀)မိနစ်ခန့်ကြာမှ အသာကလေး ဆွဲဖြုတ်ရသည်။ သို့မှသာ အစွယ်က မကျန်။ ဆီးဖြူသီး သီးချိန်မဟုတ်လျှင် ဆေးရွက်ကြီးကို တံတွေးဆွတ်ကာ နယ်ရသည်။ ပြီးနောက် အုံထားရသည်။ သို့ဆိုလျှင် 'မွှား'က ကွာကျသွားသည်။ ကိုက်မှန်းသိလျှင် စိတ်စောပြီး အတင်းမခွာရ။ ခွာမိ၍ အစွယ်ကျန်ခဲ့လျှင် ခံပေရော့။ ထို့ကြောင့် စာရေးသူကတော့ စံပယ်ပင်များတွေ့လျှင် ဝေးဝေးကသာ အနံ့ခံသည်။ ချူပြီး ဘယ်တော့မှ မမွှေး။

ထို့ကြောင့် စာရေးသူက အဖွဲ့နှင့် ခပ်လှမ်းလှမ်းသို့ တစ်ယောက်တည်း လျှောက်လာကာ ရပ်နေသည်။ (၁၀)မိနစ်ခန့် တိုင်ပင်ကြပြီးနောက် တံအင်းလှည်းလမ်းမှစကာ တောမောင်းမည်။ တောင်မှ မြောက်သို့ ဖြစ်၏။ သေနတ်သမားများက မြောက်ဘက်လျှိုကလေးအတွင်းမှ စောင့်မည်။ ထိုနေရာတွင် ထင်းတိုက်သည့် လှည်းလမ်းဟောင်း ရှိသည်ဟု ဆိုသည်။ တောမောင်းခေါင်းဆောင် ကိုသက်ထွန်းက စကားစ၏။

''ဆရာစိုးတို့က မြောက်ဘက် ထင်းတိုက်လှည်းလမ်းလေးက ဖြန့်ပြီးစောင့်။ ကျွန်တော်တို့က တောင်ဘက် ဒီလှည်းလမ်းကလေးက ဖြန့်ပြီး မောင်းခဲ့မယ်။' သတိလည်း ထားနော်။



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ထွက်နိုင်တယ်။ ထွက်လာရင် မလွတ်စေနဲ့"

"မလွတ်စေရပါဘူးဗျာ။ ခင်ဗျားတို့သာ ထွက်အောင်မောင်း။ မလဲ လဲအောင်ကို ဟောဒီလို ဆက်တိုက်ချပြမယ်"ဟု ဆိုကာ ကောင်းဘွိုင်ဆန်ဆန် မာန်ပါပါဖြင့် ကိုမောင်မောင်စိုးက လုပ်ပြလိုက်ရာ ပွဲကျသွားကြပါတော့သည်။

◆◆◆

တောစမောင်းပြီး သေနတ်သမားခြောက်ဦးတွင် ကိုဖိုးတုတ်မှာ အနောက်ဘက်အဆုံးတွင် နေရာယူသည်။ တစ်ဦးနှင့်တစ်ဦး ကိုက်(၃၀)ခန့်အကွာ အရှေ့အနောက်တန်းလျက် နေရာယူကြခြင်း ဖြစ်သည်။

ကိုဖိုးတုတ်မှာ အနောက်ဘက်ဆုံး။ ပြီးတော့ ကျော်ကျော်၊ ဖော်သန်း၊ ဆရာဋ္ဌေးလွင်၊ စာရေးသူ၊ အရှေ့ဘက်ဆုံး အင်းစောင်းတွင်တော့ ကိုမောင်မောင်စိုး ဖြစ်သည်။

ကိုဖိုးတုတ်မှာ လှည်းလမ်းလျှိုကြားတွင် ဆောင့်ကြောင့်ထိုင်ကာ သေနတ်ကို မြေတွင် ဒင်ပိုင်းမှထောင်၍ ဒူးနှစ်ဖက်ကြားတွင်ထားကာ လက်နှစ်ဖက်ဖြင့် ကိုင်ထားသည်။ ခဲသီး(၉)လုံးပါသည့် S.G ယမ်းတောင့်ကို တစ်လုံးထိုးတွင် ထည့်ထားပြီး တောမောင်းလာမည့် တောင်ဘက်ကိုသာ မျက်နှာမူပြီး စောင့်နေသည်။

ကျီလား၊ ဝက်လား၊ ဆတ်လား၊ ဘာကောင်လာမလဲ။ ပိုင်အောင်ပစ်မည်။ တောမောင်းပစ်ရာတွင် အသေအချာ ချိန်ပစ်





ရသည်က ရှားသည်။ တောလိုက်ခွေးက အသံပေး၍ သားကောင်အား တအားထိုးလိုက်လာသဖြင့် သားကောင်က တအားပြေးလာသည်ကို တစ်ချက်တည်းနှင့် ထိအောင်ပစ်နိုင်ဖို့ လိုသည်။ ဒါက လေ့ကျင့်ထားသူ၊ အလေ့အကျင့်ရှိသူ၊ ပစ်နေကျဖြစ်သူမှသာ ဖြစ်နိုင်၏။ သေနတ်ကိုင်သူတိုင်း လုပ်နိုင်ကြသည် မဟုတ်။

ပစ်ရာတွင်လည်း ဦးတည်ရာမှာ အရေးကြီးသည်။ မုဆိုးချင်းဦးတည်ရာတည့်တည့် ဖြစ်နေစဉ် ဖြစ်ပါက သားကောင်သာမက မုဆိုးချင်း ထိနိုင်သည်။ မျက်နှာမူရာဘက်ကို ပစ်လျှင်လည်း တောခြောက်သမားကို ထိနိုင်သည်။ ထို့ကြောင့် တောခြောက်ပစ်လျှင် လွန်သွားမှ ပစ်ခြင်းမှာ အကောင်းဆုံးဖြစ်၏။

ကိုဖိုးတုတ်မှာ စိတ်အေးသူမို့ အေးအေးဆေးဆေးသာ ဆောင့်ကြောင့်ထိုင်ရင်း စောင့်နေသည်။ လုံးဝလှုပ်ရှားမှု မလုပ်။ မျက်နှာမူရာ တောင်ဘက်ကိုသာ ကြည့်ရင်း အသံကို နားထောင်နေသည်။ ဘာသံမှ မကြားရသေး။

မောင်းသင့်သည့်အချိန်ထက် ပိုကြာသည်ဟု သူထင်မိသည်။ စိတ်ထဲတွင် မရိုးမရွ ဖြစ်လာသည်။ တစ်စုံတစ်ခုသော အာရုံက သူ့အား နှိုးထနေသလို ထင်ရသည်။ ယခင်က သူ ဒီလို မဖြစ်ဖူးပါ။ ယခုမှ သူ့အား တစ်စုံတစ်ရာက တစ်ခုခုကို သတိပေးနေသလို ဖြစ်နေသည်။ သို့သော် မျက်နှာမူရာအရပ်ကိုသာ သူ အာရုံရှိနေသည်။

ထိုစဉ် သူ့ကျောက ယားသလိုလို၊ သူ့ကျောက ယားသလိုလို ဖြစ်လာသဖြင့် အရေပြားကို တွန့်လိုက်သည်။ ပုံသား ဟို

www.burmeseclassic.com



ဘက်ဒီဘက် ယိမ်းလိုက်ခြင်း ဖြစ်၏။

သူကိုယ်သူ စဉ်းစားမိသည်။ အာရုံစုစည်း၍ မရ။ ကျောဘက်သို့ အာရုံရောက်နေသည် ထင်သည်။ သူထားရမည့် အာရုံက သူမျက်နှာမူရာ၊ သူထားမိသည်က နောက်ကျောဘက် ဖြစ်နေသည်ဟု ထင်မိသည်။

ထိုစဉ် 'ဖောက်'အသံသေးသေးလေးက သူ၏အာရုံသို့ ရောက်လာသည်။ နောက်ကျောဘက်မှပင် ဖြစ်၏။ သူ့အာရုံက အားလုံးနောက်ကျောသို့ ရောက်သွားသဖြင့် လှည့်ကြည့်ချင်လာသည်။

ဒါပေမဲ့ အတွေ့အကြုံ ရှိသောသူဖြစ်၍ သူက ဆတ်ခနဲ မလှည့်မိရန် သတိထားသည်။ လူ၏ခန္ဓာကိုယ်ကို မလှုပ်ဘဲ လည်ပင်းကိုသာ လှည့်၍ ကြည့်လိုက်သည်။

အင်မတန် ကံကောင်းသည့် ကြည့်ခြင်းပါပေ။ သူ၏ နောက်တွင် တစ်စုံတစ်ခုကို တွေ့လိုက်ရာ သူ၏ရင်မှာ တဒိုင်းဒိုင်း ခုန်သွားသည်။ ကြက်သေ မသေသွားရန် သတိထားလိုက်ရသည်။

သူတွေ့သည့်အရာက မည်မျှ ကြောက်စရာ ကောင်းမည် ထင်ပါသနည်း။

သူတွေ့သည့်အရာမှာ သူ့နောက်ဘက် (၁၄)ပေခန့်အကွာ ဘိစပ်ချုံအောက်မှ ထိုးထွက်လာသည့် ဦးခေါင်းကြီး ဖြစ်သည်။ တိရစ္ဆာန်မုဆိုး ကျားသစ်ကြီး၏ ဦးခေါင်းပိုင်းပင် ဖြစ်ပါသည်။

မည်သည့်အချိန်က သူ့အား ချောင်းနေသည်မသိပါ။ ယခု ခေါင်းပိုင်းထွက်လာသည့် ဘိစပ်ချုံမှာ အောက်ခြေရှုပ်နေ





သဖြင့် ကိုဖိုးတုတ် ကံကောင်းနေခြင်း ဖြစ်၏။ ကျားသစ်က ဘိစပ်ချုံမှ နောက်ဆုံးအဆင့် ခေါင်းကို ငုံ့လျှိုးထွက်နေခြင်း ဖြစ်၏။ ခေါင်းထွက်ပြီး ကိုယ်ထွက်လာပါက ကိုဖိုးတုတ်အား ခုန်အုပ်ရုံသာ ရှိတော့သည်။

ယခုတော့ ကံအားလျော်စွာ ခေါင်းသာထွက်ရသေးပြီး ကိုယ်ပိုင်းက ချုံတွင်းတွင် ရှိနေသေး၏။ ဦးခေါင်းထွက်သည့် အချိန်တွင် ဘိစပ်ချုံကိုင်းတစ်ကိုင်းကို ခေါင်းနှင့်တိုက်မိပြီး အခြား ကိုင်းတစ်ကိုင်းကို ရိုက်မိရာမှ 'ဖောက်'ခနဲ အသံထွက်ခဲ့ရခြင်း ဖြစ်၏။

ကိုဖိုးတုတ်က ကျားသစ်၏ ခေါင်းကြီးကို မမှိတ်မသုန် ကြည့်နေသကဲ့သို့ ကျားသစ်ကလည်း၊ ကိုဖိုးတုတ်ကို အသေအချာ ကြည့်နေသည်။

ကိုဖိုးတုတ် မည်သို့ လှုပ်ရှားရမည်ကို စဉ်းစားရပါပြီ။ ကျားသစ်ကလည်း ရှေ့လက်ကို ချုံပြင်သို့ လှမ်းလိုက်သည့်အချိန် တွင် ကိုဖိုးတုတ်က သေနတ်ဒင်အသေးပိုင်းကို ဝဲလက်ဖြင့်ကိုင် ကာ ယာလက်ဖြင့် သေနတ်၏ ဝမ်းဗိုက်မှကိုင်ကာ သေနတ် မောင်းကို အသံမကြားအောင် တင်လိုက်သည်။ (ကိုဖိုးတုတ်မှာ ဘယ်ကျော်တစ်ယောက် ဖြစ်၏။)

ပြီးနောက် ခန္ဓာကိုယ်ကို ခြေထောက်အသာပြောင်း၍ ဆောင့်ကြောင့်ထိုင်လျက်ပင် နောက်သို့ ဖြည်းဖြည်းလှည့်ရင်း သေနတ်ကို ဘယ်ပခုံးတွင် ထောက်လိုက်သည်။

ကျားသစ်ကလည်း ရှေ့ပိုင်းထွက်လာပြီးဖြစ်၏။ ဒီအချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာ ကိုဖိုးတုတ် ပစ်နိုင်လျှင် ပစ်၊ မပစ်နိုင်လျှင် ခုန်အုပ်ခံရဖို့ သေချာပြီ။ ကဲ . . မုဆိုးချင်း ဘယ်သူလျှင်မလဲ။ မလျှင်သူခံ၊ လျှင်သူ စားစတမ်းလေ။

◆◆◆

ကိုဖိုးတုတ်က မုဆိုးများရော၊ တောမောင်းသမားများ စုံလာသောအခါ ပြန်ပြောပြသည်။

"ကျွန်တော်ဗျာ၊ တစ်ခါမှ ဒီလောက် မကြောက်ဖူးဘူး"

"နေပါဦး။ ကျားသစ်က ဘယ်လောက်ကြီးလို့ ခင်ဗျားက ဒါလောက် ကြောက်ရတာလဲ"

ကိုမောင်မောင်စိုးက မခံချင်အောင် မေး၏။ ကိုမောင်မောင်စိုးမှာ အနောက်သန်သူ ဖြစ်၏။

"လိုက်ပြီး အမြီးဆွဲထားတာ မဟုတ်ဘူး။ ဟော့ကောင် နေဦး။ နေဦးဆိုပြီး။ ဖိုးတုတ် ဖိုးတုတ်နဲ့ ဒါလောက် နာမည်ကြီးတာကို"

ဟု ဆက်ပြောလိုက်၏။

"ကျွန်တော်လည်း ခေါင်းနားပန်းတွေကြီး။ ရင်တွေ တဒိန်းဒိန်းနဲ့မို့ သူ့ခေါင်းကြီးက တင်တောင်းအဝလောက်တောင် ရှိမယ်ထင်တယ်ဗျို့"

သူပြောသည်ကို ပိုသည်ဟု မထင်ပါ။ လန့်သည့်စိတ်၊ ကြောက်သည့်စိတ်၊ စိုးရိမ်သည့်စိတ်ကြောင့် သာမန်ထက် အမြင်မှာ ပိုကြီးနိုင်ပါသည်။

● သက်ပန်စာပေ ●



"ကျားသစ်ကလည်း ရှေ့ပိုင်းထွက်လာ၊ ကျုပ်ကလည်း ပခုံးမှာ သေနတ်ထောက်ပြီးပြီမို့ ခလုတ်ကို ဆွဲလိုက်တယ်။ အပိုင်ဆော်လိုက်တာပေါ့ဗျာ"

"သေနတ်သံလည်း မကြားပါလား"

ကိုမောင်မောင်စိုးက ဝင်ထောက်၏။

"ဘယ်ကြားမလဲ။ သေနတ်သံက ဒိုင်းခနဲ ထွက်မလာဘဲ ချောက်ခနဲ ကျည်က အ,သွားတယ်။ ကျုပ်တော့ ဒီတစ်ခါ သွားပြီ ထင်တော့တာပဲဗျို့"

"ဒါပေမဲ့ ကံကောင်းတယ်ဗျို့။ ဒီကောင်ကြီးက ချောက်ဆိုတဲ့အသံလည်းကြားရော လှစ်ခနဲဆို နောက်ကျွမ်းပစ်ထွက်သွားတာ ဘိစပ်ချုံကိုတောင် ကျော်ကျသွားပြီး ပျောက်သွားလေရဲ့"

"ကျုပ်လည်း ကျည်နောက်တစ်တောင့်လဲဖို့ ခါးချိုးလိုက်တာ အ,နေတဲ့ကျည်က ဖောင်ဆို ခုန်ထွက်သွားတယ်။ ခါးပိုက်ထဲက ကျည်နောက်တစ်တောင့် ယူထည့်ပြီး ဒီကောင်ကြီး ခုန်သွားတဲ့နေရာကို ကြည့်လိုက်တော့ အရိပ်အယောင်တောင် မတွေ့တော့ဘူး။ မြန်လိုက်တာ မပြောပါနဲ့တော့ဗျာ"

ကျွန်ုပ် ။ အဲဒီ အ,သွားတဲ့ ကျည်ကော။

တုတ် ။ မကောက်အားလို့ မကောက်ခဲ့ရသေးဘူး။

ကျွန်ုပ် ။ လာ၊ ဒါဖြင့် သွားရှာမယ်။

ကျည်အ,ကို ရှာခဲ့ကြရာ တွေ့ပါသည်။ အင်္ဂလိပ်လုပ် ယမ်းတောင့်စက္ကူခွံ ကိုးလုံးကျည် S.G ဖြစ်ပါသည်။

● သက်ပန်စာပေ ●

www.burmeseclassic.com

www.burmeseclassic.com



ယမ်းတောင့်မှာ ကြာပြီး ဟောင်းနေပြီမို့ Missfire ကျည် အ,သွားခြင်း ဖြစ်ပါသည်။

ဘာပဲဖြစ်ဖြစ် ဒီပွဲတွင် လူမှုဆိုးနှင့် တိရစ္ဆာန်မှုဆိုးပြိုင်ပွဲဖြစ်သည်။ သူလျှင်ကိုယ်လျှင် ပြိုင်ခဲ့ကြခြင်း ဖြစ်ပေသည်ဟု စာရေးသူက ယူဆမိ၏။ ဒီပွဲတွင် လူမှုဆိုးမှာ လက်မတင်ကလေးတွင် ကံကောင်းခဲ့သည်။ လူမှုဆိုး၏ နားပါးမှုကလည်း အထောက်အကူပေးခဲ့သည်။ ကံကောင်းစွာပင် သူမနိုင် ကိုယ်မရှုံး သရေကျခဲ့ခြင်း ဖြစ်ပါတော့သည်။

*(ကိုဖိုးတုတ်အား အမှတ်တရ)*

*စာကြွင်း ။ အဆိုပါ အခေါက်က စာရေးသူတို့အဖွဲ့နောက်တစ်ခေါက်၊ တောခြောက်ပစ်ကြရာတွင် စာရေးသူအတွက် တစ်သက်တာ အမှတ်ရနေစေမည့် တစ်နည်းအားဖြင့် စာရေးသူတို့ အပျော်တမ်းမုဆိုးလောကတွင် နာမည်ပျက်၊ ပြောစမှတ်တွင်စေမည့် အဖြစ်အပျက်တစ်ခု၊ ပစ်ခတ်မှုတစ်ခု ကြုံခဲ့ရဖူးပါသည်။ အပျော်တမ်းမုဆိုးများ၊ ဝါသနာပါသူများ၊ စာရှုသူများ သိရှိ သတိထားမိစေရန် ဆက်လက်ရေးသားပါမည်။ "Great Escape အကြီးအကျယ်လွတ်မြောက်သွားခြင်း" ဟု ခေါင်းစဉ် တပ်ပါမည်။*

• သက်ပန်စာပေ •



www.burmeseclassic.com

www.burmeseclassic.com

# ကြွခဲ့ဘဲ့ ဘုံဗဟန္တာ

မဝမပင်ကြီးတစ်ပင်က လုံးပတ် (၈)ပေမျှ ရှိပေမည်။ ထိုအပင်ကြီးအား လိမ်ပတ်ရစ်နွယ်၍ တက်နေကြသော "လေမင်းနွယ်"ကြီးများကလည်း လူကြီးလက်မောင်းအိုးလောက် ရှိလေ၏။ ပင်စည်ကို ပတ်ဝိုက်၍ အထက်သို့ လုတက်သွားကြသဖြင့် အပင်ပေါ်သို့ တက်ရန်မှာ လွယ်ကူပေမည်။ ထို့ပြင် မဝမရွက်နှင့် လေမင်းနွယ်ရွက်များက ရွက်ဖား၊ ရွက်စိပ်၊ တဖိတ်ဖိတ်တောက်လျက်ရှိသည်သာမက အရိပ်ကလည်းကောင်း၍နေ၏။ တိတ်ဆိတ်စွာဖြင့် ထိုအပင်ကြီးပေါ်မှ စောင့်ရလျှင် ဝင်လာမည့် သားကောင်ကို စိတ်ချလက်ချ ပစ်ယူရရှိနိုင်လောက်ပေသည်။

အပင်ကြီးမှာ ခရမ်းခင်း၏ မြောက်ဘက်ရေစပ်၊ ခင်ပြတ်ကလေးတွင် တစ်ပင်ထီးထီးဖြစ်ကာ ခရမ်းခင်း၏ ခြံစည်းရိုးအနီးတွင် ရှိ၏။ အပင်ပေါ်မှ စီးမိုး၍ ကြည့်မည်ဆိုလျှင် ခရမ်းခင်းတစ်ခင်းလုံးမှ အပင်၊ အရွက်၊ အလက်၊ အသီး၊ မြေပုံကြီးများကို တစ်ခုမကျန် တွေ့နိုင်၏။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



ထိုအရပ်မှ ခရမ်းခင်းများမှာ မြေပုံ(အပိုင်းပုံ)ပုံ၍ စိုက်ကြသည့် ဓလေ့ရှိ၏။ ဖွန်၊ ဇူလိုင်လများတွင် တစ်မိုက်တစ်ထွာမျှရှိ ပျိုးထောင်ပြီး ခရမ်းပင်ကလေးများကို မြေပုံပေါ်တွင် ပတ်၍ (၄၊ ၅)ပင် စိုက်ကြရ၏။ မြေပုံနှင့် မြေပုံများအကြား မြက်များပေါင်းများကို နုတ်ယူရှင်းလင်းကာ အပင်ကိုမြေဖာကျွေး၊ ပင်ကြပ်လျှင်နုတ်၊ ပင်ကျဲလျှင်စိုက်၊ အလိုက်အထိုက် ပြုပြင်ပေးထားပါက စက်တင်ဘာလကုန်၊ အောက်တိုဘာလဆန်းလျှင် ကြီးမားထွားကြိုင်း၊ လူ့လက်ဖျံနှင့် နှိုင်းရလောက်သည့် ခရမ်းရောင် ခရမ်းသီးကြီးများက တစ်ခင်းလုံးကို ခရမ်းရောင် ခြယ်သထားသလို တွေ့ကြရ၏။ ထိုအခါ ခူး၍ ရွာအနောက်ထမ်း၊ လက်ပန်တန်းစု ဘူတာမှ အင်းစိန်ဘူတာကြီးသို့ ကုန်ရထားဖြင့် ပို့၍ ရောင်းကြရလေသည်။

လွယ်တော့ လွယ်လှသည်မဟုတ်၊ မိုးမကျမီ တပေါင်း၊ တန်ခူးလများကတည်းက တောကြား၊ တောင်ကြား၊ လျှိုမြောင်ကြား၊ တစ်နေရာရာတွင် တစ်ကော၊ တစ်ကေခွဲ၊ နှစ်ကေမျှ တစ်ပိုင်တစ်နိုင် တောရှင်း၊ ကျွန်းခွေ၊ မီးရှို့ကာ မိုးကလေးကျသည်ဆိုလျှင်ပင် မြေပုံပုံ၊ ခရမ်းပျိုးထောင်၍ အထက်က ဆိုခဲ့သည့်အတိုင်း ခရမ်းစိုက်ကြရသည်။ ခရမ်းတောင်သူများအဖို့ ဖူးကြီးတောသည် သူတို့၏ ဘူမိနက်သံ၊ ခရမ်းအချိန်မှန်ထွက်ရာမြေ ဖူးကြီးဘူတာမရောက်မီ တစ်ဘူတာအလိုရွာဖြစ်သော လက်ပန်တန်းစုရွာမှ ကိုစန္ဒာက ဖူးကြီးရေလှောင်တမံ၏ အရှေ့တောင်ထောင့် ပန်းတစ်ပွင့်တောင်၏ အရှေ့မြောက်ထောင့်တွင် ခရမ်းခင်း





ကလေးကိုလုပ်ကာ မိသားစုဝမ်းရေးကို ရှာကြံကျွေးနေရခြင်းဖြစ်၏။

ကျွန်ုပ်က ခရမ်းခင်းနှင့် ခရမ်းတောင်သူများအကြောင်းကော၊ ၎င်းတို့၏ ဓလေ့စရိုက်နှင့်ပါ ရင်းနှီးကျွမ်းဝင်ပြီးသူမို့ အောက်တိုဘာလရောက်လျှင် ဖူးကြီးတော၊ ခရမ်းခင်းများ၌ ချေ(ဂျီ)ပစ်ရန် လင့်သွားစောင့် တတ်ပေသည်။ စနေ၊ တနင်္ဂနွေလို ရုံးအားရက်မျိုးတွင် ညနေခင်း လင့်စောင့်ရသည်မှာ ကျွန်ုပ်အဖို့ စိတ်ဝင်စားဖွယ် ဖြစ်ပေသည်။ ပင်လည်း မပင်ပန်းဘဲကိုး။ နေ့လယ်ဘက်တွင် ခရမ်းခင်းများကို လှည့်လည်ကြည့်ရသည်။ မြေပုံများနှင့် မြေပုံများကြားတွင် ဂျီ(ချေ)ခြေရာကိုကြည့်ရသည်။ မြေပျော့တွင် နင်းထားသော ဂျီ(ချေ)ခြေရာတွင် အကောင်အကြီးအသေး၊ ဂျီ(ချေ)ဖို၊ ဂျီ(ချေ)မ ခွဲရသည်က သိပ်ခက်လှသည်မဟုတ်။ ပို၍ သေချာစေရန် ဂျီ(ချေ)ဖြတ်တောက်ကိုက်ဝါးထားသည့် ခရမ်းသီးထက်ပိုင်းဖြတ်များမှ ဂျီ(ချေ)စွယ်ရာကိုကြည့်ရာ အထီး၊ အမခွဲရသည်။ ခြေရာကို ကြည့်၍လည်း အခင်းဝင် မှန် မမှန်၊ သွားရင်းလာရင်း ကိုက်ဝါးခြင်း ဟုတ် မဟုတ်၊ နံနက်ပိုင်းဝင်သလား ညနေပိုင်း ဝင်သလား စသည်တို့ကို (Logic) ယုတ္တိဗေဒနည်းအရ တွက်ချက်ရသည်မှာ စိတ်ဝင်စားဖွယ်။

မိမိအတွက်အချက် မှန်ပါက ဂျီ(ချေ)သည် တစ်စုံတစ်ခုသော အကြောင်းရှိမနေလျှင် လာနေကျအချိန်တွင် အခင်းဝင်ကို ဝင်ရမည်။ ရအောင်ပစ်ဖို့သာ အရေးကြီးသည်။ အကြောင်းတစ်စုံတစ်ရာ ဆိုသည်မှာ ဂျီ(ချေ) ဝင်ချိန်တွင် မိုးအလွန်ရွာခြင်း



www.burmeseclassic.com

www.burmeseclassic.com



လျှပ်လက်မိုးခြိမ်းခြင်း၊ တောဆူခြင်း၊ သဘာဝနှင့် ဆန့်ကျင်သည့် အသံများ ထွက်ပေါ်ခြင်း၊ လူ၊ ခွေး စသည့် အသံများ ရုတ်တရက် ပေါ်လာခြင်း၊ ခရမ်းခင်း ပြန်သူများ၏ လက်မှ တုတ်၊ လေးခွ စသည်တို့ဖြင့် အခင်းတွင်း ပစ်ခြင်းတို့ပင် ဖြစ်၏။

ခရမ်းခင်းစောင့်လျှင် အချို့က ညနေ (၃)နာရီကတည်းက တစ်ညနေလုံး မိုးချုပ်နေဝင်အထိ စောင့်ကာ မှောင်မှ မီးထိုး၍ ပြန်လာတတ်ကြ၏။ လင့် (သို့မဟုတ်) ပခက်ပေါ်တွင် အချိန်အတော်ကြာကြာ နေကြရသဖြင့် ညောင်းညာကိုက်ခဲသည်သာမက ထိုရာသီတွင် ခြင်က တအားကိုက်လေရာ မုဆိုးမှာ လင့်တွင် ငြိမ်ငြိမ်နေ၍ မရ။ တလှုပ်လှုပ် တရွရွ ဖြစ်နေတတ်ရာ သားကောင်က "မုဆိုးရေ၊ မင်းနေပါသေးတယ်ကွာ"ဟု လှောင်၍ပင် သွားနိုင်လောက်သည်။

ခြင်ကိုက်ခံရပြန်လျှင်လည်း ငှက်ဖျားဖြစ်ဖို့ သေချာသည်။ ဖူးကြီးငှက်ဖျားက အသက်များပင် ပေးရနိုင်သည်။ ကျွန်ုပ်၏အတွေ့အကြုံအရ ဖူးကြီးငှက်ဖျားမှာ ဆိုးလှသည်။ ယခုအချိန်ထိ ကျွန်ုပ်၏ (Spleen) သရက်ရွက်အတွင်း ငှက်ဖျားပိုးကနေတုန်း။ တစ်ခါတစ်ရံ ငှက်ဖျားပိုးထတုန်း ဖြစ်၏။ "သေချင်လျှင် စိန်မစားနဲ့ ဘောနီတောကိုသွား"ဆိုသည့် ရှေးစကားရှိခဲ့သည်။ ကျွန်ုပ်မှာ "ဘောနီတော"ကိုသာမက ရိုးမကြီးများကိုပင် ရောက်ဖူး၊ တောပစ်ဖူးရာ ထိုအထဲတွင် ဖူးကြီးငှက်ဖျားမှာ အဆိုးဆုံး ဖြစ်၏။ ထို့ကြောင့် "သေချင်လျှင် စိန်မစားနဲ့ ဖူးကြီးကိုသွား"ဟုပင် ပြောင်းလဲပြောစမှတ် ပြုလောက်ပါပေသည်။ ကျွန်ုပ်မှာ ဖူးကြီးတော ငှက်





ဖျားမိဖူးရာ မသေ၍ ကျွန်သည်ဟုပင် သတ်မှတ်ထားရပါသည်။

—◆—◆—◆—

"ဆရာမိုး ဘယ်လိုလဲ။ ဒီအခင်းမှာပဲ စောင့်မယ်မို့လား"

စန္ဒာက ကျွန်ုပ်အား မေးလာပါသည်။ ကျွန်ုပ်က အဖြေမပေးသေး။ ခေတ္တစဉ်းစားပြီးနောက် ...

"အေး .. ဂျီ(ချေ)ကတော့ အဝင်မှန်တယ်ကွ။ ဒါပေမဲ့ ငါ့အထင်တော့ လူလစ်တဲ့အချိန်မှာ ဝင်စားတာ ဖြစ်မယ်။ အချိန်တော့ မှန်ပုံမရဘူး"

"ဘာဖြစ်လို့လဲ ဆရာ"

"မင်းအခင်းက တောင်ပေါ်က ဆင်းလာတဲ့ လူသွားလမ်းနဲ့ နီးတယ်။ မြောက်ဘက်က မခမယ်ကြီး ရှိတဲ့ဘက်ကလည်း ကန်ရဲ့ရေစပ်ဖြစ်နေတယ်။ ပြီးတော့ အနောက်မြောက်ဘက်ကို ချွန်းကလေး ဖြစ်နေတော့ ဒီဂျီ(ချေ) လာဖို့လမ်းက အရှေ့တစ်ဖက်ပဲ ရှိတယ်။ အေး ... တောင်ဘက်က လာရင်တော့ လမ်းကို ဖြတ်ရမယ်။ စည်းရိုးလည်းရှိတယ်ဆိုတော့ သိပ်မသေချာဘူး။ ဒါ့ကြောင့် ဂျီက ဝင်စားရင်တောင် အရှေ့ဘက်ကပဲ လာပြီး လူလစ်တဲ့အချိန်လေးမှာ ဝင်စားတာ"

"ဟုတ်ရဲ့လား ဆရာ"

"မင်းကြည့်လေ။ ဂျီ(ချေ)ဗိုး ခြေရာက အရှေ့ဘက်စည်းရိုးနားမှာပဲ စည်တယ်။ မြောက်ဘက်ကိုတော့ တစ်ခါတစ်ရံသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ကျွန်ုပ်က ဂျီ(ချေ) ခြေရာကိုပြ၍ ပြောရလေ၏။

"ဒါဆိုရင် မစောင့်ဘူးလား ဆရာ"

"စောင့်တော့ စောင့်မယ် စိတ်ကူးတယ်ကွ။ ဒီဂျီ(ချေ)ဗိုက ခြေရာနဲ့ သူခူးထားတဲ့ ခရမ်းသီးရဲ့ အစွယ်ရာကိုကြည့်ခြင်းအားဖြင့် အချိန်တစ်ဆယ်ကျော် ထွက်နိုင်တယ်"

"ဒီမှာကြည့် . . ."

ဟုဆိုကာ ကျွန်ုပ်က ဂျီ(ချေ)ခူးထားသည့် ခရမ်းသီးထက်ပိုင်းပြတ် (အပင်တွင် တစ်ဝက်ရှိနေဆဲ)အား ပြ၍ သူ့အားပြောလိုက်သည်။

"ဒါဆို ဘယ်လိုလုပ်မလဲ ဆရာ"

"ဒါလည်း ဒီနေ့မှ ရောက်တာဆိုတော့ တခြားအခင်းတွေလည်း ဝေးဝေးသွားရှာ မနေတော့ပါဘူးကွာ။ စောင့်ကြည့်တာပေါ့"

ကျွန်ုပ်နှင့် စန္ဒာတို့ သူ့အပေ ဦးကျော်သောင်း၏ အခင်းသို့ ပြန်လာခဲ့သည်။ ဦးကျော်သောင်းမှာ သူ့အခင်းနှင့် မိုင်ဝက်မျှဝေးပြီး အခြား ခြံနီးချင်းများနှင့် ခြံချင်းဆက်လျက် ရှိရုံသာမကခြံစောင့်တဲများလည်း ရှိ၏။ တစ်တဲနှင့်တစ်တဲ လှမ်းတွေ့နေရသည်။

—◆—◆—◆—

• သက်ပန်စာပေ •



အောက်တိုဘာလ၊ သီတင်းကျွတ်လဆန်းရက်မို့ ရာသီဥတုက သာယာလျက်ရှိ၏။ အဘဦးကျော်သောင်း၏ ခရမ်းခြံတွင် ရေတိ၊ သခွား၊ ရုံးပတီ၊ ပင်စိမ်း၊ ရွှေဖရုံပင်များ စိုက်ထားလေရာ ကျွန်ုပ်မြို့မှယူလာသော ကုလားပဲဖြင့် ကုလားပဲသီးစုံ မဆလာကုလားဟင်းတစ်ခွက်၊ ငါးမြွေထိုးခြောက်ကြော်နှင့် စားရသည့်ညနေစာမှာ မမေ့နိုင်သော ညနေစာပါပေ။ ထမင်းကို (၃း၃၀)နာရီခန့်တွင် စားပြီး ထန်းလျက်နှင့် ရေနွေးကြမ်းမြည်းကြရင်းမှ အဘဦးကျော်သောင်းက . . .

"သားတို့ သွားကြည့်တဲ့ စန္ဒာခြံက ဘယ်လိုလဲ၊ အကောင်အဝင် စိပ်ရဲ့လား"

"ဟုတ်ကဲ့၊ စိပ်ပါတယ် အဘ။ ဒါပေမဲ့ လမ်းနဲ့နီးတော့ အကောင်က ဝင်ချင်တဲ့အချိန်ဝင်တာ၊ မမှန်ဘူး"

"ဒါဖြင့် မစောင့်ဘူးလား"

"စောင့်တော့ စောင့်မယ် အဘ။ ဒီနေ့ တောထဲရောက်တာ နောက်ကျလို့ တခြားအခင်းတွေမှာ ခြေရာခြေကြောင်းကြည့်ဖို့ကလည်း အချိန်မရတာနဲ့"

"အေး . . . ဒီညနေစောင့်ကြည့်ပေါ့။ အကောင်မဝင်ရင်နောက်နေ့မနက် တခြားအခင်းတွေ လိုက်ကြည့်ပြီး စောင့်ပေါ့"

"ဟုတ်ကဲ့ အဘ"

"ဒီညနေ တကယ်လို့ အကောင်မဝင်လို့ မပစ်ရရင်စိတ်ဓာတ်မကျပါနဲ့၊ ဟင်းအတွက်တော့ အဘ စီစဉ်ထားပါ့မယ်"

အဘ၏ စကားကြောင့် ကျွန်ုပ်မှာ အားတက်ခဲ့ရပြီ။

• သက်ပန်စာပေ •

www.burmeseclassic.com

www.burmeseclassic.com



"ဘာဟင်း စီစဉ်မှာလဲ အဘ"

အဘက ပြုံးလျက် "ရစ်သားဟင်းလေ။ သား ကြိုက်တယ်မဟုတ်လား"

"သိပ်ကြိုက်တာပေါ့ အဘရာ။ ဘာလဲ အဘ ထောင်ထားတာ ရှိလို့လား"

"မထောင်ပါဘူးကွယ်။ အသက်က ရလာတော့ တောထဲမတိုးနိုင်တော့လို့ ကိုင်းလည်း မထောင်တော့ပါဘူး"

"ဒါဖြင့် ရစ်က ဘယ်လိုရမှာလဲ အဘ"

"မင်းအားကိုးနဲ့ ရမှာပါ"

"ဘယ်လို အဘ"

"မင်းမှာ ပွိုင့်တူးတူး ပါတယ်မို့လား"

"ဟုတ်ကဲ့ ပါတယ်အဘ"

ကျွန်ုပ်မှာ ထိုစဉ်က (၁၂)ဗို့ နှစ်လုံးပူးနှင့် ဒသမ (၂၂) ဘိုးရိုင်ဖယ်တို့ကို လိုင်စင်ဖြင့် ကိုင်ထားရာ ယခုအခေါက် တစ်ယောက်တည်း တောသွားရာတွင် သေနတ်နှစ်လက်စလုံးကို ယူလာခဲ့ခြင်း ဖြစ်သည်။ အဘက ဒသမ(၂၂)ဘိုးကို တွေ့ပြီးဖြစ်၍ ပြောခြင်းဖြစ်၏။

"အေး . . . အဘ ရစ်အိပ်တန်း တွေ့ထားတယ်"

"ဟာ . . . တကယ်လား အဘ၊ ဝမ်းသာစရာပဲ"

ကျွန်ုပ်မှာ ရစ်သားကြိုက်သူမို့ အားရဝမ်းသာ ပြောမိ၏။

"အေး . . မင်း ဂျီ(ချေ)ကို အရင်သွားစောင့်ပါ။ ဂျီ(ချေ) မရမှ ရစ်ပစ်ကြတာပေါ့။ ရစ်က အရန်ဟင်းလို့ သဘောထား"





ရစ်များမှာ အိပ်တန်းမှန်ကြသည်။ ကိုင်းနိမ့်နိမ့်တွင် အိပ်တတ်သည်။ ထို့ကြောင့် ဟင်းလိုမှ ညဘက် သွားပစ်၍ ယူနိုင်သည်။ မုဆိုးတစ်ဦးအဖို့ ရစ်အိပ်တန်းပစ်ရာတွင် အပင်နိမ့်နိမ့်မှ သရက်သီးခူးရသကဲ့သို့ လွယ်လှပေသည်။

အဘက ရစ်ကို အပိုင်တွေ့ထားပြီမို့ ကျွန်ုပ်က စိတ်လက်ပေါ့ပါးစွာဖြင့် ဂျီ(ချေ) စောင့်ရပေမည်။ ထိုနေ့က ဂျီ(ချေ) စောင့်ခဲ့ရာတွင် မုဆိုးတစ်ဦးအဖို့ အကြိမ်တစ်ရာလျှင် တစ်ကြိမ်၊ အကြိမ်တစ်ထောင်လျှင် တစ်ကြိမ်။ အို . . . နောက်ဆုံး မုဆိုးသက် တစ်သက်တွင် တစ်ကြိမ်တွေ့ရန် ခက်ခဲသော အတွေ့အကြုံတစ်ခုကို တွေ့ကြုံခဲ့ရပေရာ ထိုမျှ ကြုံကြိုက်ခဲလှသော အတွေ့အကြုံတစ်ရပ်ကို စာရှုသူများ မျှဝေခံစားနိုင်စေရန် အမှန်ကြုံတွေ့ခဲ့ရသည့်အတိုင်း တင်ပြလိုက်ပါသည်။ "ကြုံခဲ ဆုံခဲ ဘုံကမ္ဘာထဲ" ဆိုသည့် ဝတ္ထုအမည်ဖြင့် . . .။

ကျွန်ုပ် မဓမပင်ကြီး၏အလယ်၊ အမြင့်ပေ(၂၀)ခန့်ရှိ မည့်နေရာမှ လေမင်းနွယ်ကြီးနှစ်ခုကို ဝဲ၊ ယာထားကာ ပါလာသည့် ပုခက်ကို ချည်နှောင်ပြီးနောက် တောင်ဘက်သို့ မျက်နှာမူကာ ထိုင်လိုက်သည်။ ထို့နောက် ပလတ်စတစ်ကြိုးကလေးဖြင့် သေနတ်ခလုတ်ကွင်း (Trigger Guard) တွင် တစ်ဖက်စကို ချည်ထား၍ ကျွန်ုပ် အပင်ပေါ်တက်လာစဉ်က ခါးပတ်တွင် တစ်ဖက်စချည်ထားပြီးဖြစ်သည့် ကြိုးစအား ဖြုတ်ကာ သစ်ပင်ခြေရင်းတွင်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ထားသည့် သေနတ်အား ဆွဲယူမ,တင်လိုက်ရာ ကျွန်ုပ်၏ (Spring Field) နှစ်လုံးပူးသေနတ်က ကျွန်ုပ်ရှိရာ ပုခက်တွင်းသို့ ရောက်လာ၏။ ထို့နောက် သေနတ်ခလုတ်ကွင်းမှ ချည်ထားသည့် ကြိုးစကို မဖြေဘဲ နွယ်နှင့်သစ်ကိုင်း ရှုပ်နေရာတွင် သေနတ်အား ကန့်လန့်တင်ထားလိုက်၏။ တစ်ဖက်ကြိုးစကိုမူ နွယ်တွင် တိုတို ချည်ထားရပြန်၏။ သို့မှသာ မတော်တဆ သေနတ်လွတ်ကျပါက မြေသို့မကျနိုင်ရန် ဖြစ်၏။ လင့်စောင့်လျှင်ဖြစ်စေ၊ လှေဖြင့်သွားသည့်အခါဖြစ်စေ သေနတ်အား ထိုသို့ ပြုလုပ်ထားပါက သေနတ်အတွက် စိတ်ချရ၏။

လင့်ပုခက်တွင် တစ်ခါတစ်ရံ အကြောင်းအမျိုးမျိုးကြောင့် ခြေချော်၊ လက်ချော် မဖြစ်စေရန်လည်း အမြဲသတိထားရ၏။ ထိုစဉ်က လင့်ပုခက်ကို စစ်သုံးစောင်ကျားဖြင့် ကလေးပုခက်ချည်သကဲ့သို့ချည်၍ စောင့်ရ၏။ ယခုကဲ့သို့ နိုင်ငံခြားဖြစ် လင့်ပုခက်များမှာ ဝယ်၍မရနိုင်ပါ။

သေနတ်နေသားတကျ ဖြစ်ပြီး၊ လူလည်း ပုခက်တွင်းတွင် သေချာစွာ နေရာယူပြီးသောအခါ ကျည်ခါးပတ်မှ (S.G) ယမ်းတောင့်နှစ်တောင့်အား ထုတ်ယူ၍ သေနတ်ခါးချိုး ထည့်လိုက်ပြီး သော့ပိတ်ကာ နွယ်ပေါ်တွင် အသာပြန်တင်ထားရပြန်သည်။ သားကောင်ဝင်လာလျှင် သေနတ်ကို အလွယ်တကူယူ သော့ဖွင့်၍ ပစ်နိုင်ရန် ဖြစ်၏။

အချိန်မှာ ညနေ(၄)နာရီ (၃၅)မိနစ်သာ ရှိသေး၏။ ကျွန်ုပ်၏ အတွေ့အကြုံအရ အခင်းသို့ ဂျီ(ချေ)ဝင်တတ်ချိန်မှာ

• သက်ပန်စာပေ •



(၅)နာရီခွဲနှင့် (၆)နာရီကြားတွင် ဖြစ်၏။ ထို့ကြောင့် (၁)နာရီမျှတော့ ပုခက်တွင် အေးအေးဆေးဆေး ငြိမ်ငြိမ်သက်သက် နေရပေမည်။ ထိုသို့ ငြိမ်ငြိမ်သက်သက်နေရန်မှာ အိပ်နေခြင်းသာ အကောင်းဆုံးဖြစ်၏။ လင့်ပုခက်တွင် အိပ်သည်ဆိုရာ၌ လုံးလုံးနှစ်မြိုက်အောင် အိပ်ရသည်မဟုတ်။ မျက်စိကိုမှိတ်၍ ခန္ဓာကိုယ်ကို သက်တောင့်သက်သာ အနားပေးထားရခြင်းမျိုး ဖြစ်၏။ နားကိုမူ လုံးဝအနားမပေးရ။ တစ်နေရာရာမှ ထွက်ပေါ်လာမည့် ရှဉ့်တောက်သံ၊ တောကြက် ကတောက်သံ၊ ငှက်တော်တစ်ကောင်၏ မလိုလားသည့် တဖျိုးဖျိုးအော်သံ စသည်တို့ကို နားစိုက်ရ၏။ သူတို့အထဲမှ တစ်ကောင်ကောင်၏အသံသည် သတ္တဝါတစ်ကောင်ကို တွေ့၍ ပေးသည့်အသံမျိုး ဖြစ်တတ်၏။ ထို့ကြောင့် ထိုသတ္တဝါကလေးများကို ကင်းကောင် (ကင်းစောင့်ပေးသည့် အကောင်)အဖြစ် သုံးတတ်ရလေသည်။ ဤသည်မှာ မုဆိုးတစ်ဦး၏ အကင်းပါးမှု၊ တောကျွမ်းမှုပင် ဖြစ်တော့၏။

ရာသီဥတုမှာ သာယာလျက်ရှိရာ ညနေခင်း အလင်းရောင်က အနောက်ဘက် ကောင်းကင်ယံတွင် တောက်ပနေ၏။ ငွမ်းဆိုင်၊ ငွမ်းလိပ်များသဖွယ် တိမ်တိုက်များက ဟိုတစ်စု သည်တစ်စုဖြင့် အထပ်လိုက် ရှိနေရာ မိုးကုပ်စက်ဝိုင်းကို ဝန်းရံထားသည့် လိုက်ကာများသဖွယ် သီတင်းကျွတ်လ၏ တောက်ပသော ညနေခင်းဝယ် ဖူးကြီးတော၏ ခင်တန်း၊ ရိုးစွယ်၊ တောင်ကုန်းသွယ်သွယ်များနှင့် ဖူးကြီးရေစပ်ဆီမှ ချုံနွယ်များမှ မြရောင်ကမ္ဘာ လွှမ်းခြုံထားသည့်နှယ်။

• သက်ပန်စာပေ •

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်မှာ မဓမပင်၏ ပင်စည်ကို ကျောပေး၍ တောင်ဘက်သို့ မျက်နှာမူထားသဖြင့် မြောက်ဘက် ဖူးကြီးကန်အတွင်းကိုတော့ လုံးမမြင်ရပေမင့် ကျန်အရပ်ဒေသများကိုတော့ အပေါ်စီးမှ မြင်နေရသည်။ ခရမ်းခင်း၏ ဝါးစည်းရိုးမှာ ဖါးတန်း(၃)တန်းဖြင့် ကာထားကာ အချို့နေရာများတွင် ချုံများ၊ သစ်ခက်များဖြင့် ပိတ်ဆို့ထား၏။ တောင်ဘက်လူသွားလမ်းမှလွဲလျှင် ကျန်အရပ်မျက်နှာများ၌ အောက်ခြေရှုပ်သော တောကရှိနေရာ သားကောင်မှာ အချိန်မရွေး ချုံထဲမှ ခေါင်းပြူ၍ ခြံထဲသို့ ဝင်လာနိုင်ပေသည်။

ကျွန်ုပ်က ပတ်ဝန်းကျင်ကို လေ့လာပြီးနောက် မျက်စိမှိတ်ထားကာ သောတအာရုံကိုသာ စူးစိုက်နေလိုက်၏။

—◆—◆—◆—

"ဂလောက် . . . ဂလောက် . . ဂလောက်"

"ဂလောက် . . . ဂလောက် . . ဂလောက်"

လေ့နံ့နှင့် လေ့တက်တိုက်သံက ကျွန်ုပ်၏ကျောဘက် ဖူးကြီးကန်အတွင်းမှ ကြားလိုက်ရ၏။

"ဂလောက် . . . ဂလောက် . . . ရှော . . ရှော"

လှေက ချုံတစ်ခုသို့ ထိုးလိုက်သံ ကြားလိုက်ရပြန်သည်။

တံငါလှေနှင့် တူပါသည်။ ညနေစောင်း ငါးမျှားတန်းချရန် လာခြင်းဖြစ်ပေမည်။ ဖူးကြီးကန်မှာ ငါးရံ့၊ ငါးခူ၊ တီလားပီးယား၊ ငါးဖမ်းမ စသည်တို့ ပေါသည်။ သို့အတွက် ရွာနီးချုပ်စပ်





မှလူများ ညနေအလုပ်သိမ်းချိန် ဖူးကြီးကန်အတွင်း ငါးမျှားတန်းချတတ်ကြ၏။

ကျွန်ုပ်က တံငါလှေ ငါစောင့်တဲ့ဘက် မလာပါစေနဲ့ဟု ဆုတောင်းမိ၏။ ကျွန်ုပ် စောင့်သည့် မဓမပင်မှာ ရေစပ်နှင့် (၁၀)ပေ၊ (၁၅)ပေမျှသာ ဝေးသည်။ ချုံငယ်များ ဝန်းရံထား၍ ရေထဲမှ မဓမပင်ခြေကိုတော့ လုံးမမြင်ရနိုင်။ ထို့အတူ ကျွန်ုပ်အားလည်း ရေထဲမှ လုံးမမြင်နိုင်။ ရွက်ဖားရွက်စိပ် ရှိလှသည့် မဓမရွက်နှင့် လေမင်းရွက်များက သိပ်သည်းနေသည်သာမက လုံးပတ်(၈)ပေမျှရှိသော ပင်စည်ကလည်း ကာလျက်ရှိ၏။

"အချစ်ရေ၊ ကြိုးတန်းရှင်းပေးပါဦး"

အမျိုးသားလူငယ်တစ်ဦး၏ အသံ။

"ဒီမှာလည်း တစ်တန်းရှင်းပြီး ငါးစာချိတ်နေတယ်လေ"

အမျိုးသမီးငယ်တစ်ဦး၏ အသံ။

"အေးပါ၊ မင်း တန်းချပြီးရင် ကိုယ့်ကိုကူဖို့ ပြောတာပါ"

အမျိုးသားအသံ။

"ကူမယ် ကူမယ်၊ ခဏနေဦး"

ခေတ္တမျှ တိတ်ဆိတ်သွားပြန်သည်။ သူတို့၏ ပြောသံအရ ကျွန်ုပ်နှင့် ကိုက်(၅၀)၊ (၆၀)မျှဝေးရာ မြောင်၏ တစ်ဖက်ကမ်းလောက်မှ ဖြစ်ပုံရ၏။

ငါးတန်းချရာတွင် ရေပြင်ကျယ်တွင် ချရသည်မဟုတ်။ ဖူးကြီးကန်မှ ရေရောက်ရာ မြောင်များ၊ ကွေ့များ၊ ရိုးများနှင့်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းကျဉ်းရာ အရပ်များတွင် ချရခြင်းဖြစ်၏။ အရပ်အခေါ် ရေဖျားတွင် ချရခြင်းဖြစ်၏။ ကျွန်ုပ်က မျက်စိမှိတ်ထားရာမှ ဆက်လက် နားယောင်ကြည့်ပြန်သည်။

"ဂလုပ် ‥ ဂလုပ် ‥ ဖျောက်"

လှေဝါတွင် အမျိုးသမီးက အမျိုးသားထံ သွားပုံရ၏။

"ကဲ ‥ ဘယ်မှာလဲ၊ ပေး ရှင့်ကြိုး … ရှင်းရအောင်"

"ရော့ … ဒီမှာယူ"

"အို … ဒီလို မလုပ်နဲ့လေ။ ရေထဲကျသွားရင် အဝတ်တွေ ရေစိုသွားမှာပေါ့"

—◆—◆—◆—

ဤတွင် ပြဿနာက စလေသည်။ ကျွန်ုပ်စောင့်သည့် ခရမ်းခြံ ခင်တန်းမှာ အပင်ပုငယ်များသာဖြစ်၍ ကျွန်ုပ်ပခက်နှင့် စောင့်နေသည့် မမပင်ကြီးကသာ အမြင့်တွင် ထီးထီး၊ တစ်ပင်တည်း။ အရိပ်ကြီးကလည်း ကောင်းသဖြင့်၊ ထို့ကြောင့် ကျွန်ုပ်က ဆုတောင်းမိသည်။ ငါ့ဘက်ကမ်း မလာပါစေနဲ့။

"ငါ့ဘက်ကမ်း မလာပါစေနဲ့"

"ငါ့အပင်ကြီးဆီ မလာပါစေနဲ့"

ကျွန်ုပ် ဆုတောင်းပြည့်ခဲ့ပါလေသလား။

(၁၀)မိနစ်ခန့် ကြာသွားပြန်သည်။

"ဂလုပ် ‥ ဂလုပ် ‥ ဂလုပ်"

လှေလှော်သံဖြင့် တက်နှင့် လှေနံ ထိသည့်အသံ။

● သက်ပန်စာပေ ●



"ဒီတစ်တန်းချပြီးရင် ပြီးပြီ"

လူငယ်အသံ။

"ပြီးရင် တောကို စောစောပြန်ရတာပေါ့"

အမျိုးသမီးငယ်အသံ။

"တဲအစောကြီးပြန်ပြီး ဘာလုပ်မှာလဲ"

"ကိုယ့်တဲကို ကိုယ်ပြန်တာပဲ။ စောစောပြန်တော့ စောစောနားရတာပေါ့"

"အခုလည်း နားလို့ရတာပါပဲ။ ဟိုမှာတွေ့လား။ မမပင်ကြီး။ အရိပ်ကလည်းကောင်း။ ကမ်းစပ်မှာဆိုတော့ …"

"ဟာ … ပြဿနာပဲ"

ကျွန်ုပ်၏ စိတ်တွင်းမှ အာမေဍိတ်သံ။ ကျွန်ုပ် လင့်စောင့်ခြင်းကတော့ ပျက်လေမည်။ နာရီကို ကြည့်လိုက်သောအခါ (၅)နာရီခွဲ။ သည်အချိန်မျိုး၊ သည်လို တောငြိမ်နေပုံမျိုးဆိုလျှင် ကျွဲ(ချေ)ဝင်ရမည့်အချိန် နီးလာပြီ။ ခြေသွားလမ်းဘက်မှ လူသံ၊ သူ့သံ မကြားရ။ တောမှာ တိတ်ဆိတ်နေ၏။ ကျွဲ(ချေ)မဝင်ဘဲ လူဝင်နေလျှင်တော့ ဒုက္ခပဲ။

"ရှင်ဟာလေ၊ အိမ်ထောင်ကျတာပဲ လနဲ့ချီနေပြီ။ ကလေးကလားနဲ့"

—◆—◆—◆—

"ဂလုပ် ‥ ဂလုပ် ‥ ဂလုပ်"

လှေလှော်သံမှာ ကျွန်ုပ်နှင့် နီးလာပြီဖြစ်ကြောင်း အသံ

● သက်ပန်စာပေ ●

www.burmeseclassic.com

www.burmeseclassic.com



ကြားရုံမျှဖြင့် သိနှင့်ပါသည်။ အင်း . . . ဂျို(ချေ)မဝင်ဘဲ လှုဝင်တော့မည်။

"ရှော . . ဒုတ် . . ဒုတ်"

လှေထဲမှ ကမ်းပေါ်သို့ ခုန်တက်လိုက်သည့်အသံ။

"လာလေ အချစ်၊ ဒီမမပင်မှာ နားရအောင်"

"လမ်းနဲ့လည်း ခရမ်းခြံတစ်ခြံ ခြားနေပါသေးတယ်။ အေးအေးဆေးဆေးပေါ့။ နေမဝင်ခင် တဲပြန်ရောက်ရင် ပြီးတာပဲကွာ"

—◆—◆—◆—

ကျွန်ုပ်က ပုခက်ပေါ်တွင် သက်ပြင်းကို အသံမကြားရအောင် ချရသကဲ့သို့ သားကောင်စောင့်သည့်ထက်ပင် ပိုမိုငြိမ်သက်၊ အသံမထွက်အောင် နေနေရလေသည်။ ခြင်ကိုက်သည်ကိုပင် မရိုက်ရဲခဲ့။

ကျွန်ုပ်၏ လင့်သို့ ဂျို(ချေ)မဝင်ဘဲ လှုဝင်ခဲ့ရသည့် အဖြစ်။

***စာကြွင်း ။ စိတ်ကူးယဉ်မဟုတ်ကြောင်း။ ကိုယ်တွေ့အမှန်ဖြစ်ကြောင်း ဝန်ခံအပ်ပါသည်။***

• သက်ယန်စာပေ •



www.burmeseclassic.com

# ငါးပါးအားကိုး ငှက်ပစ်မုဆိုး

ကျွန်ုပ်၏ ဝတ္ထုတိုများတွင် ခြေလေးချောင်းသတ္တဝါ စိုင်၊ ပြောင်၊ ဆတ်၊ ချေ၊ ကျားသစ်၊ ကျား၊ ဝက်ဝံ စသည်များနှင့် ပတ်သက်၍လည်းကောင်း၊ နေရာဒေသ၊ လေ့စရိုက်၊ လိုက်လံပစ်ခတ်ပုံ၊ ရာသီဥတု၊ တောတောင် အနေအထားများနှင့် ပတ်သက်၍လည်းကောင်း စာရေးသူများ ဗဟုသုတရဖွယ်၊ စိတ်ကြည်လင် ချမ်းမြေ့ဖွယ်၊ အပန်းဖြေဖွယ် ဖြစ်အောင် အတော်အတန် ရေးသားခဲ့ဖူးပေပြီ။

ထိုသတ္တဝါ ကြီး၊ လတ်၊ ငယ်တို့ကို သွားရောက်ပစ်ခတ်ရာ မိုးမတောကြီးများ၊ တောင်ထူထပ်ရ အရပ်များကိုလည်း စာဖတ်သူများ အတော်အတန် အကျွမ်းတဝင် ရှိခဲ့ပြီဟု ထင်မိရာမှ ကျွန်ုပ်အနေဖြင့် ရှာနီးချုပ်စပ်၊ လယ်၊ ယာ၊ ကိုင်း၊ ကျွန်း



www.burmeseclassic.com

www.burmeseclassic.com



များ အနီးရှိ တောတောင်ငယ်များအကြောင်း၊ ချောင်း၊ ကွင်း၊ အင်း၊ စိုက်ခင်းများအကြောင်း၊ ဘဲ၊ ငှက်၊ တောကြက် စသည်တို့အကြောင်းကို ရေးရန် ကျန်နေပေသေးသည်။

ထို့ပြင်လည်း ထိုရွာနီးချုပ်စပ် တောများ၊ စိုက်ခင်းနှင့် ကွင်းများတွင် ငှက်၊ ကြက် စသည်တို့ သွားရောက်ပစ်ခတ်ရာ၌ လူ(မုဆိုး)အား ဒုက္ခပေးနိုင်သည့် ခလုတ်တံသင်းများ၊ အဆိပ်အတောက်ရှိသည့် သတ္တဝါများ စသည်တို့ ရှိတတ်ပေရာ တစ်ခါတစ်ရံတွင် ရိုးမတောကြီး တောင်ကြီးရှိရာ တောနက်ထက်ပင် မုဆိုးအား ပိုမိုဒုက္ခပေးတတ်သည်။ ကျွန်ုပ်အနေဖြင့် ထိုသို့ ဒုက္ခပေးခံရခြင်းကို သုံး၊ လေးကြိမ်ထက် မနည်း ကြုံရဖူးခဲ့၏။ သို့သော် အနန္တော အနန္တငါးပါး၏ ဂုဏ်ကျေးဇူးကြောင့် အသက်ဘေးမှ သီသီကလေး လွတ်ခဲ့ရ၏။

ကျွန်ုပ်မှာ ဗုဒ္ဓဘာသာဝင်စစ်စစ်တစ်ယောက် ဖြစ်ပေရာ အနန္တောအနန္တ ငါးပါး၏ ဂုဏ်ကျေးဇူးကို အမြဲနှလုံးသွင်းသူဖြစ်ပါ၏။ မည်သည့်အလုပ်ကို လုပ်သည်ဖြစ်စေ အနန္တောအနန္တ ငါးပါးအား တိုင်တည်ပြုလုပ်ပါသည်။ ရေးရလျှင် စာဖတ်သူများ ရယ်မည်လားပင် မသိ။ တောပစ်သွားမည်ဆိုလျှင် အိမ်မှမထွက်မီကတည်းက အနန္တောအနန္တ ငါးပါးအား ရှိခိုးပူဇော် ကန်တော့ပြီးမှ သွားတတ်လာတတ်ပါသည်။ ထို့ကြောင့်လည်း အထက်တွင် ဆိုခဲ့သကဲ့သို့ ကျွန်ုပ်၏ အသက်ကို အန္တရာယ်ပေးနိုင်သည့် အဖြစ်အပျက်များမှ သုံး၊ လေးကြိမ် လွတ်မြောက်ခဲ့ရသည်ဟု အကြွင်းမဲ့ ယုံကြည်လျက်ရှိပါသည်။





ယခု ဤဝတ္ထုတိုတွင် ချောင်း၊ ကွင်း၊ အင်း၊ စိုက်ခင်း အနီးအနားမှ တောငယ်တောင်ငယ်၊ ကွင်းငယ်များတွင် ကြက်၊ ငှက် ပစ်ခြင်းအကြောင်းနှင့် အနန္တောအနန္တငါးပါး၏ ဂုဏ်ကျေးဇူးကြောင့်ဟု ကျွန်ုပ် အကြွင်းမဲ့ယုံကြည်သော ဖြစ်ရပ်မှန်တစ်ခုကို ရေးသားတင်ပြလိုက်ပါသည်။

"တီ . . တီ . . တီ . . တီတီတီ"

"တီ . . တီ . . တီ"

ကားဟွန်းသံကြောင့် သူတို့ အောက်တွင် ရောက်နေပြီဖြစ်ကြောင်း အသိပေးလေပြီ။ (ထိုစဉ်က ကျွန်ုပ်သည် ပန်းဆိုးတန်းလမ်း၊ လေးထပ်တွင် နေလျက်ရှိ၏။)

ကျွန်ုပ်ကလည်း သူတို့လာမည်ဆိုသည့် နံနက် လေးနာရီမတိုင်မီ သုံးနာရီကတည်းက ရေချိုးသန့်စင် ပြင်ဆင်ပြီးနောက် အိမ်ရှိဘုရားစင်တွင် မြတ်စွာဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီး (လျှပ်စစ်မီး)များ ကပ်လှူပူဇော်ပြီး ဘုရားရှိခိုးကာ အနန္တောအနန္တ ငါးပါးအား ရည်စူး၍ "ပဋ္ဌာန်း အပ္ပဝိဿာမိ"သုံးကြိမ် ရွတ်ဆိုဦးချကန်တော့ကာ ယခုသွားမည့်ခရီးတွင် ဘေးဥပဒ် အန္တရာယ်ကင်းရန် ဆုတောင်း အဓိဋ္ဌာန်ပြုလေ၏။ ထို့နောက် ပြတင်းပေါက်မှနေ၍ လက်ပြလိုက်ကာ . . .

"လာပြီ . . လာပြီ"

ကျွန်ုပ်၏ နှစ်လုံးပြူး သေနတ်အိတ်၊ ကျည်ဆံအိတ်တို့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ယူကာ လှေကားမှ ဆင်းခဲ့၏။ အောက်သို့ ရောက်သောအခါ

"ဟာ . . . ကားအသစ်ကြီးပါလား"

ကျွန်ုပ်က ကားကိုကြည့်ပြီး ပြောမိ၏။ ကားမှာ Isuzu Station Wagon ကား၊ နို့နှစ်ရောင် ဖြစ်၏။ ထိုင်ခုံများမှ ပလတ်စတစ် ကာဘာများပင် မခွာရသေးပေ။

"ဟဲ . . ဟဲ . . သိတယ်မဟုတ်လား။ မြန်မာ့ရေနံလေ"

ဦးအုန်းဖေ(ဗိုလ်ကြီးအုန်းဖေ) ထိုစဉ်က တာဝန်ရှိ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် မြန်မာ့ရေနံက ခပ်ကြွားကြွားလေး ဖြေလိုက်သဖြင့် ကျွန်ုပ်က

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ OPEC စာရင်းစစ်ချုပ်ကြီးရယ်"

ဟု နောက်လိုက်ရာ ကားပေါ် ပါလာသူများအားလုံး ပြုံးပြုံးကြီးများ လုပ်ရင်း ကျွန်ုပ်အား ကားပေါ်တွင် နေရာပေးကြလေ၏။

ရန်ကုန်မှ ထောက်ကြန့်၊ ထောက်ကြန့်မှ လွန်သောအခါ အရှိန်တက်၍ လာပြီမို့ အလင်းအားကလေး ရလာပြီ ဖြစ်၏။ ကားလမ်းနံဘေး လယ်ကွင်းများဆီမှ တိုက်ခတ်လာသော သဘာဝလေအေးအေးကို ခံစားရန်အတွက် ကျွန်ုပ်ကပင် စ၍ . . .

"အိုပီ (ဦးအုန်းဖေအား ကျွန်ုပ်တို့အချင်းချင်း ခေါ်သည့်အမည်တို့ Ohn Pe ကို O.P ဟု ခေါ်ခြင်းဖြစ်သည်)"

"အိုပီ Air con: ပိတ်လိုက်ပြီး မှန်တွေချရင် ကောင်းမယ်။ သဘာဝလေကို ခံစားကြရအောင်။ မိုးမှ မရွာဘဲ"

"အိုကေ ကိုစိုး"





ပြောပြောဆိုဆို အဲယားကွန်းပိတ်၊ မှန်ကိုချပြီးနောက်

"ဝူး . . ဝါး . . ဟား . . ဟေး"

တစ်ဖက်သားလန့်သွားအောင် တအားကြုံး၍ အော်လိုက်ကာ . . .

"ခုမှပဲ လွတ်လပ်မှုရဲ့ အရသာကို ခံရတော့တယ်"

ဦးအုန်းဖေမှာ မြန်မာ့ရေနံ၏ စာရင်းစစ်ချုပ်မို့ အချိန်ပြည့် ကိန်းဂဏန်းများဖြင့်သာ နှစ်ပါးသွားနေရသူ ဖြစ်၏။ စာရင်းဇယားများ အမြဲစစ်ဆေးနေရသူ ဖြစ်သောကြောင့်လည်း အင်္ကျီအိတ်ထဲတွင် ချွန်ပြီး ခဲတံတစ်ချောင်းက အမြဲပါ၏။ လူဆုံ၍ စကားပြောတော့မည်ဆိုလျှင် အိတ်ထဲမှ စာရွက်လွတ်တစ်ရွက်နှင့် ခဲတံကို စားပွဲပေါ်တင်ကာ သူပြောသည့် စကား၊ သူများပြန်ပြောသည့် စကားအချက်အလက်အားလုံးကို ခဲတံဖြင့် မှတ်သားတို့ခြစ်ထားတတ်၏။ အလွန်တိကျသူဖြစ်ပြီး သူနှင့် စကားပြောလျှင် သတိထားပြောရ၏။ စကားတစ်ခွန်းကို နှစ်မျိုးပြော၍ မရ။ ရှေ့နောက်လွဲအောင်ပြော၍ မရ။ ဒါက သူ့ဝါသနာ၊ သူ့အလုပ်။ ခရီးထွက်၍ ကုန်ကျစရိတ် အချိုးကျ ခံကြလျှင် သူက ငွေကိုင်၊ စာရင်းကိုင်၊ တစ်ခါတစ်ရံ ငွေပို၍ ပြန်အမ်းလျှင် ငါးပြားဆယ်ပြားပင် အလွဲမခံ။ ထိုသို့ စာရင်းဇယား တိကျသူမို့ ယခုကဲ့သို့ ခရီးထွက် လေကောင်းလေသန့် ရှူရှိုက်ရလျှင် သူ အလွန်တရာ လွတ်လပ်ပျော်ရွှင်လေသည်။

ထိုစဉ်က ထွက်ဖြစ်ခဲ့သည့် ခရီးစဉ်မှာ ပဲခူးတိုင်း တရားသူကြီးအဖွဲ့ဝင် (အငြိမ်းစား)တစ်ဦးဖြစ်သော ဦးစောအောင်ကြိုး



www.burmeseclassic.com

www.burmeseclassic.com



(ညောင်လေးပင်မြို့နယ် မဲဆန္ဒနယ်၊ တိုင်းကိုယ်စားလှယ်)၏ ဖိတ်ကြားချက်အရ ညောင်လေးပင်မြို့နယ်၏ အနောက်ဘက် ပဲခူးရိုးမတောင်ခြေရှိ ဂရုံတောတွင် တောပစ်ကြရန်နှင့် ညောင်လေးပင်မြို့နှင့် မဒေါက်(ရွှေကျင်)သွား ကားလမ်းနံဘေးမှ ညောင်လေးပင် ခြံတစ်ရာ၊ ကန်တစ်ရာ စိုက်ပျိုးမွေးမြူရေးတွင် တောဘဲပစ်ရန် သွားခဲ့ကြခြင်း ဖြစ်၏။

ထိုသို့ ဖိတ်ကြားရာတွင် ကျွန်ုပ်၊ ဦးအုန်းဖေ၊ ဦးကျော်ခင်(လက်ထောက်ညွှန်မှူး M.E.P.E)၊ ဦးတုတ်လှိုင်(အင်ဂျင်နီယာချုပ်၊ မြန်မာ့ရေနံ)၊ အန်ကယ်ဂျင်မီလွန်း (G.M မြန်မာ့ရေနံ–ငြိမ်း)၊ ကိုမောင်မောင်လတ်တို့ ဖိတ်ကြားခြင်းခံရပြီး ဇူလိုင်လအတွင်း ဖြစ်၏။ မိုးကျနေပြီဖြစ်၍ ဂရုံတောတွင် ဒရယ်ပစ်ကြရန်၊ ကန်တစ်ရာတွင် တောဘဲပစ်ကြရန် ဖြစ်၏။ စားရေးသောက်ရေးကို ဦးစောအာကွီးကပင် ညောင်လေးပင်ရှိ သူ၏ ခြံတံရှည်အိမ်ကြီးတွင် စီစဉ်ထား၏။ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်ဖြစ်၍ ကျွန်ုပ်တို့အဖွဲ့ လူစုံထွက်နိုင်ခဲ့ခြင်းလည်း ဖြစ်ပေသည်။

ရန်ကုန်မှ ပဲခူးသို့ ရောက်သောအခါ ထိုစဉ်က ပဲခူးတိုင်းဒေသပါတီ ကော်မတီဥက္ကဋ္ဌ ဦးပီကျော်ဟန်(ဗိုလ်မှူးကြီး ပီကျော်ဟန်) ထံ ဝင်ရောက်ဂါရဝပြု နှုတ်ဆက်ပြီး ဆက်လက်ထွက်ခဲ့ကြရာ ညောင်လေးပင်သို့ နံနက်(၉)နာရီ (၃၀)မိနစ်ခန့်တွင် ရောက်ရှိ၏။ ရောက်ရောက်ချင်း ဦးစောအာကွီးက သူ၏အိမ်မှ ကျွန်ုပ်တို့အား စောင့်ကြိုကာ ညောင်လေးပင် မုန့်ဟင်းခါး၊ ကော်ပီတို့ဖြင့် ဧည့်ခံလေ၏။ ညောင်လေးပင် မုန့်ဟင်းခါးမှာ အခြားအရပ်





ဒေသများမှ ငါးနှင့်ချက်သည့် မုန့်ဟင်းခါးနှင့် ဘာမျှမခြားသော်လည်း စားသောအခါတွင် ညောင်လေးပင် ငါးကလေးချဉ်ထည့်၍ စားရလေ၏။ ငါးကလေးချဉ်မှာ အချဉ်မဲ့ရူးသော လတ်ဆတ်သည့် ငါးချဉ်ဖြစ်၍ မုန့်ဟင်းခါးထဲတွင် ထည့်၍ စားသောအခါ လွန်စွာအရသာရှိလှပါသည်။ မြန်မာနိုင်ငံရှိ မုန့်ဟင်းခါးတွင် ငါးကလေးချဉ် ထည့်စားသည့် အလေ့အထမှာ ညောင်လေးပင် တစ်မြို့တည်းသာ တွေ့ဖူးပါသည်။ မြစ်ဝကျွန်းပေါ်ဒေသ အချို့အရပ်များတွင် မုန့်ဟင်းခါးထဲသို့ ပဲပြုတ်၊ ကောက်ညှင်းပေါင်း ထည့်စားသည်ကို တွေ့မြင်ဖူးသော်လည်း ငါးကလေးချဉ် ထည့်စားသည်ကိုတော့ ကျွန်ုပ် ယခင်က မမြင်ဖူးခဲ့ပါပေ။

–◆–◆–◆–

ပဲခူးတိုင်း၏ ဇူလိုင်လကား တစ်ခါတစ်ရံ မိုးသည်း လေထန်ဖြစ်တတ်သော်လည်း ထိုနှစ်ထိုရက်များက မိုးပါး၍ ရာသီဥတု ကြည်လင်လျက်ရှိ၏။ ထို့ကြောင့် ဦးစောအာကွီးကပင် အစီအစဉ်ကို ပြောပြ၏။

ကျွန်တော်တို့ မဒေါက်နားက ခြံတစ်ရာ၊ ကန်တစ်ရာကို အရင်သွားကြမယ်။ အဲဒီမှာ နေ့လယ်စာ စားမယ်။ စားပြီးတော့ ကန်တစ်ရာက ကန်တွေထဲမှာ တောဘဲခေါင်းစိမ်းတွေ ပစ်တာပေါ့။ ဘယ်သူတွေ ပစ်မှာလဲ''

အန်ကယ်ဂျင်မီ ။ ကျွန်တော် K.K (ဦးကျော်ခင်အား ကျွန်ုပ်တို့ အချင်းချင်းခေါ်သော `Kyaw Khin အတို

www.burmeseclassic.com



ကောက်ဖြစ်၏။) ကိုစိုးတို့ ပစ်ကြမှာ။

ကျွန်ုပ် ။ ဒါထက် ဦးစောအာကိုးကော မပစ်ဘူးလား။

ကိုး ။ ကျွန်တော်က အိမ်ရှင်ဆိုတော့ ဘယ်တော့ သွား ပစ်ပစ် ရပါတယ်။ ခင်ဗျားတို့ဧည့်သည်တွေသာ ရောက်တုန်း ပစ်ကြပါ။ ပြီးတော့ ခင်ဗျားတို့ အဖွဲ့ထဲက မပစ်တဲ့သူတွေကို ကျွန်တော်က ဧည့်ခံထား ဦးမယ်လေ။

ကျင်မီ ။ ဒါထက် ဦးစောအာကိုးရေ၊ ကျွန်တော့်တူ စောဝင်စတန်လည်း လိုက်မယ်လို့ ပြောထားတယ်။ ခင်ဗျား ဆီကို သူ သတင်းပို့မထားဘူးလား။

ကိုး ။ ပို့ထားပါတယ်။ သူမပါလို့ မဖြစ်ဘူး အန်ကယ်။ သူက မြို့နယ် သ/မကဆိုတော့ အဲဒီနေရာက သူတို့လုပ်ထားတဲ့ နေရာတွေ။ ပြီးတော့ သွားဖို့ သ/မကကား (T-2000) တစ်စီးလည်း သူ စီစဉ် ပေးလိမ့်မယ်။

ပြောဆိုနေစဉ်မှာပင် စောဝင်စတန် ဂျစ်ကားဖြင့် ရောက်ရှိလာပြီးနောက် ခေတ္တမျှအကြာတွင် T-2000 တစ်စီး အိမ်ရှေ့တွင် လာရပ်လေ၏။

ကိုး ။ ကဲ ... ဆရာတို့ကားပေါ်က ပစ္စည်းတွေ အဲဒီကား ပေါ်ပြောင်း။ သွားကြမယ်။

ကျွန်ုပ်တို့အဖွဲ့တွင် ထိုစဉ်က လိုင်စင်ဖြင့် ကိုင်ထားကြသော သေနတ်များအနက် ကျွန်ုပ်၊ K.K ၊ အန်ကယ်ကျင်မီ၊





ဦးတုတ်လှိုင်တို့က နှစ်လုံးပူးတစ်လက်စီနှင့် ကိုမောင်မောင်လတ်က သူ၏ BRNO-2 (ဘာနို-တူး) ပြောင်းရှည် မှိုင်း-၂၂ ဘိုးရိုင်ဖယ်တစ်လက် ပါလာကြပေရာ ဦးစောအာကိုး၏ နှစ်လုံးပူးတစ်လက်နှင့်ပါဆိုလျှင် နှစ်လုံးပူး(၅)လက်၊ မှိုင်း-၂၂ဘိုး တစ်လက်တို့ဖြစ်၍ အတော်အတန် အင်အားတောင့်တင်းသည်ဟု ဆိုရပေမည်။

ထိုစဉ်က ပဲခူးရိုးမတွင် အဖြူရောင်နယ်မြေဖြစ်သွားပြီဖြစ်သော်လည်း သောင်းကျန်းသူများက စစ်တောင်းမြစ်အရှေ့ဘက်ကမ်းမှ အနောက်ဘက်ကမ်းသို့ ပွင့်လင်းရာသီတွင် တစ်ခါတစ်ရံ ကူးလာကာ လှုပ်ရှားမှုများ ရှိခဲ့၏။

ကျွန်ုပ် ။ ဦးစောအာကိုး။ နယ်မြေအခြေအနေကကော ဘယ်လိုလဲ။ စိတ်ချရရဲ့လား။

ကိုး ။ လောလောဆယ်တော့ မိုးရာသီလည်းရောက်လာ တပ်မတော်ကလည်း ရွှေကျင်နဲ့ မဒေါက်ရေိယာတွေကို လုံခြုံရေးယူထားတော့ စိတ်ချရပါတယ်။ ဒါပေတဲ့ ရှေ့နေကြိုးလည်း သိသားပဲ။ သောင်းကျန်းသူဆိုတာ ချုံပေါက်တာမှ မဟုတ်တာ။ သတိတော့ ထားရမှာပေါ့။ ပြီးတော့ ခြတစ်ရာ၊ ကန့်တစ်ရာ ဧရိယာက ကိုင်းတော၊ မြက်တောပေါတော့ အကွယ်အကာကောင်းတယ်။ ပြောလို့တော့ မရဘူးပေါ့။ ဘာပဲဖြစ်ဖြစ် အရေးအကြောင်းဆိုရင်တော့ လက်မနှေးကြစေနဲ့ပေါ့ဟု ကျွန်ုပ်အားပြောရင်း အားလုံးလည်းကြည့်ကာ အသိပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ လက်နက်လိုင်စင် လျှောက်ထားစဉ်က (၁၉၇၇) လက်နက်ကိုင်ဆောင်ရေးမှုသစ်အရ လျှောက်ထားကိုင်ဆောင်ရပေရာ ထိုမှုသစ်တွင် "လက်နက်ကို လိုင်စင်ဖြင့် ကိုင်ဆောင်ခွင့်ပြုထားသူ တစ်ဦးအား နိုင်ငံတော်ကာကွယ်ရန်အတွက် လိုအပ်သည့်အချိန်တွင် ဆင့်ခေါ်သောအခါ လက်နက်နှင့်အတူ အချိန်မရွေး ထမ်းဆောင်ရမည်" ဟူသည့်အချက် ပါရှိလေရာ ထိုအချက်ကို ကျွန်ုပ်တို့က ဝန်ခံလက်မှတ်ရေးထိုးထားရပေသည်။ (ထိုလက်နက်ကိုင်ဆောင်ရေး မှုသစ်မှာ ယခုတိုင် အတည်ဖြစ်လျက် ရှိပါသည်။)

ထို့ကြောင့် လက်နက်ဖြင့် ခရီးသွားသည့်အခါတိုင်း နယ်မြေအခြေအနေကို သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့များမှ ရယူသတိရပြုကြရပါသည်။

—◆—◆—◆—

ကန်တစ်ရာ၊ ခြံတစ်ရာမှာ စစ်တောင်းမြစ်ကမ်းရှိ 'မဒေါက်'သို့ မရောက်မီ နှစ်မိုင်မျှအလိုတွင်ရှိပြီး ကိုင်းကွင်းထုထပ်ရာတွင် တည်ထားသဖြင့် ကန်ပေါင်များတွင် ချုံရှုပ်၏။ ကိုင်းမြက်များကလည်း ထူထပ်ကာ လူတစ်ရပ်ကျော်မျှပင် မြင့်ပေသည်။ ထိုကန်တစ်ရာအတွင်းတွင် (Mallard)ခေါ် ဘဲခေါင်းစိမ်း (တောဘဲ)တို့က မိုးကျချိန်တွင် မိတ်လိုက်၊ အသိုက်ကိုက်တတ်ကြလေရာ ဖိုမ နှစ်ကောင်တွဲကို ရေပြင်တွင်လည်းကောင်း၊ ပျံနေသည်ကိုလည်းကောင်း တွေ့ရတတ်၏။ နားသည့်ဖြစ်စေ၊ ပျံနေ





သည့်ဖြစ်စေ နှစ်လုံးပူးစရိတ်တောင့် နံပါတ်(၄–၆)တို့ဖြင့် ပစ်ပါက အလွယ်တကူပင် ရနိုင်သည်။ တစ်ကောင်လျှင် (၇၀၊ ၈၀)ကျပ်သားခန့် ရှိလေရာ ထိုနေ့ကပစ်ရာတွင် (၆)ကောင်မျှ ရခဲ့ပေသည်။

ထိုတောဘဲများကို ဆီပြန်ချက်၊ ကန်မှရသည့် ငါးအင်းကိုကြော်၊ သ/မ ပုစွန်ဖောင်မှရသည့် ပုစွန်ထုပ်ကို မီးဖုတ်၍သုပ်ကာ အမြည်းလုပ်၍ စားခဲ့ရခြင်းနှင့် ဦးစောအာကွီး၊ စောဝင်စတန်တို့၏ ဖော်ရွေသော လိုလေသေးမရှိ ဧည့်ခံခဲ့သည်များကို ယနေ့တိုင် မမေ့နိုင်ပါပေ။

ခြံတစ်ရာ ကန်တစ်ရာမှ ညနေ (၄)နာရီခန့်တွင် ပြန်ခဲ့ပြီးနောက် ညောင်လေးပင်–မဒေါက်လမ်းပေါ်ရှိ ဦးစောအာကွီး၏ ခြံဝံ့ရှည်အိမ်ကြီးသို့ ပြန်ရောက်သောအခါ ဦးစောအာကွီး မှာထားသော သူ၏တပည့် စောဆေးသာက ကျွန်ုပ်တို့အား စောင့်နေပေပြီ။

စောဆေးသာမှာ ပုပု၊ ဂင်တိုတို၊ အသားညိုညိုဖြစ်ကာ မုဆိုးကောင်းတစ်ယောက်ဖြစ်မှန်း နောင်တွင် သိရ၏။ ဦးစောအာကွီးကပင် ညသို့ ဂရုံတောတွင် မီးထိုးရန် စီစဉ်လေ၏။

ကွီး ။ ကဲ.. ဆရာတို့ ညကျရင် ဒရယ် မီးထိုးရအောင်။ ဘယ်သူလိုက်မလဲ။

ကျွန်ုပ် ။ ကျွန်တော် လိုက်မယ်လေ။

ဂျင်မီ ။ ဟော့.. မင်းမလိုက်နဲ့ကွ။ ဆေးသာတစ်ယောက်ပဲ လွှတ်လိုက်။ သူ့ အဲဒီတောကို ကျွမ်းတယ်။ ဒီကောင် သေနတ်ပစ်လည်း တော်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အနိကယ်ဂျင်မီက ကျွန်ုပ်အား တားဧ၏။

ကျွန်ုပ် ။ ဟာ . . . အနိကယ်ကလည်း၊ ကျွန်တော် ပစ်ချင်လို့လာတာကို ဘာကြောင့် တားနေတာလဲ။

ဂျင်မီ ။ မင်း ဒီတောအကြောင်း မသိဘူး။ ဒီလို မိုးတွင်းဆို ပွက်က ခြေသလုံးမြုပ်တယ်။ ပြီးတော့ ကိုင်းတောကြီးတွေ။ ပိုးမွှား(မြွေ)လည်း ပေါတယ်။ ဆေးသာက ကျွမ်းပြီးသား။ သူက သေနတ်ပစ်လည်း တော်တယ်။ သူတစ်ယောက်တည်း သွားတာ ပိုကောင်းတယ်။ မင်းလည်း ဒီနေ့ ဘဲ(၃)ကောင်ရအောင် ပစ်ထားတာ တော်ပြီပေါ့။ ပင်လည်း ပင်ပန်းနေပြီ။ စားရင်းသောက်ရင်း စကားပြောပြီး နားတာပေါ့။ မင်းကြည့်နေ၊ မနက်ဖြန်ကျရင် ဆေးသာ ဒရယ်တွေ ထမ်းလာလိမ့်မယ်။

အနိကယ်ဂျင်မီမှာ ညောင်လေးပင်သား ဖြစ်ကာ ဦးစောအာကွိုးမှာ သူ၏တူ ဖြစ်၏။ ဆေးသာမှာလည်း သူ၏တပည့်ပင် ဖြစ်၍ စေတနာဖြင့် ပြောဆိုနေကြောင်း သိရလေရာ ကျွန်ုပ်မှာ အင်တင်တင်ဖြင့်ပင် လိုက်လျောရလေ၏။

ထိုစဉ်က ကျွန်ုပ်မှာ အသက်(၃၀)ကျော်ကာမျှသာ ရှိသေးပြီး ကျွန်ုပ်တို့အဖွဲ့တွင် အငယ်ဆုံးဖြစ်၏။ ကျန်လူများမှ ကျွန်ုပ်ထက် အသက်ကြီး၊ ရာထူးကြီးကြသူများ ဖြစ်၏။ သို့သော် ကျွန်ုပ်အား ဦးစားပေးတတ်ကြ၏။ ကျွန်ုပ်ကလည်း ၎င်းတို့အား အစ်ကိုများ၊ ဦးလေးများသဖွယ် သဘောထား ဆက်ဆံလေ၏။

• သက်ပန်စာပေ •



စောဆေးသာအား ဦးစောအာကွိုးက သူ၏ သေနတ်ကိုပေး၊ အနိကယ်ဂျင်မီက ယမ်းတောင့်ပေးကာ ဒရယ်ပစ် လွှတ်လိုက်ရာ ဆေးသာကလည်း မိုးမချုပ်မီပင် စက်ဘီးတစ်စီးဖြင့် ထွက်သွားလေ၏။

ဆေးသာ ထွက်သွားပြီးနောက် ကျွန်ုပ်တို့လည်း စားသောက်၊ စကားပြော၊ ညစာစားကာ အိပ်ကြလေ၏။

—◆—◆—◆—

တနင်္ဂနွေနေ့ နံနက်တွင် ကျွန်ုပ်တို့အားလုံး နံနက်စောစာ (Breakfast) စားပြီးသည့်တိုင် ဆေးသာ ပြန်ရောက်မလာသဖြင့် စကားပြောရင်း စောင့်ကြရာ ဆေးသာမှာ တော်တော်နှင့် ပေါ်မလာ၊ နံနက်(၁၀)နာရီခွဲပင် ရှိလာပြီ။ အားလုံးက စိတ်ပူနေကြပြီဖြစ်၏။ ထို့ကြောင့် စောဝင်စတန်အား စက်ဘီးဖြင့် လိုက်နိုင်းလေရာ (၁၁)နာရီကျော်မှပင် စောဝင်စတန် စက်ဘီးဖြင့် နှစ်ယောက်သား ပြန်ရောက်လာရာ စက်ဘီးကယ်ရီယာတွင် ဒရယ်တစ်ကောင်ကို ချည်နှောင်၍ တင်လာလေ၏။ ရောက်လျှင်ရောက်ချင်း . . .

ဂျင်မီ ။ ဟာ . . ဆေးသာရေ၊ ဒရယ်တစ်ကောင်ပဲ ရတာကို ဒီလောက်ကြာနေရသလားကွာ။ ဒီမှာ စိတ်ပူနေကြပြီ။ ရန်ကုန်လည်း ပြန်ကြရဦးမှာ။

ဆေးသာ ။ ဟာ . . အဘိုး(ဦးလေး)ကလည်း၊ ဘယ်တစ်ကောင်တည်း ကမလဲ။

• သက်ပန်စာပေ •

www.burmeseclassic.com

www.burmeseclassic.com



ကွီး ။ ဘယ်နှကောင်မို့လဲ။

ဆေးသာ ။ (၆)ကောင်တောင်။

O.P ။ ဟာ . . . များလှချည်လား။

ဆေးသာ ။ ဒါတောင် ကျွန်တော် ထပ်မပစ်ဘဲ ည(၁)နာရီ လောက်မှာ ရွာပြန်အိပ်နေလို့။ အိပ်ရာထလည်း နောက်ကျသွားတယ်။

ကွီး ။ ဒါဆိုရင် ဝင်စတန်ရေ၊ ကျန်တဲ့အကောင်တွေ ကား နဲ့ သွားသယ်ကြရအောင်။

(၆)ကောင်စလုံး သယ်လာပြီးနောက် ဦးစောအာကွီး အား(၃)ကောင်ပေး နှုတ်ဆက်ခဲ့ကာ ကျွန်ုပ်တို့အဖွဲ့က ကားနောက် ခန်းတွင် (၃)ကောင်တင်၊ ပစ္စည်းများနှင့် ညပ်ညပ်သပ်သပ် ထိုင်ကာ ပြန်ခဲ့ကြတော့၏။ ညောင်လေးပင်မှ ထွက်သောအခါ နေ့(၁)နာရီ ပင် ရှိပေပြီ။

-◆-◆-◆-

ညောင်လေးပင်မှ ဒိုက်ဦး၊ ပျဉ်ပုံကြီးရွာ၊ ဘုရားကြီးရွာ တို့ကို ဖြတ်လာသောအခါ ညနေ(၃)နာရီပင် ရှိပြီ။ ဘုရားကြီးရွာ အလွန်၌ ပဲခူး ခြံတစ်ရာ ကန်တစ်ရာသို့ နီးလာသောအခါ ကား လမ်းအရှေ့ဘက် လယ်ကွင်း၊ ချောင်း၊ မြောင်းနှင့် ကွဲစားကျက် များကို လှမ်းမျှော်ကြည့်မည်ဆိုက ကွင်းနှင့် ရွာစု၊ ရွာငယ်များရှိ ရာ မြင့်မောက်မောက် ကုက္ကိုပင်အုပ်၊ သရက်တိုက်တို့ကို မြင်ရ၏။ ကောက်စိုက်ရာသီဖြစ်သောကြောင့် လယ်သမားများ၊ လယ်သူမ





များသည် ပုဆိုးတိုတို၊ ထဘီတိုတိုဝတ်၊ ခမောက်ကိုယ်စီဆောင်း ကာ စပါးစိုက်(ကောက်စိုက်)နေကြသည်မှာ ဟိုတစ်စု၊ သည်တစ်စု။ ကျွန်ုပ်တို့ကား ထိုနေရာသို့ မရောက်မီကပင် မိုးရွာထားသဖြင့် ကားလမ်းတွင် ရေတင်နေလျက် ရှိသော်လည်း မိုးမှာ တိတ်သွား ခဲ့ပြီ။ နေရောင်ပွင့်လျက် ရှိ၏။ ရုတ်တရက် . . .

"O.P ကား ဖြည်းဖြည်း၊ ဖြည်းဖြည်း။ ကိုစိုး . . . ဟိုမှာ တွေ့လား။ ငှက်ကျားအုပ်နဲ့ တူတယ်"

မောင်မောင်လတ်က ကားမောင်းနေသူ O.P အား လှမ်း ပြောရင်း တစ်ဆက်တည်း အရှေ့ဘက် လယ်ကွင်းတစ်နေရာဆီ သို့ လက်ညှိုးထိုးကာ ပြောလိုက်၏။ (ယခု မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဌာနချုပ်၏ ငါး၊ စပါး စိုက်ပျိုးမွေးမြူရေး နေရာဖြစ်၏။)

ကျွန်ုပ်က သူပြရာသို့ လှမ်း၍ကြည့်လိုက်ရာ ကားလမ်း မှ ကိုက်(၄၀၀)ခန့်အကွာ ကွဲစားကျက်အဆုံး ချောင်းငယ်တစ်ခု၏ နံဘေးတွင် လယ်သူမများ ကောက်စိုက်နေသည့်နှယ် ငှက်ကျား တစ်အုပ်ကို ကုန်းကုန်း၊ ကုန်းကုန်းဖြင့် မြေကြီးတွင် နှုတ်သီးဖြင့် တူးဆွ စားသောက်နေသည်ကို တွေ့ရ၏။

ဂျင်မီ ။ ဟုတ်ရဲ့လား။ လယ်သူမတွေ ကောက်စိုက်နေတာ များလား။

လတ် ။ မဟုတ်ဘူး အန်ကယ်၊ ငှက်ကျားတွေ။ မတွေ့ဘူး လား။ အနက်နဲ့အဖြူကျား၊ ခေါင်းပိုင်းမှာ နှုတ်သီး ဝါကြီးတွေနဲ့လေ။

O.P ။ ဟုတ်တယ်၊ ဟုတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို O.P က ကားကို လမ်းနံဘေးသို့ချကာ ရပ်ပေး၏။

ကျွန်ုပ် ။ မောင်မောင်လတ်ရေ ဒီတစ်ခါ နင့်အလှည့်ပဲ။ ပွိုင့် ၂၂နဲ့ သွားချေ။

ဂျင်မီ ။ ဟုတ်တယ်ဟေ့။ ငှက်ကျားသားဆိုပြန်က Very good ပဲ။ ခြေတံရှည်ကြီးတွေပါ လက်နှစ်ဆစ် လောက်စီပြတ်ပြီး ထည့်ချက်၊ ကျက်ရင် အဲဒီ အဆစ်တွေထဲက ချဉ်ဆီတွေကို စုပ်စားလိုက်ရင် ဂျင်မီတို့တော့ အသက်ကြီးပေမဲ့ ချို(ဂျို)မချသေး ဘူး ဖြစ်သွားမယ်။

အန်ကယ်ဂျင်မီက ငှက်ကျားသား အကြိုက်မို့ အားရပါး ရ ပြောလိုက်၏။ အမှန်လည်း ငှက်ကျားမှာ ရာသီစာပင် ဖြစ်၏။ ဤလို ကောက်စိုက်ချိန်မျိုးတွင်သာ ကားလမ်းနံဘေးတွင် တွေ့ရ တတ်ခြင်းဖြစ်ပြီး ကျွန်ုပ်တို့ ရန်ကုန်မှ မုဆိုးများအဖို့ တစ်နှစ်မှ တစ်ကြိမ်၊ နှစ်ကြိမ် ဆိုသလိုသာ ထိုလမျိုးတွင် ပစ်ကြရ၏။ ပစ် ရာတွင်လည်း လယ်ကွင်းပြင်တွင် အကာအကွယ်မရှိသဖြင့် ကိုက် (၂၀၀)ခန့်မှ ပွိုင့်–၂၂ သေနတ်ဖြင့် ပစ်ရ၏။ ထိုမျှ အကွာအဝေး မှ ပွိုင့်–၂၂ ၏ ယမ်းတောင့်ရိုးရိုးမှာ (Standard velocity) ဖြင့် ပစ်၍မရ။ အကောင်ဆီသို့ပင် ကျည်က မရောက်နိုင်။ ထို့ကြောင့် ထိုငှက်မျိုးကို အဝေးမှပစ်ရန် ယမ်းတောင့်အမြင်း (High velocity) လိုသည်။ ရီမင်တင် ရွှေရောင်ထိပ်ဖူး (Remington Golden Bullet) ဖြင့် ဖြစ်စေ၊ ဝင်ချက်စတာအိပ်ကစ် (Winchester Super X) ယမ်းတောင့်မျိုးဖြင့် ဖြစ်စေ ပစ်မှသာ ထိရောက်၏။ ထို ယမ်းတောင့်များမှာ အဝေးထိရောက်သည်သာမက ယမ်းတောင့် ဦးတည်ရာမှာလည်း လူ၊ ကျွဲ၊ နွား၊ အိမ် စသည်တို့ ကင်းရှင်းရန် သတိပြုရလေသည်။ ထိုယမ်းတောင့်မျိုးများတွင် သတိပေးချက် ပါရှိရာ (Dangerous withing 1½ mile) တစ်မိုင်ခွဲအတွင်း အန္တရာယ်ရှိသည်ဆိုသည့် သတိပေးချက် ဖြစ်ပေသည်။





မောင်မောင်လတ်က သူ၏ သေနတ်အိတ်အတွင်းမှ ပွိုင့်– ၂၂အား ထုတ်နေစဉ် ကျွန်ုပ်ကပင် ...

ကျွန်ုပ် ။ မောင်မောင်လတ်ရေ ယမ်းတောင့်အမြင်း (High Velocity) ပါတယ်မို့လား။

လတ် ။ ပါတယ် ကိုစိုး။ (Remington Golden) ပါတယ်။

ပြောပြောဆိုဆို စက္ကူယမ်းတောင့်ဘူးကိုထုတ်ကာ သေ နတ်၏ မဂ္ဂဇင်းအတွင်း ယမ်းတောင့်ငါးတောင့် ထည့်လိုက်ပြီး နောက် ပုဆိုးကို ခါးတောင်းကျိုက်လိုက်ကာ ...

လတ် ။ ကိုစိုးလည်း လိုက်ခဲ့လေ။

ကျွန်ုပ် ။ သွားပါ။ နင့်တစ်ယောက်တည်းလည်း ဘာဖြစ်လဲ။ တို့ ဒီလမ်းပေါ်က ကြည့်နေမှာပဲဟာ။

လတ် ။ လိုက်ခဲ့ပါ၊ အားရှိတာပေါ့။

K.K ။ ကိုစိုး၊ လိုက်သွားပါ။ ဒီငတိ ဘာကိုကြောက်နေ တာလဲ မသိဘူး။ ဘာမှ ကြောက်မနေနဲ့။ တွေ့ချင် တွေ့ ကိုင်းတောထဲမှာ မြွေပဲတွေ့မှာဟု နောက်ပိုက် ရာ ...



www.burmeseclassic.com

www.burmeseclassic.com



လတ် ။ ဟာ . . . မဟုတ်တာတွေ ပြောနေပြန်ပြီ။ ကိုစိုး လိုက်ခဲ့ဗျာ။

ဂျင်မီ ။ လိုက်သွားလိုက်ပါကွာ။

ကျွန်ုပ်မှာ မနေသာတော့။ သူ့လိုပင် ပုဆိုးကို ခါးတောင်းကျိုက်၊ တောဆောင်းဦးထုပ်ကိုဆောင်းကာ သူနှင့်အတူ လိုက်ခဲ့ရတော့၏။

◆◆◆

လမ်းနံ့ဘေး ရေမြောင်းမှာ (၁၀)ခန့် ကျယ်ပြီး လူကြီးခါးလောက်ထိ နက်သဖြင့် ထိုမြောင်းကို ဖြတ်ကတည်းက ကျွန်ုပ်နှင့် မောင်မောင်လတ်မှာ အောက်ပိုင်းများ စိုကုန်ကြလေပြီ။

ကွဲစားကျက်ကို ဖြတ်သောအခါ ရွံ့မှာ ခြေသလုံးလယ်ထိ နက်သည်သာမက မာသည့်နေရာများတွင်လည်း ခြေချော်လေ၏။ တစ်နေရာတွင် မောင်မောင်လတ်မှာ ကမူလေးတစ်ခုအား နင်းလိုက်ရာ ဗိုင်းခနဲ လဲလေ၏။ ကျွန်ုပ် ဖမ်းဆွဲလိုက်သော်လည်း လူကိုမမိဘဲ သူ လွယ်အိတ်ကြိုးဖြင့် လွယ်ထားသော သေနတ်ပြောင်းကိုသာ မိလိုက်သဖြင့် ကျွန်ုပ်လက်ထဲသို့ သေနတ်ပါလာပြီး လူမှာမူ ရွံ့အလူးလူး ဖြစ်ကုန်၏။ ငှက်ကျားဆီသို့ ရောက်ရန်မှ ကိုက်(၃၀၀)ခန့် လိုပေဦးမည်။

လတ် ။ ကိုစိုး၊ ခင်ဗျားပဲ သွားပစ်တော့။

ကျွန်ုပ် ။ ဟာ . . ဘာဖြစ်လို့လဲ၊ နင်ပစ်လေ။

လတ် ။ ချော်လဲလို့ ရွံ့တွေ အကုန်ပေကုန်ပြီ။ ဘယ်လို





သေနတ်ကိုင်လို့ ရတော့မလဲ။ သေနတ်ပါ ပေကုန်လိမ့်မယ်။

ကျွန်ုပ် ။ အေး . . . ဒီလိုဆိုရင် နင် မလိုက်နဲ့၊ ပြန်တော့။ လမ်းနံ့ဘေးက ရေနက်တဲ့မြောင်းမှာ ဆေးကြောပြီး ကားလမ်းပေါ်ကပဲ စောင့်နေ။

ကျွန်ုပ်က ပြောပြီးပြီးချင်း ငှက်ကျားအုပ်ဆီသို့ ဦးတည်လိုက်သည်။ ကျွန်ုပ်နှင့် ငှက်ကျားအုပ်ကြားတွင် ကိုင်းပင်ပေါက်များ ဟိုတစ်စု သည်တစ်စု ပေါက်နေကြ၏။ ကျွန်ုပ်က ထိုကိုင်းပင်ငယ်များကို အကာအကွယ်ယူ၍ ငှက်ကျားအုပ်ကို ကပ်ရပေမည်။

ထိုသို့ ကပ်မည်ဆိုလျှင် ဝမ်းလျားမှောက်တက် (Crawl) မှသာ ငှက်ကျား မျက်ကွယ်ရပေမည်။ သို့သော် ကျွန်ုပ်က ဗွက်ထူသော ထိုနေရာမျိုးတွင် (Crawl) တက်ရန်မှာ စိတ်က●သတီ။ ထို့ကြောင့် ခန္ဓာကိုယ်ကို ကုန်းနိုင်သမျှ ကုန်း၊ ကိုင်းနိုင်သမျှ ကိုင်းကာသာ ကိုင်းပင်ကွယ်၍ တက်ခဲ့ရာ ကိုင်းပင်စုကလေး၏ နောက်ဆုံးကျိုးတိုးကျဲတဲ အစုကလေးသို့ ရောက်ခဲ့ပြီ။ ငှက်ကျားအုပ်နှင့် ကျွန်ုပ်၏အကြားတွင် အကာအကွယ်မရှိတော့၍ ရှေ့ဆက်တိုးရန် မဖြစ်နိုင်တော့။

သို့အတွက် ထိုနေရာတွင် မှဆိုးဒူးထောက် ထိုင်ကာ အမောဖြေရ၏။ တကုန်းကုန်းနှင့် ကိုက်(၁၀၀)ခန့် လာရသောကြောင့် အတော် မောနေပေပြီ။ စားခင်းတွင် ချေ(ကို)ချောင်းလျှင်ပင် ထိုမျှ မမောပါ။



www.burmeseclassic.com

www.burmeseclassic.com



ငှက်ကျားအုပ်ကို လှမ်းကြည့်လိုက်ရာ ကိုက်(၂၀၀)မျှ ဝေးနေ၏။ အားလုံး(၇)ကောင်၊ ငှက်ကျား (Painted Stock) တစ်ကောင်၏ ခန္ဓာကိုယ်အလျား (ခြေတံမပါ)မှာ (၃)ပေမှ (၃)ပေခွဲခန့်ရှိပြီး တန်းစီကာ ကောက်စိုက်နေသည့်နှယ် မြေကြီးမှ အစာကို တကုန်းကုန်းထိုး၍ စားနေ၏။ လည်တိုင်၊ ရင်အုံနှင့် ကျောတွင် ဖြူညစ်ညစ် အမွေးများရှိပြီး တောင်ပံတွင် အနက်နှင့် အဖြူ ကျားနေ၏။ နှုတ်သီးရှည်၊ ခြေတံရှည်ကာ လိမ္မော်နီအရောင်ရှိ၏။ အမြီးဖုတ်အထက်တွင် ပန်းလိမ္မော်ရောင်အသွေး ပါရှိကာ ကြည့်၍ ခံ့ညားသော ငှက်မျိုးဖြစ်သည်။ အသားချိန် (၁)ပိဿာခွဲမှ (၂) ပိဿာခွဲအထိ ရှိသဖြင့်လည်း တောင့်တင်းသော ခန္ဓာကိုယ်မှာ ကွင်းပြင်တွင် ထင်ရှားနေလေ၏။ ဤငှက်မျိုးကို ကိုက်(၁၀၀) အတွင်းမှ ပစ်ရလျှင် ကျွန်ုပ်၏လက်က မလွဲနိုင်။ သို့သော် ယခု ကိုက်(၂၀၀)မျှ ဝေးခြင်း၊ လေတိုက်ခြင်း၊ Moving Target ဖြစ်နေခြင်းတို့နှင့်ပေါင်းလျှင် လွဲဖို့ သေချာသလောက်ပင်။

သို့အတွက် ကျွန်ုပ်က ဉာဏ်ကူရပေမည်။

တစ်ကောင်တည်းကို လွဲနိုင်လျှင် နှစ်ကောင်ထပ်ပစ်လျှင် ထိနိုင်သည်။ ထို့ကြောင့် နှစ်ကောင်ထပ်သည်ကို စောင့်ရမည်။ ထို့အပြင် ဘာနို–၂ (Brno-2) မှိုင့်–၂၂ သေနတ်မှာ ပြောင်းရှည်မို့ နောက်ဆိုက်က ကိုက်(၁၅၀)အထိ ချိန်သီးမြှင့်၍ရသော်လည်း ယခုပစ်ရမည်မှာ ကိုက်(၂၀၀)ခန့်မို့ အကောင်၏ မိမိလိုချင်သော နေရာကို ချိန်ကာ အထက်သို့ သေနတ်ပြောင်းကို မြှောက် (Allowance) ပေး၍ ပစ်ရပေမည်။ သို့မှသာ ကျည်က အောက်ကျ





သည့် အချိန်နှင့် လိုချင်သောနေရာကို ထိနိုင်ပေမည်။

ကျွန်ုပ်က မှဆိုးဒူးထောက် အနေအထားမှ သေနတ်၏ ဗိုကို မ,ဆွဲ၍ မောင်းတင်လိုက်ကာ ချိန်လိုက်၏။ ငှက်ကျား (၇) ကောင်အနက် (၂)ကောင်မှာ တစ်ကောင်နှင့်တစ်ကောင် တစ်လံမျှ ကွာဝေး၏။ ကျန်(၅)ကောင်နှင့်မူ (၁၀)ပေ၊ (၁၅)ပေခန့်စီ ကွာနေ၍ ထိုနှစ်ကောင် ပူးအောင်သာ စောင့်ရမည်။ စောင့်ရာတွင် နှစ်ကောင်ပူးလျှင်ပူးချင်း ကျွန်ုပ်၏ သေနတ် ရှေ့ဆိုက်နောက်ဆိုက်မှလည်း တန်းပြီး မောင်းဖြုတ်နိုင်ရမည်။ သို့မှသာ Timing ကိုက်ဖြစ်သော လက်တွေ့တွင် လွဲချော်မှုနှုန်း လျော့ချရာ ရောက်ပေမည်။

ကျွန်ုပ်၏ ဝဲဘက်တံတောင်ဆစ်ကို ဝဲဒူးခေါင်းပေါ်တွင် ထောက်၍ သေနတ်ဝမ်းဗိုက်ကို ဆုပ်ကိုင်ထားရာ သေနတ်ပြောင်း ပိုမိုငြိမ်သက်စေရန် ကိုင်းပင်ငယ် (၄၊ ၅)ပင်ကိုပါ ပူး၍ ကိုင်ထားလိုက်မိသည်။ နောက် ချိန်သီးအင်္ဂလိပ်အက္ခရာ ယူပုံသဏ္ဌာန် (U)အတွင်း အလယ်ဗဟိုတွင် ရှေ့ချိန်သီး၏ထိပ် (Tip)ကို ပေါ်စေလျက် ကျွန်ုပ် မျှော်မှန်းထားသည့် အကောင်နှစ်ကောင်အနက် ကျွန်ုပ်ဘက် ပိုမိုနီးသော အကောင်၏ ခန္ဓာကိုယ် အထက်ပိုင်းကို တည့်မတ်စွာ ချိန်ထားလိုက်ရင်း အသက်အား မှန်မှန်ရှူနေလိုက်သည်။ ထိုသို့ ချိန်ထားရင်း နောက်တစ်ကောင်က ပထမတစ်ကောင်နှင့် တစ်တန်းတည်း ဖြစ်အောင် စောင့်နေလိုက်ရ၏။ ယာလက်ကမူ ဒင်၏ လက်ကိုင်နေရာကို တင်းကြပ်စွာဆုပ်၍ လက်ညှိုးက ပစ်ခလုတ်ပေါ်တွင် တင်ထားလိုက်ပြီ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်အကောင်မှာ တစ်လှမ်းချင်း ရှေ့သို့တက်လာနေရာ ပထမအကောင်နှင့် နီးလာပေပြီ။ ကျွန်ုပ်က ပထမအကောင် ရှေ့သို့ လှမ်းမသွားပါစေနှင့်ဟု ဆုတောင်းမိ၏။ သူ ရှေ့သို့ ဆက်လှမ်းသွားပါက နောက်အကောင်က သူ့အားမိမည် မဟုတ်။ သို့ဆိုလျှင် နှစ်ကောင်ထပ်ရန်မှာ မဖြစ်နိုင်။ ကံအားလျော်စွာ ပထမအကောင်မှာ ကျွန်ုပ်နှင့် ဘေးတိုက်အနေအထားမှ ရှုံ့နံ့တွင် သူ၏(၁၂)လက်မခန့် ရှည်သည့် လိမ္မော်ရောင် နှုတ်သီးအား ဟိုမှသည်မှ လှုပ်ရှားထိုးသုတ်ကာ အစာစားနေသဖြင့် ခြေထောက်က မရွေ့။ ဒုတိယအကောင်ကလည်း တစ်လှမ်းချင်း တက်လာနေသည်မှာ နောက်ထပ် ခြေ(၂)လှမ်းစာမျှသာ လိုတော့သည်။

ကျွန်ုပ်က မှန်မှန် အသက်ရှူနေရာမှ အသက်အောင့်လိုက်ကာ စိတ်အတွင်းမှ (၁၊ ၂)ဟု အမှတ်စဉ် ရေတွက်လိုက်စဉ်မှာပင် ပထမအကောင်က ရှုံ့နံ့တွင်းမှ အစာရသွားသည်ထင့်၊ နှုတ်သီးနှင့် အစာကို ကောက်လိုက်ကာ လည်တံကို ဆန့်၍ အစာအား မျိုချလိုက်သဖြင့် ခေါင်းမော့ လည်ပင်းဆန့်ထွက်ချိန် ကျွန်ုပ်က လည်တိုင်ရင်းကို ချိန်ထားရာမှ အထက်သို့ အနည်းငယ် သေနတ်ပြောင်းကို မြှောက်လိုက်ကာ ငှက်ကျား၏ ဦးခေါင်းနှင့် လည်တိုင်ဆက်ရာအရောက် နောက်အကောင်ကလည်း တစ်တန်းတည်း ဖြစ်လာချိန်နှင့် အကိုက်မှာပင် စိတ်မှ အမှတ်စဉ်(၃)လို့ ရေတွက်ပြီး ပစ်ခလုတ်ကို ညင်သာစွာ ဆွဲလိုက်တော့၏။

"ဖောင်း . . ရှိုး . . ဖောက်"

"ရှိုး"

● သက်ပန်စာပေ ●



"ဟာ"

အသံများဆက်ထွက်လာကာ ကျွန်ုပ်က မှဆိုးဒူးထောက်အနေအထားမှ သေနတ်ပြောင်းဖြင့် တစ်စုံတစ်ရာအား လွှဲရိုက်လိုက်ပြီး နောက်သို့ ခုန်၍ ရှောင်လိုက်ကာ . . .

"ဗျောင်း . . ဗျောင်း"

"ဖောင်း"

"ဗျောင်း . . ဗျောင်း"

"ဖောင်း"

နောက်ထပ် မှိုင့်-၂၂ ရိုင်ဖယ်သံ နှစ်ချက်က ထပ်မံထွက်သွားခဲ့ရတော့၏။

—◆—◆—◆—

ကျွန်ုပ်မှာ ကတုန်ကယင် ဖြစ်နေရာမှ မိမိဘာသာ စိတ်ကိုတည်ငြိမ်အောင် အတော်လုပ်ကာ အမောဖြေနေရသည်။

ကံကောင်းပေလို့၊ ကံကြီးပေလို့၊ အနန္တော အနန္တငါးပါး ဂုဏ်ကျေးဇူး ကြီးပေလို့။

ကျွန်ုပ် မည်မျှ မင်တက်မိနေသည်မသိ။

"ကိုစိုးရေ၊ တစ်ကောင်လဲနေပြီ။ နောက်တစ်ကောင်လည်း မှန်သွားတယ်။ ထပျံသွားရင်းနဲ့ အရှေ့ဘက်က ချောင်းရိုးထဲကို ကျသွားတယ်"

မောင်မောင်လတ်၏ ပျော်ရွှင်စိတ်လှုပ်ရှားသော အောာ်သံဖြစ်ပါသည်။

● သက်ပန်စာပေ ●

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်မှာ သူ့အား ပြန်မပြောနိုင်သေးဘဲ ရှိစဉ် သူက ကွင်းကိုဖြတ်၍ ကျွန်တော့်ထံ ဝမ်းသာအားရ ပြေးလာနေပေပြီ။

ကျွန်ုပ်နှင့် နီးလာသောအခါ ကျွန်ုပ်ကပင်စ၍

“မောင်မောင်လတ်၊ အနားကို မလာနဲ့ဦး။ ဟိုမှာတွေ့လား”

ဟု ပြလိုက်ရာ မောင်မောင်လတ်မှာ ယခုမှပင် တွေ့သွားပြီး . . .

“ဟာ . . မြွေဟောက်ကြီး”

“အေး . . ဟုတ်တယ်။ ကံကောင်းလို့ပေ့။ ကိုယ်ထိုင်ပစ်တဲ့ ကိုင်းဖုတ်ရဲ့တစ်ဖက်မှာ ခွေနေတာ၊ သေနတ်သံကြားမှ ကိုယ့်ကို ထပေါက်လိုက်တာ။ တော်သေးတယ်၊ ကိုယ်က သေနတ်ပြောင်းနဲ့ ယမ်းလိုက်လို့ လူကို မပေါက်မိတာ။ ဒါနဲ့ (၂)ချက်တောင် ပစ်လိုက်ရတယ်”

မြွေဟောက်မှာ ဦးခေါင်းနှင့် ခါးကို ထိမှန်ထားသည့်တိုင် လူးလွန့်လျက်ပင် ရှိနေပြီ။ အတော်ကြာမှပင် အသက်ပျောက်ငြိမ်သက်သွားခဲ့ရလေပြီ။

ဖြစ်ပျက်ပုံမှာ ကျွန်ုပ်က ငှက်ကျားအား ပစ်လိုက်သဖြင့် သေနတ်သံ ‘ဖောင်း’ခနဲ ထွက်သွားကာ ‘ဖောက်’ခနဲ ငှက်ကို ထိမှန်လိုက်စဉ် ‘ရှဲ’ခနဲ မြွေဟောက်က ပါးပျဉ်းထောင်၍ ကျွန်ုပ်အား လှမ်းပေါက်လိုက်ခြင်းဖြစ်၏။ ကျွန်ုပ်က ဆတ်ခနဲ သေနတ်ပြောင်းဖြင့် လွှဲရိုက်ခုန်ရှောင်ကာ သေနတ်မောင်းတင်၍ မြွေအား နှစ်ချက်ပစ်လိုက်ရခြင်း ဖြစ်တော့၏။

● သက်ပန်စာပေ ●



ကျွန်ုပ်တို့နှစ်ယောက်မှာ ပစ်ထားသည့် ငှက်ကျားနှစ်ကောင်ကို မကောက်အားသေးဘဲ မြွေဟောက်ကိုသာ ဂရုစိုက်ကြည့်နေမိ၏။ မြွေဟောက်မှာ ကျပ်ပြားဝိုင်းခန့်အရွယ် (၅)ပေခန့်အရှည်၊ နက်မှောင်ပြောက်လက်သော အဆင်းရှိသည့် အဆိပ်ပြင်းသော မြွေဟောက်နက် (Black Cobra) တစ်ကောင်ပင် ဖြစ်ပါသည်။

မြွေသေပြီဟု သေချာသွားသောအခါ မောင်မောင်လတ်ကပင် ငှက်ကျားနှစ်ကောင်ကို သွားကောက်လာပါသည်။ ပထမတစ်ကောင်မှာ ဦးခေါင်းနှင့် လည်တိုင်ဆက်ရာကို ချိန်၍ပစ်သော်လည်း ကိုက်(၂၀၀)ခန့်အဝေးမို့ ကျည်ဆန်က (၅)လက်မ (၆)လက်မခန့် အောက်သို့ကျကာ လည်တိုင်ရင်းကို ထိမှန်ဖောက်ထွင်းသွားပြီး နေရာတွင်ပင် ခွေခနဲ လဲကျသွားခဲ့၏။ ဒုတိယ တစ်တန်းတည်း နောက်အကောင်အား ကျည်ကတောင်ပံအောက် ချိုင်းအားဝင်မှန်လေရာ ချက်ချင်းမသေဘဲ ထပျံသွားခြင်း ဖြစ်၏။ ကိုက်(၅၀)မျှ ရောက်သောအခါ မဟန်နိုင်ဘဲ ပျံနေရာမှ ချောင်းရိုးအတွင်း ပြုတ်ကျခဲ့ခြင်း ဖြစ်ပေသည်။

ကျည်တစ်တောင့်တည်းဖြင့် ငှက်နှစ်ကောင်ပစ်ရသည်ကို ဝမ်းသာသူမှာ ကျွန်ုပ်မဟုတ်ပါ။ အနက်ကယ် ဂျင်မီနှင့် ကျွန်တစ်ဖွဲ့တည်းသားများသာ ဖြစ်ပါသည်။ ကျွန်ုပ်မှာ အဆိပ်ပြင်းသည့် မြွေဟောက်နက် ကိုက်ခံရမည့် သေဘေးမှ သီသီကလေး လွတ်ခဲ့ရခြင်းကိုသာ ကျေးဇူးတင်မဆုံး ဖြစ်ရပါသည်။ ကျွန်ုပ် ယနေ့တိုင် ကျေးဇူးတင်နေသည်မှာ အနန္တောအနန္တငါးပါးသာ

● သက်ပန်စာပေ ●

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတော့သည်။

ပဋ္ဌဂုဏ်၊ အပဟံဝန္တာမိ။

တကြွင်း ။ အနန္တော အနန္တ ငါးပါး တရှသူများ မမေ့ကြစေရန် နှိုးဆော်ရင်း ဤဖြစ်ရပ်မှန်ကို ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။ ဤသို့ ရေးသားရင်း ငှက်ပစ်သေနတ်သမားတစ်ဦး၏ ပစ်ခတ်ပုံနည်းစနစ်ကို ခံစားနိုင်စေရန် ကြိုးစားရေးဖွဲ့ရသဖြင့် သေနတ်ပစ်ပုံ အနည်းငယ် ရှည်လျားသွားသည်ကို ခွင့်လွှတ်ကြစေလိုပါသည်။

(ဖြစ်ရပ်မှန်၊ နေရာမှန်၊ အမည်မှန်များ ဖြစ်ပါသည်)

• သက်ပန်စာပေ •



www.burmeseclassic.com

www.burmeseclassic.com

# ပြောင်နှင့်နေသော မရောသည့် မှုဆိုးများ(၁)

မဲဇလီချောင်း။ မဲဇလီချောင်းမှာ ကျွန်ုပ်ရောက်ဖူးခဲ့သည့် ပဲခူးရိုးမ တောင်ကြောကြီးတစ်ခုလုံးမှာ အမြင့်ဆုံး တောင်ပေါ်ချောင်းတစ်ချောင်းပင် ဖြစ်ပေသည်။ ကျွန်ုပ်သည် ပဲခူးရိုးမတောကြီးကို အရှေ့ဘက် ရန်ကုန်–မန္တလေး ကားလမ်းမှလည်းကောင်း၊ အနောက်ဘက် ရန်ကုန်–ပြည် ကားလမ်းဘေးမှလည်းကောင်း အကြိမ်ကြိမ် တက်ရောက်အမဲပစ်ဖူးလေရာ ထိုချောင်းသည် ပဲခူးရိုးမ၏ အနောက်ဘက်ခြမ်းတွင် ရှိပြီး ရိုးခြေရှိ တောင်ငယ်၊ တောငယ်၊ မြောင်ကြားချပ်ကြား၊ ရိုးတိုက် (ရိုးမ၏ အမြင့်ဆုံးကို ဦးတိုက်နေခြင်းဖြစ်သော) တောင်မြင့်များကြားမှ စီးဆင်းနေသော တောင်ကျချောင်းမျိုး မဟုတ်ဘဲ ရိုးမ၏ အမြင့်ဆုံး ရိုးကျောကြီးနှစ်ခုအကြားတွင် ရိုးကြောကြီးများအတိုင်း မြောက်မှတောင်သို့ စီးဆင်းနေသော ကျောက်ဟုံးကျောက်ခဲများ ထူပြောရာ ချောင်းတစ်ချောင်း ဖြစ်လေ၏။

• သက်ပန်းစာပေ •

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ပဲခူးရိုးမကြီးပေါ်သို့ ငယ်စဉ်ကတည်းကပင် တက်ရောက်ခဲ့ဖူးလေရာ ရိုးအရှေ့ဘက်တွင် ပဲခူး၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ကျောက်တံခါး၊ အုတ်တွင်း၊ ရေတာရှည်၊ ပျဉ်းမနား၊ ပျော်ဘွယ်မြို့များမှလည်းကောင်း၊ ရိုးမအနောက်ဘက်တွင် သာယာဝတီ၊ မင်းလှ၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ ပြည်၊ ပေါက်ခေါင်း၊ တောင်တွင်းကြီးမြို့နယ်များဘက်မှလည်းကောင်း တက်ရောက်ခဲ့ဖူးခြင်း ဖြစ်၏။ ထိုသို့ တက်ရောက်ရာတွင် ရိုးမအနောက်ဘက်ခြမ်းသည် အရှေ့ဘက်ခြမ်းထက် ပိုမိုမြင့်မောက်ပြီး အမြင့်ဆုံး ရိုးကြောမှာ အနောက်ဘက်နှင့် ပိုမိုနီးပေသည်။ ထို့အပြင် ပဲခူးရိုးမတွင် အမြင့်ဆုံးတောင်များဖြစ်ကြသော ကန့်ပလုတောင် (၂၆၁၃ ပေ)နှင့် ဆင်နှာမောင်းတောင် (၂၆၉၃ ပေ) တို့မှာ သာယာဝတီနှင့် ဇီးကုန်းမြို့နယ်တို့တွင် ရှိကြလေသည်။

ထိုတောင်များမှ ရေဝေသော တောင်ကျချောင်းများ ရှိကြသော်လည်း မတ်စောက်ရာမှာ ပြေသည့်နေရာသို့ တိုက်ရိုက်စီးဆင်းသွားပြီး အနိမ့်ပိုင်းသို့ ရောက်မှသာ ပြန့်ပြူးကာ ဖြင်ကျယ်သွားကြသည်သာ ဖြစ်ပေသည်။

မဲဇလီချောင်းမှာမူ ကြို့ပင်ကောက်မြို့နယ် အရှေ့ဘက်ရှိ ဂမုန်းချောင်းဖျားရှိရာ စိန်တောင်ထက်ပင် အထက်ကျသည့် ရိုးကြောကြီးပေါ်တွင် တည်ရှိကာ ဂမုန်းချောင်းထက် များစွာ မြင့်ပါ၏။ ဂမုန်းချောင်းမှာ စိန်တောင်တွင် မြစ်ဖျားခံ၍ အနောက်ဘက်ကြို့ပင်ကောက်မြို့နယ် လွင်ပြင်သို့ တိုက်ရိုက်ထိုးဆင်း၊ စီးဆင်းသွားသဖြင့် ယခုအခါ နွေစပါးစိုက်ပျိုးနိုင်ရန် "ဂမုန်းဆည်"

• သက်ပန်းစာပေ •



ကို နိုင်ငံတော်မှ တည်ဆောက်ပြီးပေပြီ။ မဲဇလီချောင်းမှာမူ ဂမုန်းချောင်းဖျားအထက် ရိုးမကြီးတွင်းရှိ ရိုးကျောကြီးနှစ်ခုကြားမှ ရိုးကြီးများအတိုင်းသာ မြောက်မှတောင်သို့ စီးဆင်းသည်မှာ ကြို့ပင်ကောက်မြို့နယ်မှ အုတ်ဖိုမြို့နယ်၊ မင်းလှမြို့နယ်တိုင်အောင်ပင်။

ထို့ကြောင့် ရန်ကုန်မှ ပြည်ဘက်သို့ မီးရထား၊ ကားလမ်းတို့မှ သွားမည်ဆိုလျှင် ပဲခူးတိုင်းအဝင် မီးနင်းချောင်း၊ ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်နှင့် ပဲခူးတိုင်း၊ သာယာဝတီမြို့နယ်ကြားမှ စ၍ အရှေ့ဘက်သို့ လှမ်းမျှော်ကြည့်ရှုပါက ကြို့ပင်ကောက်မြို့နယ်အထိ တောက်လျှောက်သွားနိုင်သော တောင်တန်းရိုးမပေါ်တွင် မဲဇလီချောင်းဆိုသည့် တောင်ပေါ်ချောင်းက ထိုတောင်တန်းနှင့် အပြိုင် စီးဆင်းနေသည်ဟု မှန်းမျှော်ခံစားနိုင်ပါသည်။

ထိုချောင်းမှာ ရိုးထိပ် ပေ(၅၀)မှ ပေ(၁၀၀)အတွင်း လောက် အနိမ့်တွင်သာ စီးဆင်းသဖြင့် အခြားတောင်ကျချောင်းများထက် များစွာမြင့်သည့် ရိုးချောင်းသာ ဖြစ်ပါတော့သည်။

—◆—◆—◆—

'နော'၊ နောဆိုသည်မှာ ပြောင်တစ်ကောင် အလွန်ကြီးမားလာသောအခါ နောဖြစ်လာသည်။ နောကူးလာသည့် 'နောကူးကြီး' ဖြစ်လာသည်ဟု ထင်ကြ၊ မြင်ကြ၊ ပြောကြ၊ ရေးကြသည်ကို မကြာခဏ တွေ့ဖူးရပေမည်။ ကျွန်ုပ်၏ အတွေ့အကြုံအရ 'ပြောင်'မှာ 'ပြောင်'သာဖြစ်၍ 'နော'မဟုတ်ပါ။ ပြောင်နှင့်နောမှာ မျိုးရင်းတူလျှင် တူနိုင်သည်ဟု ဆိုလျှင်ပင် မျိုးစိတ်ချင်း

• သက်ပန်းစာပေ •

www.burmeseclassic.com

www.burmeseclassic.com



မတူပါ။ အကောင်တည်ဆောက်ပုံ၊ အရွယ်အစား၊ အမွေးအမှျင်၊ ဦးချို(ဂျို)၊ ဦးခေါင်း စသည့်တို့ မတူသကဲ့သို့ ကျက်စားပြန့်နှံ့ပုံခြင်းလည်း မတူညီကြပါ။

ပြောင်နှင့် နွား မတူပုံကို ရှင်းမပြမီ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ အုပ်စိုးစဉ်က အင်္ဂလိပ်အရာရှိကြီးများ အပျော်တမ်း အမဲလိုက်ကြရာတွင် ပြောင်ကို အတော်များများ ပစ်ခတ်သွားကြဖူးပြီးမှ မှတ်တမ်းများ အတော်အတန် တင်ထားခဲ့ဖူးပေသည်။ သူတို့၏ မှတ်တမ်းများကို ကြည့်မည်ဆိုလျှင် ပြောင်ကို Pyoing ဟုလည်းကောင်း၊ Burmese Bison ဟုလည်းကောင်း၊ Gaur ဟုလည်းကောင်း ရေးသားမှတ်တမ်းတင်ခဲ့ရာ 'နွား' နှင့် ပတ်သက်၍မူ မှတ်တမ်းမတွေ့ခဲ့ရပါ။ ထို့ကြောင့် ၎င်းတို့ ပစ်ခတ်ရရှိခဲ့ဖူးသည်များမှာ 'ပြောင်'များသာ ဖြစ်၍ 'နွား'ကို ပစ်ခတ်ရရှိခဲ့ဖူးခြင်း မရှိ၍ဟု ယူဆရပေမည်။ မြန်မာနိုင်ငံတွင် 'ပြောင်'ကို ပစ်ခတ်ခဲ့ဖူးသည့် အင်္ဂလိပ်မုဆိုးကြီးများ အတော်အတန် ရှိခဲ့သော်လည်း ထိုအထဲတွင် မှတ်တမ်းတင်လောက်သော မှတ်တမ်းတင်ထားသော မုဆိုးကြီးများမှာ . .

၁။ D.H Allon (Upper Chindwin)

W.S Thom (Myintkyina)

၃။ A. Hazzlewood (Bassein Pathein Forest Divison)

၄။ Lieut Col. E.G Phythian-Adoms (Deiku)

၅။ Sir Robert Giles (Deiku)

• သက်ပန်စာပေ •



တို့ ဖြစ်ကြပြီး ၎င်းပြောင်ကို ပစ်ခတ်ရရှိခဲ့ကြသည့် နေရာများကို ကြည့်မည်ဆိုလျှင် (၁)အထက်ချင်းတွင်း၊ (၂)မြစ်ကြီးနား၊ (၃)ပုသိမ် သစ်တောတိုင်း၊ (၄)ပဲခူးတိုင်း။ ဒိုက်ဦးတို့တွင် ဖြစ်ပေရာ နွားရှိသည့် အရပ်များသို့ သွားရောက်ပစ်ခတ်ခဲ့ဖူးဟန် မတူပါ။ ထို့ကြောင့် ပြောင်နှင့် ပတ်သက်၍သာ မှတ်တမ်းတင်ထားနိုင်ပါသည်။ ထိုသို့ မှတ်တမ်းတင်ရာတွင် D.H Allam W.S Tom, A Hazzlewood တို့ (၃)ဦးမှာ ပြောင်ထီးပိုးကြီးများ ပစ်ခတ်ရရှိရာတွင် ချိုကြီးမားဆုံး မှတ်တမ်းတင်ခံရသူများပင် ဖြစ်ပါသည်။ (Wild Animals of Burma Written By U Tun Yin "Burma Civil Service Selection Grade P.194, 195, 196 တွင်ရှု)

ကျွန်ုပ် ပြောင်ကို ပစ်ခတ်ရရှိ၍ မှတ်တမ်းတင်ထားမှုနှင့် အင်္ဂလိပ်စာရေးဆရာကြီးများ ရေးသားမှတ်တမ်းတင်ထားမှုတို့ အချို့အချို့နေရာများတွင် ကွဲပြားမှုများ ရှိနေပေသည်။

G.P Evnes ရေးသားခဲ့သော ပြောင်နှင့်ပတ်သက်သည့် အချက်အလက် (Description) တွင် ပြောင်ထီးတစ်ကောင်၏ အရပ် (ခွာမှ ပခုံးထိပ်အထိ)မှာ (၆)ပေသာရှိပြီး တစ်ခါတစ်ရံတွင် လက်မအနည်းငယ်သာ ပိုသည်ဟု ဖော်ပြပါသည်။ ကျွန်ုပ်ကိုယ်တိုင် ဒိုက်ဦးမြို့နယ်၊ ပဲခူးရိုးမ အရှေ့ခြမ်းတွင် ပစ်ခတ်ရရှိခဲ့ဖူးသည့် ပြောင်ထီးပိုးကြီးတစ်ကောင်မှာ အရပ်(၇)ပေခွဲတိတိရှိပြီး နှာဖျားမှ အမြီးဖျားအထိ (၁၃)ပေတိတိ ရှိပါသည်။ ချိုရင်းမှာ (၁၈)လက်မ ရှိကာ ဂျိုလုံးတုတ်ပါသည်။ ချိုဖျားမှာ မချွန်တော့ဘဲ တုံးနေကာ အစများပင် ဖွာ၍နေလေ၏။

• သက်ပန်စာပေ •

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံတွင် အမှန်တကယ် အမဲလိုက်ခဲ့ပြီး ဖြစ်ရပ်မှန်များကို ရေးသားခဲ့ကြသော မုဆိုးစာရေးဆရာကြီးများ ဖြစ်သည့် ဗိုလ်တာရာ(ရဲဘော်သုံးကျိပ်ဝင်)၊ မသုံးလုံး စိန်ဝင်း၊ ခင်မောင်အေး(မန္တလေး)၊ မြဝဇီ၊ ဗိုလ်လုံ စသည့် စာရေးဆရာကြီးများပင် ‘နှော’နှင့် ပတ်သက်၍ ရေးသားထားမှု၊ မှတ်တမ်းတင်ထားမှုများ မတွေ့ရပါ။ ထို့ကြောင့် ကျွန်ုပ်ငယ်စဉ်က ‘နှော’အကြောင်းကို ကြားလည်း မကြားဖူး၊ သိလည်း မသိခဲ့ပါ။

ကျွန်ုပ် အမဲကြီးများကို စတင် ပစ်ခတ်လာသောအချိန်တွင်လည်း ပြောင်ကိုသာ တွေ့ဖူး၊ ပစ်ဖူး၊ ရဖူးပြီး နှောကိုမူ တွေ့လည်းမတွေ့ဖူးခဲ့ပါ။ ထိုသို့ မတွေ့ဖူး၊ မပစ်ဖူးခြင်းမှာလည်း ကျွန်ုပ် အမဲကြီး စတင်ပစ်စဉ်က ပဲခူးရိုးမ အရှေ့ဘက်ခြမ်းတွင်သာ များသောအားဖြင့်နှင့် အနောက်ရိုးမ၊ အရှေ့ရိုး၊ ကသာနယ်၊ ရွှေဘို၊ ကန့်ဘလူနယ်များတွင်သာ ဖြစ်ပါသည်။ ပဲခူးရိုးမအနောက်ဘက်ခြမ်းတွင် ပစ်သောအခါတွင်လည်း သာယာဝတီနယ်၊ လက်ပံတန်းနယ်တို့တွင် ပြောင်နှင့် စိုင်ကိုသာ တွေ့ဖူး ပစ်ဖူးပါသည်။ နောက်ပိုင်း မင်းလှ၊ အုတ်ဖို၊ ကြို့ပင်ကောက်နယ် အရှေ့ဘက် (ပဲခူးရိုးမ အနောက်ဘက်ခြမ်း)သို့ ရောက်သောအခါတွင်မူ နှောကို စတင်တွေ့ဖူး၊ ပစ်ဖူးပါတော့သည်။

နှောကို စတင်ရဖူးစဉ်က စာရေးသူ၏ စိတ်တွင် ပြောင်ဟုသာ ထင်မိပါသည်။ သို့သော် အသေအချာ လေ့လာသောအခါ ပြောင်နှင့် ကွာခြားမှုများ ရှိသည်သာမက သီးခြား အုပ်ဖွဲ့၍နေခြင်း၊ ပြောင်အုပ်များ ရှိသော်လည်း ရောနှောမှုမရှိခြင်း၊ ပြောင်





များကျက်စားရာ တောစိုတွင်သာမက စိုင်များ ကျက်စားရာ တောခြောက်(ရွက်ကြွေတော)နှင့် တောင်မြင့်များပေါ်တွင်လည်း နေထိုင်တတ်ခြင်း၊ အရောင်အသွေး၊ အကောင်အမွေး၊ ဦးချို၊ ဦးခေါင်း၊ နှာရောင်နှာခေါင်း ကွဲပြားခြင်းတို့ကို တွေ့မြင်သိရှိလာရပါတော့သည်။ ထို့ကြောင့် ယခင် အင်္ဂလိပ်၊ မြန်မာ မုဆိုးကျော်များသည် ထိုအရပ်ဒေသမှ နှောကို မပစ်ဖူး၊ မရဖူး၍သာ နှောအကြောင်း မှတ်တမ်းမတွေ့ရခြင်း ဖြစ်မည်ဟု ယူဆမိပါသည်။

ပြောင်နှင့်နှော မရောမိစေရန် ကွဲပြားပုံကို တင်ပြလိုပါသည်။ ပြောင်တစ်ကောင်နှင့် နှောတစ်ကောင် (အရွယ်ရောက်ပြီး သို့မဟုတ် အုပ်ခေါင်းဆောင် သို့မဟုတ် သင်းကွဲကြီး) တစ်ကောင်စီကို အကြမ်းအားဖြင့် ကြည့်ရှုလေ့လာပါက ပြောင်တစ်ကောင်၏ အရပ်အမြင့် (ပခုံးထိပ်မှ ရှေ့ခွာများအထိ) (၆)ပေမှ (၇)ပေခွဲခန့်၊ အလျားမှာ (၁၂)ပေခွဲမှ (၁၃)ပေခန့်ထိ၊ အသွေးအရောင်မှာ ညိုမည်းမည်းမှ အမည်းရှိတတ်ပြီး ဒူးဆစ်လက်ဆစ်အောက်ပိုင်းမှာ ဖြူညစ်ညစ် သို့မဟုတ် ခရင်မည်းကာလာ ရှိသည်။ ဦးချိုကြားထိပ်တွင် ညိုညစ်ညစ် ကြာပါရှိ၏။ ဦးချိုမှာ အရင်းလုံးဝန်း သို့မဟုတ် ဘဲဥပုံရှိကာ အသက်အလျောက် အရစ်များ၊ အကွင်းများ လိုက်ပါရှိ၏။ အရောင်မှာ စိမ်းဖန့်ဖန့် မှောင်မှောင်ရောင်ရှိပြီး ချိုဖျား၏ တစ်မိုက်ခန့်တွင် မည်းမှောင်ချွန်ထက်နေ၏။ ချိုနှစ်ဖက်မှာ ပစောက်ပုံ အဝန်းသဏ္ဍာန်ရှိပြီး ကွေးဝိုက်ကာ နောက်သို့ အနည်းငယ်သွားနေ၏။

ဦးကင်းကြားမွေမှာ အတော်အတန် မောက်လျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



အကောင်တစ်ကောင်လုံး ခြုံ၍ကြည့်လျှင် အလျားရှည်၍ ခပ်မြောင်းမြောင်း စောက်စောက် ရှိပေသည်။ ရှေ့တူရူမှ ကြည့်လျှင် နှာရောင်ပွပွ၏ အရင်းဘက်တွင် ထူးခြားပြောင်လက်သည့် မျက်လုံးရှိသဖြင့် မုဆိုးတစ်ဦးအဖို့ ပြောင်အား ရှေ့တည့်တည့်မှ ထိပ်တိုက်တွေ့မည်ဆိုလျှင် ကြက်သီးထ၊ သွေးလန့်သွားစရာ ကောင်းလောက်ပေသည်။ အမွေးမှာမူ မရှိသလောက် ပါး၍တိုကာ စေးထန်းသော အဆီများဖြင့် ခပ်ချွဲချွဲ ရှိလေ၏။

နွားတစ်ကောင်၏ အရပ်အမြင့်မှာ ပြောင်တစ်ကောင်လောက်ပင် ရှိသော်လည်း အလျားမှာ ပြောင်ထက် အနည်းငယ်တိုကာ အလုံးအထည်မှာ ပြောင်ထက် ပို၍ တုတ်ခိုင်လေသည်။ အသွေးအရောင်မှာ ညိုမည်းမည်းဖြစ်သော်လည်း ပေါင်ရင်းနှင့် ထိစပ်နေသော ဝမ်းဗိုက်တွင် လိမ္မော်ရောင်ရင့်ရင့် ပါရှိကာ အမွေးမှာ အိမ်ကျွဲ၏ အမွေးကဲ့သို့ ခပ်ရှည်ရှည်ရှိ၏။ ဒူးဆစ်လက်ဆစ်အောက်ပိုင်းမှာ ဖြူညစ်ညစ်၊ ထိပ်ကြားမှာ ဖြူညစ်ညစ် အရောင်ရှိကာ ဦးကင်းထိပ်မှာ ပြောင်ထက် ပိုမိုမြင့်မောက်၏။ နွားတစ်ကောင်၏ ထူးခြားသောအပိုင်းမှာ ဦးကင်းနှင့် ဦးချိုဖြစ်ကာ ဦးချိုရင်းမှာ ခပ်ပြားပြားရှိ၏။ အရောင်မှာ ပြောင်နှင့် လုံးဝမတူညီဘဲ လိမ္မော်နုရောင်ရှိကာ ဦးချိုဖျား (၃)လက်မခန့်မှာ အမည်းဖြစ်ပြီး သွယ်ကာ ချွန်ထက်၍ ရှေ့သို့ အနည်းငယ် စိုက်လေသည်။ ချို၏အဝန်းမှာ ပစောက်ပုံပင် ဖြစ်သော်လည်း ချိုဖျားနောက်သို့ မပြန်ဘဲ ရှေ့သို့ ခပ်ကွေးကွေးကလေး ပြန်သွား၏။ နှာရောင်မှာ ပွသော်လည်း ပြောင်ထက် နှာရိုးတိုကာ ပြောင်လက်သည့် မျက်လုံး





ရှိ၏။ နွား တစ်ကောင်လုံးကို ခြုံကြည့်လျှင် အလုံးအထည်မှာ (၇)ပေမျှ ရှိမည့် ဆင်ပေါက်တစ်ကောင်၏ ကိုယ်လုံးကဲ့သို့ လုံးဝန်းပြီး ဦးချိုရင်းနှင့် ပေါင်ထိပ် လိမ္မော်ရောင်များမှာ ထူးခြားထင်ရှားရုံသာမက ဦးချိုမှာ ပြောင်ထက် ပိုမိုလှပပေသည်။

ကျွန်ုပ်၏ အမြင်နှင့် ဝေဖန်ရမည်ဆိုလျှင် အင်အားမှာ ပြောင်ထက် နွားက ပိုမိုသကဲ့သို့ အရောင်အသွေးနှင့် အကောင်အမွေးအရ နွားက ပြောင်ထက် ပိုမိုခန့်ထည်လှပပေသည်။

ကျက်စားပုံအရလည်း ကွာဟမှု ရှိ၏။ ပြောင်မှာ တောစိုတောထူ အအေးဓာတ်များသည့် နေရာများဖြစ်သော အမြဲစိမ်း (Ever Green) သစ်တောများကို ပိုမိုနှစ်သက်တတ်ကြသော်လည်း နွားမှာမူ စိုင်များကဲ့သို့ တောင်မြင့် ရွက်ကြွေတော (Tropical) များတွင် အုပ်စုလိုက် နေတတ်ပေသည်။ တစ်ခါတစ်ရံတွင် အမြဲစိမ်းတောနှင့် ရွက်ကြွေတော ရောနှောရာ သစ်တောများတွင် ပြောင်နှင့်နွားကို အုပ်စုသီးခြားစီ တွေ့ရတတ်၏။ ထူးခြားချက်မှာ တစ်အုပ်စုနှင့် တစ်အုပ်စု ရောနှောမှုမရှိဘဲ သီးခြားနေထိုင်၊ မိတ်လိုက်၊ မျိုးပွားကြခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် ပြောင်နှင့်နွားမှာ မျိုးရင်းတူနိုင်၍ မျိုးစိတ်သာ ကွဲနိုင်သည်ဟု ပညာရှင်များက အဆိုပြုလာမည်ဆိုလျှင်ပင် ကျွန်ုပ်အနေဖြင့် မျိုးစိတ် ကွဲပြားသကဲ့သို့ မျိုးရင်းလည်း မတူညီဆိုသော အချက်ကိုသာ အလေးထား သုတေသန ပြုလုပ်မည် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘ ‥ အဘ၊ မြောင်ကြီးတစ်ကောင်"

ကျော်လွင်က မဲဇလီချောင်းကွေ့မှ ပေါ်လာကာ ကျောက်တုံးများကို ရှောင်ရင်း ပြေးလာပြီး အသံမတိုးမကျယ်နှင့် ပြောလိုက်သည်။

အဘ၊ ကျွန်ုပ်၊ ကျော်ကျော်၊ ဝင်းမြင့်၊ အောင်သန်းညွန့်၊ မောင်မြင့်တို့မှာ မဲဇလီချောင်းနှုတ်ခမ်းရှိ အင်္ဂလိပ်ခေတ်က ဘိုတဲနေရာဟောင်းတွင် စခန်းဆောက်ပြီးစ မောမောဖြင့် Rum တစ်လုံး ဖောက်ကာ ဝင်းမြင့်ဖုတ်ပေးသည့် ငါးခြောက်ဖုတ်ဖြင့် မြည်းနေကြစဉ် ကျော်လွင်က အပြေးအလွှား ရောက်လာကာ အလော တကြီး ပြောလိုက်ခြင်း ဖြစ်၏။

ကျွန်ုပ်တို့အဖွဲ့မှာ သာယာဝတီ သစ်ထုတ်နယ်မှ သစ်ထုတ်မန်နေဂျာကြီး ဦးဖော်ဝင်း၊ နယ်တာဝန်ခံများ ဖြစ်ကြသော ဦးသန့်ဇင်၊ ဦးကျော်မြင့်တို့၏ အကူအညီဖြင့် မြောက်ဇာ(က)နယ် (မြောက်ဇာမဏီသစ်ထုတ်နယ်)သို့ ရောက်နေကြခြင်း ဖြစ်၏။ ထိုနှစ်က မြောက်ဇာ(က)နယ်သို့ မင်းလှမြို့နယ်၊ စိန်ကန့်လန့်သစ်ဆိပ်မှ ပဲခူးရိုးမအနောက်ခြမ်း၊ နကျူ၊ နတ်စဉ်တောင်ရိုးကြီးကို ကျော်၍ ပဲခူးရိုးမ အရှေ့ဘက်ခြမ်း ကျောက်တံခါးမြို့နယ်အတွင်းမှ သစ်မာများကို ထုတ်လျက်ရှိ၏။

ဦးဖော်ဝင်းတို့၏ ကျေးဇူးကြောင့် ထိုရိုးကြီး ထိပ်သို့ရောက်ရှိကာ အင်္ဂလိပ်ခေတ် ဗိုလ်တဲဟောင်းနေရာ မဲဇလီချောင်းနံဘေးတွင် အမဲကြီးပစ်ရန် စခန်းချနေခြင်း ဖြစ်၏။ မဲဇလီချောင်းမှာ အထက်တွင် ဆိုခဲ့သည့်အတိုင်း ပဲခူးရိုးမတွင် အမြင့်ဆုံး

● သက်ပန်စာပေ ●



ချောင်းတစ်ချောင်း ဖြစ်သည့်သာမက ကျောက်တုံးကျောက်ခဲ ထူပြောသည့် သစ်တောကြီး အုံ့ဆိုင်းနေရာ ချောင်းပင် ဖြစ်တော့၏။

ဗိုလ်တဲဟောင်းနေရာမှာ ပေ(၅၀)ပတ်လည်လောက်သာ ပြန့်ပြူးမှု ရှိပြီး တောင်နံရံကြီးများလည်း ကာရံလျက်ရှိသည်။ သို့ရာတွင် ဗိုလ်တဲဟောင်းနေရာကို ထုံးစံအတိုင်း ရှေးကပင် စိုက်ပျိုးထားခဲ့သော သရက်ပင်၊ ပိန္နဲပင်များရှိသကဲ့သို့ ချောင်းစောင်းတွင် ကတွတ်ပင်၊ ရေသဖန်းပင်တို့လည်း ရှိပေသည်။

ဖန်နဝါရီလလယ်ပိုင်း ဖြစ်သည့်ကြောင့် တစ်ကြောင်း၊ တောင်ထိပ်ရိုးကြားမှ ချောင်းအတွင်းဖြစ်၍တစ်ကြောင်း အအေးဓာတ်က လွန်ကဲလှကာ တစ်နေကုန် အနွေးထည် ချွတ်၍မရ။ အိပ်ရန် ဝါးကွပ်ပျစ်၊ ထမင်းစားရန်နှင့် ထိုင်ရန် စားပွဲတန်းလျား မီးဖိုစင် စသည်တို့ကို ဝါးများဖြင့် တစ်နေ့ခင်းလုံး လုပ်ခဲ့ကြသည့်တိုင် ချွေးက စို့မလာ။ သားငါး သိုလှောင်သည့် အအေးခန်းအတွင်း အလုပ်လုပ်ရသကဲ့သို့သာ ရှိပေ၏။

သစ်ထုတ်ရာ ကားလမ်းမှာ ကျွန်ုပ်တို့စခန်း၏ အထက် ပေ(၇၀)ခန့်တောင်ထိပ်မှ ဖြတ်၍ ဖောက်ထားသဖြင့် သစ်ထုတ်ကားနှင့် လိုက်လာကြသည့် ကျွန်ုပ်တို့မှာ ချောင်းအတွင်းသို့ ပစ္စည်းများကို သယ်ချ၊ စခန်းရွေး၊ မှန်းဆိုးရှင်း၊ စခန်းဆောက်ခဲ့ကြရာ နံနက်(၁၀)နာရီခန့်မှ ညနေ(၄)နာရီခန့်အထိ တိုင်ခဲ့သည်။ ကျွန်ုပ်တို့က Rum ပုလင်းဖွင့်၍ နားမည်လုပ်နေစဉ်မှာပင် ကျော်လွင်နှင့် စကြီးတို့ လမ်းပြနှစ်ယောက်က တောအနေအထား၊ သားကောင် အနေအထား၊ ခြေရာခြေကြောင်း၊ နေရာစားကျက်ကောင်းကို

● သက်ပန်စာပေ ●

www.burmeseclassic.com



တောင်ပေါ်ရေချောင်းတစ်လျှောက် လိုက်ကြည့်မည်ဟု ခွင့်တောင်းကာ ပွိုင့်-၂၂ ဘို့ ရိုင်ဖယ်ကလေး တစ်လက်တည်းဖြင့် ထွက်သွားခဲ့၏။

သူတို့ ထွက်သွား၍ ကျွန်ုပ်၊ အဘနှင့် ကျော်ကျော်တို့ ဝိုင်းစခါပင် ရှိသေးသည်။ ကျော်လွင်က ပွိုင့်-၂၂ဘို့ ရိုင်ဖယ်ကလေးကို လွယ်ကာ ဒရောသောပါး အမောတကော ပြေးလာပြောခြင်း ဖြစ်၏။

-◆-◆-◆-

"ဟ ... ကျော်လွင်ရ၊ မင် ဒီလောက် ပျာယာခတ်ပြီး ပြေးလာမှတော့ ပြောင်က ပြေးပြီပေါ့ကွ"

ကျွန်ုပ်က Rum ခွက်ကို ကိုင်ရင်း ပြောမိ၏။

"မပြေးဘူး ဆရာစိုး။ ပြောင်က ကျွန်တော်တို့ကိုလည်း မတွေ့ဘူး။ တောင်ယာဟောင်း ဖုန်းဆိုးစပ် ဝါးတောထဲမှာ သူ့ဟာသူ စားနေတာ။ လူမှန်းလည်း မသိဘူး။ ဒါနဲ့ စကြီးကို စောင့်ကြည့်ဖို့ ထားခဲ့ပြီး ကျွန်တော် ပြန်လာခေါ်တာ။ အဘ ပစ်ရအောင်လို့"

မှန်ပါသည်။ စခန်းစရောက်စဉ်ကပင် ကျွန်ုပ်က ကျော်လွင်နှင့် စကြီးအား အမိန့်ထုတ်ထား၏။ "မင်းတို့နှစ်ယောက် အဘ မပစ်ရသေးဘဲနဲ့ ဘယ်သူမှ တောမလည်ရဘူး။ ငါလည်း မလည်ဘူး။ အဘအတွက် သားကောင်ပြပေးဖို့သာ မင်းတို့ ကြိုးစား။ အဘပစ်ပြီးမှ ငါကော မင်းတို့ကော ပစ်ရမယ်"





ထို့ကြောင့် သူတို့နှစ်ဦး သေနတ်ကြီး (ပွိုင့် ၃၇၅ မဂ္ဂနမ် ရိုင်ဖယ်)ကို မယူသွားရဲဘဲ ပွိုင့်-၂၂ ရိုင်ဖယ်လေးဖြင့်သာ ခွင့်တောင်း၍ ထွက်သွားခဲ့ခြင်း ဖြစ်၏။ ကျော်လွင်ကော စကြီးပါ နာခံတတ်သူ လမ်းပြမုဆိုးကောင်းများချည်း ဖြစ်ပေသည်။

ယခုလည်း ပြောင်ကိုတွေ့သဖြင့် နွားကျောင်းသား နွားကျောင်းရှင် နွားစောင့်သလို စကြီးအား အစောင့်ထားကာ ပြန်ပြေးလာခေါ်ခြင်း ဖြစ်ပေ၏။

အဘ ။ ကျော်လွင် ဘယ်လောက်ဝေးလဲ၊ သိပ်ဝေးရင် ငါ မလိုက်နိုင်ဘူး။ ခရီးလည်း ပန်းလာတယ်။ တောင်ကော တက်ရဦးမှာလား။

လွင် ။ မတက်ရဘူး အဘ။ ချောင်းရိုးစောင်းမှာတင်။ ဒီက (၁၀)မိနစ်လောက်ပဲ ချောင်းရိုးအတိုင်း လိုက်ရမှာ။

အဘ ။ ဖိမ်ပျက်တယ်ဗျာ။ ခင်ဗျား သွားလိုက်ပါလား။

ကျွန်ုပ် ။ No, No, I am after you.

ကျွန်ုပ် ငြင်းလိုက်တော့မှ အဘက ကွပ်ပျစ်စွန်းတွင် ချိတ်ထားသော ပွိုင့် ၃၇၅ မဂ္ဂနမ်ရိုင်ဖယ်ကြီးကို ဖြုတ်ယူကာ ယမ်းတောင့် ရှိမရှိ ပြန်လည်စစ်ဆေး၍ ခြေညှပ်ဖိနပ်၊ ပုဆိုးနှင့်ပင် လိုက်သွားခဲ့ပေရာ ကျွန်ုပ်နှင့် ကျော်ကျော်မှာ Rum ပုလင်းနှင့် ကျန်ခဲ့ပါတော့သည်။

◆-◆-◆



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း . . ဟိုင်း . . ဟိုင်း"

အဘထွက်သွားပြီး နာရီဝက်အတွင်းမှာပင် ချောင်းအောက်ပိုင်းမှ ပွိုင့် ၃၇၅ မဂ္ဂနမ်ရိုင်ဖယ်ကြီး၏ သေနတ်သံက တစ်တောလုံးကို ဆူညံသွားစေသည်သာမက တောင်နံရံများနှင့် ရိုက်ခတ်လာသည့် ပဲ့တင်သံကြောင့် . .

"ဆော်ပြီဟေ့"

တပ်ကြပ်ကြီး အောင်သန်းညွန့်က အသံကျယ်ကျယ်ဖြင့် အော်လိုက်သည်။

"ရှူး . . . သိပ်မကျယ်နဲ့၊ နားထောင်ဦး"

ကျွန်ုပ်က သတိပေးလိုက်သည်။

ပဲခူးရိုးမ၏ အမြင့်ဆုံး တောင်တန်းများ ကာရံထားရာ ချောင်းအတွင်းရှိ စခန်းမှ လူများအားလုံး သေနတ်သံကို ထပ်မံ နားစွင့်နေပြန်သည်။ သို့သော် နောက်ထပ် သေနတ်သံ မကြားရ။

"တစ်ချက်တည်းနဲ့ ကိစ္စပြီးပြီ ထင်တယ် ကျော်ကျော်ရေ"

ကျွန်ုပ်က ပြောသာပြောရသော်လည်း စိတ်က သိပ်မချ။ အမဲကြီးများပစ်ရာတွင် သေနတ်ကာလီဘာကြီးစေကာမူ တစ်ချက်တည်းဖြင့် စိတ်မချရ။ ချက်မပိုင်ပါက မှဆိုးငိုင်၍ ကျန်ခဲ့ရပေမည်။ သားကောင်ကြီးက လဲမည်မဟုတ်။ အဲ . . ဒုတိယ သေနတ်သံ ကြားရလျှင်မူ သေချာလောက်သည်။ အဘယ့်ကြောင့်နည်း။ မှဆိုးချင်းသိ၏။ အမဲကြီးပစ် မှဆိုးကြီးများအဖို့ ဒုတိယ သေနတ်သံကို "သက်ဖြတ်သေနတ်သံ" (Killing Shot) ဟု သတ်မှတ်ကြသောကြောင့် ဖြစ်၏။ သားကောင်ကြီးကို ပထမတစ်ချက်





ဖြင့် မလဲလျှင် ဖြစ်စေ၊ လဲသော်လည်း အသက်မထွက်သေးလျှင် ဖြစ်စေ၊ ဒုတိယတစ်ချက်ကို ထပ်မံဆင့်ရစမြဲ ဖြစ်၏။ သို့မှသာ မှဆိုးအဖို့ အန္တရာယ်ကင်းနိုင်သကဲ့သို့ သားကောင်ကြီးကိုလည်း လျင်မြန်စွာ ဖိဝိန်ချွေပေးရာ ရောက်လေသည်။

"အင်း . . ဖြစ်လောက်ပါတယ်။ ဒါပေမဲ့ ခဏတော့ နားထောင်ဦး ကိုစိုး။ ပိုစိတ်ချရအောင်ပေါ့"

ကျော်ကျော်က သူ့အကျင့်အတိုင်း စဉ်းစဉ်းစားစား ပြောလိုက်ချိန်စဉ်မှာပင် . . .

"ဒိုင်း . . ဟိုင်း၊ . . ဟိုင်း"

ဒုတိယသေနတ်သံက တောင်နံရံများနှင့် တောကြီးတစ်ခုလုံးကို ပဲ့တင်ထပ်သွားပြန်သည်။

"ဟ . . အဘ ထပ်ဆော်ပြန်ပြီ"

တပ်ကြပ်ကြီး အောင်သန်းညွန့် အသံ။

"ဒါဆိုရင် စိတ်ချရလောက်ပါပြီ။ ကိုယ်တို့ လိုက်သွားကြရအောင် ကျော်ကျော်ရေ။ နင် ပုလင်း Rum ယူခဲ့။ ဝင်းမြင့်ရေ . . . ဋါတောလိုက်ဓားပေး"

ကျွန်ုပ်က တစ်ဆက်တည်းပြောပြီး ကျွန်ုပ်၏ Boewe လိုက်ဓား လက်ထဲရောက်လျှင်ရောက်ချင်း ရိုးအတိုင်း ထွက်ခဲ့တော့၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုးရေ . . ချောင်းထဲကနေ ရှေ့ကို မတိုးနဲ့ဗျို့။ အရှေ့ဘက်ကမ်းပါး ဝါးတောထဲကိုတက်ပြီး ကျွန်တော်တို့ဆီကိုလာ။ ပြောင်လိုက်ခတ်နေတယ်"

ကျွန်ုပ် ချောင်းအတိုင်း လျှောက်လာ၍ (၁၅)မိနစ်ခန့်အကြာ ကျောက်ရေတံခွန်လေးကို ကျော်လိုက်ချိန်တွင် အဘအသံက ကျယ်လောင်စွာ သတိပေးလိုက်၏။

ကျွန်ုပ် အသံလာရာသို့ လှမ်းကြည့်လိုက်ရာ အရှေ့ဘက်ကမ်းပါးတွင် ပေါက်နေသည့် ကြသောင်းဝါးရုံကြီးပေါ်တွင် အဘ၊ ကျော်လွင်၊ စကြီးတို့ (၃)ဦးစလုံးအား တွေ့ရလျှင် တွေ့ရချင်း တစ်စုံတစ်ရာ မစဉ်းစားတော့ဘဲ ကမ်းပါးပေါ်သို့ ပြေးတက်ခဲ့သည်သာမက ကြသောင်းဝါးရုံပေါ်သို့ ပြေးတက်လိုက်ရသည်မှာ အဘရောက်နေသည့် (၃၀)ပေခန့် အမြင့်ထက် ပို၍ (၁၅)ပေခန့်သို့ပင် ရောက်ခဲ့တော့၏။

ဝါးပင်ပေါ်သို့ ရောက်လျှင်ရောက်ချင်း "အကောင်က ဘယ်မှာလဲ အဘ။ နှစ်ချက်ပစ်ထားတာတောင် မသေသေးဘူးလား"

"မသေသေးဘူး။ ပထမတစ်ချက်က လက်ပတ်ကို ပစ်ထားတာ။ မသေဘဲ လူဆီ အတင်းပြေးပြေးခတ်လို့ နောက်တစ်ချက် ထပ်ပစ်လိုက်တော့မှ ခေါင်းလည်သွားတုန်း ဒီဘက်ကမ်းပြေးတက်ရတာ။ ကျော်လွင်နဲ့ စကြီးကို လိုက်ခတ်တာ။ ဒီကောင်တွေ မြန်လို့ပေါ့။ နို့မို့ မလွယ်ဘူး"

"အခု ဘယ်ရောက်သွားပြီလဲ"





"အနောက်ဘက်ကမ်းက ဖုန်းဆိုးထဲ ဝင်သွားတယ် ဆရာ။ ဖုန်းဆိုးက ရှုပ်နေတော့ ဝင်မလိုက်ရဲဘူး။ အနားကျမှ ပြေးကြိုနေမှာစိုးလို့"

ကျော်လွင်က ဖြေပါသည်။ ဆက်၍ . . .

"ဒါနဲ့ ကျွန်တော်တို့လည်း ဒီဝါးပင်ပေါ်ကနေ ဖုန်းဆိုးထဲကို ကြည့်နေတာ"

"တွေ့ကော တွေ့ရလား"

"မတွေ့သေးဘူး ဆရာ"

စကြီးက ဖြေ၍ သူ ရောက်နေရာ ကျွန်ုပ်အထက်မှ နောက်ထပ် (၄)ပေမျှ အဖျားသို့ တက်သွားပြန်၏။

ထိုစဉ် ကျွန်ုပ်က တစ်စုံတစ်ခုကို သတိရကာ အလောသုံးဆယ် ပြောလိုက်ရ၏။

"ဟော့ . . . ဟော့ . . ဦးကျော်ကျော်နောက်က လိုက်လာလိမ့်မယ်။ သူ့ကို လှမ်းကြည့်ပြီး သတိပေးလိုက်ဦး။ ချောင်းထဲကလာမှာ။ လူက ဝဝနဲ့ ပြောင်ပြေးတိုက်ရင် ကားနေဦးမယ်"

ကျွန်ုပ်၏ သတိပေးမှုနှင့်အတူ စကြီးက ချောင်းအထက်ပိုင်းကို လှမ်းကြည့်ကာ ကြုံးအော်လိုက်သည်။

"ဦးကျော်ကျော်နဲ့ ကိုအောင်သန်းညွန့်ရေ၊ ပြောင်လိုက်ခတ်နေတယ်။ အရှေ့ဘက်ကမ်းကို မြန်မြန်တက်ပြီး ဒီဝါးရုံကို လာတက်ဗျို့။ မြန်မြန် . . . မြန်မြန်"

ကျွန်ုပ်ကြည့်လိုက်ရာ ကျော်ကျော်မှာ လက်တွင်ကိုင်ထားသော Rum ပုလင်းကို ခါးတွင် ထိုးလိုက်ပြီး (၈)ပေမျှ မြင့်



www.burmeseclassic.com

www.burmeseclassic.com



သော ကမ်းပါးပေါ်သို့ ပြေးတက်လိုက်သည်မှာ ဝက်တစ်ကောင် ကမ်းပါးပေါ် ပြေးတက်လိုက်သကဲ့သို့ မြန်လှချေ၏။ အဲလဲ့ . . ဒီလို ဆိုတော့လည်း ငါ့သူငယ်ချင်းက အပေါ့သား။ ကိုအောင်သန်းညွန့် မှာလည်း သူနောက်မှာပင် ပြေးတက်ပြီး ကျွန်ုပ်တို့ထံသို့ ရောက် လာကာ ဝါးပင်ပေါ်သို့ တက်ရန် ပြင်နေ၏။

ဝါးရုံမှာ ကြသောင်းဝါးရုံဖြစ်၍ လုံးပတ် ခြေသလုံးခန့် (တစ်ပေမှ တစ်ပေကျော်ခန့်) ရှိကြသော်လည်း တက်နေသူများမှာ စုစုပေါင်း (၅)ယောက်ရှိပြီမို့ ဝါးရုံမှာ ချောင်းဘက်သို့ပင် ကိုင်း၍ နေလေပြီ။ ကိုအောင်သန်းညွှန့်မှာ ဘယ်အပင်တက်ရမည်ကို ကြည့် တုန်းသာ ရှိသေး၏။

"တွေ့ရပြီ ဆရာရေ။ ယမနေပင်ခြောက်ကြီးကို ဦး တိုက်ပြီး ငြိမ်နေတယ်"

စကြီးက အမြင့်ဆုံးမှ ကြည့်သူမို့ မြင်ရပြီ။ ထို့ကြောင့် ကျွန်ုပ်က . . .

"လဲနေပြီလား စကြီး"

"မလဲသေးဘူး ဆရာ"

"ဒါဆို ခေါင်းက ဘယ်ဘက်မှာလဲ။ တို့ဘက်ကို ခေါင်း တည်ထားသလား"

"မတည်ဘူးဆရာ။ ခေါင်းက အနောက်ဘက်ကို တည် ထားတယ်။ ကျွန်တော်တို့ဘက်ကို မလှည့်နိုင်တော့ဘူး ထင်တယ်"

"အေး . . . ဒါဆို ငါကြည့်မယ်"

ကျွန်ုပ်က ပြောပြောဆိုဆို ကြသောင်းဝါး အဖျားပိုင်းသို့





(၃)ပေမျှ တက်လိုက်ပြီး အနောက်ဘက်သို့ ကိုင်းနေသည့် ကြ သောင်းဝါး (၂)လုံးအား ဘယ်ခြေညာခြေ တစ်ဖက်စီနင်းကာ ကြည့်လိုက်သည်။

စကြီး ပြောသကဲ့သို့ပင် ယမနေပင်ကို ဦးတိုက်နေသည့် ပြောင်နွားကြီးကို တွေ့ရ၏။ သို့သော် စကြီးရောက်နေရာထက် ကျွန်ုပ်နေရာက နိမ့်နေသည်ကတစ်ကြောင်း၊ ပြောင်ရှိရာ နေရာ မှာ တောင်စောင်းဖုန်းဆိုး နိမ့်လျှောလျှောဖြစ်၍တစ်ကြောင်း လည်တိုင်နှင့် ဦးခေါင်းကိုသာ မြင်ရ၏။

သို့ကြောင့် ကျွန်ုပ်က . . .

"အဘ . . . အပေါ်ကို တက်ခဲ့။ ဒီကနေ လာပစ်ရင် ခေါင်းကို ချိန်ပစ်လို့ရတယ်"

"ရော့ . . . သေနတ်ယူ။ ခင်ဗျားပဲပစ်တော့"

"ဟာ . . . ကျွန်တော် မပစ်ချင်ဘူး။ အဘ အကောင်ကို အဘပဲ လက်စသတ်လေ"

ကျွန်ုပ်က မုဆိုးစည်းကမ်းအရ ပြောမိ၏။ အဘလည်း မုဆိုးစည်းကမ်းကို နားလည်သူဖြစ်သဖြင့် သေနတ်အား ကျွန်ုပ် ထံ လှမ်းပေးပြီး အပေါ်သို့ တက်လိုက်၏။ ထိုသို့တက်ရန်အတွက် ကျွန်ုပ် နင်းထားသည့် ကြသောင်းဝါး (၂)လုံးကို လက်တစ်ဖက် စီဖြင့် ဆွဲလိုက်ရာ . . .

"ဟာ . . အဘ"

ကျွန်ုပ်၏ ဝိတ်၊ သေနတ်၏ ဝိတ်အပြင်၊ အဘ၏ ပေါင် (၁၆၀)ခန့် အလေးချိန်ကြောင့် ဝါးပင်မှာ ညွှတ်၍သွားလေရာ စကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ သေနတ်ကိုင်ထားသည့် လက်အား ဖမ်းဆွဲထားလိုက်၍သာ ကျွန်ုပ် ချောင်းထဲသို့ ပြုတ်ကျမသွားခြင်း ဖြစ်၏။

အဘက အခြေအနေကို သုံးသပ်ကာ . . .

"ကျွန်တော် တက်လို့မဖြစ်ဘူးဗျို့၊ အားလုံး ပြုတ်ကျကုန်လိမ့်မယ်။ ခင်ဗျားပဲ ပစ်တော့။ ကျွန်တော် ခွင့်ပြုပါတယ်"

ဤအခြေအနေတွင် ငြင်းရန် မဖြစ်နိုင်တော့ပါ။ ကျွန်ုပ်အထက်တွင် ရှိနေသော စကြီးအား ပစ်ခိုင်းပြန်လျှင်လည်း အဘက ကျေနပ်မည် မဟုတ်။ ပြီး မတော် လွဲချော်သွားပါက ဘာတွေဆက်ဖြစ်လာမည် မသိ။ ထို့ကြောင့် (Killing Shot) ကို ကျွန်ုပ်ပစ်ရန်သာ ရှိတော့၏။

ထို့ကြောင့် ကျွန်ုပ်က ဘယ်ခြေညာခြေ တင်ထားရာ ကြသောင်းဝါး (၂)ပင်ကို ပိုင်နိုင်စွာ နင်းထားကာ သေနတ်အား မောင်းတင်၍ ပြောင်ကြီးဦးခေါင်းနှင့် လည်တိုင်ဆက်ရာ ဝဲဘက်အခြမ်းကို ချိန်လိုက်သည်။

"ဝီ . . ဝီ . . ဝီ"

ရိုးဖျား၊ တောင်ကြားလေက မွှေလိုက်ပြန်ရာ ကျွန်ုပ်ခြေနင်းထားသည့် ဝါးနှစ်ပင်မှာ လှုပ်ရှားသွားပြန်၏။ သေနတ်ချိန်သီးမှာ လိုရာသို့ ချိန်၍မရ။ ထို့ကြောင့် ခေတ္တစောင့်နေရပြန်၏။

လေငြိမ်သွားခဲ့ပြီ၊ ကျွန်ုပ်၏ သေနတ်ရှေ့ချိန်သီးကလည်း မူလချိန်ထားရာ ပြောင်ကြီး၏ နောက်စေ့တွင် ငြိမ်၍နေပေပြီ။ ထို့ကြောင့် ကျွန်ုပ်က သေနတ်ဒင်ကို ပခုံးတွင် ဆွဲညှစ်တင်းကြပ်





စေကာ ခလုတ်ကို ညင်သာစွာ ဆွဲလိုက်ရာ . . .

"ဒိုင်း . ."

ကြီးမားပြင်းထန်သည့် မိုဇင် ၃၇၅ မဂ္ဂနမ်ရိုင်ဖယ်ကြီး၏ ကျည်ထိပ်ဖူးက ပြောင်းဝမှ တစ်စက္ကန့်လျှင် (၂၅၀၀)ပေ အမြန်နှုန်းဖြင့် ထွက်သွားသကဲ့သို့ ကျွန်ုပ်၏ ပခုံးကိုလည်း သေနတ်ဒင်က ကန်သွားလေရာ လူတစ်ယောက် ဆောင့်ကန်ခံလိုက်ရသကဲ့သို့ နောက်သို့ လန်ထွက်သွားသည်သာမက ကျွန်ုပ်၏ ခြေနှစ်ဖက်မှာလည်း ကြသောင်းဝါးနှစ်ပင်မှ လွတ်ထွက်သွားပြီး နောက်ပြန်လှန်၍ ကျသွားသည်ကို သိလိုက်ရသည့်ခဏ . . .

"ဟာ . . ကျပြီဟေ့"

အဘ၏အော်သံကိုသာ ကြားလိုက်ရပြီး ကျွန်ုပ်ဘာမှ မသိတော့။

*စာကြွင်း ။ ထိုပြောင်ကြီး၏ အကြောင်းနှင့် နွားကြီးတစ်ကောင်အကြောင်းတို့ကို ဆက်လက်ရေးသားပါမည်။*



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပြောင်နှင့်နော မရောသည့် မုဆိုးများ (၂)

တစ်နေ့သ၌ ကျွန်ုပ်၏ ရုံးခန်းသို့ တယ်လီဖုန်း ဝင်လာသဖြင့် ကျွန်ုပ်၏ သမီးက တယ်လီဖုန်းကို ကိုင်လိုက်ပြီးနောက်

"ဟုတ်ကဲ့ ရှိပါတယ်ရှင်"

"ဒီမှာ ဖေဖေ၊ ဖုန်းလာနေတယ်"ဟုဆိုကာ ကျွန်ုပ်ထံ ပေးသဖြင့် ဖုန်းကိုင်လိုက်ရလေ၏။

"မောင်စိုး_ဘား"

"ဟုတ်ပါတယ် ခင်ဗျာ၊ ဘယ်သူပါလဲ"

"ကိုကိုကြီးပါ"

ကျွန်ုပ်၏ အစ်ကိုကြီး (တပ်မတော်အငြိမ်းစားအရာရှိကြီးတစ်ဦး) ဖြစ်၍နေလေ၏။

"ဟုတ်ကဲ့ ကိုကိုကြီး၊ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"မင်း လာမယ့် စနေနေ့ညနေ (၆)နာရီလောက် အားမလား"





"အားနိုင်ပါတယ် ကိုကိုကြီး။ ဘာကိစ္စရှိလို့လဲ"

"အေး. . . မင်း ဗိုလ်မှူးအောင်လှိုင် သိတယ်မို့လား"

"ဟုတ်ကဲ့ . . . သိပါတယ်"

ဗိုလ်မှူးအောင်လှိုင်(ငြိမ်း)မှာ ယခင်ကပင် သိကျွမ်းရင်းနှီးခဲ့သော ရေနံထွက်ပစ္စည်းဖြန့်ဖြူးရောင်းချရေးမှ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ယခု အကြံပေးပုဂ္ဂိုလ်ဖြစ်ကာ ကျွန်ုပ်၏ စာဖတ်ပရိသတ်တစ်ဦးလည်း ဖြစ်လေ၏။

"သူက မင်းစာအုပ်ကို ဖတ်ပြီး သဘောကျ ဂုဏ်ပြုချင်လို့တဲ့။ မင်းကို ဖိတ်ပေးဖို့နဲ့ တို့ဆုံကြဖို့ စီစဉ်ပေးပါဆိုလို့ လာမယ့်စနေနေ့ ချိန်းထားတယ်။ သူ့ ဝိစကိတိုက်ပါ့မယ်တဲ့။ မင်း လာနိုင်မယ်မို့လား"

"ဟုတ်ကဲ့၊ ကိုကိုကြီး။ ကျွန်တော့်ကို ဒီလိုပုဂ္ဂိုလ်မျိုးကဂုဏ်ပြုမယ်ဆိုတော့ ဘယ်ငြင်းပါ့မလဲ။ လာရမှာပေါ့။ ဘယ်မှာတဲ့လဲ"

"လွတ်လွတ်လပ်လပ် ဖြစ်အောင် ငါ့အိမ်မှာပဲ စီစဉ်လိုက်မယ်။ မင်းသာ အိမ်ကို စနေနေ့ညမှာ (၆)နာရီရောက်အောင်လာ"

"ဟုတ်ကဲ့ ကိုကိုကြီး၊ ဆက်ဆက်လာပါ့မယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်၏ အစ်ကိုကြီးမှာ ဖုန်းချသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



စနေနေ့ညနေ (၆)နာရီ ကျွန်ုပ်၏ အစ်ကိုကြီးအိမ်ရှိရာ သင်္ဃန်းကျွန်းမြို့နယ်၊ အောင်ရတနာဥယျာဉ်အိမ်ရာသို့ ရောက်သောအခါ ဦးအောင်လှိုင်မှာ ကျွန်ုပ်ထက် အရင်ရောက်နေပေပြီ။ ကျွန်ုပ်အား နွေးထွေးလှိုက်လှဲစွာ ကြိုဆိုပြီး သူယူလာသည့် Chevas Regal ဝီစကီပုလင်းကို ဖောက်ကာ အမြည်းမြည်းစုံစုံဖြင့် ညှိခံရင်း စကားပြောကြလေ၏။

ဦးအောင်လှိုင်မှာ တောပစ်၊ ငါးမျှား ဝါသနာပါသူ တစ်ဦးဖြစ်ခဲ့ပြီး ယခုမှ ကျန်းမာရေးကြောင့် မလုပ်နိုင်သဖြင့် နားထားရခြင်းဖြစ်၏။

ကျွန်ုပ်၏ ပထမစာအုပ်ဖြစ်သော "ကောင်းကင်ပေါ်က မျက်လုံးနှင့် ကိုယ်တွေ့မှဆိုးဝတ္ထုများ"စာအုပ်ကို ဖတ်ရသောအခါ သူ၏ ဝါသနာငုပ်ကောင်က ခေါင်းထောင်လာကြောင်း၊ တောသို့ သွားလျှင် နေ့ချင်းပြန်သော်လည်းကောင်း၊ စနေ၊ တနင်္ဂနွေသွားလျှင်သော်လည်းကောင်း လိုက်လိုကြောင်းပြောရင်း သေနတ်အကြောင်း၊ သားကောင်အကြောင်း ပြောကြရာမှ စိုင်၊ ပြောင်၊ နွား၊ သားကောင်ကြီးများအကြောင်း ပါလာလေ၏။

ထိုအခါ ကျွန်ုပ်က "ပြောင်"နှင့် "နွား"မတူညီကြောင်း၊ မည်သို့ကွာခြားကြောင်းများကို ကျွန်ုပ်သိသမျှ ရှင်းပြသည့်သာမက ကျွန်ုပ်နှင့် အဘ ပစ်ခတ်ရရှိခဲ့ပုံကို ပြောပြလေ၏။ ထိုသို့ပြောပြရာတွင် ယခင်လက ကျွန်ုပ် အနော်မာမဂ္ဂဇင်းတွင် ရေးသားခဲ့သည့်အတိုင်းဖြစ်ပြီး ထိုဝတ္ထုကို "ပြောင်နှင့်နွား မရောသည့် မှဆိုးများ"ဟု ဝတ္ထုအမည် တပ်ခဲ့ခြင်း ဖြစ်လေ၏။

• သက်ပန်းစာပေ •



ကျွန်ုပ်က ထိုဝတ္ထု၏ ပထမပိုင်းဖြစ်သော ကျွန်ုပ် ကြသောင်းဝါးပင်ပေါ်မှ ကျားသွားသည့်နေရာသို့ ရောက်သောအခါ အာခြောက်လာသဖြင့် ဝီစကီနှင့် ဆော်ဒါ၊ ရေခဲ ရောစပ်ထားသော ဖန်ခွက်ကိုယူကာ တစ်ငုံမျှ သောက်လိုက်ရလေ၏။

"ကိုစိုး၊ ဆက်စမ်းပါဦးဗျ။ ခင်ဗျား ဝါးပင်ပေါ်က ကျားသွားတော့ ဘာဖြစ်သေးသလဲ။ ပြောင်ကြီးကိုတော့ ခင်ဗျားပစ်တာ မှန်ရဲ့လား"

ဦးအောင်လှိုင်က ဇာတ်လမ်းနားထောင်ရာမှ ပြတ်သွားသဖြင့် မချင့်မရဲဖြစ်ကာ မေးလိုက်၏။ ကျွန်ုပ်၏ အစ်ကိုကြီးကလည်း . . .

"အေးကွာ၊ ဆိုစမ်းပါဦး။ မင်းတို့အတွေ့အကြုံက တော်တော် စိတ်ဝင်စားစရာ ကောင်းနေပြီ"

ဟု ဆိုလေရာ ကျွန်ုပ်မှာ ဝီစကီခွက်ကို ပြန်ချထားလိုက်ကာ ဇာတ်လမ်းကို အောက်ပါအတိုင်း ဆက်ပြောရလေ၏။

—◆—◆—◆—

"ကိုစိုး . . . ကိုစိုး"

"သူငယ်ချင်း . . . သူငယ်ချင်း"

"ဆရာ ဦးကျော်စိုးဗို . . ဦးကျော်စိုးဗို"

"ဆရာ . . ဆရာ"

အဘကလည်းကောင်း၊ ကျော်ကျော်ကလည်းကောင်း၊ တပ်ကြပ်ကြီး အောင်သန်းညွန့်ကလည်းကောင်း၊ ကျွန်ုပ်လူများက

• သက်ပန်းစာပေ •

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း ဝိုင်းဝန်းလှုပ်၍ ခေါ်ကြကာမှ

"အင်း . . ဟင်း . . ဟင်း"

"သူငယ်ချင်း . . သူငယ်ချင်း . . သတိရပြီလား"

"ကိုစိုး . . ကိုစိုး . . ခင်ဗျား သတိရပြီလား။ ဘာဖြစ်သွားသေးသလဲ"

"ဟင် . . . ကျွန် . . ကျွန်တော် . . . ဘာမှမဖြစ်ဘူးထင်တယ်။ ကျောထဲကတော့ နည်းနည်းအောင့်နေသေးတယ်"

"ဟုတ်လား။ ခဏမှိန်းနေဦး။ ခင်ဗျားပြုတ်ကျတာ ကျွန်တော့်ကိုတောင် ကျော်သွားပြီးကျတာ။ တော်သေးတယ်။ အောင်သန်းညွန့်က မြေကြီးပေါ်မှာ ရှိနေလို့ ခင်ဗျားကို လှမ်းပွေ့ဖမ်းထားတာ။ ဒါပေမဲ့ (၁၅)ပေလောက်က ကျတာဆိုတော့ ဘယ်သက်သာမလဲ။ ပြီးတော့ အောင်သန်းညွန့် အပွေ့စောလို့ လမ်းလွဲသွားတာ။ နို့မို့ဆို အောက်က ဝါးငုတ်နဲ့ အဆောင့်ပဲ"

"သေနတ်ကန်အားနဲ့မို့ လန်ကျတာ အဘ။ ဒါနဲ့ သေနတ်ကော"

"သေနတ်က စကြီး ခင်ဗျားကို လှမ်းဆွဲလိုက်တာ မမီတဲ့ သေနတ်ကိုပဲ မိတယ်။ သေနတ်မိလိုက်တာလည်း ခပ်ကောင်းကောင်းပဲ။ နို့မို့ဆို ခင်ဗျားပေါ်က သေနတ်က ကျလာမှာ။ ဒီလိုဆို မလွယ်ဘူး"

"ဟုတ်တယ် အဘ၊ ဝါးနှစ်ပင်မှာ ခြေတစ်ဖက်စီ တင်နင်းပစ်ရတော့ သေနတ်ကန်အားနဲ့ မခံနိုင်ဘူး။ ကျတာပေါ့။ ကျွန်တော်ကိုက မဆင်မခြင် လုပ်မိတာ"

**● သက်ပန်စာပေ ●**



"ဒါနဲ့ မြောင်ကိုကော ထိရဲ့လား။ ဘယ်လိုနေလဲ"

"ထိတယ်။ နောက်စေ့နားကိုပဲ။ ဒါကြောင့် လဲနေပြီ။ ဒါပေမဲ့ အနားတော့ သွားမကြည့်ရသေးဘူး"

ကျွန်ုပ်မှာ လက်ပြင်နှစ်ဖက်မှ အုန်းလွဲသကဲ့သို့ နာနေရုံမှအပ ကျိုးခြင်း၊ ကြေခြင်း မဖြစ်ခဲ့၍ တော်ပါသေးသည်။ တပ်ကြပ်ကြီး အောင်သန်းညွန့်အား ကျေးဇူးတင်ရပေသည်။

ထို့နောက် အကောင်လဲပြီဖြစ်၍ ချောင်းရိုးကိုဆင်း၊ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီး နာရီတစ်ဝက်ခန့် အကြာတွင် မြောင်ကြီးလဲနေရာသို့ မြောင်၏ နောက်ပိုင်းမှ သေနတ်အဆင်သင့်ဖြင့် ချဉ်းကပ်သွားခဲ့ရာ မြောင်ကြီးမှာ အသက်ကင်းမဲ့နေလေပြီ။

—◆—◆—◆—

"ကဲ . . တောထဲ ရောက်ရောက်ချင်းနေ့မှာ မြောင်လဲတဲ့ အထိမ်းအမှတ်နဲ့ အဘကို ဂုဏ်ပြုပွဲ လုပ်ကြမယ်။ ကန့်ကွက်မယ့်သူ ရှိသေးသလား . . ကန့်ကွက်မယ့်သူ ရှိသေးသလား . . . ကန့်ကွက်မယ့်သူ ရှိသေးသလား"

ကျွန်ုပ်က စခန်းပြန်ရောက်သောအခါ အထက်ပါအတိုင်းမေးလိုက်ရာ . . .

"ကန့်ကွက်မယ့်သူ မရှိပါဘူး"ဟု အားလုံးက တစ်ပြိုင်တည်း ဖြေကြသဖြင့် . . .

"အေး . . .၊ ဒါဆိုရင် အမြည်းကို တစ်ယောက်တစ်မျိုးလုပ်ကြ"

**● သက်ပန်စာပေ ●**

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ ဝင်းမြင့်၊ အောင်သန်းညွန့်၊ ကျော်လွင်၊ စကြီး၊ မောင်မြင့်တို့ ငါးယောက်က ပါလာသည့် အခြောက်အခြမ်း အသီးအရွက်များဖြင့် တစ်ယောက်တစ်မျိုး လုပ်ကြလေရာ အမြည်းငါးမျိုး ဖြစ်သွားလေ၏။

ထိုအမြည်းများ ပြီးသွားသောအခါ ကျွန်ုပ်တွင် ပါလာသော High Comissioner တံဆိပ် စကော့ချ်ဝီစကီတစ်လုံးကို အဘအား Honour ပေး၍ ဖောက်ခိုင်းပြီး ကျွန်ုပ်၊ အဘ၊ ကိုကျော်ကျော်တို့က ဝိုင်းကြသကဲ့သို့ ကျန်လူများအတွက်လည်း Rum တစ်လုံးပေးလိုက်ရာ အေးချမ်းလှသည့် တောင်ပေါ်မဲဇလီချောင်းနံဘေးမှ ကျွန်ုပ်တို့၏ စခန်းမှာ နွေးထွေး၍ သွားလေ၏။

-◆-◆-◆-

ကျွန်ုပ်၏ လက်ယာဘက်ခြေတစ်ချောင်းအား တစ်စုံတစ်ယောက်က ဆက်ကာဆက်ကာ ဆွဲလိုက်သည်မှာ ကျွန်ုပ်၏ ခန္ဓာကိုယ်ကြီး မြောက်၍ပါသွားလောက်သည့် အတွေ့အထိကို ခံစားလိုက်ရ၏။ သူ ဆွဲရာနောက်သို့ ကျွန်ုပ် ပါမသွားစေရန် ဆွဲမိဆွဲရာကို လှမ်းဆွဲလိုက်မိသည်။ ထို့ကြောင့် ခေတ္တမျှ တန့်ရပ်သွားသည်ဟု ထင်ရသော်လည်း ကျွန်ုပ်၏ ခန္ဓာကိုယ်မှာ လေထဲတွင် လဲလျောင်းရက်သားဖြင့် မြောက်နေ၏။

ဆွဲသည့်သူက သူ့ဘက်မပါပါအောင် ထပ်မံဆွဲလေရာ ကျွန်ုပ်က သူ့ဘက်မပါရလေအောင် ရုန်းကန်ရလေ၏။ ကျွန်ုပ်က ရုန်းကန်ရင်း ကျွန်ုပ်အား ဆွဲရဲသူမှာ ဘယ်သူဖြစ်သည်ကို သိလို





ဇောဖြင့် ဦးခေါင်းကို မတ်လျက် လှမ်းကြည့်လိုက်မိသည်။

ဘုရားရေ၊ အမျိုးသမီးတစ်ယောက်။

ဆံပင်ရှည်ရှည်တွင် ပွင့်ရိုက်အကျီ၊ သရက်ထဘီနှင့် အသားဖြူဖြူ(ရှေးခေတ်ပုံစံမျိုး) ဆံပင်ကိုမူ ကုပ်ပေါ်၌ စု၍ချည်ထား၏။ မျက်နှာထားမှာမူ ခပ်တင်းတင်း။

ထိုသို့ ခပ်တင်းတင်းကြည့်ရင်း ကျွန်ုပ်၏ ခြေထောက်အား ထပ်မံဆွဲပြန်လေသည်။ ကျွန်ုပ် ရုန်း၏။ မရ။ သူ့လက်ကမလွှတ်။ ထို့ကြောင့် ကျွန်ုပ် အင်အားသုံးရမည်။ ထိုသို့အင်အားသုံးလျှင် အချည်းနှီးမဖြစ်ဖို့လိုသည်။ လွှတ်ကို လွှတ်မြောက်ရမည်ဟု အာရုံစူးစိုက်ကာ ကျွန်ုပ်၏ လွှတ်နေသော ဝဲခြေထောက်ဖြင့် တအားကန်ကန်ကြောက်လိုက်၏။

ထင်သည့်အတိုင်း သူ၏ လက်ဖျံကို ကျွန်ုပ်ပဲ ခြေကထိသွားရာ ကျွန်ုပ်၏ ယာခြေမှ လွှတ်ထွက်သွားပြီး အမျိုးသမီးမှာ ပျောက်ကွယ်သွားလေ၏။

ထင်သည့်အတိုင်း သူ၏ လက်ဖျံကို ကျွန်ုပ် ဝဲခြေကထိသွားရာ ကျွန်ုပ်၏ ယာခြေမှာ လွှတ်ထွက်သွားပြီး အမျိုးသမီးမှာ ပျောက်ကွယ်သွားလေ၏။

"ဦး . . ဦး . . ဦး"

ထိုအသံကို ထပ်မံကြားရပြန်၏။

"ဟေ"

"ဦး . . ထ . . ထ၊ ပြောင်အုပ်တွေ့နေလို့ ကျော်လွင်နှိုးခိုင်းလို့ လာနှိုးတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော . . . ခုန ခြေထောက်ကို ဆွဲတာ မင်းလား"

"ဟုတ်တယ် . . ဦး။ ဦး ကန်လိုက်တာ ကျွန်တော့် ယာလက်ဖျံကို ထိသွားတာ အတော်နာတယ်"

ဝင်းမြင့်က ဆိုလာခြင်း ဖြစ်၏။

"ဟုတ်လား။ ငါ့မျက်စိထဲမှာ အမျိုးသမီးတစ်ယောက် ငါ့ခြေထောက်ကို မရမက ဆွဲနေတာမြင်လို့"

"ဦး . . အိပ်မက် မက်နေတာထင်တယ်"

"မဟုတ်ဘူးကွ။ ငါက အိပ်မက်မှ မမက်တတ်တာ"

ကျွန်ုပ်မှာ အိပ်မက် မက်တတ်သူ မဟုတ်ပါ။ သို့ရာတွင် ချွင်းချက်တော့ ရှိပါသည်။ ထိုချွင်းချက်မှာ အကြောင်း(၂)မျိုးကြောင့်သာ အိပ်မက်ခြင်း ဖြစ်ပါသည်။

၁။ ကျွန်ုပ် နေထိုင်မကောင်းဖြစ်တော့မည်။ (ဥပမာ- ငှက်ဖျား ထတော့မည်ဆိုလျှင်)လည်းကောင်း၊

၂။ ထူးခြားသော အဖြစ်အပျက် ဖြစ်တော့မည်ဆိုလျှင်လည်းကောင်း မက်တတ်ခြင်းဖြစ်ပြီး ထိုအချက်နှစ်ချက်မှလွဲ၍ ယခုတိုင် အိပ်မက် မမက်တတ်ပါ။

ထိုသို့ ဖြစ်ရခြင်းမှာ ကျွန်ုပ် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တွင် ဥပဒေပညာ စတင်သင်ကြားစ အချိန်က ညဘက်အိပ်မပျော်ရာမှ စခဲ့ပါသည်။ အိပ်မပျော်သဖြင့် ဘာလုပ်ရမှန်းမသိဖြစ်၊ အားနည်းနေစဉ် ဆူးလေဘုရားလမ်း ကုလားစာအုပ်ဆိုင်တစ်ဆိုင်မှ Auto Suggestion ဆိုသည့် (သမထ)စာအုပ်ကလေးကို ငွေ(၂)ကျပ် (၅၀)ပြား ပေးကာ ဝယ်ယူခဲ့မိပြီး ထိုစာ





အုပ်ကလေးပါအတိုင်း တစ်လမျှ အဆောင်တွင် ကျင့်ကြံခဲ့ရာမှ ဘယ်သို့ဖြစ်သည် မသိ။ အိပ်မက် မမက်တတ်ရုံမျှမက အိပ်ရာဝင်လျှင်(၅)မိနစ်အတွင်း အိပ်ပျော်ခြင်းသို့ ရောက်ခဲ့ရပါသည်။ (ထိုအကြောင်းနှင့် ထိုအင်္ဂလိပ်စာအုပ်ကလေးအကြောင်း သီးခြားရေးသားရန် ဆန္ဒရှိပါသည်။)

အိပ်မက် မက်တတ်သူ မဟုတ်ပါပဲ ယခုကဲ့သို့ ဝင်းမြင့်လာနှိုးသည်ကို အမျိုးသမီးတစ်ဦး ခြေထောက်လာဆွဲသည်ဟု မြင်ခြင်းမှာ ထူးဆန်း၍ နေပေသည်။ (နောင်တွင် ကျွန်ုပ်တို့ ဘိုတဲဟောင်းနေရာများတွင် စခန်းချရသည့်အခါ၌ ထိုသို့သော အဖြစ်အပျက်မျိုး၊ ကျွန်ုပ်သာမက ကျွန်ုပ်နှင့်အတူ လိုက်သူများပါ ဖြစ်ပျက်ခဲ့သည့် အတွေ့အကြုံများ ရှိလေရာ ထိုထူးဆန်းမှုများကို ပေါင်းစပ်၍ ဖြစ်ရပ်မှန်ဝတ္ထုတစ်ပုဒ် ရေးသားပါမည်။)

ကျွန်ုပ်နှင့် တပည့်ဝင်းမြင့်တို့ ပြောဆိုနေကြစဉ်မှာပင်

"ဆရာ မြန်မြန်ထ၊ ပြောင်အုပ်တွေ့ထားလို့ လာနှိုးတာ။ အဘတစ်ကောင် ပစ်ပြီးပြီဆိုတော့ ဒီတစ်ခါ ဆရာအလှည့်ပဲ"

ကျော်လွင်၏ လှုံ့ဆော်သံ။

ကျွန်ုပ်နှင့် အဘမှာ မိုးကာရှက်ဖျင်တဲတွင် ဝီစကီမူးမူးဖြင့် ည(၉)နာရီခန့်မှ အိပ်ရာဝင်ခဲ့ကြခြင်းဖြစ်၏။ ယခု (၁၀)နာရီခွဲအချိန်သာ ရှိသေးသည်။ ကျော်လွင်က ပြောင်ပစ်ရန် လာနှိုးနေခြင်း ဖြစ်၏။ ကျွန်ုပ်က အဘနှင့် ကျွန်ုပ်ကြားတွင် ချထားသော ပွိုင့် ၃၇၅ မဂ္ဂနမ်ရိုင်ဖယ်ကို ကောက်ကိုင်လိုက်ရင်း . . .

"နေပါဦး။ ဘယ်မှာ တွေ့တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နတ်စဉ်တောင်ထိပ်မှာ ဆရာ။ အဲဒီတောင်ထိပ်ပြန့်ပေါ်မှာ ပြောင်စာမြက်တွေ စားနေတာ တစ်အုပ်ကြီးပဲ။ (၄၊ ၅၊ ၆) ကောင်လောက် ရှိမယ်"

"မင်းတို့က ဘယ်လို အဲဒီရောက်သွားတာလဲ"

"ကျွန်တော်နဲ့ မောင်မြင့် အိပ်မပျော်သေးတာနဲ့ တောကြောင်ပစ်မယ်ဆိုပြီး တောင်ထိပ်က ညောင်ပင်ဘက် မှိုင်းတူးတူးယူပြီးသွားတာ တောဝိုးသံ ကြားတာနဲ့ မီးထိုးကြည့်တော့ ပြောင်အုပ်ကို တွေ့တာပဲ"

"အခုဆို ပြေးလောက်ရောပေါ့"

"မပြေးဘူး ဆရာ။ ဒီကောင်တွေက အရိုင်းတွေ၊ မီး (ဓာတ်မီး) မမြင်ဖူးလို့ မလန့်ဘူး။ မောင်မြင့်ကို သစ်ပင်ပေါ်တက်နိုင်းပြီး အသံနားထောင်ရင်း စောင့်ခိုင်းထားတယ်။ ဆရာ သာ မြန်မြန်လုပ်"

ကျွန်ုပ်မှာ ညဝတ်ဂျာကင်အင်္ကျီ၊ ညဝတ်အမွေးပွဘောင်းဘီနှင့်ပင် ဓာတ်မီးပါယူ၍ လိုက်ခဲ့ရတော့၏။

-◆-◆-◆-

နတ်စဉ်တောင်ထိပ်သို့ ရောက်သောအခါ မောင်မြင့်မှာ သစ်ပင်အောက်သို့ ဆင်းနှင့်ပေပြီ။ ကျွန်ုပ်တို့၏ ဓာတ်မီးရောင်ကို မြင်သောကြောင့် ဖြစ်၏။ ထို့ကြောင့် ကျော်လွင်ကပင် လေသံဖြင့်

"မောင်မြင့် . . . အကောင်တွေ ရှိသေးရဲ့လား"

"ရှိတယ်။ မြောက်ဘက်ကို ပြောင်စာမြက်တွေ စားရင်း





နည်းနည်းရွေ့သံကြားရတယ်။ တစ်ကုန်းကျော်လောက် ရောက်နေပြီထင်တယ်။ ကျွန်တော်လည်း အသံပဲ နားထောင်ထားတာ။ မီးတော့မထိုးကြည့်ဘူး။ လန့်သွားမှာစိုးလို့"

"အေး . . . ဒါဆိုရင် တို့ကြောလမ်းက ပတ်လိုက်မယ်၊ မင်းက နောက်နည်းနည်းချန်ပြီး လိုက်ခဲ့"

"ဟာ . . . နောက်ချန်လိုက်ရမှာဆိုရင် ကျွန်တော် မလိုက်တော့ဘူး။ အကောင်တွေက အုပ်လိုက်ဆိုတော့ ကျွန်တော် ကြောက်တယ်။ ဒီသပြေပင်ပေါ်ပဲ ပြန်တက်ပြီး စောင့်နေမယ်"

ဆိုလေရာ ကျွန်ုပ်ကလည်း သဘောတူ၏။ အဘယ့်ကြောင့်ဆိုသော် သားကောင်ကြီးနောက်သို့ ညဘက် သုံးတောင့်ထိုးဓာတ်မီးတစ်လက်ဖြင့် လိုက်ရမည်မှာ အန္တရာယ်များလွန်းလှသဖြင့် လမ်းကိုညှ၊ လက်နက်မပါသူ နောက်လိုက်တစ်ဦးအတွက် ကြိုတင်စဉ်းစားပေးမှသာ မုဆိုးကောင်း ခေါင်းဆောင်တစ်ဦး ဖြစ်ပေမည်။

"အေး . . . ကောင်းတယ်၊ မင်း သစ်ပင်ပေါ်တက်နေခဲ့"

ကျွန်ုပ်က ကျော်လွင့်သဘောထားကိုပင် မစောင့်တော့ဘဲ အမိန့်ပေးလိုက်ကာ ကျော်လွင်အားလည်း . . .

"တို့နှစ်ယောက်ပဲ လိုက်မယ်။ မင်းရှေ့က မီးထိုးပြီး အကောင်ရှာရင်း ငါ့ကိုစောင့်ခေါ်။ အကောင်တွေ့ရင် ကာဘာအရင်ရှာ။ အကောင်တွေက အုပ်လိုက်ဆိုတော့ ပြေးလိုက်ရင် တို့ရှောင်ဖို့ ခက်နေမယ်။ ပြီးတော့ တစ်ချက်ပစ်ပြီးလို့ အကောင်မလဲရင် အကောင်ပြေးရာကို မီးလိုက်ထိုးထား။ မီးဖြတ်မပစ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒါမှ ငါထပ်ပစ်လို့ ရမှာ။ မီးဖြတ်လိုက်လို့ မှောင်သွားရင် အမှောင်ထဲမှာ အကောင်က တစ်ပန်းသာသွားလိမ့်မယ်။ နားလည်လား''

''ဟုတ်ကဲ့ ဆရာ''

ကျော်လွင်မှာ လမ်းပြမုဆိုး ဝါရင့်တစ်ဦး ဖြစ်သဖြင့် တစ်ကြိမ်ပြောရုံဖြင့်ပင် သဘောပေါက်ပေပြီ။

''ကဲ .. ဒါဆိုရင် မင်းရှေ့ကသွား။ ငါ မင်းနောက်က ကပ်လိုက်မယ်''

ကျွန်ုပ်မှာ ပြောပြောဆိုဆို ပွိုင့် ၃၇၅ မက္ကနမ်ရိုင်ဖယ်အား ပြောင်းရင်းသို့ ကျည်ပျော့ (Soft Nose) ယမ်းတောင့်တစ်တောင့် ထိုးကာ မိုကိုမချဘဲ လက်ဖြင့်ထိန်းထားပြီး ဒင်လက်ကိုင်မှ ကိုင်ကာ သေနတ်အား ယာပန်းပေါ်တွင် တင်လိုက်ပြီးချိန်တွင် ကျော်လွင်မှ စတင်ထွက်ပေပြီ။

ကျော်လွင်မှာ ပါးနပ်လိမ္မာသော လမ်းပြတစ်ယောက် ဖြစ်သည်နှင့်အညီ အကောင်များထွက်သွားသည်ဆိုရာ မြောက်ဘက်သို့ မလိုက်။ အနောက်ဘက်ကြောဆက်အတိုင်း လိုက်ကာ မြောက်ဘက်သို့ ပန်းလေ၏။ သို့မှသာ အကောင်ဦးတည်ရာသို့ ရှေ့မှဖြတ်ပိုင်းရာ ကျပေမည်။

ဆောင်းရာသီ ဖြစ်သဖြင့် တောင်ပေါ်တောကြီးအတွင်းမှ နတ်စဥ်တောင်ထိပ်မှာ အပင်တိုင်းလိုလို နှင်းစိုလျက် ရှိ၏။ ကျွန်ုပ်တို့က ကြောလမ်းအတိုင်း လိုက်ခဲ့စေကာမူ (၅)မိနစ်မျှအတွင်း လူအောက်ပိုင်းတစ်ခုလုံး ရွှဲရွှဲစိုလာလေ၏။ တော်သေးသည်။ အချိန်မှာ ညဥ့်(၁၁)နာရီခန့်မို့ နှင်းက သိပ်သိပ်သည်း





သည်း မကျသေး။ သန်းခေါင်ကျော် လင်းပိုင်းဆိုလျှင်မူ နှင်းသိပ်သည်းလာလျှင် ဓာတ်မီးက ထိုး၍ ပေါက်မည်မဟုတ်တော့။ တစ်ချက်မှာလည်း အပင်ကြီးများပေါက်ရာအရပ်မို့ အပင်အောက်တွင် နှင်းကျသက်သာလျက်ရှိ၏။ သားကောင်ကြီးများ ဦးတည်ရာမှာ တောင်ထိပ်ပိုင်းမဟုတ်ဘဲ တောင်ခါးပန်းပိုင်းဖြစ်ကြောင်း အသံကို နားထောင်ခြင်းဖြင့် သိနိုင်၏။ တောင်ခါးပန်းမှာ သစ်ပင်ကြီးများကြဲ၍ ဝါးပင်ပေါက်နှင့် ပြောင်စာမြက်များပေါက်ရာဖြစ်ပြီး တောင်ထိပ် ကုန်းမြင့်ကလေးများ ဖြစ်၏။

သားကောင်ကြီးများ၏ စားကျက်ဆိုသည်မှာ တောင်ထိပ်ပိုင်း ပြန့်မျိုးသာ ဖြစ်၏။ ထိုပြန့်မျိုးမှာ ရွာနီးချုပ်စပ်မှ ကွင်းပြန့်မျိုးသာဖြစ်၍ မီးထိုး၍ ကောင်းသည်။ တောင်စောင်းများလည်းရှိသည်။

''ရှော .. ရှော .. ဖလော .. လော''

''ဖြုတ် .. ဖြုတ် .. ဖြုတ် .. ဖြုတ်''

ကျွန်ုပ်တို့၏ အရှေ့ဘက်မှ တောတိုးသံနှင့် ပြောင်စာမြက်များကို ကိုက်ဖြတ်လိုက်သံများကို ကြားရလေရာ ကျော်လွင်က မီးကို ဖျတ်ခနဲ မှိတ်ကာ ရပ်လိုက်၏။ ထို့ကြောင့် ကျွန်ုပ်ကလည်း အသံများလာရာဆီသို့ သေနတ်ကို ထိုးချိန်ရင်း မို့ချကာ မောင်းတင်လိုက်၏။ ကျွန်ုပ် အဆင်သင့်ဖြစ်မှန်း သိသောအခါ ကျော်လွင်က ဓာတ်မီးကို ဖျတ်ခနဲ ပြန်ဖွင့်ကာ အသံများလာရာဆီသို့ ထိုးလိုက်သည်။ သို့သော် ဝါးပင်ပေါက်နှင့် တောင်ပေါ်အိပ်ချုံများက သိပ်သိပ်သည်းသည်း ကာနေသဖြင့် ဘာကိုမျှ မမြင်ရ



www.burmeseclassic.com

www.burmeseclassic.com



ကျော်လွင် မီးကို မြေသို့ ခေတ္တစိုက်ထိုးထားရင်း အသံကိုနားထောင်ပြန်သည်။

"ရှော . . ရှော . . ရှော"

"ဖြုတ် . . ဖြုတ်"

သားကောင်ကြီးများမှာ အပင်များကိုတိုးရင်း ကိုက်ဖြတ်စားနေသံ ပေါ်လာပြန်သည်။

ကျော်လွင်က မြောက်ဘက်သို့ တတ်မီးကို ဝှေ့လိုက်ပြန်သည်။ သားကောင်ကြီးများကိုမူ မတွေ့။ သို့သော် သားကောင်များရှိမည် မထင်ရသည့် ချုံ၏ မြောက်ဘက်ထိပ် တောင်ခါးပန်းတွင် သစ်ပင်ကြီးတစ်ပင်ကို တွေ့ရ၏။

ထိုအပင်မှာ ညောင်ပင်မျိုးထားသည့် သပြေပင်ကြီး တစ်ပင်ဖြစ်ပြီး လုံးကြီးနှစ်ဖက်စာနီးပါး လုံးပတ်(၁၀)ပေခန့် ရှိပေမည်။ ညောင်မြစ်များက သပြေပင်၏ ပင်စည်ကို ကွန်ဖြင့်ပတ်ထားသည့်နယ် အုပ်စီးလိမ်ရစ်ထား၏။ ထိုအပင်ကြီးမှာ ကျွန်ုပ်တို့အတွက် ကာဘာကောင်းတစ်ခု ဖြစ်ပေမည်။

အမဲကြီးပစ် မုဆိုးတစ်ဦးအဖို့ ညအချိန် မဆိုထားဘိ။ နေ့အချိန်များတွင် သားကောင်ကြီးကို ပစ်ဖို့မှာ ဒုတိယဦးစားပေးဖြစ်၏။ ပထမဦးစားပေးမှာ မိမိကိုယ်ကို လုံခြုံစေမှု ဖြစ်ကာ အမြဲသတိထားရ၏။ အမဲကြီးကို လိုက်နေစဉ် (သို့) ခြေရာကောက်နေစဉ် အသံတစ်သံသံကို ကြားရပါက သူ့အား ပစ်ခတ်ရန်ထက် မိမိကိုယ်ကို လုံခြုံမှုရှိပြီလား အရင်ဆန်းစစ်ရပေမည်။ ထိုသို့ဆန်းစစ်၍ လှုပ်ရှားမည်ဆိုလျှင် ဒရောသောပါး လှုပ်ရှားရန်မဟုတ်။

• သက်ပန်စာပေ •



လှုပ်ရှားနေစဉ် မိမိကိုယ်ကို ကာကွယ်ရန် ပြင်ဆင်ခြင်း မလုပ်မိပါက မိမိက တစ်စုံတစ်ရာ မတုံ့ပြန်နိုင်မီမှာပင် မိမိ၏ ဇီဝိန်ကိုခြွေမည့် သားကောင်ကြီးက မိမိထံ ရောက်လာပေမည်။

ထို့ကြောင့် မိမိကိုယ်ကို လုံခြုံမှုရှာမည့် ကာဘာမရမီတွင် မိမိက အန္တရာယ်ကို တုံ့ပြန်နိုင်ရန် မိမိ၏ သေနတ်က အဆင်သင့် ရှိရမည်။ မိမိသေနတ်က အဆင်သင့်ဖြစ်ရမည် ဆိုရာ၌ ဤနေရာတွင် ရည်ရွယ်ချက်မှာ သူ့ကို သတ်ဖြတ်ပစ်ခတ်ဖို့ထက် မိမိကိုယ်ကို ကာကွယ်ဖို့ ဦးစားပေးရပေမည်။ မိမိ၏ သေနတ်သံတစ်ချက်သည် သားကောင်ကြီးကို သေစေဖို့ထက် မိမိအသက်ကို ကာကွယ်ခြင်းဖြစ်ဖို့သာ အရေးကြီးပါသည်။ (ဤသဘောတရား၏ အသေးစိတ် ပစ်ခတ်ပုံကို ကျွန်ုပ်၏ "ဟင်းစား" နှင့် "ဟင်းစား-၂" အနော်မာမဂ္ဂဇင်း၊ ၂၀၀၅ခုနှစ်၊ ဇူလိုင်၊ စက်တင်ဘာတွင် ဖတ်ရှုသိရှိနိုင်ပါသည်။)

ထို့ကြောင့် ကျွန်ုပ်က ကျော်လွင်အား သပြေပင်ရှိရာသွားရန် ပြောမည်အလုပ်မှာပင် ကျော်လွင်က ထိုသပြေပင်သို့ ချဉ်းကပ်နေပေပြီ။ အကင်းပါး ကျွမ်းကျင်သော ကျော်လွင်ပါပေ။

သပြေပင်ကို ကပ်မိသောအခါ တောင်စောင်းအနိမ့်ပိုင်းကို မီးထိုး၍ရပေပြီ။ ယခင်က ကာနေသော ချုံများ၊ ဝါးပင်များလည်း ရှင်း၍သွားပြီ။ ကျွန်ုပ်တို့မှာ အပေါ်စီးမှဖြစ်၍နေ၏။ သို့သော် သားကောင်ကြီးများကို မတွေ့။ ထို့ကြောင့် ကျော်လွင်က ပေ(၇၀)မျှရှိရာ လျှိုအတွင်း မီးကိုရွှေ့၍ ဝှေ့ဝိုက်ထိုးပြန်၏။ ထိုအခါမှ တစ်စုံတစ်ခုက လှုပ်ရှားနေသည်ကို တွေ့ရ၏။ ထိုသို့

• သက်ပန်စာပေ •

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည်မှာ သားကောင်မဟုတ်ဘဲ ဝါးပင်ပေါက်နှင့် ပြောင်စာမြက်များ ရောပေါက်နေသည့် ချုံများသာ။ သေချာပါပြီ။ သားကောင်အုပ်က ထိုချုံများနောက်တွင် ရှိရပေမည်။

ကျော်လွင်က ခတ်မီးကို စိုက်၍မထိုးတော့ဘဲ ရှေ့နောက်ဝဲယာ ဝေ့ဝိုက်ကာ ထိုးလိုက်သည့်ခဏ တွေ့ပါပြီ။

ကြီးမားစိမ်းဝင်း၊ တောက်ပခြင်းအတိပြီးသော မျက်လုံးတစ်စုံ။ ထိုမျက်လုံးတစ်စုံက စားကျက်တစ်ဖက် တောင်ကုန်းစောင်းမှ ကျွန်ုပ်တို့၏ ခတ်မီးရောင်ကို တည့်တည့်ကြည့်နေသည်။ နက်မှောင်နေသည့် ကိုယ်လုံးကို ကန့်လန့်ပြု၍ ကြည့်နေခြင်းဖြစ်၏။

ကျော်လွင်က သားကောင်ကြီးကို တွေ့၍ သူ့ခတ်မီးရောင်အား သားကောင်ပေါ်တွင် ငြိမ်၍သွားလျှင်ပင် ကျွန်ုပ်က သားကောင်ကြီး၏ လည်တိုင်ရင်းသို့ သေနတ်ကို ထိုးချိန်ပြီးနေပေပြီ။

“ဒုတ် . . ဒုပ်ာ . . ဒုတ် . . ဒုဘ်”

“ဖျော . . . ရော”

ကျွန်ုပ်၏ ဝဲဘက်နားက ထိုအသံများကို ကြားလိုက်ရသည်။ ကျွန်ုပ်စိတ်တွင် ကျွန်ုပ်တို့နှင့် ပေ(၂၀)မျှထက် ပိုမဝေးနိုင်ဟု ချက်ချင်းဆုံးဖြတ်မိလျှင်မိချင်း ကျော်လွင်၏ ခတ်မီးကိုင်ထားသော ဝဲလက်ကို ကျွန်ုပ်ဝဲလက်ဖြင့် ဖမ်းဆွဲလိုက်ရာ အသံလာရာဆီသို့ ခတ်မီးကို ဦးတည်ပေးလိုက်မိလေပြီ။

ကျော်လွင်မှာ အသံကို ကြားဟန်မတူ။ ကျွန်ုပ်က သူ့





လက်အား ဖမ်းဆွဲ၍ ဦးတည်ရာပြောင်းလိုက်ရာတွင် သူက အတွေ့အကြုံရှိသူပီပီ အလိုက်သင့်ပါလာလေ၏။ သူ၏ မီးရောင်မှာ ကျွန်ုပ်၏ ဝဲဘက် ပေ(၂၀)မျှအကွာသို့ ရောက်လာသောအခါ . . .

“ဖြုတ်”

“ရှီး . . ရှီး . . ရှီး”

“ဒိုင်း”

“ဖျတ်”

“ဝေါ . . ဝေါ . . ဝေါ . . ဝေါ”

“မီးပြန်ထိုး . . . မီးပြန်ထိုး”

“အဲဒီကို မထိုးနဲ့၊ အသံကြားတဲ့ ဟိုဘက်တောင်စောင်းကိုထိုး”

ကျွန်ုပ်၏ အမိန့်အတိုင်း ကျော်လွင်က တစ်ဖက်စောင်းသို့ မီးထိုးလိုက်ရာ . . .

“ပြောင်း . . ပြောင်း”

“ဆရာ လေးကောင်တောင်၊ ထပ်ပစ်ပါ ထပ်ပစ်ပါ”

ကျွန်ုပ် ထပ်မပစ်ပါ။

“ဆရာပစ်ပါ၊ ရပ်ကြည့်နေကြတာ၊ မြောက်ဘက်ဆုံးအကောင်က အကြီးဆုံးဆရာ။ ပစ်ပါ”

“တော်ရောပေါ့ကွာ”

ကျွန်ုပ်က ပြောပြောဆိုဆို ရိုင်ဖယ်၏ မောင်းကို ဖြေလိုက်စဉ်မှာပင် . . .

“ဝေါ . . ဝေါ . . ဝေါ”



www.burmeseclassic.com

www.burmeseclassic.com



တောတိုးသံများနှင့်အတူ သားကောင်ကြီး လေးကောင်မှာ တောင်ကုန်းထိပ် တောကြီးအတွင်း ပျောက်ကွယ်သွားလေ၏။

-◆-◆-◆-

"ကျော်လွင်၊ ပစ်တဲ့နေရာကို မီးပြန်ထိုး"

ကျွန်ုပ် အမိန့်ကြောင့် မူလပစ်လိုက်သည့် နေရာသို့ ကျော်လွင်၏ မီးရောင် ကျရောက်သွားသည့်အခါတွင်မှတော့ ကြီးမားသည့် သားကောင်ကြီးတစ်ကောင် လဲနေသည်မှာ ဆင်ပေါက်တစ်ကောင်၏ ကိုယ်လုံးတမျှ ရှိလေ၏။ ဒဏ်ရာအား ထိုးကြည့်လိုက်ရာ ယာမျက်လုံး၏ မျက်ခုံးထိပ်မှ ဝင်သွားသော ပွိုင့် ၃၇၅ မဂ္ဂနမ်ရိုင်ဖယ်ကြီး၏ ကျည်ပေါက်က သွေးစို့ရုံသာ။ သို့ရာတွင် ထိုနေရာမှဝင်သွားသော (၃၀၀)ဂရိမ်ရှိ ကျည်ထိပ်ဖူးက သူ၏ လည်တိုင်ကိုပင် ဖြတ်ချိုးခဲ့ပေရာ နေရာတွင်ပင် အဝတ်ထုပ် ပစ်ချလိုက်သလို ဘုတ်ခနဲ လဲကျ အသက်ထွက်သွားခြင်း ဖြစ်ပေသည်။ (ထိုသားကောင်ကြီးမှာ 'နွား'ပေါက်(နွားထီး)ကြီးတစ်ကောင် ဖြစ်မှန်း နောက်မှ သိရှိရပါသည်။)

အဖြစ်အပျက်မှာ –

"ဒုတ်၊ ဒုတ်၊ ဒုတ်၊ ဒုတ်၊ ဖျော၊ ရော"ဆိုသည့်အသံမှာ သားကောင်ကြီး(ထီးခေါင်း)က သူ၏ အုပ်ရှိရာသို့အသွား ကျွန်ုပ်တို့ရှိရာ တောင်ခါးပန်းသို့ ဖြတ်လာခြင်းဖြစ်ပြီး ဝါးပင်ကိုတိုး၍ ထွက်လာသော အသံများ။ "ဖြုတ်"ဆိုသည်မှာ သားကောင်ကြီးထံ မီးရောင်ကျလာ၍ အသွားရပ်လိုက်သံ။

● သက်ပန်စာပေ ●



"ရှီးရှီးရှီး"ဆိုသည်မှာ သားကောင်ကြီးက ကျွန်ုပ်တို့နှင့် လွန်စွာနီးသဖြင့် သူ၏ အသက်ရှူသံပြင်းပြင်း။

"ဒိုင်း"ဆိုသည်မှာ ကျွန်ုပ်က မီးရောင်တွင် သူ့အားတွေ့လျှင်တွေ့ချင်း သူ၏ ဝင်းပတောက်ထိန်သည့် မျက်လုံးနှစ်လုံးကြားသို့ ပြောင်းထိုး၍ ပစ်လိုက်ခြင်း။

"ဖျတ်"ဆိုသည်မှာ ပြင်းထန်သည့် သေနတ်သံကြောင့် ကျော်လွင်က ဓာတ်မီးခလုတ် မှိတ်ပစ်လိုက်သံတို့ဖြစ်ကာ

"ဖြောင်း ဖြောင်း"ဆိုသည်က ကျွန်ုပ် သေနတ်မောင်းထပ်ထိုးသံ။

"ဝေါ ဝေါ ဝေါ ဝေါ"ဆိုသည်မှာ သားကောင်ကြီးအုပ်က မြောင်အတွင်းမှ တစ်ဖက်တောင်ကုန်းသို့ ပြေးတက်သွားသံတို့ ဖြစ်ပါသည်။

ကျော်လွင်က "ဆရာ (၄)ကောင်တောင် ရပ်ကြည့်နေတာ ဘာဖြစ်လို့ ထပ်မပြစ်တာလဲ"ဟု မေးလာရာ ကျွန်ုပ်က

"ကျော်လွင်ရာ၊ မင်း မုဆိုးမဟုတ်ဘူးလား။ ညနေတုန်းက လည်း အဘပစ်လို့ ပြောင်တစ်ကောင်လဲပြီ။ ခုလည်း တစ်ကောင်။ မုဆိုးဆိုတာ မုဆိုး စည်းကမ်း စောင့်ထိန်းရတယ်။ အလဟဿ ပစ်ခတ်သတ်ဖြတ်မှုမျိုး မလုပ်ရဘူး။ အဲဒီလိုလုပ်ရင် တောပြုန်းတတ်တဲ့အပြင် သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်တတ်တယ်ကွ။ မုဆိုးဆိုတာ ကြီးလာရင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းတဲ့သူတွေ ဖြစ်လာကြတယ်။ အဲဒါ ဘာကြောင့်လဲ သိလား။ သားကောင်တွေကို ချစ်လို့၊ မုဆိုးစစ်စစ် ဖြစ်ချင်လို့၊ မိမိနိုင်ငံရဲ့

● သက်ပန်စာပေ ●

www.burmeseclassic.com

www.burmeseclassic.com



တောတောင်ရေမြေ၊ သစ်တော၊ သစ်ပင်၊ သားကောင်တွေကို ချစ်လို့၊ သူတို့ရဲ့ အလေ့အထတွေကို နားလည်ချင်လို့ သူတို့ရှိရာ အရပ်တွေကို သွားရောက်လေ့လာ အပန်းဖြေချင်လို့ သူတို့ကျက်စားရာ အရပ်တွေကိုသွားရင်း အဲဒီ ဒေသရဲ့ တိုင်းရင်းသားလူမျိုး တွေ နေထိုင်ပုံ၊ ဓလေ့ထုံးစံနဲ့ အသက်မွေးဝမ်းကျောင်းမှုတွေကို လေ့လာချင်လို့၊ အို . . . အများကြီးပေါ့ကွာ''

''ဒါကြောင့် အပျော်တမ်းမုဆိုးတစ်ဦးဟာ တစ်ခါတစ်ရံမှာ သားကောင်ကို ပစ်သော်လည်း သတ်ဖြတ်ရုံ၊ အသားစားရရုံသက်သက် မဟုတ်ဘူး။ အပန်းဖြေရင်း လေ့လာ၊ ပညာရှာတာတွေလည်း ရှိတယ်။ အဲဒီ ပညာရပ်တွေ၊ လေ့လာတွေ့ရှိချက်တွေကို အများသိနိုင်ဖို့ တစ်နည်းနည်းနဲ့ တင်ပြနိုင်မယ်ဆိုရင် သူပစ်ခဲ့တဲ့ သားကောင်တစ်ကောင်အတွက် သူတာဝန်ကျေတယ်လို့ ယူဆလို့ ရနိုင်တာပေါ့ကွာ။ မဟုတ်ဘူးလား''

*စာကြွင်း ။ ထိုသားကောင်ကြီးကို ပစ်ခတ်ရရှိပြီးမှပင် ကျွန်ုပ်ကိုယ်တိုင်မှာလည်း 'နော'အကြောင်းကို လေ့လာသိရှိခဲ့ရပြီး ဤဝတ္ထု၏ အစပိုင်း အချက်အလက်များကို ရေးသားနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ထို 'နော'ကြီး၏ ဦးချိုကို ကျွန်ုပ်၏ အိမ်ညှေ့ခန်းတွင် အမှတ်တရ ချိတ်ဆွဲထားပါသည်။ လေ့လာသုတေသန ပြုလုပ်လိုပါက အနော်မာ မဂ္ဂဇင်းတိုက်မှ တစ်ဆင့် ဆက်သွယ်နိုင်ပါသည်။*

● သက်ဝန်စာပေ ●



www.burmeseclassic.com

www.burmeseclassic.com

# ဝန်းမြတ်တော်ဝင် သခင်တဲ့လား

"ဟူး . . ."

မောင်ဇော်က သက်ပြင်းကို လေးလေးတွဲ့တွဲ့ ချလိုက်မိသည်။

"ကိုဇော် . . . ရင်ထဲမှာ ဘာတွေ တင်းကြပ်နေလို့ ဒါလောက် သက်ပြင်းချနေရတာလဲ"

အုတ်ခုံပေါ်တွင် ကန်ရေပြင်ကို မျက်နှာမူ၍ ကပ်လျက်ဘေးချင်းယှဉ်ထိုင်နေသော သဖင်မြင့်က ချစ်သူ မောင်ဇော်၏ မျက်နှာကို ဘေးတိုက်အနေအထားမှ စေ့စေ့ကြည့်ကာ မေးလိုက်သည်။

မောင်ဇော်က ချက်ချင်းပြန်မဖြေသေးဘဲ ချစ်သူ့မျက်နှာ ရွှန်းလဲ့သာကို လှည့်ကာ အသာကြည့်လိုက်ရင်းမှ ဖြူဖွေးလှပ သွယ်လျသည့် သဖင်မြင့်၏ ယာလက်ကလေးကို ဆွဲလိုက်ကာ

● သက်ပန်စာပေ ●

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့အချစ်က နှစ်ယောက်သားပေါင်းဖို့ဖြင့် လွယ်ပါ့မလားလို့ တွေးမိတိုင်း သက်ပြင်းချနေရသူပါကွယ်။ ခုမှ မဟုတ်ပါဘူး။ မင်းဆီက ချစ်ပါတယ်ဆိုတဲ့ ပျားရည်လိုချိုပြီး ကိုယ့်အတွက် ဆေးဖက်ဝင်တဲ့ အဖြေကို ရပြီးကတည်းက ပေါင်းဖို့အရေး တွေးမိတိုင်း လက်တွေ့ဖြစ်လာဖို့ ခဲယဉ်းတာမို့ ဒေးသွားထက်က ပျားရည်စက် . . ."

မောင်ဇော်၏ စကားမှာ အဆုံးမသတ်နိုင်။ သဇင်မြင့်က သူ၏ လွှတ်နေသော ဝဲလက်ဖဝါးဖြင့် မောင်ဇော်၏ ပါးစပ်ကို လှမ်းပိတ်လိုက်ရင်း . . .

"တော်ပါတော့ ကိုဇော်။ လူချင်းတွေ့ရင် ဒီလို အားငယ်တဲ့စကားတွေ ပြောပြောပြီး သဇင့်ကို နှိပ်စက်နေတော့မှာလား။ ဒီကဖြင့် သူနဲ့တွေ့ရအောင် 'စင်မြင့်'နဲ့ 'ဆည်တဲ'မှာ ကြွေသွားတောင်းမယ်လို့ပြောပြီး လာခဲ့ရတာ။ ဒါတောင် အစ်ကိုနှစ်ယောက်စလုံးက အုတ်ဖိုကို ကုန်ပို့ရင်း ဈေးဝယ်သွားနေလို့ အိမ်က လွှတ်လိုက်တာ။ နို့မို့ လွှတ်မှာ မဟုတ်ဘူး။ ဒါနဲ့ အစ်ကိုလေးဆိုင်ကယ် (မော်တော်ဆိုင်ကယ်)ကိုယူပြီး လာခဲ့ရတာ။ သူ့ကို ချစ်လွန်းလို့"

အမှန်ပါပေ။ သဇင်မြင့်မှာ ထန်းပင်ကုန်းရွာကြီးမှ ကြေးရတတ် လူချမ်းသာစာရင်းဝင်၊ ဆိုင်ကြီးကနားကြီးပိုင်ရှင် ဦးတင်မြင့်၊ မိုင်သိန်းကြည်တို့၏ သမီးထွေးလေး ဖြစ်သည်။ ဖခင် ဖမာ၊ မိခင် ဆလိုင်းချင်း(မြေပြန့်ချင်း)တို့မှ မွေးဖွားသည့် သားသမီး (၃)ယောက်အနက်မှ အထွေးဆုံး ချင်း–ဗမာ ကပြားမလေး ဖြစ်ပြီး အထက်နှစ်ယောက်မှာ အစ်ကိုများသာ ဖြစ်ကြ၍ မိဘများက

• သက်ပန်စာပေ •



ဖူးဖူးမှုတ်၊ ထူးထူးထုပ်ထားကြသည်မှာ လိုလေသေးမရှိ။ ပညာရေးအတွက်လည်း သူတို့ရွာနှင့် (၁၈)မိုင်မျှဝေးရာ အုတ်ဖိုမြို့သို့ပို့၍ ကျောင်းထားသဖြင့် အခြေခံပညာ အထက်တန်းကိုအောင်ပြီး ဥပဒေဘာသာတက်နေရာ တတိယနှစ်ပင် ရောက်နေပေပြီ။ အသက်မှာ (၂၀)အရွယ်မို့ လှသွေးကြွယ်ချိန်။ တက္ကသိုလ်ကျောင်းသူမို့လည်း အပြင်အဆင်၊ အယဉ်အကျေး၊ ရွာတွင် အလှပဂေး။ ဒေါင်းမလေးသဖွယ် တင့်တင့်တယ်တယ်။

မိဘနှစ်ပါးသာမက အစ်ကိုများ၊ ဆွေမျိုးအား၊ ဥစ္စာဓနများနှင့် ပေါင်းလျှင် ယင်ဖို့မျှ မသန်းနိုင်သူ။ ယက္ခဂုမ္ဘာန် စောင့်ကြပ်ကာဆီး၊ မင်းသမီးဟု မဆိုနိုင်သည့်တိုင် ပန်းသဇင်လို မြေမှာမဖွား၊ ပင်ယံဖျားမှာ ကြွားကြွားဝင့်ဝင့် တင့်တင့်တယ်တယ်။ ဤလို အလှကြွယ်၊ ဝင့်ဝင့်ထည်သောသူကို မောင်ဇော်က မေတ္တာနွယ်ယှက် ချစ်ဘက်သက်လယ် ဖြစ်အောင် ပိုးပန်းနိုင်ခဲ့သည်။

မောင်ဇော်ဆိုသည်က ရွာရှိ အလယ်တန်းကျောင်းမှ အလယ်တန်းအထိသာ ပညာသင်ဖူးပြီး မိဘများအား ဒိုးတူပေါင်ဖက် လုပ်ကိုင်ကျွေးမွေးနေရသူ။ ရွာနားတွင် ယာကလေး တစ်ကွက်တွင် ရာသီအလိုက် မြေပဲနှင့် နှမ်း တစ်လှည့်စီစိုက်၊ နေစားလိုက်။ အလုပ်ကို ကြိုးကုတ်တာ မကြိုးကုတ်တာ အပထား။ မိဘ(ကို) ကျွေးမွေးနိုင်ဖို့ အဓိက။

ယာနားချိန်၊ နေစားမလိုက်ရချိန်မျိုးတွင် သူတို့ရွာ ထန်းပင်ကုန်းမှ (၉)မိုင်မျှဝေးရာ ပဲခူးတိုင်း အနောက်ခြမ်း မင်းလှခရိုင်ထဲသို့သွား၊ ငါးများတန်းချ၊ ရသမျှငါးကိုရောင်း၊ မိဘအတွက်

• သက်ပန်စာပေ •

www.burmeseclassic.com

www.burmeseclassic.com



စုဆောင်း၍ လုပ်ကိုင်ကျွေးမွေးရသည်။

သို့သော် သူ၏ ကြိုးစားမှုက အလဟဿမဖြစ်။ မိဘနှစ်ပါးကို ဝအောင်ကျွေးနိုင်သလို သဇင့်မြင့်၏ အချစ်ကို လှအောင်ရင်မှာ ဆွဲနိုင်ခဲ့သည်။

ယခုလည်း နွေရာသီ ရွာတွင် အလုပ်ပါးချိန် စင်မြင့်ရွာမှ ဦးကြီးနှင့်ပေါင်းကာ မင်းလှဆည်စောင်းတွင် တဲကလေးတစ်လုံးထိုး၊ ငါးတန်းနှင့် ပိုက်ချအလုပ်လုပ်နေသည်မှာ တစ်လခန့်ရှိပြီ။ ချစ်သူ သဇင်မြင့်နှင့် မတွေ့ရသည်မှာလည်း ကြာပြီ။

သဇင်မြင့်ကလည်း ထိုအတူမို့ 'စင်မြင့်' နှင့် 'ဆည်တဲ' တွင် ကြွေးတောင်းရန် အကြောင်းပြ၍ လာခဲ့ခြင်းဖြစ်၏။ "ဩော် . . . မိန်းမကြိုက်တော့ စိုက်စိုက်လာ" လို့ ဆိုလေမလား။ ကိုဇော်ကမှ မလာနိုင်ဘဲကိုး။

—◆—◆—◆—

"ဟိုးမှာ တွေ့သလား ကိုဇော်"

သဇင်မြင့်က နတ်စင်တောင်၊ စိန်တောင်၊ ဆေးအိုးပျောက်တောင်များရှိရာ အရှေ့ဘက်အရပ်ဆီမှ ပဲခူးရိုးမတောင်တန်းကြီးများဆီ လက်ညှိုးထိုးကာ ပြလိုက်ရင်း . . .

"အဲဒီတောင်တန်းကြီးတွေ တည်နေသမျှ သဇင့်အချစ်ကလည်း ကိုဇော့်အပေါ် တည်နေမှာပါ ကိုဇော်ရယ်"

မောင်ဇော်က ဆည်၏ အရှေ့ဘက်အရပ်ရှိ တောင်တန်းကြီးကို ကြည့်လိုက်ရာ ရှက်ဝါကြွေချိန်လည်းဖြစ်၊ နွေဦးလည်း





ဖြစ်သောကြောင့် ဝါတစ်ကွက်၊ စိမ်းတစ်ဖြာ၊ ပြာသည့်နေရာက ပြာ၊ သာသည့်နေရာက သာ။

"တကယ်လား သဇင်ရယ်။ တောင်တန်းတွေက နိုင်မာပေမဲ့ တောင်ပေါ်မှာပေါက်တဲ့ သစ်တောတွေက အရောင်ပြောင်းတတ်တယ်။ ကိုယ်ကတော့ အရောင်မပြောင်းတဲ့ ဟော့ဒီကန်ရေပြင်က အရောင်လိုပဲ ဖြစ်ချင်ပါတယ်ကွယ်"ဟု ကန်ရေပြင်စိမ်းစိမ်းအား လက်ညှိုးထိုးပြကာ ပြောလိုက်ရာ သဇင်မြင့်က မျက်စောင်းလေးတစ်ချက် ခဲလိုက်သဖြင့် မောင်ဇော်က သဇင်၏ ကျစ်လစ်သည့် ခါးကလေးကို လှမ်းဖက်လိုက်ရင်း . . .

"ဒါနဲ့ သဇင်ရေ၊ ဒီနွေမှာ ရန်ကုန်က ကုန်သည်တွေ ဆင်းလာတယ်။ သဇင်ဥ လိုချင်လို့တဲ့။ ဥကောင်းပြီး အကြီးဆိုရင် တစ်ပိဿာ (၅၀၀၀)ကျပ်၊ ဥသေးရင် (၃၀၀၀)ကျပ်ပေးမယ်တဲ့။ ဆည်ထဲက ငါးဖမ်းတဲ့သူတွေတောင် အဲဒီအလုပ် စလုပ်နေကြပြီ။ တချို့ဆို (၇)ရက် တစ်ပတ်လောက် တောတက်တာ (၈) ပိဿာ၊ အချိန့်(၁၀)လောက် ရကြတယ်၊ ကိုယ်လည်း အဲဒီအလုပ်ကလေး လုပ်ရရင် ကောင်းမလားလို့"

မောင်ဇော်က ပြောလိုက်ရာ သဇင်မြင့်မှာ မျက်စိမျက်နှာပျက်ကာ ပျာပျာသလဲပင် . . .

"တောတက်တယ်ဆိုတာ အန္တရာယ်များပါတယ် ကိုရယ်၊ သဇင်ပန်းဥက အပင်မြင့်မြင့်မှာသာ ပေါက်တာမို့ တက်ခူးမယ်ဆိုရင်လည်း မလွယ်လှဘူး။ မတက်နိုင်ပြန်လို့ အပင်လှဲပြန်ရင်လည်း အန္တရာယ်များလှတယ်၊ ကျွမ်းကျင်တဲ့ သစ်ခုတ်သမားတွေ



www.burmeseclassic.com

www.burmeseclassic.com



တောင် သစ်လုံ့ရင်း မတော်တဆ အန္တရာယ်များပြီး အသက်တောင် ထိခိုက်တတ်ကြတာ ကိုဖော်လည်း အသိပဲ''

''ဒါပေမဲ့ သဇင်ရယ်၊ ကိုယ်တို့နှစ်ယောက် နီးရဖို့က ငွေရှာဖို့ လိုတယ် မဟုတ်လား။ ငွေရှိမှလည်း သဇင့်ကို တင့်တင့်တယ်တယ် လက်ထပ်နိုင်မယ်။ ဒါမှလည်း ယောက္ခမကြီးတွေက သဘောကျမှာပေါ့''

''ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ကို့ကို တအားစိုးရိမ်တယ်''

''မစိုးရိမ်ပါနဲ့ သဇင်ရယ်၊ ကိုယ်လည်း အသက်(၂၁)နှစ်ရှိပြီ။ ကိုယ့်ချစ်သူကို ကိုယ် ဝမ်းဝ၊ ခါးလှအောင် လုပ်ကျွေးနိုင်ပါတယ်။ ချစ်သူ ဇနီးမယားတင်မကဘူး၊ သားတွေ၊ သမီးတွေ၊ မြေးတွေ၊ မြစ်တွေ . . . ဒီမှာကြည့်''

ဟု ဆိုကာ အုတ်ခုံပေါ်တွင် မတ်တတ်ရပ်၍ ကာယဗလမောင် ကိုယ်ဟန်ပြသကဲ့သို့ ပုံစံ (Pose) အမျိုးမျိုး လုပ်ပြလိုက်သဖြင့်

''ဟိုး . . ဟိုး . . တော်ပါပြီ ဆရာကြီးရယ်။ ယုံပါပြီ။ ရေထဲလဲ လိမ့်ကျသွားပါဦးမယ်''

သဇင်က အတားအဆီးမဲ့ အပြုံးဖြင့် ချစ်သူမောင်ဖော်အား ကြည့်၍ ပြောလိုက်လေရာ No အဖွဲ့မှ အဆိုတော်၊ မော်ဒယ်လ် သရုပ်ဆောင်မလေး သဇင်၏ အပြုံးနှင့်ပင် ခပ်ဆင်ဆင်တူသွားလေ၏။

◆◆◆

• သက်ပန်စာပေ •



မောင်ဖော်နှင့် သဇင်မြင့်မှာ အလယ်တန်းကျောင်းသားဘဝက သူငယ်ချင်းဖြစ်ခဲ့ရာမှ အရွယ်ရောက်လာသောအခါ မိုးသားကြိုးစား မိဘကို လုပ်ကျွေးနေသော မောင်ဖော်၏ဘဝကို စာနာရင်း ယောက်ျားပီသသော ရုပ်လက္ခဏာ၊ အရုပ်အမောင်း စကားပြော ယဉ်ကျေးမှု၊ သူတစ်ပါးအား ကူညီတတ်မှုတို့ပါ ပေါင်းကာ သဇင်မြင့်က ချစ်သူအဖြစ် လက်ခံခဲ့ခြင်းဖြစ်၏။

သို့ရာတွင် သဇင်မြင့်၏ မိဘများနှင့် အစ်ကိုများကမူ မောင်ဖော် မိုးသားကြိုးစားသည်ကို သိသော်လည်း ပညာအခြေခံမရှိ၊ ဥစ္စာမရှိသဖြင့် ရှေ့တက်လမ်း မရှိနိုင်ဟု ယူဆကာ သဘောမတူနိုင်။

ဤသည်ကလည်း မိဘနှင့် အစ်ကိုများကို အပြစ်တင်ရန်မဟုတ်။ သူတို့၏ သမီးတွေ၊ ညီမထွေးလေး၏ ရှေ့ရေးအတွက်မို့ နေရေးခက်၊ စားရေးခက်ဖြင့် တကျက်ကျက်ဖြစ်ကာ အိမ်ထောင်ရေး သာယာပါမည်လားဟု စိုးရိမ်စိတ်များဖြင့် ဖြစ်ပေမည်။ ဤသည်ကို အမှန်တရား၏ နိယာမဟု ဆိုလေမလား။ မိဘများ၏ စေတနာအားဟု ဆိုလေမလား။

သဇင်ကတော့ မေတ္တာကို ရှေ့ထား၊ အချစ်များကြောင့် အရာရာ ခွင့်လွှတ်ရင်ဆိုင်၊ လောကဓံကို အပြုံးနှင့်၊ ချစ်သူနှင့် ယှဉ်တွဲကာ တိုက်ပွဲဝင်လိုသည်။ ထို့ကြောင့် မောင်ဖော့်ကိုလည်း ကြိုးစားခိုင်းနေသည်။ ယခု သဇင်ပန်းမှဆိုး၊ သစ်ခွမှဆိုး လုပ်ရန် မောင်ဖော်က ပြောလာသောအခါ ချစ်သူကို စိုးရိမ်သည်က တစ်ဖက်၊ ဝင်ငွေကောင်း၍ ငွေစုဆောင်းနိုင်လျှင် မိဘများက သဘော

• သက်ပန်စာပေ •

www.burmeseclassic.com

www.burmeseclassic.com



ဇည်ကြီး ထောင်းထောင်းဖြတ်မည်ဟု ဆိုသည့်တိုင်အောင် သားသမီး စည်ပင်လာသောအခါ အမြင်ကြည်၊ အချစ်စွဲ မြေးကို လက်လာဆွဲမည်မှာ မုချဟု မရဲတရဲ တွေးမိသည်။ ထို့ကြောင့်ပင်

"ကိုဇော်ရယ်၊ သစ်ခွရှာတာကတော့ ဟုတ်ပါပြီ။ ဘယ်လိုလတွေကနေ ဘယ်လိုလအထိ ရှာရမှာလဲ"

သိလိုချက်ကို မေးမိ၏။

"ကုန်သည်တွေ အပြောကတော့ နတ်တော်၊ ပြာသိုလတွေကနေ တန်ခူး၊ ကဆုန်အထိ ရှာလို့ရတယ်၊ အဝယ်လည်းလိုက်တယ်တဲ့။ ဒါပေမဲ့ နွေရောက်လို့ နေသိပ်ပူချိန်တွေမှာ အရှာရ နည်းနည်းခက်တယ်လို့လည်း ဖေဖော်ဝါရီလလောက်ကတည်းက ရှာနေကြတဲ့ မြင့်လှိုင်တို့ အုပ်စုက ပြောတယ်။ ဘာပဲပြောပြော ဒီနှမ်းကြီးကြားမှာ သဖင်က ပေါပါတယ်။ ရှာတတ်ဖို့ပဲ အရေးကြီးတာ။ ကိုယ့်မှာလည်း အဖေနဲ့ ဦးကြီး ရှိနေသေးတော့ သူတို့နဲ့ပါတိုင်ပင်ပြီး လုပ်မယ်။ ပြီးတော့ အဖေက ငယ်ငယ်ထဲက တောတက်ဖူးတော့ ရိုးဖြတ်လမ်း၊ ကြောလမ်း၊ မြေပြန့်၊ ရွာဟောင်းကုန်း၊ ကျွန်းတောနေရာတွေကို သိတယ်။ ရိုးအရှေ့ဘက် ပဲခူး၊ ဇောင်းတူ၊ ထားဝယ်၊ ဖွတ်ကျား၊ ဝက်စီ၊ သဲမဲဘက်ကနေ မြို့ချောင်း(ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်များ)အထိ သိတော့ သီးသန့်တစ်ဖွဲ့ဖွဲ့ပြီး ရှာမယ်စိတ်ကူးထားတယ်"

"ကောင်းပါပြီ ကိုရယ်။ တစ်ရာသီရှာရင် ဘယ်လောက်ရနိုင်တာလဲ"

"တစ်ရာသီကို အချိန်(၁၀၀)လောက်တော့ ကိုယ့်အတွက်





ရမှာပေါ့။ ဒါဆိုရင် (၃)သိန်းနဲ့ (၅)သိန်းကြားမှာ ရမယ်။ ရလာရင် အဲဒီငွေနဲ့ မွေးမြူရေး၊ စိုက်ပျိုးရေးလေးလုပ်။ တစ်နှစ်လောက် ထပ်ကြိုးစားရင် သိန်း တစ်ဆယ်ဂဏန်းလောက် ဖြစ်လာမယ်။ ကိုယ်လည်း ကြိုးစားမယ်။ အဲဒီကျရင်သာ သဖင်က စိတ်မပြောင်းရဘူးနော်"

"မပြောင်းပါဘူး ကိုရယ်။ ကိုသာ ဖွဲ့ရှိရှိ ကြိုးစားပါ"

"စိတ်ချ . . စိတ်ချ။ အဲဒီကျမှ မိန်းမ . . မိန်းမလို့ တစ်ဝကြီးကို ခေါ်ပစ်လိုက်မှာ"

ဟု ဆိုလေရာ သဖင်မြင့်မှာ တခစ်ခစ် သဘောကျသွားလေ၏။ မောင်ဇော်၏ စိတ်တွင်မူ သဖင်မြင့်၏ အပြုံးမှာ သူတို့ရွာရှိ ဗွီဒီယိုရုံတွင် ကြည့်ရသော ကြော်ငြာမင်းသမီးလေး သဖင်၏ အပြုံးကဲ့သို့ မြင်ရသူအဖို့ အားအင်သစ်များ တိုးပွားစေသည်ဟုပင် ထင်လိုက်မိလေ၏။

—◆—◆—◆—

"ဦး . . ဦးက စာရေးဆရာဆို"

မောင်ဇော်ဆိုသည့် လူငယ်ကလေးက ကျွန်ုပ် ပုခက်ပေါ်တွင် အနားယူနေစဉ် အနီးသို့ မရဲတရဲ တိုးလာကာ မေးလာသဖြင့် . . .

"ဟေ . . . မင်းကို ဘယ်သူပြောတာလဲ"

ကျွန်ုပ်က ပြန်၍ မေးလိုက်ရာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟို . . . ဦးဝင်းမြင့်နဲ့ ဦးကျော်လွင်တို့က ပြောလိုက်တာပါ"

"အေး . . . ဆိုပါတော့ကွာ"

ကျွန်ုပ်က ပြီးစလွယ်ပင် အဖြေပေးလိုက်ရာ မောင်ဇော်မှာ ပြောရဲဆိုရဲ ရှိလာပြီး . . .

"ဒါဆိုရင် ဦးကို ကျွန်တော် အကူအညီ တစ်ခု တောင်းပါရစေနော်"

"အေး . . ပြောကြည့်လေ။ ဘာကူညီရမှာလဲ"

"ဒီလိုပါ ဦးရယ်။ ကျွန်တော့်ဇနီး သဇင်မြင့်နဲ့ ကျွန်တော် ပေါင်းရတာ (၃)လလောက်ပဲ ရှိဦးမယ်။ ကျွန်တော် ပန်းရှာ (သဇင်ပန်း)ဖို့ တောတက်နေတုန်း သူ့မိဘတွေက သူ့သမီးကို တစ်ယောက်တည်း ထားခဲ့ရမလားဆိုပြီး အတင်းလာပြန်ခေါ်သွားတယ်"

"မင်းကကော တကယ် တစ်ယောက်တည်း ထားခဲ့တာလား"

"မဟုတ်ပါဘူး ဦးရယ်။ အိမ်မှာ ကျွန်တော့်အမေလည်း ရှိပါတယ်။ ပြီးတော့ ကျွန်တော့်မိန်းမက မပေါ့မပါး ဖြစ်ခါစမို့ သူ့ဝေယျာဝစ္စ လုပ်ပေးဖို့ ကလေးမလေးတစ်ယောက်လည်း ခေါ်ထားပေးပါတယ်။ အဲဒါကို သူတို့သမီးကို ထားခဲ့ရမလားဆိုပြီး ပြန်ခေါ်သွားတာ ခုဆိုရင် (၂)လလောက် ရှိပြီ။ ကျွန်တော် ပန်းရှာပြီး ပြန်ရောက်တော့ သွားပြန်ခေါ်တာ မထည့်ဘူး။ သူတို့သမီး မပေါ့မပါးနဲ့ သူတို့ပဲ ဂရုစိုက်မယ်၊ မင်းအလုပ် မင်းလုပ်ဆိုပြီး





ပြောပြောလွှတ်တယ်။ ကျွန်တော်လည်း စိတ်ညစ်ညစ်နဲ့ မင်းလှဆည်မှာလာနေရင်း ငါးရှာတယ်။ အခုလည်း ကျွန်တော် စိတ်လေနေမှန်းသိလို့ ဦးကျော်လွင်နဲ့ မောင်မြင့်တို့က ဦးတို့ အမဲပစ်အဖွဲ့မှာ ကူညီဖို့ ခေါ်တာနဲ့ လိုက်လာခဲ့တာ။ ကျွန်တော့်ဇနီးကို ကျွန်တော် သိပ်လွမ်းတယ် ဦးရယ်။ ဦး ကူညီပေးပါ"

"ဘယ်လို ကူညီရမှာလဲ"

"ကျွန်တော် စဉ်းစားမိတာက ကျွန်တော့်ဇနီးဆီကို စာရေးရင်းနဲ့ ကျွန်တော့် သူ့ကို ဘယ်လောက်လွမ်းတယ်၊ သတိရတယ်၊ သူ့ဆီလာချင်တယ်ဆိုတာ ကဗျာလေးတစ်ပုဒ် ထည့်ရေးချင်တယ်"

"အဲဒီတော့ . . ."

'အဲဒီတော့ ကျွန်တော်ကလည်း ကဗျာတွေ စာတွေ မစပ်တတ်တော့ ဦးက ကဗျာလေးတစ်ပုဒ်လောက် စပ်ပေးပါလား ဦးရယ်။ ဦး ကျေးဇူးကို မမေ့ပါဘူး။ ဒီတောထဲမှာ ဦးခိုင်းချင်တာ ကျွန်တော့်ကို ခိုင်းပါ။ ကျွန်တော် လုပ်ပေးပါ့မယ်။ တောထဲက အလုပ်တွေ အကုန်လုံး ကျွန်တော် လုပ်တတ်ပါတယ်"

မောင်ဇော်မှာ ခန္ဓာကိုယ် တောင့်တောင့်တင်းတင်း ကျားကျားလျားလျား ရှိသော်လည်း အသည်းမှာမူ နုပုံရသည်။ ပြောပုံဆိုပုံမှာလည်း ယဉ်ကျေးသိမ်မွေ့သည်။ ဩော် . . . တောမှာပေါက်သည့် တောင်ကန်စွန်းနွယ်လေးကဲ့သို့ တောင်ပေါ်ဘယ်လောက်မြင့်မြင့် နွယ်တက်၍ ပေါက်နိုင်ပေမင့် အရိုးကလေးမှာမူ နူးညံ့ပျော့ပျောင်းလှသည်ဟု ကျွန်ုပ်၏ စိတ်တွင် ဖြစ်ပေါ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် . . .

''မောင်ဇော်၊ ဦးမှာက ဦးတပည့် ဝင်းမြင့် ပါပါတယ်။ သူက တောအလုပ်မှန်သမျှ လုပ်တတ်ရုံမက ဦးရဲ့ ဝေယျာဝစ္စကိုလည်း လုပ်နိုင်တယ်။ ဦး မျက်နှာကို တစ်ချက်ကြည့်ရင် ဦးဘာလုပ်ချင်တယ်၊ ဦးကို ဘာလုပ်ပေးရမယ်ဆိုတာ သိတဲ့သူ။ ဒီတော့ မင်းလုပ်ပေးစရာ မလိုပါဘူးကွာ။ အေး . . . ဒါပေမဲ့ မင်းရဲ့ ခံစားချက်ကို ဦး နားလည်ပါတယ်။ ဦး မင်းကို ကဗျာတစ်ပုဒ် ရေးပေးချင်ပါတယ်''

မောင်ဇော်မှာ ကလေးတစ်ယောက်ကဲ့သို့ အားရဝမ်းသာ ပြုံးရွှင်သွားကာ . . .

''ဒါဖြင့် ရေးပေးမယ်ပေါ့ ဦး''

''အေး . . . ရေးပေးမယ်။ ဒါပေမဲ့ စာရေးဆရာ၊ ကဗျာဆရာဆိုတာ ရေးပေးချင်တိုင်း ရေးလို့ရတာ မဟုတ်ဘူး။ ခံစားချက် ရှိဖို့လိုတယ်။ ဦး စာရေးတယ်ဆိုတာက တကယ့်ဖြစ်ရပ်တွေနဲ့ ခံစားချက်ကို ပေါင်းစပ်အခြေခံရေးတာ။ စီးပွားရေးအတွက် ရေးတာမဟုတ်ဘူး။ ဒီတော့ ဦး ခံစားလို့ရအောင် မင်းက မင်းအကြောင်းကို အရင်ပြောပြ။ ဒါမှ ဦးက ခံစားပြီး ရေးပေးမှာ ဟုတ်လား။ မင်း သဘောပေါက်ရဲ့လား''

''ဟုတ်ကဲ့ . . သဘောပေါက်ပါပြီ''

—◆—◆—◆—





နေရာမှာ မင်းလှမြို့နယ်၊ မင်းလှဆည်၏ အရှေ့ဘက်၊ ဆေးအိုးပျောက်တောင်ခြေရှိ ယင်းတိုက်ချောင်းကွေ့ တစ်ကွေ့မှ ဝါးတောအတွင်း ဖြစ်သည်။ ဖေဖော်ဝါရီလဆန်းရက်။ ကျွန်ုပ်၊ အဘ၊ ကျော်ကျော်၊ ကျော်လွင်၊ ဝင်းမြင့်၊ မောင်မြင့်၊ မောင်ဇော်တို့မှာ အမဲကြီးစာရင်းဝင် စိုင်နှင့်နွား ပစ်ရန် မင်းလှဆည်၏ တောင်ချောင်းမှတစ်ဆင့် ရောက်ရှိနေခြင်းဖြစ်ကာ ဝါးတောအတွင်း စခန်းချနေခြင်းဖြစ်၏။ သစ်ထုတ်ဆင်အဖွဲ့မှ ဆင်ခေါင်း စောစီကလည်း ကျွန်ုပ်တို့ စခန်းနှင့် မနီးမဝေး သူ၏ စခန်းမှ သူတို့၏ ရိက္ခာ ကြံသကာများ ယူလာပေးကျွေးသည့်အပြင် ကျွန်ုပ်တို့အား ကူညီနေပေသည်။

စခန်းချပြီးနောက် တစ်နေ့တွင် အဘနှင့် ကျော်လွင်တို့ တောသွားလည်နေခိုက် ကျွန်ုပ်က ဝါးရုံနှစ်ရုံကို ပုခက်ကြိုး တစ်ဖက်စီချည်ကာ အနားယူနေစဉ် ဖြစ်လေသည်။

ကျွန်ုပ်က ချောင်းတစ်ဖက်၊ ဆိပ်ချေးပင်တစ်ပင်တွင် အသီးလာစားရင်း တစ်ကောင်နှင့်တစ်ကောင် နှုတ်သီးဖြင့် ကလူကျီစယ် ကြည်နူးဖွယ် လုပ်နေသော ငှက်ငနွား(တောခိုကြီးမျိုး) မောင်နှံအား ကြည့်နေရင်း စဉ်းစားမိသည်။ မောင်ဇော်အတွက် ကဗျာရေးပေးဖို့ပင်။

''မောင်ဇော်ရေ၊ လာပါဦးကွာ''

ကျွန်ုပ်က ဝင်းမြင့် ထမင်းချက်ရာတွင် ကူညီနေသော မောင်ဇော်အား လှမ်းခေါ်လိုက်ရာ မောင်ဇော်မှာ ကျွန်ုပ်အနား ချက်ချင်းရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ဖော်၊ မင်းတို့ရွာမှာ ကာရာအိုကေဆိုင်တွေ ရှိလား"

"ရှိပါတယ် ဦး"

"မင်း ကာရာအိုကေ ဆိုတတ်သလား။ ဆိုကော ဆိုဖူးလား"

"ဟုတ်ကဲ့၊ ဆိုဖူးပါတယ်၊ ဆိုလည်း ဆိုတတ်ပါတယ်"

"ဒါဆိုရင် ဟိုကွာ . . . သန်းမြတ်စိုးဆိုတဲ့ မိုးလောက်ကြီးချစ်တယ်၊ ဒီကမ္ဘာထက်ဝယ် . . . သမုဒ္ဒရာထက်နက်တယ်၊ ပင်လယ်ပြာထက်ကျယ် ဆိုတာမျိုးတွေ။ မီးမီးခဲဆိုတဲ့ မုန်းလို့မရဘူးကွယ် . . . ခွင့်လွှတ်တာအချစ်လားကွာ . . . မုန်းလို့မရဘူးကွယ် . . . စွန့်ဝံ့တာ အချစ်ပဲလားတို့၊ အချစ်ဆိုသည်မှာတို့၊ Rဇာနည်နဲ့ ဆုန်သင်းပါရ်တို့ဆိုတဲ့ ချစ်လားလို့ မမေးနဲ့ . . . ရင်နင့်အောင်ကွယ် . . . အတွေးများစွာရယ် ထိန်းချုပ်သူပဲ . . . တို့ ဆိုဖူးလား"

"ဟုတ်ကဲ့ . . . ဆိုဖူးပါတယ်"

"ဆိုဖူးရင် အဲဒီ စာသားတွေ ထည့်ရေးပေးလိုက်ပေါ့ကွာ၊ ပြီးတာပဲ"

ကျွန်ုပ်က သူ၏ အလေးအနက် ထားမှုကို စမ်းသပ်လို၍ ထိုသို့ ပြောခြင်းဖြစ်ပေသည်။ မောင်ဖော်က ချက်ချင်းပင်

"ဟာ . . . မလုပ်ပါနဲ့ ဦးရယ်၊ အဲဒီ စာသားတွေက ရိုးနေပါပြီ။ ပြီးတော့ အဲဒါတွေ ထည့်ရေးရင် သီချင်းထဲက ကူးချထားမှန်းသိပြီး ရယ်စရာကြီး ဖြစ်နေပါဦးမယ်"

နံနက်ပိုင်းက သူ၏ ဇာတ်လမ်းအစကို ဤဝတ္ထုအစ





ပိုင်းကအတိုင်း သူပြောပြခဲ့သော်လည်း စခန်းတွင် ဝိုင်းကူရန်ရှိနေ၍ စကားစ ပြတ်သွားခဲ့သည်။ ယခု နေ့လယ်မှ စကားစကို ဆက်ရတော့သည်။

"အဲဒါနဲ့ ကျွန်တော်လည်း အဲဒီနှစ်မှာ သဇင်မှုဆိုး လုပ်လိုက်တာ ရာသီကုန် မိုးကျတော့ ငွေ(၃)သိန်းလောက် စုမိတယ်။ နဂိုအစီအစဉ်အတိုင်း အဲဒီ မိုးတွင်းမှာ ဝက်ကလေးမွေး၊ စိုက်ပျိုးရေးလုပ်၊ နှမ်းပေးလေးပေးနဲ့ နောက်နှစ် နတ်တော်၊ ပြာသိုလမှာ သဇင်ပန်း ရှာပြန်တယ်။ အဲဒီနှစ်မှာလည်း (၄၊ ၅)သိန်း ထပ်ရတယ်"

"ဟုတ်ပြီ၊ ငွေရလာတော့ သဇင်မြင့်နဲ့က ဘယ်လိုပေါင်းခဲ့ရလဲ"

"လွယ်လွယ်နဲ့တော့ ဘယ်ပေါင်းရပါ့မလဲ ဦးရယ်။ လူကြီးတွေကနေတစ်ဆင့် နားဖောက်ခိုင်းတော့ သူ့မိဘတွေက ကလေးတွေ ငယ်ပါသေးတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ငြင်းခဲ့တယ်"

"ကံကောင်းချင်တယ် ဆိုရမလားတော့ မသိဘူး။ ပြီးခဲ့တဲ့ သီတင်းကျွတ်လတစ်ရက်မှာ ကျွန်တော် မင်းလုဆည်ထဲမှာ ရှိနေတုန်း သဇင်ရောက်လာတယ်။ ခါတိုင်းလို စကားပြောနေကြရင်း သူ့အစ်ကိုတွေက သူပျောက်တယ်ဆိုပြီး လိုက်ရှာကြတယ်။ ဒါနဲ့ ကျွန်တော့်သူငယ်ချင်းတွေက မထူးတော့ဘူး ပြဿနာတက်တော့မယ်ဆိုပြီး ကျွန်တော်နဲ့ သဇင့်ကို မင်းလုဆည်ထဲက သူ့ရှိတဲ့ မြောက်ချောင်းမှာရှိတဲ့ သူ့တောင်ယာကို လှေနဲ့ ပို့ကိုပို့



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်တော့ ကျွန်တော်တို့လည်း ပေါင်းရတော့တာပေါ့။ ဒါပေမဲ့ ဦးရယ်၊ မင်္ဂလာဆောင်ပြီး (၃)လလောက်ပဲ ပေါင်းရပါတယ်။ ကျွန်တော် သဖင်ပန်း သွားရှာနေတုန်း သူ့အိမ်က လာခေါ်သွားတာ ဦးကို ပြောပြခဲ့တဲ့ အတိုင်းပါပဲ''

''ဩော် . . . ဒီလိုလား''

''ဟုတ်ပါတယ် ဦး၊ ကျွန်တော်လည်း လူကြီးစုံရာနဲ့ သွားပြန်ခေါ်ပါတယ်၊ သဖင်ကလည်း လိုက်ချင်ပါတယ်။ ဒါပေမဲ့ သူ့မိဘတွေက 'မင်းမယားဟာ မင်းမယားပဲ။ မင်း တောတက်တက်နေလို့ ငါတို့သမီးကို စိတ်မချလို့ စောင့်ရှောက်ပေးထားတာလို့ စကားကို လှအောင်ပြောတော့ လူကြီးတွေကလည်း အလျှော့ပေးလိုက်ရတာပေါ့''

''ကျွန်တော့်မှာတော့ ဦးရယ်၊ ကျွန်တော့်အသည်းကို ဆွဲထုတ်သွားသလို ခံစားရပါတယ်၊ လူကြီးတွေနဲ့ သွားခေါ်တဲ့နေ့က သဖင် ကျွန်တော့်ကို ကြည့်တဲ့အကြည့်ကလည်း 'မလွဲသာလို့ပါ၊ ကိုနဲ့တစ်ပါတည်း လိုက်ချင်ပါတယ်'ဆိုတဲ့ ပုံစံနဲ့ မျက်ရည်တွေ စီးကျနေတာ ကျွန်တော့်ရင်မှာ မီးလောင်ခံနေရသလိုပါပဲဗျာ''

–◆–◆–◆–

ကျွန်ုပ်၊ ကျော်လွင်နှင့် ဝင်းမြင့်တို့က (၅)ကောင်ခန့်ရှိမည့် နွားအုပ်နောက်သို့ ခြေရာခံကာ နံနက်(၆)နာရီခွဲခန့်မှစ၍ လိုက်ခဲ့ကြပါသည် စခန်းမှ နံနက်(၆)နာရီ စထွက်ပြီး နာရီဝက်အကြာတွင်ပင် ချောင်းနံဘေး စားကျင်းမှမထွက်မီ အုပ်နှင့် တိုးခဲ့

● သက်ပန်စာပေ ●



၏။ သို့သော် ကင်းကောင်(ကင်းစောင့်သည့် အကောင်)က ကျွန်ုပ်တို့အား တွေ့သွားပြီး ''ရှိန်း . . ဖြီး''ဟု နှာမှုတ်၍ ထွက်ပြေးလေရာ ကျန်အကောင်များပါ တောတိုး၍ ပြေးသဖြင့် မပစ်မိခဲ့။ ထို့ကြောင့် 'နွား'အုပ် ခြေရာအတိုင်း တောက်လျှောက်လိုက်ခဲ့ရာ နံနက်(၁၁)နာရီခန့်တွင် နွားအုပ်က 'စေတောင်'တောအုပ်ကို တောင်ထိပ်မှကျော်၍ တောင်ဘက် အခြောက်တောသို့ ဆင်းသွားလေပြီ။

ကျွန်ုပ်တို့က တောင်ထိပ် ရေထွက်တစ်ခုတွင် ခေတ္တနား၍ ပါလာသည့် ထမင်းထုပ်ကို ဖြေစား၊ အမောပြေ ရေဖြင့် ကိုယ်လက်သုန့်စင်စေကာ ခေတ္တနားပြီး နေ့လယ် (၁၂)နာရီတိတိတွင် ခြေရာအတိုင်း ဆက်လိုက်ခဲ့တော့၏။

ဖေဖော်ဝါရီလ၊ ဆောင်းအခါ တောနက်ကြီးအတွင်းမို့ အပူဒဏ်က သိပ်မရှိ။ နေ့လယ်ဟု ဆိုစေဦး မောပန်းမှု သိပ်မရှိ။ တောင်များတက်ရ၍သာ ခြေက အတော်ညောင်းသော်လည်း လေ့ကျင့်သားရှိသူများမို့ ပြဿနာမရှိလှ။ လိုက်မည့်လိုက် တစိုက်မိုက်ပေါ့။ မိကို မိရမည်။

တောင်ဘက် အခြောက်တောမှ ကျွန်းတောအတွင်း ကျွန်ုပ်တို့ ဝင်မိပြီ။ ကျွန်းတောတွင်း ဝင်မိလျှင် ဝင်မိချင်း ကျွန်ုပ်မှာ အံ့ဩဖွယ်ကို တွေ့ရ၏။ စိတ်မှလည်း ဒေါသဖြစ်မိသည်။ ကျွန်ုပ်မှာ ဝါသနာအလျောက် အမဲပစ်သော်လည်း သဘာဝဂေဟစနစ် ပျက်သုဉ်းမည်ကို လွန်စွာစိုးရိမ်သည်။ သစ်တောကို စည်းကမ်းမဲ့ ခုတ်ထွင်ခြင်း၊ တောမီးရှို့ခြင်း၊ တောတွင်း တောင်ပေါ်

● သက်ပန်စာပေ ●

www.burmeseclassic.com

www.burmeseclassic.com



လုပ်ခြင်း၊ သစ်ခိုးခြင်းတို့ကြောင့် တောပြုန်းခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ခြင်း တောင်ပေါ်ချောင်းများ ရေခန်းခြောက်ခြင်းတို့မှ နိုင်ငံနှင့် လူမျိုးအတွက် မလိုလားအပ်သော ဆုံးရှုံးမှုများ ဖြစ်သည်ဟု ခံယူထားသည်။

ယခုလည်း ကြည့်ပါဦး၊ တွေ့ရသည့် မြင်ကွင်းမှာ လုံးပတ် (၃)ပေမှ (၄)ပေခန့်သာ ရှိသေးသော ကျွန်းပင်များ ခုတ်လှဲထားသည်။ ထိုသို့ ခုတ်လှဲထားသည်မှာ စနစ်တကျ မဟုတ်ကြောင်း ကြည့်ရုံဖြင့် သိနိုင်သည်။ တစ်ပင်နှင့်တစ်ပင် ကန့်လန့် တစောင်း အရှည်လိုက်ထပ်၍ ကိုင်းချင်းလိမ်နေကြသည်။ သင်းသတ်ခြင်း၊ ကိုင်းရှင်းခြင်း မလုပ်ဘဲ စည်းမဲ့ကမ်းမဲ့ ခုတ်ထားခြင်းမျိုး။ တာဝန်ရှိသည့် သစ်တောဌာနမှ နိုင်ငံအတွက် ခုတ်ယူထားခြင်းမဟုတ်။ ဖြစ်သလို ခုတ်လှဲထားခြင်းသာ။ ဥပမာပြရလျှင် နတ်သမီးတံဆိပ် ယမ်းမီးခြစ်ဘူးမှ မီးခြစ်ဆန်များကိုထုတ်၍ ပုံကျဲထားသလို ဖြစ်သည်။

ဘာ့ကြောင့်ပါလဲ။ ကျွန်ုပ် မတွေ့ကြုံဖူး၍ ဝမ်းနည်းဒေါသထွက် နှမြောတသခြင်းနှင့်အတူ ကျွန်ုပ် ကြည့်နေမိရာ မည်မျှကြာသွားသည်ပင် မသိလိုက်။

"ဆရာ . . . ဒါ သဇင်မှဆိုးတွေရဲ့ လက်ချက်ပဲ ဆရာ"

ကျော်လွင်က စကားစလာသည်။

"ဟေ . . . ဟုတ်လား။ သဇင်က ကျွန်းပင်တွေပေါ်မှာပဲ ပေါက်သလား"

"ဟုတ်တယ်ဆရာ။ (၈၀) (၉၀) ရာနိုင်နှုန်းလောက်က





ကျွန်းပင်တွေပေါ်မှာပဲ ပေါက်ကြတယ်။ အခြားအပင်ဆိုလို့ ပျဉ်းမတို့ တောင်ပိန်းတို့လို အပင်သန့်တွေပေါ်မှာပဲ ပေါက်တယ်။ တွေ့ကရာအပင်တွေမှာ ပေါက်တာ မဟုတ်ဘူး။ အခု သဇင်ဥက ဈေးကောင်းတယ်။ မြို့မှာ သဇင်စိုက်တဲ့သူက များတယ်။ အထူးသဖြင့် ဆရာတို့ ရန်ကုန်လို မြို့ကြီးတွေမှာပေါ့။ ပြီးတော့ ကုန်သည်တွေကလည်း တရုတ်ပြည်ဘက် ပို့တယ်ပြောတယ်။ ဒါ့ကြောင့် သဇင်မှဆိုးတွေ များလာပြီး အလုအယက် ရှာကြတယ်။ တချို့ဆို ရှိုးမပေါ်မှာ နယ်ကျူးလာတဲ့သူတွေတောင် တစ်ခါတစ်ခါ တွေ့ရတယ်။ ပြီးတော့ အပင်ပေါ်တက် မခူးတော့ဘူး။ အလွယ်ပဲ အပင်ကို လှဲချပြီး ခူးကြလို့ အခုလို နိုင်ငံတော်ရဲ့ ကျွန်းဆင်းတွေ ပျက်စီးရတယ် ဆရာ"

"ဆရာသိတဲ့အတိုင်း ကျွန်တော်တို့လို တောင်ခြေရွာတွေက တောကိုမှီးပြီး ဝါးခုတ်၊ သက်ငယ်ရိတ်၊ စလူခုတ်၊ ကြိမ်ခုတ်၊ ဟင်းစားရှာနေရတာ။ ခုလို တောပြုန်းတာကို ကျွန်တော်တို့ မကြိုက်ဘူး ဆရာ။ နိုင်ငံတော်အတွက်လည်း နစ်နာတယ်"

"ဟုတ်လိုက်လေကွာ။ ဒီအဖြစ်က နိုင်ငံတော်ကိုချစ်တဲ့ တောတောင် ရေမြေကိုချစ်တဲ့၊ ငါတို့နိုင်ငံရဲ့ ရာသီဥတုကိုချစ်တဲ့ ငါတို့လို လူတွေအတွက်ကတော့ သွေးသားတစ်ယောက် သေဆုံးရသလိုကို ဝမ်းနည်းစရာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခေါက်က သားကောင်ကြီးလည်း ဆက်မလိုက်ဖြစ်သကဲ့သို့ မောင်ဖော့အတွက်လည်း ကဗျာတစ်ပုဒ် ရေးမပေးဖြစ်ခဲ့ပါ။ သို့သော် တောမှ ပြန်လာပြီးနောက် ရန်ကုန်ပြန်ရောက်လာသောအခါ ကျွန်ုပ်တွင် တာဝန်နှစ်ရပ် ပါလာလေသည်။ ၎င်းတို့မှာ (၁)မောင်ဖော့အတွက် ကဗျာတစ်ပုဒ် ရေးပေးရန်နှင့် (၂)ပန်းမြတ်တော်ဝင် သဇင်အကြောင်း လေ့လာရန်ပင်။

ကျွန်ုပ်မှာ တောပစ်သက် ရင့်သော်လည်း သစ်ခွအကြောင်း လေ့လာမှု အားနည်းပါသည်။ သားငှက်အကြောင်း လေ့လာရန် ဝါသနာထုံသော်လည်း ပန်းအကြောင်း၊ သစ်ခွအကြောင်း၊ သဇင်အကြောင်း လေ့လာရန် ဝါသနာသိပ်မရှိလှပါ။ ယို့ကြောင့်ပင် ကျွန်ုပ်၏ တောပစ်ဝတ္ထုများတွင် သစ်ခွနှင့် ပတ်သက်၍ 'ရတနာရွှေခွက်'ဆိုသည့် ဝတ္ထုတစ်ပုဒ်တွင်သာ အနည်းအကျဉ်း ရေးဖူးပေသည်။ ကျွန်ုပ်၏ ဝတ္ထုတိုများကို စွဲစွဲလမ်းလမ်း ဖတ်နေသော အမျိုးသမီး စာဖတ်ပရိသတ်တစ်ဦးကပင် "ဆရာ့ တောပစ်ဝတ္ထုတွေအကြောင်းထဲမှာ ပန်းအကြောင်းတွေလည်း နည်းနည်းသင့်ရင် ထည့်ပေးပါဦး ဆရာ"ဟု ပြောဖူးပေသည်။ ထို့ကြောင့်လည်း ဤသဇင်နှင့် ပတ်သက်သော ဖြစ်ရပ်မှန်ဝတ္ထုကလေးကို ရေးမိခြင်း ဖြစ်ပေသည်။ (ဤကား စကားချပ်)

ကျွန်ုပ် ကဗျာလင်္ကာ ရေးဖွဲ့နည်းများတွင် အကြိုက်ဆုံးဖြစ်သော 'တေးထပ်'ရေးနည်းဖြင့် မောင်ဖော့အတွက် (၂)ရက်မျှ အချိန်ယူ ရေးဖွဲ့ပြီးသောအခါ သဇင်ပန်းအကြောင်း လေ့လာမိပေသည်။

• သက်ပန်စာပေ •



သဇင်မှာ တော်ဝင်မြန်မာ့သဘာဝ သစ်ခွ ဖြစ်ပေသည်။ ရှေးအခါက မြန်မာတို့ အမြတ်တနိုး တန်ဖိုးထားခဲ့သော တော်ဝင်ပန်းဖြစ်၏။ သန့်စင်သော နေရာတွင် ပေါက်လေ့ရှိသဖြင့် 'သန့်စင်ပန်း' သဇင်ပန်းဟူ၍လည်းကောင်း၊ နတ်ပွဲသဘင်များ ကျင်းပချိန်ဖြစ်သော နတ်တော်၊ ပြာသိုလများတွင် ပွင့်တတ်၍ 'တော်ဝင်နတ်ပန်း' ဟူ၍လည်းကောင်း ခေါ်ခဲ့ကြသည့်အပြင် သဇင်ပွင့်ကလေးများကို 'ပင်ဆင့်ပန်းပုံ'၊ 'ပန်းပုံ့ဘုရင်'ဟူ၍ တင်စားခေါ်တွင်ခဲ့ကြလေသည်။ ရှေးဘုရင်များလက်ထက်အခါများက ဆိုလျှင် ဆောင်းရာသီဝင်စ၌ ဦးဦးဖျားဖျား ပွင့်သော သဇင်ပန်းများကို နန်းတော်သို့ ကျွံပန်မင်းက ဆက်သရသည်။ တစ်နှစ်တွင် တစ်ကြိမ်သာ ပွင့်သောခလေ့၊ ရိုးရှင်းသောအလှနှင့် သင်းသင်းမွှေးသော ရနံ့ကိုကြိုက်သော မြန်မာတို့၏ ပင်ကိုစိတ်ကြောင့် ရှေးကပင် သဇင်ပန်းကို တန်ဖိုးထားခဲ့ကြလေသည်။

သဇင်သည် အရှေ့အိန္ဒိယကျွန်းစုဝင် သစ်ခွမျိုးဖြစ်ပြီး အိန္ဒိယကျွန်းစုနှင့် အရှေ့တောင်အာရှ နိုင်ငံများမှတစ်ဆင့် အာဖရိကနှင့် အမေရိကသို့ ပျံ့နှံ့ခဲ့ကြောင်း ဆိုပါသည်။

သဇင်ပန်းကိုဖြင့် လူတိုင်း တွေ့မြင်ဖူးပြီဖြစ်၍ အသွင်အပြင်ကို သိရှိနေကြပေပြီ။ ထို့ကြောင့် 'သဇင်နှင့် သစ်ခွမုဆိုး' တို့အကြောင်းကိုသာ အနည်းငယ် ဖော်ပြလိုပါသည်။

သဇင်သည် သစ်ခွရိုင်းမျိုးဖြစ်၍ သစ်ခွမုဆိုးတို့၏ အကူအညီဖြင့် ပေါက်ရောက်ရာ တောတောင်လျှိုမြောင်တို့မှ ထုတ်ယူရလေရာ စည်းကမ်းမဲ့ သစ်ခွမုဆိုးများ၊ သဇင်ကုန်သည်

• သက်ပန်စာပေ •

www.burmeseclassic.com

www.burmeseclassic.com



များကြောင့် တောပြုန်းခြင်း၊ ဂေဟာစနစ် ပျက်စီးခြင်းတို့ ဖြစ်နိုင်ပေသည်။

ယခင်က သဇင်ဥကို ဒီဇင်ဘာလမှ ဖေဖော်ဝါရီလအတွင်း စုဆောင်းခဲ့ကြလေသည်။ ယခုအခါ ဆောင်းမှ နွေကုန်သည်အထိ စုဆောင်းရောင်းဝယ်ကြရာ ဝယ်လိုအားကောင်းမှုကြောင့် သဇင်ထွက်ရာအရပ်တွင် သဇင်မှဆိုးတို့က မရောက်သည့်နေရာ မရှိ။ သဇင်ကိုတွေ့လျှင် မလှဲသည့် သစ်ပင်ဟူ၍ မရှိသလောက် ဖြစ်ရာ တန်ဖိုးရှိ အရွယ်မရောက်သေးသော ကျွန်းပင်များမှသည် နိုင်ငံအတွက် ထုတ်ယူနိုင်သည့် သစ်ပင်ကြီးများအထိ ခုတ်လှဲလာကြသည်မှာ ဝမ်းနည်းဖွယ်ရာပင်။ (သဇင်အကြောင်းအကျယ်ကို 'မောင်တင်ဦး-ရုက္ခ'၏ 'သစ်ခွကမ္ဘာ'စာအုပ်တွင်ရှု)

ထို့ကြောင့် နောက်တစ်ခေါက် မင်းလှ၊ အုတ်ဖိုဘက်တောပစ်ရောက်ပါက မောင်ဇော်ကဲ့သို့ သစ်ခွမှဆိုးတို့ကို သစ်ခွကို စားဝတ်နေရေးအရ ရှာသည့်တိုင်အောင် နိုင်ငံအတွက်တန်ဖိုးရှိသော ကျွန်းပင်ကြီးများကို မလှဲမိစေရန် ပညာပေးခြင်းဖြင့် အဆင့်ဆင့် ထိန်းသိမ်းမှုကို ပြုလုပ်ရပေမည်။ တစ်ယောက်စကားမှ တစ်ရာထိ တတ်နိုင်သမျှ ပြန့်ပွားအောင် ကြိုးစားစည်းရုံး ပညာပေးရမည် ဟူ၍သာ။

ဤသည်မှာ ကျွန်ုပ်၏ စေတနာအရင်းခံသာ ဖြစ်ပြီး မင်းလှ၊ အုတ်ဖိုသို့ ဘယ်တော့ရောက်မည် မသိ။ မောင်ဇော်နှင့် ဘယ်လိုတွေ့မည်မသိ။ မောင်ဇော်နှင့် သဇင်မြင့်တို့ ဘယ်လိုဆက်လက်ပေါင်းဖက်မည်လဲ၊ သို့မဟုတ် ပေါင်းမှ ပေါင်းကြရပါ





လေစ။ မောင်ဇော်ကော သဇင်ပန်းရှာသည့်အလုပ်ကို ဆက်လုပ်နေလေသလား။

—◆—◆—◆—

နောက်တစ်ကြိမ် သစ်ထုတ်ရာသီဦး ဒီဇင်ဘာလ သစ်ကွက်စဖွင့်လျှင် ဖွင့်ချင်းပင် သာယာဝတီ သစ်ထုတ်နယ်မှ မန်နေဂျာ ဦးဇော်ဝင်း၊ နယ်တာဝန်ခံ ဝန်ထောက် ဦးကျော်မြိုင်၊ ဦးသန့်စင်တို့၏ အကူအညီဖြင့် မြောက်ဇာမဏီကြိုးဝိုင်း(က)နယ်သို့ ကျွန်ုပ်တို့အဖွဲ့ ရောက်ခဲ့သည်။ ထိုခရီး မစတင်မီမှာပင် ကျွန်ုပ်၏တပည့် ဝင်းမြင့်အား အုတ်ဖိုမြို့နယ်၊ ထန်းပင်ကုန်းရွာသို့ ကြိုတင်စေလွှတ်၍ ကျော်လွင်နှင့် မောင်ဇော်အား ဇာမဏီချောင်းနွတ်ခမ်းရှိ အဘိုးစောရှုဘီ၏ ဆင်တဲမှ ကြိုတင်စောင့်ရန်စေလွှတ်ချိန်းဆိုခဲ့သည်။ ကျွန်ုပ်၊ အဘနှင့်အဖွဲ့ မင်းလှနယ်၊ စိန်ကန့်လန့် သစ်ဆိပ်မှတစ်ဆင့် မြောက်ဇာချောင်းသို့ အရောက်သွားကာ ဦးစောရှုဘီ၏ ဆင်တဲတွင် သစ်ကားမှ ပစ္စည်းများချကာနေရာယူလေပြီ။ ဆင်တဲတွင် တဲကြီးဖြစ်သည်သာမက ကျယ်ဝန်းပြီး တောင်ထိပ်တွင် ရှိ၏။ ဇာမဏီချောင်းသို့ ဆင်းလျှင် တောင်ထိပ်မှ အောက်သို့ ပေ(၁၂၀)မျှ ဆင်းရလေသည်။ တစ်ဖက်ကမ်းတွင် ဒိုဇာထိုးထားသဖြင့် ပြန့်ပြူးလျက် ရှိသည်ကို တွေ့ရ၏။ အဘိုး စောရှုဘီက သူ၏ ဆင်တဲရှေ့တွင် ဝါးတန်းလျားရှည်ကြီးထိုးထားသဖြင့် ပစ္စည်းများ နေရာချပြီးသော် ညနေခင်းတွင် ထိုင်ကြကာ အပန်းဖြေရလေ၏။ ထိုစဉ် ကျွန်ုပ်က တစ်ခုံတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကို မမြင်၍ မေးမိသည်။

"ကျော်လွင်ရေ ... မောင်ဇော်တစ်ယောက် မမြင်ပါလား။ မင်းတို့နဲ့ အတူတူ ပါမလာဘူးလား"

ကျွန်ုပ် မေးလျှင်မေးချင်း၊ ကျော်လွင်မှာ မျက်နှာပျက်သွားကာ တုံ့တုံ့ဆိုင်းဆိုင်းဖြင့် ...

"မောင်ဇော် လိုက်မလာနိုင်တော့ဘူး ဆရာ"

"ဟေ ... ဘာဖြစ်လို့လဲ။ သဖင်မြင့်နဲ့ ပြန်ပေါင်းထုပ်သွားပြီး ကလေးထိန်းနေရလို့လား။ ငါ့မှာတော့ကွာ ဒီကောင်က တဖွဖွ ပူဆာလို့ ကဗျာတစ်ပုဒ် ရေးလာရတယ်။ အခုတော့ သူ့အတွက် အသုံးမတည့်တော့ဘူး၊ မပေးရတော့ဘူးပေါ့"

"ဒီလို မဟုတ်ပါဘူး ဆရာ"

"ဒီလိုမဟုတ်ရင် ဘာ့ကြောင့်လဲ၊ ဘာကြောင့် လိုက်မလာနိုင်တော့တာလဲ"

ကျော်လွင်မှာ ပြောရမည်ကိုပင် စိတ်မကောင်းဖြစ်နေပုံရသဖြင့် ...

"မင်းကလည်း မှဆိုးမဟုတ်တဲ့ အတိုင်းပဲ။ ပြောစရာရှိ ပွင့်ပွင့်ရှင်းရှင်း ပြောစမ်းကွာ"

ကျွန်ုပ်က ခပ်ဆတ်ဆတ်ပင် မေးမိ၏။

"မောင်ဇော် မရှိတော့ဘူးဆရာ။ ဆရာတို့ ပြန်သွားပြီးနောက်လမှာပဲ ဆုံးသွားပြီ"

"ဟာ ... ဖြစ်ရလေကွာ။ ဘယ်လိုဖြစ်တာလဲ ပြောစမ်းပါဦး"





ကျွန်ုပ်မှာ မမျှော်လင့်သော စကားကို ကြားရပြီးနောက် သိလိုစောဖြင့် မေးလေရာ ကျော်လွင်က တန်းလျားမှထလိုက်ကာ ဇာမဏီချောင်းတစ်ဖက်ကမ်းရှိ (၁၂)တောင်ခန့်အမြင့်က ကိုင်းခွမှ ကျိုးကျနေသော ကျွန်းပင်ကြီးဆီသို့ လက်ညှိုးထိုးပြရင်း ...

"အဲဒီ ကျွန်းပင်ကြီးက သတ်လိုက်တာဆရာ။ အဲဒီကျွန်းပင်ကြီးထိပ်ဖျားမှာ ပေါက်တဲ့ သဖင်ဥတွေက သတ်လိုက်တာ"

"ဖြစ်ရလေ မောင်ဇော်ရယ်"

ကျော်လွင်က မချိတင်ကဲ ပြောလိုက်သဖြင့် ကျွန်ုပ်မှာလည်း မည်သို့ ဝမ်းနည်းသွားမှန်းမသိဖြစ်ကာ မောင်ဇော့်အား တမ်းတမိလိုက်ပေသည်။ ထို့နောက်မှ ကျော်လွင်က ကျွန်ုပ်တို့အဖွဲ့အား ဖြည်းလေးစွာဖြင့် အကျိုးအကြောင်း ပြောပြလေရာ အဖြစ်သနစ်ကို သိခဲ့ရပေသည်။

—◆—◆—◆—

လွတစ်စုက မြောက်ဇာမဏီချောင်း(ပဲခူးချောင်းဖျား)၏ အရှေ့ဘက်းတွင် စခန်းချနေသည်။ မတ်လကုန်ခါနီးတစ်နေ့ နေ့လယ်စာအတွက် ချက်သူကချက်၊ ရေခပ်သူက ခပ်၊ အထုပ်အပိုးနှင့် ပါလာကြသည့် သဖင်ဥ အိတ်များကို ကျစ်ကျစ်လျစ်လျစ်မြဲအောင် လုပ်သူကလုပ်၊ အားလုံးပေါင်း (၆)ယောက်။ မောင်ဇော်သူ့အဖေ ဦးအောင်၊ သူ့ဦးကြီး ဦးလှဝ၊ မြင့်နိုင်၊ သန်းမြှေးနှင့် မြဝင်းတို့ (၆)ဦး။



www.burmeseclassic.com

www.burmeseclassic.com



ထိုအထဲတွင် မောင်ဖော်တစ်ယောက်သာ သူ၏အထုပ် အပိုးဘေးတွင် ထိုင်၍ တစ်နေရာသို့ သူ၏ တရုတ်လုပ် မှန်ပြောင်း ကလေးဖြင့် ကြည့်နေသည်။ သူကြည့်နေသည်က ချောင်းကမ်းပါး ကျွန်းပင်ကြီးအဖျားမှ သဖင်ဥများ။ စုစုပေါင်း (၂၀)ကျပ်သား၊ (၂၅)ကျပ်သားခန့်တော့ ရနိုင်သည်ဟု သူထင်သည်။ တန်ဖိုးအား ဖြင့်တွက်လျှင် ငွေကျပ် (၁၀၀၀)လောက်သာ။ သို့သော် သူ့အတွက် က ငွေစုနေသူမို့ ငွေကျပ် (၁၀၀၀)မှာ မနည်းလှ။ ယနေ့ ထမင်း စားပြီး ရွာအရောက်ပြန်မည်။ ရွာတွင် ပါလာသည့် အချိန်(၁၀) ခန့် သဖင်ဥများကို ကုန်သည်ထံ ရောင်းမည်။ ပြီးတော့ ကိုယ်ဝန် (၅)လခန့် ရှိပြီဖြစ်သော သူ့ဇနီး သဖင်မြင့်အား သူ့မိဘများထံမှ သွားခေါ်ရမည်။

ရွာမှ ကျေးရွာကောင်စီ၊ ပြည်ခိုင်ဖြိုး၊ ရပ်မိရပ်ဖတို့ ပိုင်း ဝန်းနားချချက်အရ သဖင်မြင့်၏ ဖခင်၊ မိခင်တို့က စိတ်လျှော့ ကာ မောင်ဖော့အား သူ့ဇနီးကို လာခေါ်နိုင်ကြောင်း သူ့ရှိရာ ဆည်တဲသို့ အကြောင်းကြားထဲ့သည်။ ထိုအချိန်တွင် သူက သဖင် ပန်းဥခူးရန် တောတက်ဖို့ စီစဉ်ပြီးနေသဖြင့် အကြောင်းကြားသူ အား (၃) (၄)ရက်အတွင်း လာခေါ်မည်ဟု အကြောင်းပြန်လိုက် ကာ တောတက်ခဲ့သည်။ တောတွင် သဖင်ဥ ကြိုးစားရှာခဲ့ရာ အဖွဲ့ထဲတွင် သူတစ်ဦးသာ အချိန်(၁၀)ခန့် ရခဲ့သည်။ ကျန်လူများ သူ့လောက်မရကြ။ အချိန်(၁၀)ဆို ငွေသုံးသောင်းမှ ငါးသောင်း ရမည်။ သို့ဆိုလျှင် သဖင်မြင့်ကို ခေါ်ပြီးပါက ဝဝကျွေး၍ လှလှ လေး ဆင်နိုင်မည်။ အိမ်ရှိ ပစ္စည်းကတော့ အရန်ပေါ့။ ဒီလိုနှင့်





ယခုခရီးက ပြန်ပြီ၊ မြောက်ဖာချောင်းမှာ ထမင်းစားပြီး ပြန်လျှင် ရွာသို့ ညမမှောင်မီ ရောက်နိုင်သည်။

မောင်ဖော်က မှန်ပြောင်းလေးကို အသာချပြီး လုံချည် ကို ချွတ်၊ အောက်ခံဘောင်းဘီတိုကလေးဖြင့် ကျောပိုးအိတ်တွင် ထောင်၍ ထည့်ထားသော ရဲတင်းကို ယူလိုက်ကာ ကမ်းပါးပေါ် မှ ကျွန်းပင်ကြီးရှိရာသို့ လာခဲ့သည်။ ထို့နောက် လျင်မြန်စွာပင် (၁၂)တောင်အမြင့်မျှရှိရာ ခွဆုံသို့ တက်ခဲ့ပြီးနောက် အနောက်ဘက် ကိုင်းအား စတင်ခုတ်လိုက်သည်။ ထိုကိုင်း၏ အဖျားတွင်မတော့ သဖင်ဥများ။

အနောက်ဘက်ကိုင်းမှာ ကိုင်းလုံးချောဖြစ်၍ လူတက်၍ မရ။ ထို့ကြောင့် ကိုင်းခွမှပင် ကိုင်းကို ချိုင်ချရပေခြင်း ဖြစ်သည်။

"ခုတ် . . ခုတ် . . ခုတ် . . ခုတ်"

ကိုင်းခုတ်သံက မှန်မှန်မြည်၍နေသည်။ မောင်ဖော့ဖခင် ဦးအောင်နှင့် ဦးကြီး ဦးလူဝတို့က မောင်ဖော့အား လှမ်းကြည့်နေ ရာမှ သတိပေးလိုက်သည်။

"မောင်ဖော်ရေ၊ ကိုင်းက ပြတ်တော့မယ်။ ပြတ်ရင် အရှိန်နဲ့ မင်းပါသွားဦးမယ် သတိထား"

"ဟုတ်ကဲ့ပါ အဖေ"

"မောင်ဖော်ရေ . . . သတိထားဦးဟေ့။ ကိုင်းကျိုးရင် ကိုင်းစွယ်တွေ ရိုက်တတ်တယ်။ လူပါ ကျသွားဦးမယ်"

"ဟုတ်ကဲ့ပါ ဦးကြီး"

"ခုတ် . . ခုတ် . . ခုတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျစ် ‥ ဗျစ် ‥ ဗျစ်"

"မောင်ဇော်ရေ ‥ ကိုင်းကျိုးလာပြီ။ ကိုင်းစွယ်တွေ ထောင်လာပြီ ‥ သတိထား ‥‥ သတိထား"

"ဗျစ် ‥ ဗျစ် ‥ ဗျစ် ‥ ဝုန်း ‥ အုန်း"

"အား ‥‥"

သတိပေးနေရင်းမှ နောက်ကျသွားခဲ့လေပြီ။ အပေါ်ဘက် ရဲတင်းခုတ်ဖြတ်သည့်ဘက်မှ ကိုင်း၏ (၅)ပုံ (၄)ပုံခန့် ပြတ်သွားသောအခါ ကိုင်းဝိတ်ကြောင့် ကျန်သည့် (၅)ပုံ (၁)ပုံခန့်မှာ အလိုလို ကျိုးသွားခဲ့ပြီ။ ထို မခုတ်ရဘဲ ကျိုးသည့်ဘက်မှ အစများက ထောင်လာကာ (၂)ပေခွဲမျှရှိသော အစတစ်စက ကိုင်းကျိုးလျှင် ကျိုးချင်း မောင်ဇော်၏ လည်တိုင်နှင့် မေးရိုးကို ရိုက်ချလိုက်လေရာ မောင်ဇော်၏ ခန္ဓာကိုယ်မှာ လေထဲသို့ မြောက်သွားပြီး ခြေများက ကိုင်းခွမှ လွတ်သွားကာ ရဲတင်းကော လူပါ အောက်သို့ ကျသွားလေ၏။

မြေကိုကျသည့်အချိန်မှာလည်း ကျွန်းကိုင်းဖျားတစ်ခုက မောင်ဇော်၏ ကိုယ်ပေါ်သို့ ရိုက်ဖိလိုက်သကဲ့သို့ ရှိလေရာ မောင်ဇော်မှာ ‥‥

သူလိုချင်ခဲ့သော ကျွန်းပင်ပေါ်မှ သဖင်ဥများမှာ ပန်းမြတ်တော်ဝင် သဖင်ပန်းဥလား၊ သေမင်းတမန်ဥများပေလား။

—◆—◆—◆—

• သက်ပန်းစာပေ •



မောင်ဇော် ဆုံးပါးခဲ့ပုံကို ကြားရပြီးနောက် ‥‥

"မောင်ဇော် ကိုင်းရိုက်သေဆုံးခဲ့ရတာ အဲဒီကျွန်းပင်ကြီးပဲ ဆရာရယ်။ အဲဒီ သူ ခုတ်ချခဲ့တဲ့ ကိုင်းက သဖင်ဥတွေက ခုထက်ထိ ရှိနေဦးမှာပါ"

ကျော်လွင်က ထိုသို့ ပြောလိုက်သည့်အချိန်တွင် မြောက်ဇာမဏီ သစ်တောကြီးအတွင်းမှ အလင်းရောင်မှာ ပျောက်လုပျောက်ဆဲ အချိန်။ သို့သော် ကျွန်ုပ်ထင်သည်။ သဖင်မြင့်အဖို့တော့ မျှော်လင့်ချက် ကင်းမဲ့ပျောက်ကွယ်ခဲ့ရပေပြီ။

ကျွန်ုပ်က ဘာမျှ ထပ်မမေးတော့။ မောင်ဇော့်အားပေးရန် ရေးထားသည့် တေးထပ်စာရွက်ကလေးကို ကျွန်ုပ်၏ ကျောပိုးအိတ်အတွင်းမှ သွား၍ ထုတ်ယူလိုက်ကာ ဝါးတန်းလျားရှေ့ကုန်းထိပ်သို့ သွားလိုက်၏။ အဘအပါအဝင် အဖွဲ့သားအားလုံးက ကျွန်ုပ် လှုပ်ရှားမှုကိုသာ မျက်တောင်မခတ်။

"မောင်ဇော်ရေ ‥‥ မင်းအားကိုးတကြီး ရေးခိုင်းခဲ့တဲ့ ကဗျာကလေး(တေးထပ်)ကို မင်းရောက်ရာဘဝက ဖတ်နိုင်ပါစေကွယ်။ ကဗျာအရေး နောက်ကျသွားတဲ့ ဦးကို ခွင့်လွှတ်ပါကွာ" ဟု ဆုတောင်းကာ တောင်ထွဋ်မှ ဇာမဏီချောင်းအတွင်းသို့ လွှတ်ချလိုက်လေရာ တေးထပ်စာရွက်ကလေးမှာ မြောက်လေနှင့်အတူ ဝေ့ဝဲရစ်ပတ်ကာ ဇာမဏီချောင်းအတွင်းသို့ ကျသွားလေ၏။

ကျွန်ုပ်၏ စိတ်အစဉ်တွင်မူ ‥‥

"ပန်းသဖင်ကြောင့် သစ်တောတွေ ကျေခဲ့ရပြီ"

"ပန်းသဖင်ကြောင့် အသက်ကြွေခဲ့ရပြီ"

• သက်ပန်းစာပေ •

www.burmeseclassic.com

www.burmeseclassic.com



"ပန်းသဇင်ကြောင့် အလွမ်းတွေ ဝေခဲ့ရပြီ"
"ပန်းသဇင်ကြောင့် အထီးကျန်နေခဲ့ရပြီ"
ဟူ၍သာ။

"မြေမှာမဖွား၊ ပင်ယံဖျားမှာ၊ ကြွားကြွားဝင့်ဝင့်၊ နတ်ပန်းရယ်တင့်ပါတဲ့၊ ပန်းမြတ်တော်ဝင်သဇင်"တဲ့လား။

-◆-◆-◆-

ကျွန်ုပ် မောင်ဇော်အတွက် ရေးစပ်ခဲ့သော တေးထပ်ကဗျာလေးကို မောင်ဇော် ဖတ်မသွားရသဖြင့် မဖော်ပြတော့ဟု စိတ်ကူးခဲ့သော်လည်း ဆရာဂုဏ်လင်းကျော်၏ တိုက်တွန်းချက်အရ စာရှုသူများ ခံစားကြည့်ကြပါရန် ဖော်ပြလိုက်ပါသည်။

သစ်ရွက်ကြွေလေမှာဝဲ၊
ဖြေသာပဲလွမ်းပို၊
နေရာလဲလှမ်းသကို၊ တမ်းသချို
ထောင်ကာဆိုး
လောင်ကာညိုး ချစ်စိတ်ကူးရယ်၊
သစ်ရိုပ်မြူး မြိုင်တောစွယ်မှာ၊
လှိုင်ပေါ်လည်း သဇင်သစ်ခွတော၊
လွှင့်ကာမျှော မောင့်စိတ်က မင်းထံဆီ၊
စမ်းရေကြည်နှင့် သာရကာကျေး၊
တစ်ချက်ကလေးမျှ မပျော်ပိုက်နိုင်၊
မင်းကို သတိရငေးကာသာငိုင်၊
ပြေးလာနိုင်ရင် ခချက်ချင်း၊
လက်ဖျောက်တစ်ချက်အတွင်း ဖြစ်စေချင်၊
သဇင်(မြင့်)
ဆီးကြိုရင်ခုမနေး၊
အမြန်ယာဉ်စီးကာ မင်းရင်ခွင်၊
ပြန်ခဲ့ချင် သက်ဆုံးတိုင်အောင်ပလေး။ ။





စာကြွင်း ။ မောင်ဇော်၏ ဇိညာဉ်သည် ဤတေးထပ်နှင့်အတူ အလွမ်းပြေနိုင်ပါစေသတည်း။

(ဖြစ်ရပ်မှန် ဖြစ်ပါသည်။ အမည်ကိုတော့ လွှဲ၍ထားပါသည်။)





www.burmeseclassic.com